**နိုင်ငံရေးပြုပြင်ပြောင်းလဲမှု။** နိုင်ငံတော်အစိုးရ၏ ပထမအဆင့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအနေဖြင့် ပြစ်ဒဏ် ကျခံနေသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခြင်း၊ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်း၊ မီဒီယာ အတွက် အကန့်အသတ်များကို ပယ်ဖျက်ပေးခြင်း၊ ပုဂ္ဂလိကသတင်းစာ ထုတ်ဝေခွင့်နှင့် ပြည်သူ များ၏ဆန္ဒသဘောထားများအား ဥပဒေနှင့်အညီ ထုတ်ဖော်ခွင့်ပေးခြင်း စသည်တို့မှာ သိသာ ထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိတော့သည့် ဥပဒေများကိုလည်း ဖျက်သိမ်းပြီးပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။နိုင်ငံရေး ခေါင်းဆောင်များနှင့်လည်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး မတူညီသည်များကို ဘေးဖယ်၍ တူညီသည်များကို လက်တွဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့(၁၀)ဖွဲ့ နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထို့အပြင် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးနှင့် နိုင်ငံရေးအရ တွေ့ဆုံမှုများ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှု များဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် သဟဇာတ ဖြစ်သည့် လူမှုပတ်ဝန်းကျင် တစ်ရပ်တည်ဆောက်နိုင်ရေး၊ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက် အယူအဆများဖြင့် အကြမ်းဖက်မှု ကျူးလွန်သူများ၊ သွေးထိုးလှုံ့ဆော်သူများအားထိရောက်စွာအရေးယူရေး၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ဖြေရှင်းနိုင်မည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် နစ်ဖက်ပူးပေါင်း ဆောင်ရွက်ရေး၊ လက်ကျန် အကျဉ်းသားအားလုံး စေလွှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

**လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု**။ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုအဖြစ် လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် အလျင်အမြန် အောင်မြင်မှုများ (Quick-Wins) ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကာလရှည်တွင် ပြည်သူလူထုအကျိုးကို ရှေးရှုသည့် ဖွံ့ဖြိုးတိုးတက်မှု (People Centered Development) နှင့် ပြည်သူအားလုံး ပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု (inclusive growth) တို့ အောင်မြင်ဖြစ်ထွန်းစေရေးအတွက်ချမှတ်ထားသည့် မူဝါဒများ၊ ကာလတို၊ ကာလရှည် စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပေါင်းစပ်ပေးမည် ဖြစ်ပါသည်။ အစီရင်ခံသည့် ဒုတိယ(၆)လပတ် ကာလအတွင်း အောက်ပါလူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်-

(က) အိမ်သုံးမီတာလစဉ်ထိန်းသိမ်းစောင့်ရှောက်ခ တစ်လလျှင် ငွေကျပ် ၁,၀၀၀ နှုန်း ကောက်ခံရာနေရာမှ ငွေကျပ် ၅၀၀ နှုန်းနှင့် ရိုးရိုး မီတာသစ် တပ်ဆင်ခ ငွေကျပ် ၈,၅၀၀ နှုန်းကောက်ခံရာမှ ငွေကျပ် ၆၅,၀၀၀ နှုန်း များသို့ ဖြေလျှော့ ကောက်ခံခြင်း

(ခ) ငွေကြေးသုံးမျိုးကို တစ်ကဒ်တည်း အသုံးပြုနိုင်မည့် ဗီဇာကဒ်(Multicurrency Travel Prepaid Card) မြန်မာနိုင်ငံသားများ စတင်သုံးစွဲ နိုင်တော့မည် ဖြစ်ကြောင်း ကမ္ဘာ့နည်းပညာကုမ္ပဏီ Visa မှ အတည်ပြုခြင်း၊

(ဂ) မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း၊

(ဃ) ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC) ၌ ကျင်းပပြုလုပ်ခြင်း၊

(င) မြန်မာနိုင်ငံကို အီးယူ၊ ဥရောပ၊ ဩစတြေးလျ နိုင်ငံများမှ ပိတ်ဆို့မှုများ ရုတ်သိမ်းခြင်းနှင့် ပို့ကုန်များအပေါ် ကုန်သွယ်ရေး အထူးခံစားခွင့် ရရှိခြင်း၊ နယူးယော့ခ် ကွန်ဗင်းရှင်းသို့ ဝင်ရောက်ခွင့်ရ၍ ကမ္ဘာ့နိုင်ငံများနှင့် ပိုမို ပူးပေါင်း ဆောင်ရွက်လာနိုင်ခြင်း၊

**အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု ။** တတိယအဆင့်ပြုပြင်ပြောင်းလဲမှု ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်စေရေးအတွက် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေးအတွက် ရည်ရွယ်၍ စီးပွားရေး နှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံ မူဘောင်နှင့် အညီ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရန် လိုအပ်လာသဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် သွက်လက် ထိရောက်သော စီမံအုပ်ချုပ် လုပ်ကိုင်မှုစနစ်၊ ဆောင်ရွက်ပုံယန္တရား လုပ်ငန်းပိုင်း ဆိုင်ရာနှင့် ပတ်သက်သော ရုံးအဖွဲ့အစည်းများတွင် အောက်ခြေပိုင်းမှစ၍ ပြုပြင်ပြောင်းလဲမှု ဖြစ်စေရေး၊ ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်မြင့်မားစေရေး၊ ဆောင်ရွက်မှုစွမ်းရည် ပြည့်ဝရေး၊ ခေတ်နောက်ကျပြီး ဖောင်းပွနေသော စည်းမျဉ်းစည်းကမ်းများ ပြုပြင်ရေးများ ဆွေးနွေးကြပါသည်။ ဆွေးနွေးပွဲရလဒ်နှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို တတိယအကြိမ် စီမံကိန်းကော်မရှင် အစည်း အဝေးတွင် တင်ပြအတည်ပြုခဲ့ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးအတွက် -

(က) ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် စွမ်းရည်ပြည့် အကောင်အထည် ဖော်ခြင်း၊

(ခ) တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း၊

(ဂ) တရားဥပဒေစိုးမိုးခြင်း၊

(ဃ) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(င) ကိစ္စရပ်များနှင့် ပြဿနာများကို မဆိုင်းမတွ အလိုက်သင့် တုန့်ပြန် ဖြေရှင်းခြင်း၊

(စ) အများပါဝင်ခြင်း၊ အများအား အသိပေးခြင်းနှင့် တုန့်ပြန်မှု ရယူခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း၊

(ဆ) အများသဘော၊ အများဆန္ဒနှင့်အညီ တရားမျှတသော အုပ်ချုပ်မှုနှင့် စီမံ ခန့်ခွဲမှုရှိခြင်း၊

(ဇ) ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှု ကင်းခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ချမှတ်ခဲ့သည့်လုပ်ငန်းစဉ်များမှာ-

(က) ပေါ်လစီနှင့် ရည်မှန်းချက်များသတ်မှတ်ခြင်း၊

(ခ) ဥပဒေများရေးဆွဲခြင်း၊

(ဂ) ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(ဃ) စီမံကိန်းနှင့်အစီအစဉ်များရေးဆွဲခြင်း၊

(င) အုပ်ချုပ်မှုအလွှာများ သတ်မှတ်ခြင်းနှင့်လုပ်ငန်းလိုအပ်ချက်အတိုင်း ဌာနဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်း၊

(စ) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊

(ဆ) တိကျသော လုပ်ပိုင်ခွင့်နှင့် တာဝန်ပြဋ္ဌာန်း သတ်မှတ်ခြင်း ၊ ဆုံးဖြတ်ပိုင်ခွင့် နှင့် ပြဿနာ များ ဖြေရှင်းပိုင်ခွင့်သတ်မှတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေခြင်း၊

(ဇ) အစိုးရဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့် ပျိုးထောင်ခြင်း၊

(ဈ) ပေါင်းစပ်ညှိနှိုင်းခြင်း(အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်)၊

(ည) ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း တို့ဖြစ်ပါသည်။

စီမံကိန်းများကို ရေးဆွဲရာတွင် ပြည်သူဗဟိုပြု၍ ပြည်သူအများ ပူးပေါင်းပါဝင်သော အောက်ခြေမှ တင်ပြသည့် ဒေသန္တရ စီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ဒေသ

တွင် အဓိကကျသည့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း၊ မြို့ပြစီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ထိရောက်စွာ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ ပါဝင်သည့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ် ဖွံ့ဖြိုးမှုစီမံကိန်းများကို ရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ပါသည်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်းကို ဆောင်ရွက်ပါသည်။

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး ပြုပြင်ပြောင်းလဲမှု။** ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံစီးပွားရေး၏ အဓိကအသက်သွေးကြောဖြစ်သော အသေးစားနှင့်အလတ်စား လုပ်ငန်းများအား ထိရောက်စွာ ကူညီထောက်ပံ့အားပေးနိုင်ရေး၊ အောင်မြင်သော အသေးစား၊ အလတ်စား လုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ အသေးစား၊ အလတ်စား လုပ်ငန်းများမှ အကြီးစား လုပ်ငန်းများသို့ ကူးပြောင်းချဲ့ထွင်လာနိုင်စေရန် ထောက်ပံ့ကူညီပေးနိုင်ရေးတို့အတွက် ထိုဗဟို ဌာနမှ အထောက်အကူပေးလျက်ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ၊ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများအား အဆင်ပြေချောမွေ့စေနိုင်ရန်အတွက် ရန်ကုန်မြို့တွင် သက်ဆိုင်ရာ ဌာနများ ပါဝင်သော "One Stop Service for Investment" အဖွဲ့ကို ဧပြီလ ၁၀ ရက်နေ့က ဖွင့်လှစ် ပေးနိုင်ခဲ့ပါသည်။ အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူ တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ အထိ အာမခံပစ္စည်း ပေးစရာမလိုဘဲ ထုတ်ချေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## အခန်း (၂)

## မေခရို စီးပွားရေး အခြေအနေ

### ကမ္ဘာ့ စီးပွားရေး အခြေအနေ

ကမ္ဘာ့စီးပွားရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တွန်းအားများကြောင့် ၂၀၁၄ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်များ တွင် ပိုမို အားကောင်းလာမည်ဟု မျှော်မှန်းထားသည်။ ထွန်းသစ်စ နိုင်ငံများသည် ကမ္ဘာ့ စီးပွားရေး တိုးတက်မှုနှုန်း၏ ၃ ပုံ ၂ ပုံ ကျော်ကို ဆက်လက် ထောက်ပံ့ ပေးနေပြီး ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ပို့ကုန် ပိုမို တင်ပို့ခြင်းဖြင့် ကုန်ထွက် တိုးတက်နှုန်းကို မြှင့်တင်ရန် မျှော်မှန်းထားပါသည်။

ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း ဘဏ္ဍာရေး မတည်ငြိမ်မှုကြောင့် ပြင်ပပတ်ဝန်းကျင် ပြောင်းလဲမှုက ထွန်းသစ်စနိုင်ငံများအတွက် စိန်ခေါ်မှုကို ဖြစ်ပေါ်စေပါသည်။ ဈေးကွက် တည်ငြိမ်မှု မရှိခြင်း၊ ငွေကြေး ဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းနှင့် သာမန်စာရင်းလိုငွေပြမှု ပိုမိုဖြစ်ပေါ် လာခြင်းတို့ကို ဖြစ်ပေါ် စေခဲ့ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများကို လျှော့ချနိုင်ခြင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ အားကောင်းသော တိုးတက်မှု၊ ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်နိုင်မှု အခြေအနေများကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းကို ၂၀၁၃ ခုနှစ် တွင် ၃% မှ ၂၀၁၄ ခုနှစ်တွင် ၃.၆% နှင့် ၂၀၁၅ ခုနှစ်တွင် ၃.၉% ဖြစ်ပေါ်လာမည်ဟု World Economic Outlook, October 2013 က ခန့်မှန်းထားပါသည်။

ဘဏ္ဍာရေးကဏ္ဍ လုပ်ကိုင်ဆောင်ရွက်မှုများအတွက် မေခရိုစီးပွားရေး အားနည်းချက် များကို သုံးသပ်ခြင်း နှင့် ပိုမိုညီမျှမှုရှိပြီး ရေရှည်တည်တံ့နိုင်မည့် မူဘောင်သို့ ရွှေ့ပြောင်း ကျင့်သုံးသောကြောင့် ထွန်းသစ်စနိုင်ငံများ ထွက်ပေါ်လာစေပါသည်။

### တရုတ်ပြည်သူ့ သမ္မတနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၃ ခုနှစ်က တည်ငြိမ်သည့် စီးပွားရေးတိုးတက်မှု နှုန်း၊ ထိန်းချုပ်ထားနိုင်သည့် ငွေကြေးဖောင်းပွမှု၊ ဘဏ္ဍာရေးပိုငွေပြမှုတို့ ရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် ခန့်မှန်းချက်တွင် တိုးတက်မှုနှုန်း အနည်းငယ်နိမ့်ကျနိုင်ခြင်း၊ ငွေကြေးဖောင်းပွမှု မြင့်မား နိုင်ခြင်း ရှိနေပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပြည်တွင်းဝယ်လိုအားနည်းပါးမှုကြောင့် ၂၀၁၃ခုနှစ် ပထမနှစ်ဝက်တွင် ၇.၆% ဖြစ်သော်လည်းတတိယသုံးလပတ်တွင် ၇.၈% နှင့် စတုတ္ထ သုံးလပတ်တွင် ၇.၇% ရှိခဲ့ပါသည်။ အစိုးရ၏ခန့်မှန်းရည်မှန်းချက် ၇.၅% ဖြစ်သော်လည်း ၂၀၁၃ခုနှစ်တွင် ၇.၇% ဖြစ်ပေါ်ခဲ့ခြင်းမှာ ဝန်ဆောင်မှုကဏ္ဍ တိုးချဲ့ခြင်းကြောင့် မြို့ပြ အိမ်ထောင်စုဝင်ငွေ မြင့်မားလာခြင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးလာခြင်း၊ စက်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍတို့၏ တိုးတက်မှုများကြောင့် ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် စတုတ္ထ သုံးလပတ်မှ တိုးတက်မှု အရှိန်ကြောင့် ၂၀၁၄ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် တို့တွင် GDP တိုးတက်မှုနှုန်းကို ၇.၅% နှင့် ၇.၄% ဖြစ်မည်ဟု ခန့်မှန်း ထားပါသည်။ မတည်ငြိမ်သည့် စားသုံး ကုန်စည် ဈေးနှုန်းများကြောင့် ငွေကြေးဖောင်းပွမှုကို ၂၀၁၄ခုနှစ် တွင် ပျမ်းမျှ ၂.၆% နှင့် ၂၀၁၅ခုနှစ်တွင် ၃.၀% ရှိနိုင်မည်ဟုခန့်မှန်းထားပါသည်။

**ဟောင်ကောင် (တရုတ်ပြည်သူ့ သမ္မတနိုင်ငံ)**

ဟောင်ကောင်၏ GDP တိုးတက်မှုနှုန်းသည် ပြည်တွင်းဝယ်လိုအားနှင့် ခရီးသွား လုပ်ငန်း ကောင်းမွန်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့ကြောင့် ၂၀၁၃ ခုနှစ်တွင် ၂.၉% ရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်တို့တွင် ၃.၅% နှင့် ၃.၆% အသီးသီး ရှိမည်ဟု မျှော်မှန်းထားပါသည်။ ၂၀၁၃ ခုနှစ် ဒုတိယ (၆) လပတ်တွင် ပို့ကုန်နှင့်သွင်းကုန် တိုးတက်လာခြင်းသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် တိုးတက်မှု၏ အဓိကအခြေခံ အရင်းအမြစ် ဖြစ်ပါသည်။

ငှားရမ်းခနှင့် အစားအစာဈေးနှုန်း ကြီးမြင့်မှုကြောင့် ငွေကြေးဖောင်းပွမှုသည် ၂၀၁၂ ခုနှစ်တွင် ၄.၁% ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၄.၃% ဖြစ်ပေါ်ခဲ့ပါသည်။ ငှားရမ်းခ နိမ့်ကျလာ နိုင်ခြင်း နှင့် နိုင်ငံတကာ အစားအစာနှင့် လောင်စာဆီဈေးနှုန်း ကျဆင်းနိုင် ခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို ၂၀၁၄ ခုနှစ်တွင် ပျမ်းမျှ ၃.၈% နှင့် ၂၀၁၅ ခုနှစ်တွင် ၃.၇% ရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။

**ကိုရီးယား သမ္မတ နိုင်ငံ**

၂၀၁၂ ခုနှစ်တွင် GDP တိုးတက်မှုသည် ၂.၀ % ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ပထမ (၆) လ ပတ်တွင် ၂.၀% အောက်လျော့နည်းခဲ့သော်လည်း ဒုတိယ (၆)လပတ်တွင် ၃.၅% ရှိခဲ့ပြီး ပြည်တွင်းဝယ်လိုအား ကောင်းခြင်း၊ အလုပ်အကိုင်သစ် ၃ သိန်းကျော် ဖန်တီးပေးခြင်းနှင့်

အစိုးရ၏အိမ်ရာမူဝါဒ များကြောင့် ၂၀၁၃ ခုနှစ်၏ GDP တိုးတက်မှုသည် ၂.၈ % ဖြစ်ပေါ်ခဲ့ ပါသည်။

ပို့ကုန်နှင့် ပုဂ္ဂလိကစားသုံးမှုများအားကောင်းလာမှုကြောင့် GDP တိုးတက်မှုကို ၂၀၁၄ ခုနှစ်တွင် ၃.၇ % နှင့် ၂၀၁၅ ခုနှစ်တွင် ၃.၈ % ဖြစ်ပေါ်လာမည်ဟု ခန့်မှန်းထား ပါသည်။

လုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်ခြင်း၊ လယ်ယာကုန်ထွက်ကျဆင်းခြင်း၊ ကမ္ဘာ့ ကုန်စည် ဈေးနှုန်းတည်ငြိမ်ခြင်း၊ ဝယ်လိုအားကောင်းခြင်းနှင့် လျှပ်စစ်ဓာတ်အားခ မြင့်တက် ခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ် ငွေကြေးဖောင်းပွမှုသည် ၂.၁ % နှင့် ၂၀၁၅ ခုနှစ်တွင် ၂.၅% ဖြစ်ပေါ် လာမည်ဟု ခန့်မှန်းပါသည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၂ ခုနှစ်က အနိမ့်ဆုံးထိ ကျဆင်းခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးပဋိပက္ခကြောင့် ငွေလုံးငွေရင်း စီးထွက်မှုနှင့် ငွေလဲနှုန်းဖိအားကို ဖြစ်ပေါ်စေခဲ့သော်လည်း ခိုင်မာသည့် ပေါ်လစီဖြင့် တည်ငြိမ်သောငွေကြေး နှင့် လိုငွေပြမှုကို ထိန်းမတ်ပေးနိုင်ခဲ့ပါသည်။ သို့သော် ငွေကြေးဖောင်းပွမှု၊ ရင်းနှီးမြှုပ်နှံမှုအခက်အခဲ၊ စွမ်းဆောင်ရည် မပြည့်ဝမှုတို့ကြောင့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် လိုအပ်နေပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်တွင် လယ်ယာထုတ်လုပ်မှု တိုးတက် လာမှုကြောင့် နှစ်ကုန်တွင် GDP တိုးတက်မှုနှုန်း ၄.၇% ဖြစ်ပေါ်ခဲ့ပါသည်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှုတို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် GDP တိုးတက်မှုနှုန်းကို ၅.၅% ခန့်မှန်း ထားပြီး အစိုးရမှ အခက်အခဲအချို့ကို ဖြေရှင်းပေးခြင်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် GDP တိုးတက်မှုနှုန်းကို ၆.၀% ရှိလာမည်ဟု ခန့်မှန်းပါသည်။

အစားအစာဈေးနှုန်း မြင့်မားခြင်းနှင့် လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်း တို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စားသုံးသူဈေးနှုန်းအရ ပျမ်းမျှငွေကြေးဖောင်းပွမှုသည် ၉.၈% ဖြစ်ပြီး လက်ကားဈေးနှုန်းအရ ပျမ်းမျှ ငွေကြေးဖောင်းပွမှုသည် ၅.၉% ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပျမ်းမျှငွေကြေးဖောင်းပွနှုန်း၆.၀% နှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် တွင် ပျမ်းမျှ ငွေကြေးဖောင်းပွနှုန်း ၅.၈% ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

၂၀၁၂ ခုနှစ် တွင် GDP တိုးတက်မှုမှာ ၆.၂% ရှိခဲ့ပြီး သွင်းအားစု စရိတ် မြင့်တက်လာခြင်း၊ ကုန်ထွက် ဈေးနှုန်းနည်းပါးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်း တို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ နိုင်ငံရေးဆန္ဒပြမှုများကြောင့် သွင်းကုန် ရပ်တန့်မှုများနှင့် ဝန်ဆောင်မှု ကဏ္ဍ တိုးတက်မှု ကျဆင်းခြင်း ကြောင့် ၂၀၁၃ခုနှစ်(ဇွန်လကုန်ထိ)၏ GDP တိုးတက်မှုနှုန်းမှာ ၆.၀% သို့ ကျဆင်းခဲ့ပါသည်။

ပို့ကုန်တိုးတက်မှု ကျဆင်းနိုင်သောကြောင့် ၂၀၁၄ ခုနှစ် GDP တိုးတက်မှုကို ၅.၆% သို့ ကျဆင်း နိုင်ကြောင်း ခန့်မှန်းထားပြီး၊ ၂၀၁၅ ခုနှစ် တွင် လွှဲပြောင်းငွေ ပိုမိုမြင့်မားခြင်းနှင့် ပို့ကုန် တိုးတက်မှု၊ အမေရိကန်နှင့် ဥရောပနိုင်ငံများ စီးပွားရေး ပြန်လည်ကောင်းမွန်လာနိုင်ခြင်းမှ GDP တိုးတက်မှုကို ၆.၂% ဖြစ်လာရန် ခန့်မှန်းထားပါသည်။

တစ်နှစ်ထက်တစ်နှစ် ငွေကြေးဖောင်းပွမှုမြင့်တက်လာပြီး ၂၀၁၃ခုနှစ် ဇွန်လတွင် ဆန္ဒပြမှုများကြောင့် ရောင်းလိုအားနည်းပါးပြီး စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာကာ ငွေကြေးဖောင်းပွမှု ၈.၁% အထိ ရောက်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ပျမ်းမျှအားဖြင့် ၇.၅% နှင့် ၂၀၁၅ ခုနှစ် တွင် ၆.၅% ရှိမည်ဟု ခန့်မှန်းထားပါသည်။

**အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ**

**ဘရူနိုင်းဒါရုဆလင်နိုင်ငံ**

လယ်ယာ၊ သစ်တောနှင့် မွေးမြူရေး ထုတ်ကုန်များကျဆင်းခြင်းအပြင် အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ကျဆင်းလာခြင်းကြောင့် ၂၀၁၃ ခုနှစ် GDP တိုးတက်မှုနှုန်းသည် ၂၀၁၂ ခုနှစ် GDP တိုးတက်မှုနှုန်း ၁.၀% အောက် ၁.၄% ကျဆင်းခဲ့သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ မဟုတ်သော အခြားလုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းနှင့် စက်မှုဇုန်၊ တံတားများ တည်ဆောက်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများ တိုးချဲ့ခြင်း စသည့် အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်းတို့မှ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် GDP တိုးတက်မှုနှုန်းကို ၁.၁% နှင့် ၁.၂% အသီးသီး ဖြစ်ပေါ်လာရန် ခန့်မှန်းထားပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

ကောင်းမွန်သော ဝန်ဆောင်မှု၊ စက်မှုပို့ကုန်ချဲ့ထွင်နိုင်ခြင်းနှင့် ပုဂ္ဂလိကစားသုံးမှု တိုးတက်လာခြင်းတို့ကြောင့် ၂၀၁၃ ခုနှစ် GDP တိုးတက်မှုနှုန်း ၇.၂% ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံရေးမတည်ငြိမ်ခြင်း၊ အလုပ်သမားဆန္ဒပြမှုနှင့် အထည်ချုပ်လုပ်ခဈေးနှုန်းများ မြင့်မားလာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှု ကျဆင်းနိုင်ခြင်း၊ မြေယာဈေးနှုန်းမတည်ငြိမ်ခြင်းနှင့် ခရီးသွားလုပ်ငန်း မသေချာခြင်းတို့ကြောင့် GDP တိုးတက်မှုနှုန်းကို ၂၀၁၄ ခုနှစ်တွင် ၇.၀% နှင့် ၂၀၁၅ ခုနှစ်တွင် ၇.၃% ဖြစ်ပေါ်လာမည်ဟု ခန့်မှန်းပါသည်။

**အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၁၂ ခုနှစ်က ၆.၃ % ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၅.၈% ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းနှင့် သာမန်စာရင်း လိုငွေပြမှု များပြားနေခြင်းများကြောင့် ပြည်တွင်း ဝယ်လိုအားကို ကန့်သတ်နိုင်ရန် အင်ဒိုနီးရှားဗဟိုဘဏ်မှ အတိုးနှုန်းကို မြှင့်တင်ခဲ့ပါသည်။ အတိုးနှုန်း မြင့်တက်ခြင်းနှင့် ငွေကြေးတန်ဖိုး လျော့ကျခြင်းသည် ပုံသေရင်းနှီးမြှုပ်နှံမှုကို နှေးကွေးခြင်း၊ ကုန်သွယ်မှုပိုငွေနည်းပါးခြင်း၊ သာမန်စာရင်း လိုငွေပြမှု ပိုမို များပြားခြင်းများ ဖြစ်စေခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် တိုးမြှင့်လာမှုပေါ် အခြေခံ၍ GDP တိုးတက်မှုကို ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ၅.၇% နှင့် ၆.၀% အသီးသီး ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

**လာအိုနိုင်ငံ**

လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့ တိုးတက်မှု နှေးကွေးသော်လည်း ဝန်ဆောင်မှုကဏ္ဍ တိုးတက်လာခြင်းကြောင့် လာအိုနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၁၃ ခုနှစ်တွင် ၇.၆% ရှိခဲ့ပါသည်။ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ တိုးချဲ့မှုသည် ၂၀၁၃ ခုနှစ်၏ စီးပွားရေးတိုးနှုန်းကို အထောက်အပံ့ ဖြစ်စေပါသည်။ အစိုးရ ရင်းနှီးမြှုပ်နှံမှုနှေးကွေးခြင်းနှင့် ကျဆင်းခြင်း၊ ဘတ်ဂျက်ဖြတ်တောက်ခြင်း၊ လုပ်ငန်းရှင်များ စီးပွားရေး လုပ်ငန်းအပေါ် ယုံကြည်မှုကျဆင်းခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် GDP တိုးတက်မှုကို ၇.၃% နှင့် ၇.၅% အသီးသီး ရှိမည်ဟု ခန့်မှန်းထားပါသည်။

**မလေးရှားနိုင်ငံ**

ပြည်ပဝယ်လိုအားနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့ကို ထိန်းချုပ်ထားသောကြောင့် ၂၀၁၂ခုနှစ် GDP တိုးတက်မှုနှုန်းသည် ၅.၆% ရှိခဲ့သော်လည်း ၂၀၁၃ခုနှစ်တွင် ၄.၇ % ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုထွန်းကားသော နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက် ပြုလုပ်ရန် စီမံချက်များ ချမှတ်ထားသောကြောင့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် တို့၏ GDP တိုးတက်မှုကို ၅.၁% နှင့် ၅.၀% အသီးသီး ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

**ဖိလစ်ပိုင်နိုင်ငံ**

၂၀၁၃ ခုနှစ် စတုတ္ထသုံးလပတ်တွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့သော်လည်း GDP တိုးတက်မှုနှုန်းသည် ၆.၅% ရှိခဲ့ပါသည်။ ပုံသေရင်းနှီးမြှုပ်နှံမှု၊ ပုဂ္ဂလိကစားသုံးမှု၊ ပြည်ပရောက် လုပ်သားများထံမှ ဝင်ငွေရရှိမှုများ တိုးတက်ခြင်းတို့ကြောင့် ၂၀၁၃ခုနှစ် GDP တိုးတက်မှုနှုန်းမှာ ၇.၂% ရှိပါသည်။ အစိုးရအသုံးစရိတ်သည် လူမှုရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ် လာသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုမြင့်တက်လာသော်လည်း ရင်းနှီးမြှုပ်နှံမှု တိုးတက် လာခြင်း၊ စီးပွားရေးအပေါ် ယုံကြည်မှု တိုးတက်လာခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့ကြောင့် GDP တိုးတက်မှုနှုန်းကို ၂၀၁၄ ခုနှစ်တွင် ၆.၄% နှင့် ၂၀၁၅ ခုနှစ်တွင် ၆.၇% ရှိမည်ဟု ခန့်မှန်းထားပါသည်။

**စင်ကာပူနိုင်ငံ**

မျှော်လင့်မထားသော ဈေးကွက်များရရှိမှုနှင့် ပို့ကုန်တိုးတက်မှု အားကောင်းလာသောကြောင့် ၂၀၁၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၄.၁% တိုးတက်ခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေး ပြန်လည် ကောင်းမွန်လာမည်ဟု မျှော်မှန်းထားခြင်း၊ ပြည်တွင်းစီးပွားရေး ပြန်လည် တည်ဆောက်ခြင်းရှိသော်လည်း လုပ်သားဈေးကွက် ကျဉ်းမြောင်းလာခြင်းကြောင့် GDP တိုးတက်မှုနှုန်းကို ၂၀၁၄ ခုနှစ်တွင် ၃.၉%နှင့် ၂၀၁၅ ခုနှစ်တွင် ၄.၁% ရှိမည်ဟု ခန့်မှန်းထားပါသည်။

**ထိုင်းနိုင်ငံ**

၂၀၁၃ ခုနှစ် ဒုတိယနှစ်ဝက်တွင် နိုင်ငံရေးမတည်ငြိမ်မှုများသည် စားသုံးမှု၊ စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကိုထိခိုက်စေခဲ့ပြီး ပြည်တွင်းဝယ်လိုအားကျဆင်းခြင်း၊ ပို့ကုန်များကျဆင်းခြင်း၊ ပုဂ္ဂလိက စားသုံးမှုကျဆင်းခြင်းနှင့် လယ်ယာဝင်ငွေ ကျဆင်းခြင်း တို့ကြောင့် GDP တိုးတက်မှုနှုန်းသည် ၂၀၁၃ ခုနှစ်တွင် ၂.၉ % သာရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဆူပူမှုသည် ၂၀၁၄ ခုနှစ် လက်ရှိအချိန်ထိ မဖြေရှင်းနိုင်သေးသဖြင့် ၂၀၁၄ ခုနှစ်၏ GDP တိုးတက်မှုနှုန်းကို ၂.၉% ခန့်မှန်းပြီး နိုင်ငံရေးတည်ငြိမ်မှုရှိလာပါက အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်းဖြင့် ၂၀၁၅ ခုနှစ် တွင် ၄.၅ % ဖြစ်လာမည်ဟု ခန့်မှန်းထား ပါသည်။

**ဗီယက်နမ်နိုင်ငံ**

ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဘဏ်နှင့်ငွေကြေးလုပ်ငန်း၊ ပုဂ္ဂလိက စားသုံးမှု တိုးတက်လာခြင်းတို့ကြောင့် ၂၀၁၃ ခုနှစ်၏ GDP တိုးတက်မှုနှုန်းသည် ၅.၄% ဖြစ်ပေါ်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍ အားကောင်းခြင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် GDP တိုးတက်မှုနှုန်းကို ၅.၆% နှင့် ၅.၈ % ဖြစ်ပေါ်မည် ဟု ခန့်မှန်းထားပါသည်။

**မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းကို အဖွဲ့အစည်းများ၏ ခန့်မှန်းချက်များ**


**အာရှဖွံ့ဖြိုးရေးဘဏ် (ADB)** က မြန်မာ့စီးပွားရေးသည် စီးပွားရေးအပေါ် ယုံကြည်မှု တိုးလာသောကြောင့် ရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်း၊ ပို့ကုန်တင်ပို့ လာနိုင် ခြင်း၊ ခရီးသွားလုပ်ငန်း အားကောင်းခြင်း၊ ငွေကြေးလုပ်ငန်းတိုးတက်လာခြင်းနှင့် အစိုးရ၏ ရည်မှန်းချက်ကြီးသော ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ တိုးတက်မှုနှုန်း ၇.၅% ရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ၇.၈% တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

**စီးပွားရေး ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OECD)** က မြန်မာ့စီးပွားရေးသည် မြေဆီ ကောင်းသော မြေယာများရှိခြင်း၊ ငယ်ရွယ်သော လုပ်သားများရှိခြင်း၊ ပထဝီ အနေအထား ကောင်းမွန်ခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်ပေါများခြင်း၊ သဘာဝအရင်းအမြစ် ကြွယ်ဝခြင်း တို့ကြောင့် ၇.၇ % တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

**McKinsey Global Institute** က မြန်မာ့စီးပွားရေးသည် ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ အခြေခံ အဆောက်အဦး၊ စွမ်းအင်၊ သတ္တု၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ငွေကြေး လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ပါက ၂၀၁၀ ခုနှစ်မှ ၂၀၃၀ ခုနှစ်အကြား တစ်နှစ်လျှင် တိုးတက်မှု ၈.၀ % တိုးတက်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

## ဂျီဒီပီတိုးတက်မှုခန့်မှန်းချက်များ

(ပုံ ၂-၁) ဂျီဒီပီတိုးတက်မှုခန့်မှန်းချက်များ (၂၀၁၃ ခုနှစ်)




ဇာစ်မြစ်။ ADB 2014 Outlook, McKinsey Global Institute 2013, Multidimensional review of Myanmmar vol-1 (OECD-2013)

## မြန်မာ မေခရှိ စီးပွားရေး အခြေအနေ

စီမံကိန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပြည်သူများ အမှန်တကယ် လက်တွေ့ခံစား နိုင်သည့် တိုးတက်မှုများ ရရှိနိုင်စေရန် အတွက် နိုင်ငံတော် သမ္မတကြီးက ဦးစားပေးလုပ်ငန်း (၇) ခု ကို ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ် များမှာ လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင် ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေး လုပ်ငန်း နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လအတွင်း လူမှုဘဝသာယာဝပြောရေး၊ ဈေးနှုန်း တည်ငြိမ်မှုရရှိရေး၊ ပြည်ပကုန်သွယ်မှုမြင့်တင်ရေး၊ စီးပွားရေးတည်ငြိမ်စေရေး၊ ဖွံ့ဖြိုး

တိုးတက်စေရေးအတွက် မေခရိုစီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကိစ္စရပ်များကို ဆောင်ရွက် ခဲ့ပါသည်။

**အဓိက ဆောင်ရွက်ခဲ့မှုများ**

**အောက်တိုဘာလ**
- နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ အာဆီယံ ဥက္ကဋ္ဌ ရာထူးကို လွှဲပြောင်း တာဝန်ယူခြင်း၊
- အကျဉ်းသားများအား နိုင်ငံတော်အကျိုးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊
- မလေးရှားနိုင်ငံ May Bank နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ငွေလွှဲ ဝန်ဆောင်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်း၊

**နိုဝင်ဘာလ**
- အမျိုးသားအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင် အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခြင်း၊


**ဒီဇင်ဘာလ**
- (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပခြင်း၊
- မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး နှင့်ပြည်နယ် အသီးသီးအတွက် ဝန်ဆောင်မှု ကိုယ်စားလှယ်များ ရွေးချယ်တာဝန်ပေးအပ်ခြင်း၊
- CB Bank မှ ထုတ်ဝေသည့် EASI Travel Visa Card စတင်အသုံးပြုခြင်း၊

**ဇန်နဝါရီလ**
- အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့် အစည်းအဝေးကို မန္တလေး တိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ နန်းမြင့်မျှော်စင်၌ ကျင်းပခြင်း၊
- (၇) ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်း အားကစားပြိုင်ပွဲ ကျင်းပ ခြင်း၊
- ဒုတိယအကြိမ် မြန်မာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (2nd Myanmar Development Cooperation Forum – MDCF) ကျင်းပခြင်း။
- ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ခြင်း၊

**ဖေဖော်ဝါရီလ**
- အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအား ငွေကျပ်သိန်း ၁၀၀ ထုတ်ချေး ပေးခြင်း၊
- ပထမအကြိမ် မြန်မာ-ဂျာမနီ စီးပွားရေးဖိုရမ်ကျင်းပခြင်း၊

**မတ်လ**
- တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးကျင်းပခြင်း၊
- (၁၁) ကြိမ်မြောက် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ပူးတွဲ ကော်မတီ စည်းဝေးပွဲ ကျင်းပခြင်း၊
- ရုံးခွန်ဥပဒေ/ ဝင်ငွေခွန်ဥပဒေ/ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ/ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေ/ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများ ပြဋ္ဌာန်း ခြင်း၊

## ပုံ(၂-၂) တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(GDP )(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ (၆) လပတ်တွင် ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း ရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၃၇,၂၁၉,၄၄၀.၃ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၂၅.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၀.၅ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

**လယ်ယာကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက် ဈေးနှုန်းများအရ ဒုတိယ(၆)လပတ်တွင် ကျပ် ၈,၈၆၄,၆၅၉.၁ သန်း နှင့် ၇.၁ ရာခိုင်နှုန်း ပြောင်းလဲရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၁၁,၈၆၄,၃၅၁.၄ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၃၃.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၆.၇ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

**စက်မှုကဏ္ဍကြီး**အနေဖြင့် နှစ်အလိုက် ဈေးနှုန်းများအရ ဒုတိယ (၆) လပတ်တွင် ကျပ် ၉,၉၉၉,၈၄၂.၃ သန်းနှင့် ၂၉.၁ ရာခိုင်နှုန်း ပြောင်းလဲရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၁၂,၁၆၅,၀၆၅.၀ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၂၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၁၂.၁ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ(၆)လပတ်တွင် ကျပ် ၁၀,၇၅၉,၉၇၅.၁ သန်း နှင့် ၁၂.၃ ရာခိုင်နှုန်း ပြောင်းလဲရရှိရန် ရည်မှန်းချက်ထားရှိခဲ့ရာ ကျပ် ၁၃,၁၉၀,၀၂၃.၉ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၂၂.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၁၂.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

## ပုံ (၂-၃) စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစားများ




စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစား အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၃၆.၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၃.၈ ရာခိုင်နှုန်း၊ လယ်ယာကဏ္ဍကြီးတွင် ၂၉.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားရာ ဒုတိယ(၆)လပတ်၏ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၅.၄ ရာခိုင်နှုန်း၊စက်မှုကဏ္ဍကြီးတွင် ၃၂.၇ ရာခိုင်နှုန်း၊ လယ်ယာကဏ္ဍကြီးတွင် ၃၁.၉ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ပါသည်။ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစား မြင့်မားရခြင်းမှာ နိုင်ငံတော်မှ တန်ဖိုးနည်း မိုဘိုင်းဖုန်းများ ပိုမိုချပေးခြင်း၊ ဆက်သွယ်ရေးစနစ် အမျိုးမျိုးကို အသုံးပြု ၍ အင်တာနက် ချိတ်ဆက် အသုံးပြုမှုများ တိုးတက်လာခြင်း၊ ပင်စင်လစာနှင့် လုပ်ခများ တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း တို့ကြောင့် ဖြစ်ပါ သည်။


ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဈေးနှုန်းများနှင့်ငွေကြေးဖောင်းပွမှုနှုန်း


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ဒုတိယ (၆) လပတ်တွင် အခြေခံစားကုန်များ ဖြစ်သော ဆန်၊ စားသုံးဆီ၊ ကြက်သွန်နီ၊ အာလူး၊ ငါး စသည့် အထွေထွေ ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ ငွေကြေး ဖောင်းပွမှုနှုန်းမှာ အနည်းငယ် မြင့်တက်လာပြီး မတ်လကုန်တွင် ပျမ်းမျှ ၅.၇ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရခြင်းမှာ စားသုံးသူဈေးဆနှုန်း တွက်ချက်ရာတွင် အချိုးအစား အများဆုံးပါဝင်သော အစားအစာအုပ်စု ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်လာခြင်း၊ရင်းနှီးမြှုပ်နှံမှု တိုးလာခြင်းတို့အပြင် ဈေးကွက်တွင် ဖြစ်ပေါ်နေသော ငွေလဲလှယ်နှုန်းထားအရ အမေရိကန်ဒေါ်လာဈေးနှုန်း မြင့်မားလာခြင်း၊ သွင်းကုန်ဈေးနှုန်းများ မြင့်မားလာခြင်းတို့သည် ငွေကြေးဖောင်းပွမှုနှုန်း ဖြစ်ပေါ်ရခြင်း၏ အရေးပါသော အကြောင်းများ ဖြစ်ပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်


ပုံ ( ၂-၄ ) ဧည့်မထဆန်စျေးနှုန်းအခြေအနေ





ပုံ ( ၂-၅) မြေပဲဆီစျေးနှုန်းအခြေအနေ




ပုံ ( ၂-၆) ကုလားပဲခြမ်းစျေးနှုန်းအခြေအနေ





ပုံ ( ၂-၇) ငွေကြေးဖောင်းပွမှုနှုန်း




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ပုံ (၂-၈) နိုင်ငံခြားငွေလဲလှယ်နှုန်း**





ဇာစ်မြစ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

နိုင်ငံခြား ငွေလဲလှယ်နှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ နှုန်းရှင်စနစ်ဖြင့် တရားဝင် ရောင်းဝယ်ခွင့် ပြုခဲ့ရာ ငွေလဲလှယ်နှုန်းမှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အမေရိကန် တစ်ဒေါ်လာ ၉၇၂ ကျပ် မှ ၂၀၁၄ ခုနှစ် မတ်လတွင် အမေရိကန် တစ်ဒေါ်လာ လျှင် ၉၆၄ ကျပ် ဖြစ်ခဲ့ပါသည်။ အောက်တိုဘာလမှ မတ်လအထိ ပျမ်းမျှ ငွေလဲလှယ်နှုန်းမှာ ၉၈၀ ကျပ် ဖြစ်ပါသည်။


## ရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ပုံ (၂-၉) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ ဒုတိယ (၆) လပတ်အတွင်း ကျပ် ၂,၄၆၄,၄၁၂.၀ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့သည့်အနက် ကျပ် ၃,၆၇၄,၃၅၂.၁ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် လျာထားချက်အပေါ် ၁၄၉.၁ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းတွင် ကျပ် ၈၃၆.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၉၈၂.၃ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် ၁၁၇.၄ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကျပ် ၇,၂၀၆,၀၈၃.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၅,၂၈၈,၄၅၅.၆ သန်း ရင်းနှီးမြှုပ်နှံ ခဲ့သဖြင့် ၇၃.၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံ နိုင်ခဲ့ပါသည်။


### ပုံ (၂-၁၀) လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေ အတွက် (၃၅)ခုမှာ စက်မှုလုပ်ငန်း (၁၂)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၁၂) ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း (၃) ခု၊ လျှပ်စစ်ဓါတ်အား လုပ်ငန်း (၁)ခု၊ သယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း (၂)၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း (၂) ခု နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၃) ခု တို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၉၅၂,၈၂၉.၇ သန်းရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန


## ပုံ (၂-၁၁) လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြု ခဲ့သော လုပ်ငန်းအရေ အတွက် (၆၈)ခုမှာ စက်မှုလုပ်ငန်း (၅၁)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၃)ခု၊ သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်း(၁)ခု၊ သားငါး လုပ်ငန်း (၁)ခု၊ လျှပ်စစ်ဓါတ်အားလုပ်ငန်း(၁)ခု၊ သယ်ယူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်း (၄) ခု၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း (၁)ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း (၂)ခုနှင့် အခြား ဝန်ဆောင်မှု လုပ်ငန်း (၄)ခု တို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏ ကျပ် ၂,၃၆၅,၃၃၉.၅ သန်း ရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## ပုံ (၂-၁၂) အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ





မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော ရင်းနှီးမြှုပ်နှံမှု နိုင်ငံများမှာ စင်ကာပူ၊ ယူကေ ၊ထိုင်း၊ ဂျပန်၊ တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ အိန္ဒိယ၊ ကိုရီးယား၊ ဗြိတိန်၊ ယူအေအီး၊ ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို နှင့် ဩစတြေးလျ နိုင်ငံများ ဖြစ်ပါသည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## ပြည်ပကုန်သွယ်ရေးအခြေအနေ

## ပုံ(၂-၁၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လ ပို့ကုန် ကောင်အထည်ဖော်နိုင်မှုအခြေအနေ





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပြည်ပပို့ကုန်တန်ဖိုး ကျပ် ၅,၆၃၆,၇၈၇.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ကျပ် ၅,၉၃၂,၉၇၂.၀ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

အများဆုံးတင်ပို့သော ကုန်စည်များမှာ သဘာဝ ဓာတ်ငွေ့၊ကျောက်စိမ်း၊ ချုပ်ပြီးအထည်၊ ပဲအမျိုးမျိုး၊ သစ်လုံး၊ ဆန်၊ နှမ်း ၊ပြောင်း၊ ငါး တို့ဖြစ်ပြီး အများဆုံး တင်ပို့သော ကုန်သွယ်ဘက်နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဂျပန်နှင့် ကိုးရီးယားနိုင်ငံတို့ ဖြစ်ပါသည်။

## ပုံ(၂-၁၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လ သွင်းကုန် အကောင်အထည်ဖော်နိုင်မှု အခြေအနေ





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် သွင်းကုန်တန်ဖိုး ကျပ် ၅,၈၆၅,၁၂၀.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ကျပ် ၈,၀၀၉,၃၀၄.၆ သန်း ရရှိခဲ့ သဖြင့် ရည်မှန်းချက်၏ ၁၃၆.၆ ရာခိုင်နှုန်း အကောင် အထည်ဖော် နိုင်ခဲ့ပါသည်။

အများဆုံးတင်သွင်းသော ကုန်စည်များမှာ ရေနံထွက် ပစ္စည်း၊မော်တော်ယာဉ် နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြား စက်နှင့်စက်ပစ္စည်းများ၊ သံဘော်နှင့်သံဘော်ပစ္စည်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း၊ စားအုန်းဆီ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ် ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး အပိုပစ္စည်း၊ သွပ်ပြား၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်း များဖြစ်ပြီး အများဆုံး တင်သွင်းသော ကုန်သွယ်ဘက်နိုင်ငံ များမှာတရုတ်၊စင်ကာပူ၊ထိုင်း၊ဂျပန်၊ ကိုးရီးယား၊ မလေးရှား နိုင်ငံ တို့ ဖြစ်ပါသည်။


## ပုံ(၂-၁၅) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လ ကုန်သွယ်မှုပမာဏ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ကုန်သွယ်မှုပမာဏကို ကျပ် ၁၁,၅၀၁,၉၀၇.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ကျပ် ၁၃,၉၄၂,၂၇၆.၆သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၂၁.၂ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါ သည်။။


## ပုံ(၂-၁၆) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လ ကုန်သွယ်မှုပိုငွေ/လိုငွေ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ပို့ကုန်တန်ဖိုး ကျပ် ၅,၉၃၂,၉၇၂.၀ သန်း ဖြစ်ပြီး သွင်းကုန်တန်ဖိုး ကျပ် ၈,၀၀၉,၃၀၄.၆ သန်း ရှိသောကြောင့် ကုန်သွယ်မှု လိုငွေ ကျပ် ၂,၀၇၆,၃၃၂.၆ သန်း ဖြစ်ပါသည်။

## ပုံ(၂-၁၇) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လ ကုန်ပစ္စည်းအုပ်စုအလိုက်ပို့ကုန်အခြေအနေ





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လ ပတ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ကုန်ပစ္စည်းများ ကျပ် ၁,၄၁၇,၄၂၁.၈ သန်း၊ လယ်ယာ ထွက်ကုန်ပစ္စည်းများ ကျပ် ၁,၃၉၅,၇၆၁.၁ သန်း၊ သစ်တောထွက် ပစ္စည်းများ ကျပ် ၆၃၁,၈၂၀.၃ သန်း၊ စက်မှုကုန်ချောပစ္စည်းများ ကျပ် ၅၉၅,၀၆၉.၇ သန်း ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကျပ် ၄၄၃,၃၈၁.၇ သန်း၊ ရေထွက်ပစ္စည်းများ ကျပ် ၃၆၄,၇၂၀.၁ သန်း၊ တိရစ္ဆာန်ထွက် ပစ္စည်းများ ကျပ် ၆,၁၁၉.၇ သန်းနှင့် အခြားပစ္စည်းများ ကျပ် ၁,၀၇၈,၆၇၇.၆ သန်း၊ စုစုပေါင်း ကျပ် ၅,၉၃၂,၉၇၂.၀ သန်း ပြည်ပသို့ တင်ပို့ နိုင်ခဲ့သည်။

ဤကဲ့သို့ တင်ပို့နိုင်ခဲ့ခြင်းမှာ ကုန်သွယ်ရေး ဖြေလျော့မှုများ ဆောင်ရွက်လာခြင်း၊ ဈေးကွက်များ ကျယ်ပြန့်စွာ ထိုးဖောက်လာနိုင်သည့်အတွက် ယခင်နှစ် အလားတူကာလ ထက်ပိုမိုခဲ့ခြင်း ဖြစ်ပါသည်။

## ပုံ(၂-၁၈) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လ ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ





၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများကို ကျပ် ၂၆၃၉၃၄၀.၀ သန်း ရည်မှန်းခဲ့ရာ ကျပ် ၃၇၅၁၅၉၁.၆ သန်း ဖြစ်သဖြင့် ၁၄၂.၁ ရာခိုင်နှုန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်း များကို ကျပ် ၂၂၂၈၇၁၅.၀ သန်း ရည်မှန်းခဲ့ရာ ကျပ် ၂၃၇၇၁၉၆.၁ သန်း ဖြစ်သဖြင့် ၁၀၆.၇ ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းများကို ကျပ် ၉၉၇၀၆၅.၀ သန်း ရည်မှန်းခဲ့ရာ ကျပ် ၁၈၈၀၅၁၆.၉ သန်းဖြစ်သဖြင့် ၁၈၈.၆ ရာခိုင်နှုန်း စုစုပေါင်း ကျပ် ၈၀၀၉၃၀၄.၆ သန်း တင်သွင်း ခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသော ရင်းနှီးကုန် ပစ္စည်းများ၊ လုပ်ငန်း တွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ပိုမို တင်သွင်း ခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ကျန်းမာရေး


### ပုံ(၂-၁၉) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆရာဝန်ဦးရေ




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်း ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်ဖွင့်စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ စံကိုက်ဖွဲ့စည်းခြင်း စသည့် လိုအပ်ချက်များကြောင့် ဆရာဝန်များ ထပ်မံတိုးမြှင့်ခန့်ထားရန် ဆောင်ရွက်ခြင်းကြောင့် စီမံကိန်းရည်မှန်းချက် ပြည့်မီ လုနီးပါး တိုးတက်ခဲ့ပါသည်။

ဇစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန


### ပုံ(၂-၂၀) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သူနာပြုဦးရေ




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းသူနာပြုဦးရေသည် စီမံကိန်း ရည်မှန်းချက် ပြည့်မီလုနီးပါး တိုးတက်ခဲ့ပါသည်။

ဇစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန


## ပုံ(၂-၂၁) ကျောင်းများအခြေအနေ




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံကျောင်းများတွင် မူလတန်းကြိုကျောင်းများ တွဲဖက်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း နှင့် တိုးချဲ့ဆောက်လုပ်ခြင်း တို့ကြောင့် ရည်မှန်းချက်ပြည့်လုနီးပါး ကျောင်း အရေအတွက်များ တိုးတက်ခဲ့ပါသည်။ မူလတန်းလွန်ကျောင်းများ၊ အလယ်တန်းကျောင်းခွဲများ အဆင့်တိုးမြှင့်ခြင်း တို့ကြောင့် အလယ်တန်းနှင့် အထက်တန်းကျောင်းများသည် စီမံကိန်းရည်မှန်းချက်ထက် ပိုမို တိုးတက်ခဲ့ပါသည်။ ဘုန်းတော်ကြီးသင်ကျောင်းများ၊ ကျောင်းခွဲနှင့် တွဲဖက်ကျောင်းများ အပါအဝင်ဖြစ်ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန


## ပုံ(၂-၂၂) ကျောင်းဆရာများအခြေအနေ




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆရာဦးရေ တိုးတက် လာသည်နှင့်အမျှ သင်တန်းဆင်းများ တိုးချဲ့ခန့်ထားခြင်း၊ ဆရာ၊ ကျောင်းသားအချိုးအရ ဆရာ၊ဆရာမ အင်အားလုံလောက်မှု အားနည်းသော ဒေသများတွင် ဆရာ၊ဆရာမများ ထပ်မံခန့်ထားခြင်း၊ နေ့စား၊ လပေး မူလတန်းပြ ဆရာ/ဆရာမများကို မိမိဒေသတွင် ဦးစားပေး ခန့်အပ်ပေးနိုင်ခြင်းကြောင့် ဆရာ/ ဆရာမအင်အားကို ရည်မှန်း ကျော်လွန်အောင် ဖော်ဆောင်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန


## ပုံ(၂-၂၃) ကျောင်းသားများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ဆရာအင်အား ပြည့်စုံစွာ သင်ကြား ပေးနိုင်ခြင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းနေမြဲရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာသင် ထောက်ပံ့ကြေးများ တိုးချဲ့ချီးမြှင့်ခြင်း၊ ကျောင်း ပြင်ပပညာရေး အစပျိုးထောင် ဆောင်ရွက်ခြင်း တို့ကြောင့် ကျောင်းသားဦးရေများ တိုးတက်ခဲ့ပါ သည်။


## ပုံ(၂-၂၄) တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များ ကျောင်းဆရာနှင့်ကျောင်းသားများ အခြေအနေ




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သာသနာ့ တက္ကသိုလ် (၂)ခု နှင့် တပ်မတော်ကာကွယ်ရေး တက္ကသိုလ် တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆရာ/ဆရာမ များ အခြားဌာနများသို့ ပြောင်းရွှေ့ခြင်းနှင့် အဝေးသင် ကျောင်းသားများ ကျောင်းအပ် လက်ခံဆဲ ဖြစ်သည့်အတွက် လျော့နည်းမှုများ ရှိခဲ့ပါသည်။


## ပုံ(၂-၂၅) ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု




လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်တွင် ပြည်တွင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅,၉၆၁.၂ သုံးစွဲရန် ရည်မှန်းထားရှိရာ ဒုတိယ ၆ လပတ်တွင် ကီလိုဝပ်နာရီ ၆,၄၂၉.၅ သန်း သုံးစွဲနိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၇.၈၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကချင်ပြည်နယ်ရှိ တာပိန်(၁) ရေအား လျှပ်စစ်စက်ရုံ ပြန်လည်လည်ပတ်နိုင်ခဲ့ခြင်း၊ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ သဘာဝဓာတ်ငွေ့သုံး တိုးချဲ့စက်ရုံများ လည်ပတ်ခြင်းနှင့် နန်ချိုရေအားလျှပ်စစ်စက်ရုံ စတင်လည်ပတ်ခြင်း၊ ရန်ကုန်နှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် စက်မှုဇုန် လုပ်ငန်းများမှ လျှပ်စစ်မီး ပိုမိုသုံးစွဲလာခြင်း၊ နေပြည်တော် ကောင်စီ နယ်မြေ၌ ပုဂ္ဂလိကပိုင်အသေးစား ရေအား၊ စပါးခွံ လောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည် သုံး လျှပ်စစ်ထုတ်လုပ် သုံးစွဲမှုများတွင် ယခင်နှစ်ကထက် ပိုမိုလာခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊
တိုင်းဒေကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ( ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)


## ပုံ(၂-၂၆) လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း




ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လူတစ်ထောင်လျှင် သုံးစွဲနိုင်မည့် တယ်လီဖုန်း ၁၂၆ လုံး ရရှိရန် အတွက် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၇,၇၈၄,၈၆၆ လုံး၊ တပ်ဆင်ရန် ရည်မှန်းထားခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ထိ တယ်လီဖုန်းလုံးရေ စုစုပေါင်း ၈,၂၉၉,၇၉၁လုံး တပ်ဆင်နိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၆.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ လူ တစ်ထောင်လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာလည်း ၁၃၅ လုံး ရှိလာပြီ ဖြစ်ပါသည်။ ထိုကဲ့သို့ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မိုဘိုင်းတယ်လီဖုန်း များကို (၁,၅၀၀ကျပ်) သို့ ဈေးနှုန်းပြင်ဆင် လျှော့ချ၍ ပြည်သူ များနှင့် ကျေးလက်နေ ပြည်သူများသို့ တပ်ဆင်ပေးခဲ့သောကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

## ပုံ (၂-၂၇) မြန်မာ့မီးရထား၏ ဘူတာရုံနှင့်သံလမ်းမိုင်





၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ဘူတာရုံ ၉၄၄ ရုံ နှင့် သံလမ်းမိုင် ၄,၈၃၂ မိုင် ရှိရန် ရည်မှန်း ခဲ့ပြီး ဒုတိယ (၆)လပတ်အထိတွင် ဘူတာရုံ ၉၄၆ ရုံ နှင့် သံလမ်းမိုင် ၄,၈၅၅ မိုင် တို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လမ်းပန်း ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု စွမ်းဆောင်ရည် မြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို အလေး ပေး ဆောင်ရွက်လျက်ရှိပါ သည်။

ဇာစ်မြစ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

## ပုံ (၂-၂၈) အလုပ်အကိုင်ရရှိမှုအခြေအနေ




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လအတွင်း အလုပ်အကိုင် ရရှိရန် မှတ်ပုံတင်သူဦးရေ (၅၅၈,၉၄၈) ဦး အနက် (၂၁၇,၅၅၂) ဦး အလုပ်အကိုင် ရရှိခဲ့ပါသည်။ ရာခိုင်နှုန်းမှာ (၃၈.၉၂) ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် ရရှိမှု တိုးတက် သကဲ့သို့ ပြည်ပတွင် အလုပ်အကိုင် ရရှိစေနိုင်ရေးအတွက် မလေးရှား၊ စင်္ကာပူ၊ ယူအေအီး၊ ဟောင်ကောင်၊ ကာတာ၊ ဂျပန်၊ ကိုရီးယားနိုင်ငံများသို့ အလုပ်သမား (၁၇,၈၉၂)ဦး စေလွှတ်ခဲ့ပါသည်။

ဇာစ်မြစ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

## အခန်း(၃)

## မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအား တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ စီးပွားရေး ကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစား၊ ပြည်သူ့ဘဏ္ဍာရေးများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)။** နှစ်အလိုက်ဈေးနှုန်း များအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကျပ် ၃၇,၂၁၉.၄ သန်းထောင်ပေါင်း ရှိခဲ့ပါသည်။

**ငွေကြေးဖောင်းပွမှုနှုန်း။** ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၂.၈၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၅.၇၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

**စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုနှုန်း မှာ ၃၁.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၃၂.၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၃၅.၄ ရာခိုင်နှုန်းဖြစ်ပါသည်။

**ပြည်သူ့ဘဏ္ဍာရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေ စုစုပေါင်းရငွေ ကျပ် ၁၅,၁၆၃,၄၉၈.၁၇၃ သန်းတွင် သာမန်ရငွေ ကျပ် ၁၃,၇၆၁,၁၇၂.၅၂၉ သန်း ငွေလုံးငွေရင်းရငွေ ကျပ် ၄၀၇,၅၃၀.၂၆၀ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၉၉၄,၇၉၅.၃၈၄ သန်းဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၈,၀၄၉,၆၆၇.၅၄၄ သန်း ဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၁၁,၈၄၁,၉၄၁.၆၇၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၅,၄၃၃,၄၁၁.၀၂၀ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၇၇၄,၃၁၄.၈၄၈ သန်း ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။** နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ကျပ် ၃,၂၃၀,၆၀၈.၇ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကျပ် ၃,၆၇၄,၃၅၂.၁ သန်း ဖြစ်ပါသည်။ သမဝါယမပိုင်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်

ဒုတိယ(၆)လပတ်တွင် ကျပ် ၉၁၇.၂ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ကျပ် ၉၈၂.၃ သန်း ရှိခဲ့ပါသည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ် ၅,၀၈၉,၉၀၄.၅ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ကျပ် ၅,၂၈၈,၄၅၅.၆ သန်း ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ စုစုပေါင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ကျပ် ၈,၉၆၃,၇၉၀.၀ သန်း ရှိခဲ့ပါသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ် ၈၆၇,၈၂၉.၆ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ်၂,၃၆၅,၃၃၉.၄ သန်းရှိပါသည်။

**မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု။**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ် ၈၇၁,၂၃၀.၄ သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကျပ် ၉၅၂,၈၂၉.၇ သန်းရှိပါသည်။

**ပြည်ပအကူအညီအထောက်အပံ့။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒုတိယ(၆)လပတ်တွင် ပြည်ပ အကူအညီ အထောက်အပံ့ စီမံချက်အရေအတွက် (၂၅)ခုရှိပြီး အမေရိကန်ဒေါ်လာ ၂၂၈.၁၇ သန်း ရှိပါသည်။

**ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး။** တစ်နိုင်ငံလုံးရှိဘဏ်အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် ၂၄ ခုနှင့် ဘဏ်ခွဲ ၉၉၀ ခုရှိပြီး၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ၂၆ ခုနှင့် စုစုပေါင်း ဘဏ်ခွဲ ၁၂၄၆ ခုရှိပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ဆောင်ရွက်သော ဘဏ်အရေအတွက် မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၇ ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၉ ခု ရှိပါသည်။ မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃ ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄ ခု ရှိပါသည်။

**ငွေလဲလှယ်နှုန်း။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော ပျှမ်းမျှ ကျပ်ငွေ ၈၅၇ ကျပ် နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော ပျှမ်းမျှ ကျပ်ငွေ ၉၈၀ ကျပ် ရှိခဲ့ပါသည်။

## ဇယား (၃-၁) မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|---|
| ၁ | ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက် ထုတ်လုပ်သူများ၏ဈေးနှုန်း) | ကျပ်သန်း ထောင်ပေါင်း | ၃,၃၆၇၅.၉ | ၃,၇၂၁၉.၄ |
| ၂ | **ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး** (နှစ်အလိုက်ထုတ်လုပ်သူများဈေးနှုန်း) | | | |
| | လယ်ယာ | (%) | ၃၃.၀ | ၃၁.၉ |
| | စက်မှု | (%) | ၃၂.၂ | ၃၂.၇ |
| | ဝန်ဆောင်မှု | (%) | ၃၄.၈ | ၃၅.၄ |
| ၃ | **ကဏ္ဍကြီးများအလိုက်ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်** | | | |
| | **ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း** | | | |
| | လယ်ယာ | (%) | | ၄.၂ |
| | စက်မှု | (%) | | ၈.၉ |
| | ဝန်ဆောင်မှု | (%) | | ၉.၄ |
| ၄ | **ငွေကြေးဖောင်းပွမှုနှုန်း** | | | |
| | ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပျမ်းမျှ) Inflation( Annual Average) | (%) | ၂.၈၅** | ၅.၇၂** |
| | ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပြောင်းလဲမှု) Inflation( Year on Year) | (%) | ၄.၇၂*** | ၆.၂၆*** |
| ၅ | **ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (ACCESS TO BANKING & FINANCE)** | | | |
| | တစ်နိုင်ငံလုံးရှိဘဏ် | ခုရေ | ၂၄* | ၂၆* |
| | တစ်နိုင်ငံလုံးရှိဘဏ် ခွဲ | ခုရေ | ၉၉၀* | ၁၂၄၆* |
| | အလိုအလျောက်ငွေထုတ်စက် စနစ်ဖြင့်ဆောင်ရွက်သောဘဏ် | ခုရေ | ၇* | ၉* |
| | မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ | ခုရေ | ၃* | ၄* |
| ၆ | **ငွေလဲလှယ်နှုန်း (EXCHANGE RATE)** | | | |
| | ပျမ်းမျှ ကျပ်/ဒေါ်လာ | | ၈၅၇ | ၉၈၀ |
| ၇ | **ရင်းနှီးမြှုပ်နှံမှု(Investment)** | | | |
| | စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှု (နိုင်ငံပိုင်+သမဝါယမ+ပုဂ္ဂလိက ) | ကျပ်သန်းပေါင်း | ၈,၃၂၂,၄၃၀.၄ | ၈,၉၆၃,၇၉၀.၀ |
| | နိုင်ငံပိုင် | ကျပ်သန်းပေါင်း | ၃,၂၃၁,၆၀၈.၇ | ၃,၆၇၄,၃၅၂.၁ |
| | သမဝါယမ | ကျပ်သန်းပေါင်း | ၉၁၇.၂ | ၉၈၂.၃ |
| | ပုဂ္ဂလိက | ကျပ်သန်းပေါင်း | ၅၀၈၉,၉၀၄.၅ | ၅,၂၈၈,၄၅၅.၆ |
| | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ကျပ်သန်းပေါင်း | ၈၆၇,၈၂၉.၆ | ၂,၃၆၅,၃၃၉.၄ |
| | မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု | ကျပ်သန်းပေါင်း | ၈၇၁,၂၃၀.၄ | ၉၅၂,၈၂၉.၇ |

* သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်တွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

** တစ်နှစ်အတွင်း တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းဖြစ်ပါသည်။

*** သက်ဆိုင်ရာဘဏ္ဍာနှစ်၏ မတ်လကုန်ရှိ ကိန်းဂဏန်းဖြစ်ပါသည်။

**မော်တော်ယာဉ်တင်သွင်းမှု**။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် အမေရိကန်ဒေါ်လာ ၁.၄၄၈ သန်းတန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၂,၃၈၇ စီး၊ အမေရိကန်ဒေါ်လာ ၁၅.၂၇၂ သန်းတန်ဖိုးရှိ ထွန်စက် ၂၂,၈၂၀ စီး၊ အမေရိကန်ဒေါ်လာ ၄၇၇.၀၃၃ သန်းတန်ဖိုးရှိ ကုန်တင်ယာဉ် ၄၀,၅၇၆ စီး၊ အမေရိကန်ဒေါ်လာ ၆၈.၁၇၁ သန်းတန်ဖိုးရှိ ခရီးသည်တင် ယာဉ်နှင့် VAN ကား ၁,၈၇၈ စီး၊ အမေရိကန်ဒေါ်လာ ၃၇၉.၆၉၆ တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၁၃,၀၅၉ စီး၊ အမေရိကန် ဒေါ်လာ ၂၆.၈၇၇ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၃၁၀ စီး တင်သွင်းခဲ့ပါသည်။

**လျှပ်စစ်ဓါတ်အား**။ ပြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၆,၄၂၉.၅ ရှိပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်)တွင် ၁၈,၀၄၇ ရွာ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိတွင် ၂၁,၆၇၅ ရွာ မီးလင်းခဲ့ပြီး၊ ဒုတိယ (၆)လပတ်တွင် လျှပ်စစ်မီး ရရှိမှု ၃,၃၂၁ ရွာ တိုးတက်လာသောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (မတ်လကုန်) တွင် စုစုပေါင်း ၂၄,၉၉၆ ရွာ ဖြစ်ပါသည်။ ရေနံစိမ်း ထုတ်လုပ်မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် အမေရိကန်စည်ထောင်ပေါင်း ၃,၃၅၇ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ၃,၃၄၉ ဖြစ်ပါသည်။ သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ကုဗပေသန်းပေါင်း ၂၂၈,၂၉၇ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၂၃၉,၃၀၀ ဖြစ်ပါသည်။

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု**။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန် ထိဆက်သွယ်ရေးကဏ္ဍတွင် တပ်ဆင်ပြီး ကြိုးဖုန်းလိုင်းအရေအတွက်မှာ ၅၁၅,၀၉၆ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်ထိတွင် တပ်ဆင်ပြီး ကြိုးဖုန်းလိုင်း အရေအတွက်မှာ ၅၁၈,၉၅၂ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လ ပတ်ကုန်ထိတွင် လိုင်းအရေအတွက် ၃,၈၁၉,၈၈၄ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လ ပတ်ကုန်ထိတွင် လိုင်းအရေအတွက် ၇,၇၄၀,၅၀၄ ဖြစ်ပါသည်။

**တယ်လီဖုန်းသုံးစွဲမှု**။ လူဦးရေ ၁,၀၀၀ လျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန် ထိတွင် ၇၂ လုံးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်ထိတွင် ၁၃၅ လုံး ဖြစ်ပါသည်။ အင်တာနက် အသုံးပြုမှု လိုင်းအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်ထိတွင် ၈၅၈,၂၄၇ လိုင်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ကုန်ထိတွင် ၂,၅၁၃,၂၀၅ လိုင်း ဖြစ်ပါသည်။ စာတိုက်လုပ်ငန်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်ထိ အစိုးရ စာတိုက်ပေါင်း ၁,၃၈၂ ခု ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကုန်ထိတွင် ၁,၃၈၇ ခု ဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေး။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကုန်ထိတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ (၃၉,၇၀၂) ကီလိုမီတာရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်ကုန်ထိတွင် (၄၀,၁၂၉) ကီလိုမီတာသို့ တိုးတက်လာပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်ထိတွင် (၀.၀၅၈၇) ကီလိုမီတာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကုန်ထိတွင် (၀.၀၅၉၃) ကီလိုမီတာ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်ထိတွင် မျက်နှာပြင် ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) အရှည် (၁၈,၉၈၁) ကီလိုမီတာရှိခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်ထိတွင် (၂၁,၃၆၁) ကီလိုမီတာသို့ တိုးတက်ခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၌ မှတ်ပုံတင်သည့် ယာဉ်စီးရေမှာ (၃,၆၅၂,၃၉၆)စီးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်ကုန်ထိတွင် ယာဉ်စီးရေ (၄,၁၈၈,၃၄၇) စီး ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်ထိရှိ မီးရထားလမ်းအရှည်မှာ (၄,၈၁၈)မိုင်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်ထိတွင် (၄,၈၅၅) မိုင် ရှိလာပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်ထိတွင် ခရီးသည်ဦးရေ (၅၄.၀၁)သန်းနှင့် ကုန်တန်ချိန်(၂.၄၇)သန်း ကို မြန်မာ့မီးရထားက ပို့ဆောင်ပေးခဲ့ပါသည်။

**ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။** ကြေးမုံသတင်းစာထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၅၄၄.၇၉ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၃၃၇.၈ သိန်း ဖြစ်ပါသည်။ မြန်မာ့အလင်း သတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၄၇၇.၇၈ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၆၃.၂၇ သိန်း ဖြစ်ပါသည်။ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၄၈.၂၁ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၈.၃၄ သိန်း ဖြစ်ပါသည်။ မြဝတီ သတင်း စာ ထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၁၄၀.၉၇ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စောင်ရေ ၇၆.၃၅ သိန်း ဖြစ်ပါ သည်။ မြို့တော်သတင်းစာ ထုတ်ဝေမှုအရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၁၀.၇၅ သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စောင်ရေ ၅.၅၅ သိန်း ဖြစ်ပါသည်။ ရတနာပုံ သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စောင်ရေ ၃.၄၄ သိန်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စောင်ရေ ၂.၁၀ သိန်း ဖြစ်ပါသည်။

## ဇယား (၃-၂) မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဒုတိယ(၆)လပတ် |
|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | |
| **လူဦးရေ** | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၆၀,၉၇၆ | ၆၁,၅၆၈* |
| ကျား | ထောင်ပေါင်း | ၃၀,၁၃၉ | ၃၀,၄၃၂* |
| မ | ထောင်ပေါင်း | ၃၀,၈၃၇ | ၃၁,၁၃၆* |
| လူဦးရေတိုးနှုန်း (Population Growth) | % | ၀.၉၈ | ၀.၉၇* |
| လူဦးရေသိပ်သည်းမှု (population Density) | တစ်စတုရန်း ကီလိုမီတာ | ၉၀ | ၉၁* |
| မြို့ပြလူဦးရေ | ထောင်ပေါင်း | ၁၈,၇၅၅ | ၁၈,၉၃၈* |
| ကျေးလက် လူဦးရေ | ထောင်ပေါင်း | ၄၂,၂၂၁ | ၄၂,၆၃၀* |
| မှီခိုမှုအချိုး (Dependency Ratio) (သက်ကြီး ၆၅+နှင့် သက်ငယ် (၀-၁၄)နှစ်) | (%) | ၅၃.၅၆ | ၅၂.၉၄* |
| မှီခိုမှုအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ် (၀-၁၄)နှစ်) | (%) | ၆၀.၈၆ | ၆၀.၂၁* |
| လူ၏မျှော်မှန်းသက်တမ်း (Life Expectancy at Birth) | နှစ် | ၆၇.၁(ယာယီ)** | ၂၀၁၃ခုနှစ် အတွက် တွက်ချက် ဆောင်ရွက်ဆဲဖြစ်ပါ သည်။ |
| တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း (Infant Mortality Rate)(အရှင်မွေး ၁၀၀၀ လျှင်) | နှုန်း | ၂၆.၀(ယာယီ)** | |
| သားဖွားမိခင်သေဆုံးမှုအချိုး (Maternal Mortality Ratio)(အရှင်မွေး ၁၀၀,၀၀၀လျှင်) | အချိုး | ၁၁၁(ယာယီ)** | |
| မွေးနှုန်းကြမ်း (Crude Birth Rate) (လူဦးရေ ၁၀၀၀ လျှင်) | နှုန်း | ၁၆.၁(ယာယီ)** | |
| သေနှုန်းကြမ်း (Crude Death Rate) (လူဦးရေ ၁၀၀၀ လျှင်) | နှုန်း | ၅.၆(ယာယီ)** | |

* နှစ်လည်တွင် ခန့်မှန်းထားသောလူဦးရေစာရင်းများဖြစ်ပါသည်။

** ၂၀၁၂ ခုနှစ်အတွက်တွက်ချက်ထားသော ကိန်းဂဏန်းများဖြစ်ပါသည်။

ဇယား (၃-၂)အဆက်



| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဒုတိယ(၆)လပတ် |
|---|---|---|---|
| **မော်တော်ယာဉ်တင်သွင်းမှု (အရေအတွက်)** | | | |
| မော်တော်ဆိုင်ကယ် | စီးရေ | ၄,၂၈၉* | ၂,၃၈၇ |
| သုံးဘီးယာဉ်များ | စီးရေ | ၅၆* | |
| ထွန်စက် | စီးရေ | ၁၂,၄၈၀* | ၂၂,၈၂၀ |
| ကုန်တင်ယာဉ် | စီးရေ | ၃၁,၉၄၇* | ၄၀,၅၇၆ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | စီးရေ | ၃,၀၈၃* | ၁,၈၇၈ |
| မော်တော်ကား(ဆလွန်း) | စီးရေ | ၉၂,၈၈၅* | ၁၃,၀၅၉ |
| အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle) | စီးရေ | ၇၃* | ၃၁၀ |
| **မော်တော်ယာဉ်တင်သွင်းမှု (တန်ဖိုး)** | | | |
| မော်တော်ဆိုင်ကယ် | ဒေါ်လာ | ၃,၂၄၀,၄၀၃.၀၁* | ၁,၄၄၈,၄၆၀.၀၀ |
| ထွန်စက် | ဒေါ်လာ | ၇,၉၃၃,၉၅၂.၀၈* | ၁၅,၂၇၁,၉၈၅.၀၀ |
| ကုန်တင်ယာဉ် | ဒေါ်လာ | ၂,၄၆၀,၁၃၉၂,၆၄.၁၀* | ၄၇၇,၀၃၃,၂၈၂.၃၁ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | ဒေါ်လာ | ၆၂,၄၄၉,၇၆၆.၅၁* | ၆၈,၁၇၀,၅၃၄.၀၀ |
| မော်တော်ကား(ဆလွန်း) | ဒေါ်လာ | ၁၉၈,၇၂၈,၄၆၇.၁၅* | ၃၇၉,၆၉၆,၄၉၄.၉၂ |
| အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle) | ဒေါ်လာ | ၇၂၂,၂၀၁.၇၉* | ၂၆,၈၇၇,၇၄၄.၀၀ |
| **အခြေခံ အဆောက်အအုံဆိုင်ရာ သုံးစွဲမှု** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၁၈,၀၄၇* | ၃,၃၂၁ |
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်းရေ | ၅၁၅,၀၉၆* | ၅၁၈,၉၅၂* |
| မိုဘိုင်းဖုန်းလိုင်း | လိုင်းရေ | ၃,၈၁၉,၈၈၄* | ၇,၇၄၀,၅၀၄* |
| လူဦးရေ ၁၀၀၀ လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း(per 1000 people) | လုံးရေ | ၇၂* | ၁၃၅* |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်းရေ | ၈၅၈,၂၄၇* | ၂,၅၁၃,၂၀၅* |
| **စာတိုက်** | | | |
| အစိုးရစာတိုက် | ခုရေ | ၁,၃၈၂* | ၁၃၈၇* |

* သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်အထိတွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

**ဇယား (၃-၂)အဆက်**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဒုတိယ(၆)လပတ် |
|---|---|---|---|
| **ယာဉ်အသုံးပြုမှု** | | | |
| စုစုပေါင်းမှတ်ပုံတင် မော်တော်ယာဉ်(ခရီးသည်+ကုန်တင်) | စီးရေ | ၃,၆၅၂,၃၉၆*** | ၄,၁၈၈,၃၄၇*** |
| ကုန်တင်ယာဉ် | စီးရေ (သန်းပေါင်း) | ၀.၁* | ၀.၁၅* |
| **မီးရထား** | | | |
| မီးရထားလမ်းအရှည် | သံလမ်းမိုင် | ၄၈၁၈* | ၄၈၅၅* |
| ခရီးသည် | သန်း | ၅၃.၈၁၇* | ၅၄.၀၁* |
| ခရီးသည်မိုင်(တစ်ကီလိုမီတာလျှင်) | ဦးရေ | ၆၉၃၈* | ၆၉၁၀* |
| ကုန်တန်ချိန် | တန်သန်း | ၂.၈၃၉* | ၂.၄၇၀* |
| **မြို့ပြလေကြောင်း** | | | |
| ပြည်တွင်းလေဆိပ် | ခုရေ | ၆၆* | ၆၆* |
| လေယာဉ်ခေါက်ရေ | ခေါက်ရေ | ၆၀,၇၀၀* | ၁၇,၉၁၁** |
| အပြည်ပြည်ဆိုင်ရာလေဆိပ် | ခုရေ | ၃* | ၃* |
| **ဆည်နှင့်ကန်ရေပေးဧရိယာစာရင်း** | | | |
| ဆည်မြောင်း | ဧက | ၁,၄၆၀,၆၁၇* | ၁,၄၆၀,၆၁၇* |
| ကန် | ဧက | ၂,၆၉၂,၀၄၅* | ၂,၆၉၂,၀၄၅* |
| စုစုပေါင်း | ဧက | ၄,၁၅၂,၆၆၂* | ၄,၁၅၂,၆၆၂* |
| **ရေချိုရေငန်ငါးထုတ်လုပ်မှု** | | | |
| ရေငန်ငါးဖမ်းလုပ်ငန်း | မက်ထရစ်တန် | ၂,၄၈၃,၈၆၈* | ၁,၅၄၀,၆၁၅ |
| ရေချိုငါးဖမ်းလုပ်ငန်း | မက်ထရစ်တန် | ၂,၂၃၂,၃၅၄* | ၁,၂၉၆,၆၆၇ |

* သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်အထိတွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

** ၂၀၁၃ခုနှစ် ဧပြီလ မှ၂၀၁၄ခုနှစ် ဇန်နဝါရီလအထိ ကိန်းဂဏန်းဖြစ်ပါသည်။

*** ဌာနဆိုင်ရာယာဉ်များ ထည့်သွင်းထားခြင်း မရှိသော စာရင်းဖြစ်ပါသည်။

**ဇယား (၃-၂)အဆက်**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဒုတိယ(၆)လပတ် |
|---|---|---|---|
| **ခြံမွေး တိရစ္ဆာန် နှင့် ကြက်ဘဲ ဦးရေ** | | | |
| နွား | ကောင်ရေ (ထောင်) | ၁၄,၈၇၀* | ၁၅,၄၈၀ |
| ကျွဲ | ကောင်ရေ (ထောင်) | ၃,၂၉၀* | ၃,၄၂၀ |
| ဝက် | ကောင်ရေ (ထောင်) | ၁၂,၃၀၀* | ၁၃,၇၇၀ |
| သိုး/ဆိတ် | ကောင်ရေ (ထောင်) | ၅,၇၉၀* | ၆,၇၈၀ |
| ကြက် | ကောင်ရေ (ထောင်) | ၂၁၁,၄၆၀* | ၂၄၁,၈၆၀ |
| ဘဲ | ကောင်ရေ (ထောင်) | ၁၇,၉၄၀* | ၂၀,၀၃၀ |
| **အသားထုတ်လုပ်မှုစာရင်း** | | | |
| အမဲသား | မက်ထရစ်တန် ထောင် | ၂၇၇.၇* | ၁၅၄.၂ |
| သိုးဆိတ်သား | မက်ထရစ်တန် ထောင် | ၅၃.၀* | ၃၀.၁ |
| ဝက်သား | မက်ထရစ်တန် ထောင် | ၆၇၁.၉* | ၃၇၈.၀ |
| ကြက်သား | မက်ထရစ်တန် ထောင် | ၁,၁၅၈.၅* | ၆၅၂.၈ |
| **သီးနှံထုတ်လုပ်မှုစာရင်း** | | | |
| စပါး | မက်ထရစ်တန် | ၂၇,၇၀၃,၆၈၇* | ၂၅,၈၅၂,၀၇၄ |
| ဂျုံ | မက်ထရစ်တန် | ၁၈၀,၄၉၇* | ၁၈၅,၈၇၅ |
| ပြောင်း | မက်ထရစ်တန် | ၁,၅၂၅,၆၇၁* | ၇၃၁,၆၄၃ |
| ပဲတီစိမ်း | မက်ထရစ်တန် | ၁,၃၈၆,၉၃၉* | ၉၃၉,၉၄၄ |
| မတ်ပဲ | မက်ထရစ်တန် | ၁,၅၄၈,၄၅၄* | ၁,၅၇၄,၄၁၅ |
| ဘိုကိတ်ပဲ | မက်ထရစ်တန် | ၁၆၄,၉၁၉* | ၁၆၈,၄၉၀ |
| ပဲပုပ် | မက်ထရစ်တန် | ၂၃၇,၉၁၄* | ၁၇၂,၁၃၈ |
| အာလူး | မက်ထရစ်တန် | ၅၅၉,၉၁၆* | ၂၈၇,၆၄၂ |
| ကြက်သွန်နီ | မက်ထရစ်တန် | ၁,၁၆၀,၆၄၈* | ၁,၂၂၀,၃၅၆ |
| ငရုတ် | မက်ထရစ်တန် | ၁၉၆,၆၇၅* | ၁၃၉,၇၀၆ |

* သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်အထိတွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

ဇယား (၃-၂)အဆက် 

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဒုတိယ(၆)လပတ် |
|---|---|---|---|
| **အခြေခံလိုအပ်ချက်များသုံးစွဲမှု** | | | |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၉၄၄* | ၉၈၈* |
| ပုဂ္ဂလိကဆေးရုံများ | ဦးရေ | ၁၆၆* | ၁၇၆* |
| ဆေးပေးခန်းများ | ဦးရေ | ၄,၉၄၂* | ၅,၅၆၈* |
| ခုတင်(အစိုးရ) | ဦးရေ | ၄၄,၀၂၀* | ၄၅,၇၇၈* |
| ဆရာဝန် | ဦးရေ | ၂၉,၈၃၂* | ၃၁,၅၄၂* |
| သူနာပြု | ဦးရေ | ၂၈,၂၅၄* | ၂၉,၅၃၂* |
| ကျန်းမာရေးကြီးကြပ်(အဆင့်-၁) | ဦးရေ | ၅၃၆* | ၅၃၆* |
| ကျွမ်းကျင်သူများနှင့် ကလေးမွေးဖွားမှု | % | | |
| အသက်တစ်နှစ်ကလေးများဝက်သက် ကာကွယ်ဆေးထိုးမှု | % | ၈၄* | ၄၃ |
| ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်း (လူဦးရေ ၁၀၀၀လျှင်) | % | ၁၀.၉* | ၄.၅ |
| တီဘီရောဂါ ဖြစ်ပွားမှုနှုန်း(လူဦးရေ ၁၀၀,၀၀၀ လျှင်) | % | ၄၈၉* | ၄၈၉* |
| အသက်၁၅နှစ်နှင့်အထက် လူဦးရေအတွင်း HIV ဖြစ်ပွားမှုနှုန်း (၂၀၀၉ခုနှစ် အပေါ် အခြေခံ) | % | ၀.၅၀* | ၀.၄၇* |
| **ပညာရေး(အခြေခံ)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၂,၃၈၅* | ၄၃,၁၈၁* |
| ကျောင်းသား | ဦးရေ ထောင် | ၈,၄၁၇* | ၈,၅၁၇* |
| ဆရာ/ဆရာမ | ဦးရေ | ၂၈၆,၇၉၄* | ၂၈၁,၄၅၁* |
| **ပုဂ္ဂလိက** | | | |
| ကျောင်း | ဦးရေ | ၆၆* | ၁၅၉* |
| ကျောင်းသား | ဦးရေ | ၂၂,၂၅၃* | ၄၅,၂၇၄* |
| ဆရာ/ဆရာမ | ဦးရေ | ၁,၄၀၇* | ၂,၉၉၄* |
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၆၆* | ၁၆၉* |
| ကျောင်းသား | ဦးရေ | ၄၈၁,၇၁၃* | ၄၉၆,၅၀၅* |
| ဆရာ/ဆရာမ | ဦးရေ | ၂၃,၃၃၆* | ၂၃,၄၁၂* |

***** သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်အထိတွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

ဇယား(၃-၂)အဆက်

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃ ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄ ဒုတိယ(၆)လပတ် |
|---|---|---|---|
| **သက်ကြီး စာတတ်မြောက်မှုနှုန်း** | | | |
| စုစုပေါင်း | (%) | ၉၅.၀၈* | ၉၅.၁၃* |
| ကျား | (%) | ၉၄.၇၅* | ၉၄.၈၁* |
| မ | (%) | ၉၅.၄၀* | ၉၅.၄၃* |
| အသားတင်ကျောင်းနေနှုန်း (Net Enrollment Ratio) | | | |
| (မူလတန်း) | (%) | ၈၆.၃၇* | လူဦးရေစာရင်း အတိအကျ မရရှိသေး ပါသဖြင့် တွက်ချက် ဖော်ပြနိုင်ခြင်း မရှိသေးပါ |
| (အလယ်တန်း) | (%) | ၆၃.၅၀* | |
| (အထက်တန်း) | (%) | ၃၂.၀၈* | |
| စုစုပေါင်းကျောင်းနေနှုန်းကြမ်း (Gross Enrollment Ratio) | | | |
| (မူလတန်း) | (%) | ၁၀၂.၆၀* | |
| (အလယ်တန်း) | (%) | ၇၄.၇၀* | |
| (အထက်တန်း) | (%) | ၃၇.၇၄* | |
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၁,၃၀၉,၂၂၅* | ၁,၄၀၀,၁၂၇ |
| **အမျိုးသမီးများ၏ ပါဝင် ဆောင်ရွက်မှု** | | | |
| အမျိုးသမီးဦးရေ | သန်း | ၃၀.၈၄* | ၃၁.၁၄* |
| အလုပ်လုပ်သူ အမျိုးသမီးဦးရေ | သန်း | ၁၁.၅၇* | ၁၁.၆၉* |
| အမျိုးသမီးလုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း | (%) | ၅၀.၂၃* | ၅၀.၇၃* |
| အစိုးရဝန်ထမ်း အမျိုးသမီးများ | ဦးရေ | ၄၇၃,၇၆၀* | ၄၈၈,၉၇၅* |
| အလုပ်လက်မဲ့ အမျိုးသမီးများ | (%) | ၄.၅၈* | ၄.၅၈* |

* သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်အထိတွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

မှတ်ချက်(၁) အစိုးရဝန်ထမ်း အမျိုးသမီးဦးရေ တိုးတက်လာခြင်းမှာ ဝန်ကြီးဌာန(၂၁)ခုမှ ဝန်ထမ်းဦးရေ တိုးလာခြင်း ကြောင့်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အများဆုံးတိုးလာပါသည်။

မှတ်ချက်(၂) အလုပ်လက်မဲ့ အမျိုးသမီးများ တွက်ချက်ရာတွင် လစာမရသော မိသားစု လုပ်သားများကိုလည်း အလုပ်လုပ်သူများအဖြစ် သတ်မှတ်ပါသည်။ ၁၉၉၀ ပြည့် နှစ်လုပ်သားအင်အားစစ်တမ်း ကောက်ယူမှု အပေါ် အခြေခံ၍ ခန့်မှန်း တွက်ချက်ထားသော ကိန်းဂဏန်း အချက်အလက်များဖြစ်ပါသည်။

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၁၃<br>ဒုတိယ(၆)လပတ် | ၂၀၁၃-၁၄<br>ဒုတိယ(၆)လပတ် |
|---|---|---|---|
| **ပုံနှိပ်မီဒီယာ** | | | |
| ကြေးမုံသတင်းစာ | စောင်ရေသိန်း | ၅၄၄.၇၉ | ၃၃၇.၈ |
| မြန်မာ့အလင်းသတင်းစာ | စောင်ရေသိန်း | ၄၇၇.၇၈ | ၂၆၃.၂၇ |
| The New Light Of Myanmar | စောင်ရေသိန်း | ၄၈.၂၁ | ၂၈.၃၄ |
| မြဝတီသတင်းစာ | စောင်ရေသိန်း | ၁၄၀.၉၇ | ၇၆.၃၅ |
| မြို့တော်သတင်းစာ | စောင်ရေသိန်း | ၁၀.၇၅ | ၅.၅၅ |
| ရတနာပုံသတင်းစာ | စောင်ရေသိန်း | ၃.၄၄ | ၂.၁၀ |
| **အီလက်ထရောနစ်မီဒီယာ** | | | |
| **တယ်လီဗီးရှင်းလိုင်းများ** | | | |
| **အစိုးရ** | | | |
| မြန်မာ (MRTV,MWD) | လိုင်း | ၂* | ၅* |
| **ဖက်စပ်** | | | |
| မြန်မာ (MRTV-4 ) နှင့် ဆက်စပ် ရုပ်သံလိုင်းများ | လိုင်း | ၃* | ၃* |
| အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းများ | လိုင်း | ၂* | ၃* |
| **ရေဒီယိုလိုင်းများ** | | | |
| **အစိုးရ** | | | |
| ပြန်ကြားရေးမှ မြန်မာ (မြန်မာ့အသံတိုင်းရင်းသား) | လိုင်း | ၂* | ၂* |
| ပြန်ကြားရေးမှ အင်္ဂလိပ် (မြန်မာ့အသံ အင်္ဂလိပ်) | လိုင်း | ၁* | ၁* |
| ကကပြည်မှမြန်မာ(သဇင်) | လိုင်း | ၁* | ၁* |
| ရန်ကုန်စည်ပင်(City FM) | လိုင်း | ၁* | ၁* |
| **ဖက်စပ်** | | | |
| မြန်မာ(ဒေသဆိုင်ရာFMများ) | လိုင်း | ၆* | ၆* |
| **ပြည်တွင်းလျှပ်စစ်ဓါတ်အားသုံးစွဲမှု** | ကီလိုဝပ်နာရီ သန်း | ၅,၅၇၅.၁ | ၆,၄၂၉.၅ |
| **ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု** | | | |
| ရေနံစိမ်းထုတ်လုပ်မှု<br>(Production of Crude Oil) | အမေရိကန်စည် ထောင် | ၃,၃၅၇ | ၃,၃၄၉ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု<br>(Production of Natural Gas) | ကုဗပေ သန်း | ၂၂၈,၂၉၇ | ၂၃၉,၃၀၀ |

* သက်ဆိုင်ရာ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ကုန်တွင်ရှိသော ကိန်းဂဏန်းများ ဖြစ်ပါသည်။

## အခန်း(၄)

## ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

မြန်မာနိုင်ငံတွင် ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့စီးပွားရေး အနေအထားနှင့် လိုက်လျောညီထွေဖြစ်မည့် ဈေးကွက်စီးပွားရေးစနစ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ အဆိုပါစီးပွားရေးမူဝါဒနှင့်အညီ ငွေကြေးစနစ် ပြုပြင်ပြောင်းလဲမှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကို အသစ် ပြန်လည်ပြဋ္ဌာန်းခဲ့ပြီးနောက် မြန်မာကျပ်ငွေတန်ဖိုး ခိုင်မာစေရန်၊ ငွေပေးချေမှုစနစ် တိုးတက်ကောင်းမွန်စေရန်နှင့် ငွေရေးကြေးရေးစနစ် မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြီး ငွေကြေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် (Capital Market) ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရောင်းဝယ်လာခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ၏ စုစည်းရန် မလွယ်ကူသော ငွေကြေးများသည် ငွေရေးကြေးရေးဈေးကွက်အတွင်း စီးဆင်းလာနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ခြင်းဖြင့် ငွေရေးကြေးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးလာသည့်နည်းတူ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူ ပြုနိုင်ပါသည်။

### ငွေကြေးမူဝါဒ (Monetary Policy)

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ်၊ ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေး၊ ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး နှင့် ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှု ရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေ စီးပွားရေးမူဝါဒများကို အထောက်အကူပြုရေး စသည့် ငွေကြေးမူဝါဒများကို ချမှတ်ခဲ့ပြီး အောက်ပါ ငွေကြေးကဏ္ဍ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) ငွေရေးကြေးရေးကဏ္ဍကို စနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများကို ပြဋ္ဌာန်းခြင်း၊

(ခ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များ တိုးချဲ့ခွင့်ပြုပေးခြင်း၊ ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အမျိုးအစား တိုးချဲ့ခြင်းနှင့် ဘဏ်လုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်ဒေသ နေထိုင်သူပြည်သူများနှင့် ဘဏ်ဝန်ဆောင်မှု မရရှိနိုင်သေးသည့် ပြည်သူများထံသို့ ရောက်ရှိစေခြင်း၊

(ဂ) ဘဏ်များအကြား နိုင်ငံခြားငွေကြေးရောင်းဝယ်သည့် ဈေးကွက်ပီပြင်စွာ တိုးတက်လာရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

ချမှတ်ထားသည့် မူဝါဒများအရ ငွေရေးကြေးရေးကဏ္ဍကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ခေတ်နှင့် လျော်ညီစေရန် ပြန်လည် ရေးဆွဲ ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေနှင့် လိုက်လျောညီထွေရှိမည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နည်းဥပဒေ ထုတ်ပြန်ရန်နှင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေရေးဆွဲ ပြဋ္ဌာန်းရန် ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီ ရယူ၍ ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ပုဂ္ဂလိကဘဏ် ၂၂ ခု မှ ဘဏ်ခွဲပေါင်း ၁၀၃ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံခြား ဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၃၄ ခုနှင့် နိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲ ၁ ခု ဖွင့်လှစ် ဆောင်ရွက် လျက်ရှိပါသည်။

(ဂ) ထိန်းကျောင်းမှုရှိသည့် ဈေးကွက်ကိုအခြေခံသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး နေ့စဉ်ရည်ညွှန်းနိုင်ငံခြားငွေ လဲလှယ်နှုန်း (Daily Reference Exchange Rate) အား ထုတ်ပြန်ပေးလျက်ရှိပါသည်။

(ဃ) မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Mobile Banking) စတင် ဆောင်ရွက်လျက် ရှိပါသည်။

**ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)**

နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း စီမံခန့်ခွဲမှု ပိုမိုထိရောက်ထက်မြက်သည့် လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရန်နှင့် ထင်သာမြင်သာရှိသည့် အခွန်ပေးဆောင်မှုစနစ် ဖြစ်ပေါ်လာစေရန် မူဝါဒ ချမှတ်ထားရှိခဲ့ပါသည်-

(က) ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် စီမံကိန်း ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုနိုင်သော ရသင့်ရထိုက်သည့်ရငွေများ တိုးမြှင့်လျာထားရေး၊

(ခ) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ ပြုပြင်ပြောင်းလဲရေး၊

(ဂ) လူ့စွမ်းအား အရင်းအမြစ်တိုးတက်စေမည့် ကဏ္ဍများအတွက် အသုံးစရိတ်များ တိုးမြှင့်ခွဲဝေရေး၊

ဖော်ပြပါမူဝါဒများအရ အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ - Public Financial Management (PFM) Reform Strategy ကို ရေးဆွဲခဲ့ပြီး ဤအချက်ပေါ်တွင် အခြေခံ၍ Myanmar PFM Modernization Project အား ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ပေးသော မူဘောင်အတွင်း ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၈) ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းပြည်သူများအား ကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ပထမအဆင့်အနေဖြင့် အခွန်ထမ်း ကြီးများအတွက် အခွန်ပေးဆောင်ရမည့်ရုံးကို ၁.၄.၂၀၁၄ တွင် စတင်ဖွင့်လှစ် နိုင်ခဲ့ပါသည်။

(ဃ) မြန်မာနိုင်ငံတွင် အခွန်အကောက် အမျိုးအစား(၁၄)မျိုးအား ကောက်ခံလျှက်ရှိရာ ယခုအခါတွင် မြန်မာနိုင်ငံ၏ အခွန်အကောက်ဖွဲ့စည်းပုံတွင် ပါဝင်သင့်သော အခွန်အမျိုးအစား များအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အခွန်အကောက် (၄)မျိုး တို့ကို တိုးချဲ့ကောက်ခံရန် သတ်မှတ်ခဲ့ပါ သည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဘဏ္ဍာငွေခွဲဝေ သုံးစွဲမှုကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ခွဲဝေပေးခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ စာရင်း) တွင် တိုင်းဒေသကြီး/ ပြည်နယ်များ၏ သာမန်အသုံးစရိတ် စုစုပေါင်းတွင် ကယားပြည်နယ်သည် ကျပ် ၁၉,၁၁၇.၀၀၁ သန်းဖြင့် အနည်းဆုံး ဖြစ်ပြီး ရှမ်းပြည်နယ်သည် ကျပ် ၁၂၁,၁၈၄.၅၅၂ သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံး ငွေရင်း အသုံးစရိတ်တွင် ကရင်ပြည်နယ်သည် ကျပ် ၈,၇၇၉.၄၂၂ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၁၂၃,၉၄၄.၉၅၂ သန်းဖြင့် အများဆုံးဖြစ်ပါသည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ စာရင်း) စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် ၆၂.၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၃၇.၄ ရာခိုင်နှုန်းနှင့် ကြွေးမြီ ၀.၅ ရာခိုင်နှုန်း ပါဝင်ပါသည်။

## ရသုံးမှန်းခြေငွေစာရင်း

ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ပေးသော မူဘောင်အတွင်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၈) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ အရ အသုံး ခန့်မှန်းခြေငွေစာရင်းကို ပြုစုရေးဆွဲ၍ ဘဏ္ဍာရေး ကော်မရှင်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏

အရအသုံးခန့်မှန်းခြေငွေစာရင်း အကျဉ်းချုပ်ဇယားများ ပြုစု၍ ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ခြင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့မှ ခွင့်ပြုသော သီးသန့်ရန်ပုံငွေအသုံးစရိတ်မှ ကျခံသုံးစွဲရန် အမှုတွဲများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင် စုစုပေါင်းရငွေ ကျပ် ၁၅,၁၆၃,၄၉၈.၁၇၃ သန်းတွင် သာမန်ရငွေ ကျပ် ၁၃,၇၆၁,၁၇၂.၅၂၉ သန်း ငွေလုံးငွေရင်းရငွေ ကျပ် ၄၀၇,၅၃၀.၂၆၀ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၉၉၄,၇၉၅.၃၈၄ သန်း ဖြစ်ပါသည်။ စုစုပေါင်းရငွေအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ရငွေစုစုပေါင်း ကျပ် ၁,၂၉၄,၂၆၉.၂၃၄ သန်း ဖြစ်၍ စုစုပေါင်းရငွေ အပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၈.၅ ရာခိုင်နှုန်းရရှိပါသည်။ သာမန်ရငွေ ကျပ် ၁၃,၇၆၁,၁၇၂.၅၂၉ သန်းအနက် တိုင်းဒေသကြီး/ ပြည်နယ်မှ ကျပ် ၁,၁၇၃,၀၂၀.၃၇၁ သန်း ရရှိပါသည်။ ငွေလုံးငွေရင်း ရငွေ ကျပ် ၄၀၇,၅၃၀.၂၆၀ သန်းအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၁၀၇,၁၅၅.၃၈၅ သန်း ရရှိပါသည်။ ကြွေးမြီရငွေ ကျပ် ၉၉၄,၇၉၅.၃၈၄ သန်းအနက် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျပ် ၁၄,၀၉၃.၄၇၈ သန်း ရရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် စုစုပေါင်းအသုံးစရိတ် ကျပ် ၁၈,၀၄၉,၆၆၇.၅၄၄ သန်းဖြစ်ပြီးသာမန်အသုံးစရိတ်ကျပ် ၁၁,၈၄၁,၉၄၁.၆၇၆ သန်း၊ ငွေလုံး ငွေရင်း အသုံးစရိတ် ကျပ် ၅,၄၃၃,၄၁၁.၀၂၀ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၇၇၄,၃၁၄.၈၄၈ သန်း ဖြစ်ပါသည်။ စုစုပေါင်းအသုံးစရိတ်အနက် တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်းအသုံးစရိတ် ကျပ် ၁,၂၉၄,၂၆၉.၂၃၄ သန်းဖြစ်၍ ၇.၂ ရာခိုင်နှုန်း ပါဝင်ပါသည်။ သာမန်အသုံးစရိတ် ကျပ် ၁၁,၈၄၁,၉၄၁.၆၇၆ သန်းရှိသည့်အနက် တိုင်းဒေသကြီး/ပြည်နယ် သာမန်အသုံးစရိတ်မှာ ကျပ် ၈၀၄,၃၄၁.၂၀၄ သန်းဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၅,၄၃၃,၄၁၁.၀၂၀ သန်းရှိသည့် အနက် တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၄၈၃,၉၇၆.၈၇၂ သန်း ဖြစ်ပါသည်။ ကြွေးမြီ အသုံးစရိတ် ကျပ် ၇၇၄,၃၁၄.၈၄၈ သန်းရှိသည့် အနက် တိုင်းဒေသကြီး/ ပြည်နယ် ကြွေးမြီအသုံးစရိတ်မှာ ကျပ် ၅,၉၅၁.၁၅၈ သန်းဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေစာရင်း)၊ နိုင်ငံတော်၏ ဘဏ္ဍာရေး ပိုငွေ/လိုငွေ (Overall budgetary surplus/deficit) ကို ဆန်းစစ်ရာတွင် လိုငွေ ကျပ် ၂,၈၈၆,၁၆၉.၃၇၁ သန်း ဖြစ်ပါသည်။

**အခွန်အကောက်ရငွေ အခြေအနေ**

မြန်မာနိုင်ငံတွင် အခွန်အကောက် အမျိုးအစား (၁၄) မျိုးကို ကောက်ခံလျက်ရှိရာ ယခုအခါတွင် မြန်မာနိုင်ငံ၏ အခွန်အကောက်ဖွဲ့စည်းပုံတွင် ပါဝင်သင့်သော အခွန်အမျိုးအစား များအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ ဓါတ်သတ္တုခွန်နှင့်ရတနာခွန်၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်နှင့် လျှပ်စစ်ဓါတ် အားထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်စသည့် အခွန်အကောက် (၄) မျိုး တို့ကို တိုးချဲ့ကောက်ခံရန် သတ်မှတ်ခဲ့ပါသည်။ ထို့ပြင် အခွန်ဥပဒေများကို ရှင်းလင်း လွယ်ကူ စေရန်နှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် အတွင်း အခွန်ဆိုင်ရာပြောင်းလဲမှုများအနေဖြင့် ရုံးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် (၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၁၅)၊ ကုန်သွယ်လုပ်ငန်းခွင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၁၆) ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၁၉) ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် နေ့တွင် လည်းကောင်း ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု**

အစီရင်ခံသည့်ကာလအတွင်း အခွန်အမျိုးအစားအလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ၁.၁၀.၂၀၁၃ မှ ၃၁.၃.၂၀၁၄ အထိ ကောက်ခံရရှိမှု အခြေအနေမှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည်။

## ဇယား (၄-၁) ပြည်တွင်းအခွန်ကောက်ခံရရှိမှု

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ဒုတိယ(၆)လပတ် ကောက်ခံရရှိမှု |
|---|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန် | ၁,၀၀၇,၉၇၃.၄၀၈ |
| ၂ | ဝင်ငွေခွန် | ၁,၀၈၄,၅၁၆.၀၂၉ |
| ၃ | တံဆိပ်ခေါင်းခွန် | ၂၅,၆၉၉.၂၄၃ |
| ၄ | အောင်ဘာလေသိန်းဆုခွန် | ၁၅,၈၆၃.၈၇၆ |
| | စုစုပေါင်း | ၂,၁၃၄,၀၅၂.၅၅၆ |

ဇာစ်မြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန

### အကောက်ခွန်ဦးစီးဌာန၏ ဆောင်ရွက်ချက်

အကောက်ခွန်ဦးစီးဌာနသည် (၁-၁၀-၂၀၁၃ မှ ၁-၃-၂၀၁၄)အထိ ပုံမှန်လိုင်စင်ဖြင့် တင်သွင်းမည့် မော်တော်ယာဉ်များ၏ စည်းကြပ်တန်ဖိုး ပြင်ဆင်သတ်မှတ်ခြင်း၊ သက်တမ်းလွန် စာရွက်စာတမ်းများ ဖျက်ဆီးနိုင်ရန်အတွက် ကာလသတ်မှတ်ခြင်း၊ ကုန်တင်ကုန်ချ ဆိပ်ကမ်း တံတား သတ်မှတ်ပေးရန်အတွက် လုပ်ငန်းစဉ်ပြဌာန်းခြင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုသော ကုန်ပစ္စည်းများအား Code များဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ခြင်း၊ သိမ်းဆည်းမိန့်များ ထုတ်ပြန်ခြင်း၊ ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များနှင့် ပတ်သတ်၍ CIF တန်ဖိုး သတ်မှတ်ခြင်း၊ တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့်တိရစ္ဆာန်များအား အရေးယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စများအား ဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဥပဒေအား ခေတ်နှင့်လျော်ညီ စေရေးအတွက် ပြည်ထောင်စု၏ အကောက်ခွန် ဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၂၀) ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် နေ့တွင် ပြဌာန်းခဲ့ပါသည်။ အစီရင်ခံသည့်ကာလ ၁-၁၀-၂၀၁၃ ရက်နေ့ မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ အခွန်ငွေကောက်ခံ ရရှိမှု(ရုံးချုပ်) ကျပ် ၁၄၈,၆၅၃.၇၁ သန်း ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၇၀.၇၉ ရာခိုင်နှုန်း နှင့် (မြို့နယ်ရုံး) များ

တွင် အခွန်ငွေကောက်ခံရရှိမှု ကျပ် ၃၇,၃၄၀.၄၆ သန်း ဖြစ်ပြီး၊ ရာခိုင်နှုန်း အားဖြင့် ၁၀၆.၆၉ ရာခိုင်နှုန်း ကောက်ခံရရှိပြီး ဖြစ်ပါသည်။

**နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်နိုင်မှု**

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ဆည်မြောင်းတာတမံ တည်ဆောက်မှု လုပ်ငန်း စီမံကိန်းများနှင့် မြစ်ရေတင်လုပ်ငန်းများတွင် ကျပ် ၅၂,၃၅၀.၆ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ)၊ အမှတ် (၅) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း အပါအဝင် လုပ်ငန်းစီမံကိန်းများ အတွက် ကျပ် ၂၇၉,၃၂၆.၂ သန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ အမှတ် (၃၆) မှန်စက်ရုံ စီမံကိန်း (ကျောက်ဆည်) အတွက် ကျပ် ၃,၅၂၆.၂ သန်း နှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ တစ်နေ့တန် (၆၀) သတင်းစာစက္ကူ စီမံကိန်း(သာပေါင်း) အတွက် ကျပ် ၁၈.၀ သန်း ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းတံတားဦးစီးဌာန၊ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများတွင် ကျပ် ၄၀,၉၉၆.၂ သန်းနှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက် နေသော လုပ်ငန်းစီမံကိန်း ဖြစ်သည့် ဧရာဝဏ်နှင့် ရတနာအိမ်ရာ စီမံကိန်းတွင် ကျပ် ၄,၈၀၈.၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာနမှ ရေအားလျှပ်စစ်စီမံကိန်းများအတွက် ကျပ် ၁၁၄,၃၉၂.၀ သန်းနှင့် မြန်မာ့လျှပ်စစ်ဓါတ်အား လုပ်ငန်းမှ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၁၇၇,၀၂၀.၀ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားလုပ်ငန်း၊ မြို့ပြအင်ဂျင်နီယာဌာနမှ ဒုတိယ(၆) လပတ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစီမံကိန်းတန်ဖိုးမှာ ကျပ် ၂၆,၅၅၆.၂ သန်း ဖြစ်ပါ သည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖိုက်ဘာဆက်ကြောင်း နှင့် မိုက္ကရိုဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ GSM / UMTS မိုဘိုင်းဖုန်းလိုင်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ Sea Me We 6 ရေအောက် ကေဘယ် စနစ်စီမံကိန်း စသည့်လုပ်ငန်းများအတွက် ကျပ် ၁၂၀,၇၇၃.၆ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ ကွန်ပျူတာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် International Gateway တိုးချဲ့ခြင်း စသည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၂,၈၂၉.၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**ဇယား (၄-၂) နိုင်ငံပိုင်အခန်းမှလုပ်ငန်းစီမံကိန်းများ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ်ကုန်အထိ အခြေအနေ**

(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တန်ဖိုး |
|---|---|---|---|
| ၁ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၅၂,၃၅၀.၆** |
| | ၁ | ဆည်မြောင်းဦးစီးဌာန | |
| | | ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း | ၄၅,၄၆၂.၄ |
| | ၂ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | |
| | | လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်း | ၆,၈၈၈.၂ |
| ၂ | | **စက်မှုဝန်ကြီးဌာန** | **၂၈၂,၈၇၀.၄** |
| | ၁ | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၂၇၉,၃၂၆.၂ |
| | ၂ | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၃,၅၂၆.၂ |
| | ၃ | စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း | ၁၈.၀ |
| ၃ | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၄၅,၈၀၄.၅** |
| | ၁ | လမ်းတံတားဦးစီးဌာန | ၄၀,၉၉၆.၂ |
| | ၂ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၄,၈၀၈.၃ |
| ၄ | | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | **၂၉၁,၄၁၂.၀** |
| | ၁ | ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | |
| | | ရေအားလျှပ်စစ်စီမံကိန်းများ | ၁၁၄,၃၉၂.၀ |
| | ၂ | မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | |
| | | ဓာတ်အားလိုင်းတည်ဆောက်ရေးစီမံကိန်း | ၁၇၇,၀၂၀.၀ |
| ၅ | | **ရထားပို့ဆောင်ရေးဝန်ကြီးဌာန** | **၂၆,၅၅၆.၂** |
| | ၁ | မြန်မာ့မီးရထား | |
| | | ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၂၆,၅၅၆.၂ |
| ၆ | | **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန** | **၁၂၃,၆၀၃.၄** |
| | ၁ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | |
| | | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း | ၁၂၃,၆၀၃.၄ |

ဝန်ကြီးဌာနများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်းအကူအညီ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ဇယား (၄-၃) ဝန်ကြီးဌာနများမှ ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ ( ၆ ) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ**

| စဉ် | ဝန်ကြီးဌာန | စီမံကိန်းအမည် | နိုင်ငံ / အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | ငွေပမာဏ | US$(သန်း) |
|---|---|---|---|---|---|---|
| ၁ | ဗဟိုဘဏ် | ဗဟိုဘဏ်လုပ်ငန်း ICT နည်းစနစ်ဖွံ့ဖြိုး တိုးတက်ရေး | Japan | Yen | ၅,၁၀၀.၀၀ | ၅၀.၀၂ |
| ၂ | ကျန်းမာရေး | ရန်ကုန်မြို့၊ အထွေထွေ ရောဂါ ကု ဆေးရုံများ ဆိုင်ရာ ဆေးပစ္စည်း ကိရိယာများ ပိုမို ကောင်းမွန်လာစေရေး | Japan | Yen | ၉၇၈.၀၀ | ၉.၅၉ |
| ၃ | ကျန်းမာရေး | ကယား ပြည်နယ် လွိုင်ကော်မြို့ဆေးရုံကြီး အဆင့်မြှင့်တင်ရေး | Japan | Yen | ၁,၉၄၅.၀၀ | ၁၉.၀၈ |
| ၄ | ကျန်းမာရေး | လားရှိုးမြို့နယ်အထွေထွေ ရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ရေး | Japan | Yen | ၁,၅၁၀.၀၀ | ၁၄.၈၁ |
| ၅ | ဆောက်လုပ်ရေး | ရခိုင် ပြည်နယ်၊ လမ်းတံတား တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ စက် ပစ္စည်း ကိရိယာများ ပိုမိုကောင်းမွန်လာစေရေး | Japan | Yen | ၇၃၈.၀၀ | ၇.၂၄ |
| ၆ | လယ် / ဆည် | လယ်သမားများအတွက် အစားအစာလုံခြုံစိတ်ချရေး | Japan | Yen | ၂၃၀.၀၀ | ၂.၂၆ |

| စဥ် | ဝန်ကြီးဌာန | စီမံကိန်းအမည် | နိုင်ငံ / အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | ငွေပမာဏ | US$(သန်း) |
|---|---|---|---|---|---|---|
| ၇ | ရထား | ဗဟိုထိန်းချုပ်ရေးစနစ်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးစသည့် စက်ပစ္စည်း ကိရိယာများ တတ်ဆင်ခြင်း | Japan | Yen | ၄,၀၀၀.၀၀ | ၃၉.၂၃ |
| ၈ | ပညာရေး | လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးပညာသင်ဆု | Japan | Yen | ၄၆၈.၀၀ | ၄.၅၉ |
| ၉ | ဘဏ္ဍာရေး | National Single Window and Custom modernization and by Introducing Automated Cargo Clearance System | Japan | Yen | ၃,၉၉၀.၀၀ | ၃၉.၁၃ |
| ၁၀ | အခြား | မြန်မာနိုင်ငံမှ အိမ်ရှင် အဖြစ်လက်ခံ ကျင်းပမည့် အလှည့်ကျ အာဆီယံ ဥက္ကဋ္ဌ အစည်းအဝေး များတွင် ယာဥ်နှင့် ရုံးသုံး ပစ္စည်း တန်ဖိုး | China | Yuan | ၁၀.၀၀ | ၁.၆၀ |
| ၁၁ | ပို့ဆောင်ရေး | သဘာဝ ဘေး အန္တရာယ် ကြောင့်ပေါ်ပေါက်လာ မည့် ရာသီဥတု အခြေ အနေ စောင့်ကြည့်ရေး စနစ် ထူထောင်ရေး | Japan | Yen | ၂၃၁.၀၀ | ၂.၂၇ |
| ၁၂ | ပြန်ကြားရေး | MRTV အစီအစဥ်နှင့် အသံလွှင့်တည်းဖြတ်ခြင်း ဆိုင်ရာ စက် ပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေး | Japan | Yen | ၈၁.၉၀ | ၀.၈၀ |
| ၁၃ | ဟိုတယ်ခရီး | မြန်မာနိုင်ငံတွင်တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး ရေးအတွက်အပြုသဘော အားပေးတိုက်တွန်းမှု ဖြစ်စေခြင်း | Italy | Euro | ၁.၄၀ | ၁.၉၁ |

| စဉ် | ဝန်ကြီးဌာန | စီမံကိန်းအမည် | နိုင်ငံ / အဖွဲ့အစည်း | ငွေကြေးအမျိုးအစား | ငွေပမာဏ | US$(သန်း) |
|---|---|---|---|---|---|---|
| ၁၄ | သိပ္ပံနှင့်နည်းပညာ | အဆင့်မြင့်အင်ဂျင်နီယာပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး | Japan | US$ | ၁၀.၀၀ | ၁၀.၀၀ |
| ၁၅ | လျှပ်စစ် | လျှပ်စစ်ဥပဒေနှင့်လုပ်ထုံးလုပ်နည်းရေးဆွဲရေး | ADB | US$ | ၀.၈၅ | ၀.၈၅ |
| ၁၆ | လူမှုဝန်ထမ်း | သဘာဝဘေးအန္တရာယ် မှထိခိုက်မှုလျော့ချရေး နှင့် ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေး/လူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေး | Lutheran World Federation Myanmar | US$ | ၅.၁၀ | ၅.၁၀ |
| ၁၇ | လူမှုဝန်ထမ်း | လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှထိခိုက်မှုလျော့ချရေးနှင့်ကျေး လက်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေး | Welthung erhife, Germany | US$ | ၅.၀၀ | ၅.၀၀ |
| ၁၈ | လူမှုဝန်ထမ်း | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် အရေးပေါ် တုံ့ပြန်ရေး | OXFAM | US$ | ၅.၀၀ | ၅.၀၀ |
| ၂၀ | မွေး/ရေ | နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု အကူအညီပေးရေး | Newzeland | NZ$ | ၅.၀၀ | ၄.၂၈ |
| ၁၉ | သစ်တောရေးရာ | သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်ရေး | Korea | US$ | ၂.၀၀ | ၂.၀၀ |

| စဉ် | ဝန်ကြီးဌာန | စီမံကိန်းအမည် | နိုင်ငံ / အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | ငွေပမာဏ | US$(သန်း) |
|---|---|---|---|---|---|---|
| ၂၁ | သစ်တော | သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေး ခြင်းဖြင့် မြန်မာနိုင်ငံအလယ် ပိုင်းအပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တုံ့ ပြန်နိုင်ရေး | Korea | US$ | ၂.၃၀ | ၂.၃၀ |
| ၂၂ | သစ်တော | ရေဝေရေလဲဒေသသစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း | Thailand | US$ | ၀.၀၆ | ၀.၀၆ |
| ၂၃ | သစ်တော | မြန်မာ့ဆင်သုတေသန လုပ်ငန်း | ရှက်ဖီး တက္ကသိုလ်၊ အင်္ဂလန်နိုင်ငံ | US$ | ၀.၀၅ | ၀.၀၅ |
| ၂၄ | သစ်တော | မြိုင်ဟေဝန်ဆင်စခန်းအားပြုပြင်၍ဆင်ထိန်းသိမ်းရေး စခန်းတည်ဆောက်ရေး | International Elephant Foundation (IEF) | US$ | ၀.၀၀ | ၀.၀၀ |
| ၂၅ | သစ်တော | တနင်္သာရီတိုင်း ဒေသကြီးအတွင်းဇီဝမျိုးစုံမျိုးကွဲဆိုင်ရာထိန်းသိမ်းရေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး | အပြည်ပြည်ဆိုင်ရာ အပင် နှင့် တောရိုင်းတိရစ္ဆာန် အဖွဲ့ (FFI)၊ ဗြိတိန်နိုင်ငံ | US$ | ၁.၀၀ | ၁.၀၀ |
| | | | | | | ၂၂၈.၁၃ |

# အခန်း(၅)


## ကဏ္ဍစီမံကိန်း

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေအရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂၉,၆၂၄,၄၇၆.၅ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၈.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅–၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅–၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် (ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၃၇,၂၁၉,၄၄၀.၃သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏၁၂၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်ကို လယ်ယာ ကဏ္ဍကြီးတွင် ၃.၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၃.၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၁၀.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းရာတွင် အစီရင်ခံသည့် ဒုတိယ(၆)လပတ်၌ လယ်ယာကဏ္ဍကြီး တွင် ၄.၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈.၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၉.၄ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။

စီးပွားရေးကဏ္ဍအလိုက် တိုးတက်မှုအခြေအနေများကို အောက်ပါအတိုင်း ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

**ပုံ(၅-၃) ကဏ္ဍများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုးတက်မှုနှုန်း**


**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စီးပွားရေးကဏ္ဍများ၏ နှစ်အလိုက်ဈေးနှုန်းများအရ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို အောက်ပါ ပုံပြဂရပ် ဖြင့် ဖော်ပြအပ်ပါသည်။

## ပုံ(၅-၄) ကဏ္ဍများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြအပ်ပါသည်။

### လယ်ယာကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆,၅၂၉,၃၂၀.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂.၃ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် လယ်ယာကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉,၁၆၇,၉၂၁.၆ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၄၀.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၄.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့် ကာလတွင် မိုးစပါးပိုမိုစိုက်ပျိုးခဲ့ပါသည်၊ ဤကဲ့သို့စိုက်ပျိုးခြင်းမှာ သီးနှံဈေးကောင်းခြင်း၊ မြေယာ ပြုပြင်ခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ကျင့်သုံးရန်နည်းပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို တောင်သူများစိတ်ဝင်စားလာကြခြင်း၊ အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲလာခြင်း၊ ဒေသရာသီဥတု အခြေအနေအရ သီးနှံစိုက်ပျိုးချိန်မှ ရင့်မှည့်ချိန်အထိ မိုးရေလုံလောက်စွာရရှိခြင်း၊ သွင်းအားစုများ ပြည့်ဝစွာ သုံးစွဲလာကြခြင်း၊ ရိတ်သိမ်းရာသီတွင် အချိန်မီရိတ်သိမ်းနိုင်သဖြင့် အလေအလွင့်လျော့နည်းခြင်း၊ သဘာဝ မြေသြဇာ နှင့် ဓါတ်မြေသြဇာများ လိုအပ်သောအချိန်တွင် အချိုးကျမျှတစွာ သုံးစွဲခြင်း၊ တောင်သူများ အသိပညာ၊ နည်းပညာများနှင့် စက်ကိရိယာများ ပိုမိုသုံးစွဲခြင်း၊ ရေမြေဒေသ နှင့် ကိုက်ညီ

သည့် စပါးမျိုးများဖြန့်ဖြူးပေးခြင်း၊ အထူးအထွက်တိုးမျိုးများ တိုးချဲ့ စိုက်ပျိုးခြင်းတို့ကြောင့် မိုးစပါးအထွက်တင်းထောင်ပေါင်း ၁,၁၁၅,၅၇၀ ထွက်ရှိ ခဲ့ပါသည်။

နွေစပါးစိုက်ပျိုးမှုတွင် စပါးဈေးကောင်းခြင်း၊ ဆည်ရေသောက်စနစ်၊ မြစ်ရေတင် စနစ်၊ တောင်သူရေတင်စနစ်၊ မြေအောက်ရေစနစ်၊ ရေလှောင်တွင်းများ၊ ချောင်းပိတ်မြောင်းပိတ် စနစ်များဖြင့် စနစ်တကျ ဆောင်ရွက်ပေးခြင်း၊ သဖန်းဆိပ်ဆည်မှာ ယခင်နှစ်ကထက် ရေဝင်ဧရိယာများလာ၍ ပိုမိုစိုက်ပျိုးခဲ့ခြင်း၊ စိုက်ပျိုးချိန်တွင် စိုက်ပျိုးရေရရှိခြင်း၊ စက်သုံးဆီ၊ ဓါတ်မြေဩဇာ၊ သွင်းအားစုများ အသုံးပြုလာနိုင်ခြင်း၊ မိုးနှောင်းရာသီတွင် မိုးကောင်းသည့်အတွက် ဆည်/ကန်များတွင် ရေပြည့်ပြီး ရေပေးဝေနိုင်ခြင်းတို့ကြောင့် တောင်သူများ ပိုမို စိုက်ပျိုးခဲ့သဖြင့် စိုက်ဧက တိုးတက်လာပြီး နွေစပါးအထွက်တင်းထောင်ပေါင်း ၁၂၃,၄၃၁ ထွက်ရှိ ခဲ့ပါသည်။

အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုတွင် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို အသုံးပြုခြင်း၊ ဈေးကွက်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးမှုပိုမိုလာခြင်း၊ ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်း ပိုမိုလာခြင်းတို့ကြောင့် အထွက်တင်းထောင်ပေါင်း ၂၉,၃၂၇ ထွက်ရှိ ခဲ့ပါသည်။

ပဲတီစိမ်းစိုက်ပျိုးမှုတွင် ဈေးကွက်ကောင်းမွန်ခြင်း၊ အထွက်နှုန်းကောင်းမွန်သည့် မုံရွာ ရွှေဒင်္ဂါး မျိုးပြောင်းလဲသုံးစွဲခြင်းနှင့် သီးနှံပန်းပွင့်ချိန်တွင် ရာသီဥတုကောင်းမွန်ခြင်းကြောင့် အထွက် တင်းထောင်ပေါင်း ၂၈,၇၈၁ ထွက်ရှိ ခဲ့ပါသည်။

ဆောင်းမြေပဲ နှင့် ဆောင်းနှမ်းကို ထပ်ဆင့်တိုးကုန်ချောများအဖြစ် ပြုလုပ်ပြီး၊ နိုင်ငံခြားသို့ တင်ပို့သောကြောင့် တောင်သူများ တွက်ခြေကိုက်သီးနှံဖြစ်သည့်အတွက် ပိုမိုစိုက်ပျိုးလာကြသဖြင့် ဆောင်းမြေပဲ တင်းထောင်ပေါင်း ၇၆,၄၂၇ နှင့် ဆောင်းနှမ်း တင်းထောင်ပေါင်း ၁၁,၅၀၂ ထွက်ရှိ ခဲ့ပါသည်။

ကရင်ပြည်နယ်တွင် ကြက်ပေါင်စေးစိုက်ပျိုးမှုမှာ ဒေသရေမြေသဘာဝနှင့် ကိုက်ညီ၍ စိုက်ပျိုးဖြစ်ထွန်းပြီး၊ ကုမ္ပဏီများမှလည်း တောင်သူများအား နည်းပညာပေးခြင်းကြောင့် စိတ်ပါဝင်စားစွာဖြင့် စိုက်ပျိုးလာကြခြင်း၊ ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်း ကောင်းမွန်ခဲ့ခြင်းတို့ကြောင့် အထွက်ပေါင်ထောင်ပေါင်း ၃၁၇,၇၄၃ ထွက်ရှိ ခဲ့ပါသည်။

နွေစပါးစိုက်ဧက ပိုမိုတိုးတက်လာ စေရန်အတွက် ရေရရှိနိုင်မှုအစီအစဉ်များကို ကြိုတင်ဆောင်ရွက်ထားရှိခြင်း၊ အပူပိုင်းဒေသ များတွင် အပူဒဏ် ခံနိုင်ရည်ရှိသည့် သီးနှံမျိုးစိတ်များကို

ရာဖွေဖော်ထုတ်၍ စိုက်ပျိုးစေခြင်း၊ မိုးများသည့်ဒေသများတွင် ရေကြီးနစ်မြုပ်မှုဒဏ် ခံနိုင်ရည် ရှိသည့် မျိုးစိတ်များကို စိုက်ပျိုးစေခြင်း၊ အထွက်တိုးမိုးစပါးများကို ယခင်ကထက် တိုးတက်စိုက်ပျိုးလာခြင်း၊ စပ်မျိုးစပါး၊ စပ်မျိုးနေကြာနှင့် အထွက်နှုန်း အထူးကောင်းသည့် အစေ့ထုတ်ပြောင်းများကို စိုက်ပျိုးလာကြခြင်း၊ အထွက်နှုန်းကောင်းသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးလာကြခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို အသုံးပြုလာကြခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းလုပ်ငန်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၊ တောင်သူပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လာခြင်း စသည်တို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် လယ်ယာကဏ္ဍ၏ ဒုတိယ ၆ လပတ်(ယာယီ) အကောင်အထည်ဖော်နိုင်မှုမှာ ၁၄၀.၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။


လယ်ယာကဏ္ဍ၏ သဘောသဘာဝအရ ဒုတိယ(၆)လပတ်သည် ပထမ (၆) လပတ်ထက် များစွာ သာလွန်၍ အကောင်အထည်ဖော်နိုင်သည့် အနေအထားကို တွေ့ရှိရပါသည်။ ပထမ (၆) လပတ်တွင် စိုက်ပျိုးထားသည့် သီးနှံအချို့မှာ ဒုတိယ (၆) လပတ်တွင်မှသာ ထွက်လေ့ရှိပါသည်။ အစီရင်ခံသည့်ကာလတွင် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ (၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂) ကို အောက်တိုဘာလ ၈ ရက် နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ လယ်ယာကဏ္ဍအနေဖြင့် အားသာချက်များစွာကို တွေ့ရှိနေရသော်လည်း တစ်ဖက်တွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် လုပ်ငန်းများ များစွာ ကျန်ရှိနေသေးသည်ကို တွေ့မြင်ရပါသည်။ စနစ်တကျ လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း၊ စက်မှုလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲရေးလုပ်ငန်း၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ တွင်ကျယ်စွာ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း၊ ရေမြေဒေသရာသီဥတုနှင့် ကိုက်ညီသည့်သီးနှံပုံစံ (Crop Pattern) ပြောင်းလဲစိုက်ပျိုးရေး လုပ်ငန်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စသည့် ကဏ္ဍကြီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်လျက်ရှိရာ လယ်ယာကဏ္ဍ၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေး ဝိုင်းဝန်းဖော်ဆောင်ကြရန် အထူးလိုအပ်လှပါသည်။

**သားငါးကဏ္ဍ**


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် သားငါးကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၂၅၄,၃၅၈.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် သားငါးကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၅-၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၂,၅၅၃,၉၃၃.၇ သန်း ရရှိခဲ့၍ **စီမံကိန်း** ရည်မှန်းချက်၏ ၁၁၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၅.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အသားထုတ်လုပ်မှုအတွက် (၃၁-၃-၂၀၁၄)နေ့ထိ ပြည်နယ်/တိုင်း ဒေသကြီးများတွင် ဥစားကြက် ကောင်ရေ (၁၄.၉၂)သန်း၊ အသားစားကြက်ကောင်ရေ (၁၃.၆၃) သန်း၊ တိုင်းရင်းကြက် ကောင်ရေ (၂၁၃.၃၁) သန်း၊ ကြက်စုစုပေါင်းကောင်ရေ (၂၄၁.၈၆)သန်း မွေးမြူခဲ့ပါသည်။ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုဖွံ့ဖြိုးရေး ကဏ္ဍအနေဖြင့်လည်း မန္တလေးတိုင်း ဒေသကြီး၊ ညောင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြ တိုင်းရင်းကြက် မျိုးထိန်း

မျိုးပွားခြံ ထူထောင်၍ ဒုတိယ (၆) လပတ်အတွင်း တိုင်းရင်းကြက် ကောင်ရေ (၆၆၈) ကောင် တိုးတက်မွေးမြူနိုင်ခဲ့ပါသည်။ ကူးစက်ရောဂါကာကွယ်ဆေးအမျိုးမျိုးတွင် အဆ(၄၅၆.၀၀)သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ (၁၇.၁၃) သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ (၂.၁၃)သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့် ပြန့်ပွားရေးအတွက် မေထုန်မဲ့ သားစပ်မှုတွင် ကြိမ်ရေ (၁၄၉၃၂)၊ စနစ်တကျ သဘာဝ သားစပ်မှုတွင် ကြိမ်ရေ (၁၃၈၈၄၉) ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒုတိယ (၆) လပတ် ကာလအတွင်း ပျားရည် ထုတ်လုပ်မှုတွင် ပေါင်ထောင်ပေါင်း (၅၆၀၀) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပြည်ပတင်ပို့ ရောင်းချရန် လျာထားချက် (၁၃၅၂) တန် ထက်ကျော်လွန်၍ ပျားရည် (၁၆၃၉.၃၇) တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁.၈၇၀) သန်း ရရှိခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ဒုတိယ(၆) လပတ်ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိက ကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ် စံချိန်စံညွှန်း နှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိရာ ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် (၄၆.၈၁) တန်၊ ရေချိုငါး (၃၈၄၄၈.၇၅) တန်၊ ရေငန်ပုစွန် (၇၂၀၀.၇၂) တန်၊ ရေငန်ငါး (၁၉၃၇၈.၄၄) တန်၊ ကဏန်း၊ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့်(၂၁၄၉.၂၉)တန်နှင့် အခြား (၁၁၃၃၇.၄၉) တန်၊ စုစုပေါင်း (၇၈၅၆၁.၅၀)တန် ကိုအရည်အသွေး စစ်ဆေးပေးနိုင်ခဲ့ပါသည်။ ရေထွက်ကုန်နမူနာ အရေအတွက် (၁၉၄၈၀) ခုအား စစ်ဆေးပေးနိုင်ခဲ့ပါသည်။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် နေသော နိုင်ငံသားပိုင်/တိုင်းရင်းသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များအား လိုင်စင်ထုတ် ပေးခြင်းနှင့် မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်၊ မြန်မာ့ရေပိုင်နက်မျဉ်း၏ အပြင်ဖက် သီးသန့်စီးပွါးရေးဇုန်အတွင်း Fishing Rights Joint Venture နှင့် ငါးမျှားတန်းစနစ်တို့ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော နိုင်ငံခြားငါးဖမ်းရေယာဉ်များအား လိုင်စင်ထုတ်ပေးနိုင်ခဲ့ ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း မည်သည့်ငါးဖမ်း ရေယာဉ်မှ ငါးမဖမ်းဆီးရ နယ်မြေသတ်မှတ်ချက်၊ တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းကွက် အတွင်း ငါးပုစွန်မျိုးပွားရာသီချိန်၌ ငါးမဖမ်းဆီးရ ရေပြင်သတ်မှတ်ချက်၊ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုရမည့် ကက္ကျူရုံ မျှောပိုက်၏ ပိုက်ကွက်အရွယ်အစား သတ်မှတ် ချက်နှင့် ဘုံကျောင်းကျားပိုက် (ကျောက်ပိုက်)၊ ငါးဖမ်းရေယာဉ်များ၊ အင်္ဂလန်ကျားပိုက် (ကျားဖောင်) နှင့် ကျားပိုက်ကိရိယာများ၊ ငါးမဖမ်းဆီးရ ရာသီဥတုကာလ သတ်မှတ်ထားသည့် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ခဲ့ပါသည်။


သားငါးကဏ္ဍသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် ပြည်သူများ အာဟာရဓာတ် ပြည့်ဝမှုတို့အတွက်သာမက ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ ရောင်းချနေသဖြင့် နိုင်ငံခြား ဝင်ငွေကို ရှာဖွေပေးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ခေတ်စနစ်နှင့် လိုက်လျောညီထွေ ရှိသော၊ မြန်မာ့ပင်လယ်ပိုင်နက်အတွင်းရှိ ရေနေသတ္တဝါများ တည်ရှိနေမှုကို ရေရှည်တည်တံ့စေသော ငါးလုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်ကို အမြန်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါသည်။ တစ်ဖက်တွင် ရေချိုငါးများ ရေရှည်ပေါများကြွယ်ဝနေစေရန်၊ ကျေးလက်နေရေလုပ်သားများ ဘဝရှင်သန်စေရန်၊ နိုင်ငံတော်အတွက် အင်းအိုင်အခွန်များ ယိုဖိတ်မှုမရှိစေဘဲ ရရှိစေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်များက ရေချိုငါးလုပ်ငန်းဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းခြင်း၊ အင်း အိုင် ချောင်း မြောင်းများ မတိမ်ကော မပပျောက်စေရန် ထိန်းသိမ်း ကာကွယ်ခြင်း တို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## သစ်တောကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် သစ်တောကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈၀,၅၈၀.၅ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆.၁ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် သစ်တောကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၄၂,၄၉၆.၁ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၇၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၇.၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်မှစ၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းနှစ်ရပ်လုံး သစ်အလုံးလိုက် တင်ပို့မှုကို လုံးဝရပ်ဆိုင်းခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် သစ်ဝယ်ယူသော ကုမ္ပဏီများထံသို့ သစ်လုံးတင်ပို့မှုကို အချိန်မီတင်ပို့နိုင်ရေး ရည်မှန်း၍ လျာထားချက် ပြည့်မီစေရန် အလျင်အမြန် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခြင်းသည် တွေ့ကြုံရသော စိန်ခေါ်မှုများ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် (အောက်တိုဘာလ မှ မတ်လ) အတွင်း ကျွန်း ၁၉၄,၃၄၆ ကုဗတန်နှင့် သစ်မာ ၁,၅၇၇,၇၉၃ ကုဗတန်ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများ ကိုလည်း စီမံကိန်း ရည်မှန်းချက်ဘောင်အတွင်းမှ ထုတ်လုပ်လျက် ရှိပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း သဘာဝတောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် ကျွန်းသင်းသတ်ခြင်း ၁၀၂,၃၁၆ ပင်၊ သစ်မာ ပင်ထောင် ရိုက်မှတ်ခြင်း ၂၄၅,၂၂၁ ပင်၊ ဓမ္မတာမျိုးဆက်ခြင်း ၂၁,၁၃၀ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၁၀,၂၅၅ဧက၊ ပေါင်းသင် ရှင်းလင်းခြင်း ၂၇,၄၉၅ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၁၂,၇၀၂ ဧက၊ နွယ်ဖြတ် ညှောင်ပတ်လှဲခြင်း ၁၆၀,၉၈၃ ဧက၊ သစ်တောလမ်း ပြင်ဆင်ခြင်း ၁,၃၉၈မိုင်၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁,၁၉၃ မိုင်၊ ကြိုးဝိုင်း နယ်နိမိတ်ပြင်ဆင်ခြင်း ၁,၃၅၀ မိုင် နှင့် မီးကာကွယ်ခြင်း ၁၄၅,၆၆၇ ဧက တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံး စိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ မိုးရာသီကာလ အတွင်း ရည်မှန်းချက် ပြည့်မီစွာ စိုက်ပျိုးတည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ပုဂ္ဂလိကကျွန်းစိုက်ခင်း ၃,၂၄၆ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၄,၃၉၃ ဧကတို့ကို စိုက်ပျိုး တည်ထောင်ခွင့်ပြုခဲ့ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒုတိယ (၆) လပတ်အတွင်း စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများအနက် ပေါင်းရှင်းခါးဆွခြင်းလုပ်ငန်း ၃,၃၀၃.၅၇ ဧက၊ မီးကာကွယ်ခြင်း လုပ်ငန်း ၃၂,၃၉၅.၂၈ ဧကနှင့် စိုက်ခင်း

နယ်နိမိတ် သတ်မှတ်ခြင်းလုပ်ငန်း ၃.၇၅ မိုင်ကို ဆောင်ရွက်နိုင်ခဲ့ပြီး သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများဖြစ်သည့် စစ်ဆေးလမ်း ဖောက်လုပ်ခြင်း ၁၂ပေ အကျယ် ၅၀ မိုင်၊ ၆ပေ အကျယ် ၁၀၀ မိုင်၊ ဓမ္မတာ မျိုးဆက်ခြင်းလုပ်ငန်း ၅,၀၀၀ ဧက နှင့် သဘာဝ တောထိန်း နယ်နိမိတ်ပြင်ဆင်ခြင်း ၂၅၀ မိုင် ဆောင်ရွက်ခဲ့ပါသည်။ ထင်းအစား အခြားလောင်စာ အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြှင့် မီးဖို ၆,၁၇၉ လုံး၊ လောင်စာတုံး ၂,၂၄၄,၀၆၀ တုံး နှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း ၁၁,၀၄၉ တန်တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ရေကန် ငယ် ၂ ကန်၊ မြေအောက်ရေတွင်း ၁ တွင်း၊ တစ်ဖက်ရပ်ဆည် တည်ဆောက်ခြင်း ၅ ခုတို့ကိုလည်း ဆောင်ရွက် ပြီးစီးခဲ့ပါသည်။ ထို့အပြင် သဘာဝဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကျေးလက်နေပြည်သူများ ပိုမို စိတ်ဝင်စား လာစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး အထောက်အကူပြု ဝင်ငွေတိုး လုပ်ငန်းများ ရရှိစေရန်အတွက် ဌာနမှ ပျိုးထောင်ခ၊ ပလပ်စတစ်နှင့် နည်းပညာ တို့ကိုပံ့ပိုး၍ ဒေသခံပြည်သူများ ကိုယ်တိုင်ပါဝင်သည့် ပြည်သူ့ဖဟိုပြု ပျိုးဥယျာဉ် တည်ထောင် စိုက်ပျိုးခြင်း လုပ်ငန်းကိုလည်းဆောင်ရွက်ခဲ့ရာ အပင်ပေါင်း ၂၃,၅၅၀ ပင် ပျိုးထောင် စိုက်ပျိုး နိုင်ခဲ့ပါသည်။

ထို့အပြင် သစ်တော သယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုး ကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး ကာလရှည် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သစ်တောကဏ္ဍအနေဖြင့် ဒေသခံပြည်သူများအတွက် လိုအပ်သော သစ်တောဆိုင်ရာ ထွက်ကုန်များ ဖြည့်ဆည်းပေးနိုင်ရန်၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန် အတွက် သစ်တောသယံဇာတများ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အတွက် သစ်တောထောက်ခံချက် ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် အနာဂတ်ကာလတွင် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများ၌ ပြည်သူများပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှုများ ကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်

ရှိပါသည်။ ထို့အပြင် သစ်တောနယ်မြေအတွင်း တရားမဝင် ကျူးကျော်မှုများကို ထိန်းချုပ်ရန်နှင့် ထင်း အစားထိုးလောင်စာ ပိုမိုသုံးစွဲနိုင်ရန်အတွက် စည်းရုံး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။


သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထား ဖိတ်ခေါ်ရန်လိုအပ်သကဲ့သို့ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအား မြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## စွမ်းအင်ကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁,၈၈၃,၅၄၈.၁သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၅.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် စွမ်းအင်ကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၅၅၄,၄၆၁.၉ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၈၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၂.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၈၂.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခြင်းမှာ နိုင်ငံပိုင်တွင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ ကမ်းလွန်သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိခြင်း၊ ပုဂ္ဂလိကပိုင်တွင် သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမှော်မှ ရေနံစိမ်းများ သဘာဝအလျောက် တိုးတက်ထွက်ရှိလာခြင်း၊ ရွှေဘိုခရိုင်၊ နောင်ကောက်ကျေးရွာ၊ သဖန်းချောင်း၊ ဝါးပိုးချောင်း၊ ပန်းညိုတောမြို့နယ်တို့တွင် လက်ယက် ရေနံတွင်းများအား မြေတူးစက် တရုတ်အင်ဂျင် ၃၂ ကောင်ဖြင့် စမ်းသပ် တူးဖော်ရာမှ ရေနံများ ပိုမိုထွက်ရှိခြင်းတို့ ရှိခဲ့သော်လည်း သမဝါယမပိုင် အခန်းတွင် သရက်ခရိုင်အစိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် ပိတောက်ဝါ ရေနံလုပ်ငန်းမှ သက်တမ်းတိုး ခွင့်ပြုမိန့် မရရှိသဖြင့် ၃၁-၁၂-၂၀၁၃ ရက်နေ့မှ စတင် ရပ်ဆိုင်းခဲ့သောကြောင့် ထုတ်လုပ်မှု ကျဆင်းခဲ့၍ ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလ မှ မတ်လ) တွင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းအင်မူဝါဒများ နှင့်အညီ ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ရေနံရှာဖွေရေးကွင်းဆင်းအဖွဲ့များသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ် မြင်းကကုန်း(တောင်) ဒေသနှင့် မအူပင်မြို့နယ် မအူပင် (တောင်/အနောက်) ဒေသတို့တွင် ကွင်းဆင်း တိုင်းတာမှုများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) အစီရင်ခံသည့် ကာလတွင် ရေနံတွင်းသစ် (၉) တွင်း တူးဖော်ခဲ့ပါသည်။

(ဂ) ကုန်းပိုင်းလုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ချောက်/ရေနံချောင်းရေနံမြေ၊ မန်းရေနံမြေ၊ မဟူတောင်၊ ရွှေဘို/ မုံရွာ၊ ဟူးကောင်းဒေသ၊ ဥရုဒေသ၊ ငလှိုင်တွင်းဒေသ၊ မဲပလေဒေသ၊ ပြည်လို့-ပေါက်ခေါင်း၊ တူရွှင်းတောင်-မြိုင် တောင်ဒေသ၊ ငွေးချို-ရှေန်တောင်ဒေသ၊ ဟသ်ာတ ဒေသ၊

အောင်လံဒေသ၊ တောင်တွင်းကြီးဒေသ၊ အင်ပင်-တဲကြီးကုန်းဒေသ၊ မြင်းခြံ ဒေသ၊ ပဒန်းဒေသ၊ ပေါက်/ လယ်ယားဒေသနှင့် လက်ပံတိုရေနံမြေတို့၌ ဆောင်ရွက် လျက်ရှိပါသည်။

(ဃ) ကမ်းလွန်လုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ်များ ချုပ်ဆို၍ စီအင်ပီစီ၊ အမ်ပီအာအယ်၊ ရမ်ဘူနမ်ပက်ထရိုဂက်စ်/ယူအန်အိုဂျီပီတီအီး၊ ပက်ထရိုဗီယက်နမ်ကုမ္ပဏီ/အေဒင်ကုမ္ပဏီ၊ ပီတီတီအီးပီအိုင်ကုမ္ပဏီများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(င) ရခိုင်ကမ်းလွန် လုပ်ကွက် AD-6 အား Buffer Zone ချန်၍ ယာယီ ဧရိယာတိုးချဲ့သတ်မှတ်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

(စ) ကုန်းပိုင်းလုပ်ကွက်(ဥရုဒေသ)နှင့် လုပ်ကွက် A (ဟူးကောင်းဒေသ)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကို Nobel Oil ရေနံကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) မုတ္တမကမ်းလွန် လုပ်ကွက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(ဇ) စွမ်းအင်ဝန်ကြီးဌာနမှ Co-organizer အဖြစ် ဗီယက်နမ်နိုင်ငံ Minh Vi Exhibition & Advertisement Services Co., Ltd.(VEAS) နှင့် ITE Group တို့ ပူးပေါင်း၍ Myanmar Oil & Gas Week 2014 ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့နှင့် ၂၇ ရက်နေ့အထိ ရန်ကုန်မြို့၊ Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဈ) ကုန်းပိုင်းလုပ်ကွ.က် RSF-5 (အုန်းတွဲဒေသ)၊ PSC-K (ရမည်းသင်းဒေသ)၊ MOGE-3 (ပိတောက်ပင်-နတ်မီးဒေသ)၊ IOR-5 (ထန်းတပင်ဒေသ)၊ Block-O (ပုသိမ်ဒေသ)၊ Block-J (မော်လမြိုင်ဒေသ)၊ IOR-4 (ပြည်ဒေသ)၊ IOR-6 (မြန်အောင်ဒေသ)၊ IOR-7 (ရွှေပြည်သာ ဒေသ)၊ EP-4 (မရမန်ဒေသ)၊ B-2 (ဇီးဖြူတောင်-နန်တောဒေသ)၊ EP-3 (သဲကုန်း-ရွှေကူဒေသ)၊ MOGE-4


(မြိုင်သာဒေသ)၊ C-1 (အင်းတော်-ရနန်းဒေသ)၊ PSC-H (တောင်ငူ-ပျဉ်းမနားဒေသ)၊ EP-1 (ကျောက်ကြီး-မင်းတုန်း ဒေသ) တို့တွင်Production Sharing Contract- (PSC) ချုပ်ဆိုလုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

## သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃၅၄,၂၅၈.၅ သန်းအကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂၄.၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၃၅၂,၆၃၇.၄ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၉၉.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၄၇.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၉.၅ ရာခိုင်နှုန်း ရည်မှန်းချက်ပြည့်လုနီးပါး အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ်တွင်အသေးစားရွှေလုပ်ကွက်များ၏ထုတ်လုပ်မှုအနေဖြင့် နယ်မြေအခြေအနေအရ လုပ်ကွက်လျှောက်ထားလုပ်ကိုင်မှုများ နည်းပါးလာခြင်း၊ သံသတ္တုရိုင်း ထုတ်လုပ်သည့် ကုမ္ပဏီ (၂) ခု၏ ထုတ်လုပ်မှု ရပ်နားထားခြင်း၊ ကျောက်စိမ်း ထုတ်လုပ်မှုတွင် လုံးခဲ၊ ဖားကန့်ဒေသ၌ ထုတ်လုပ်မှုရပ်နားထားခြင်းကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တူးဖော်မှု လုပ်ငန်းများ ပြန်လည် စတင်နိုင်မှု မရှိသဖြင့် ထုတ်လုပ်မှု လျော့နည်းဖြစ်ပေါ်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်မာထုတ်လုပ်မှုတွင် ဖောက်ခွဲရေးသုံးဆက်စပ်ပစ္စည်းများ လုံလောက်စွာမရရှိခြင်း၊ အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)မှ သံမဏိတုံး ထုတ်လုပ်မှုတွင် လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်နေခြင်း၊ ရမည်းသင်း(အကြီးစား) ရွှေထုတ်လုပ်မှုတွင် ကုမ္ပဏီ (၃) ခု ထုထောင်မှုကာလ ဆောင်ရွက်လျက်ရှိခြင်းနှင့် ကုမ္ပဏီ (၁) ခု လုပ်ငန်းရပ်ဆိုင်းခြင်းတို့ကြောင့် ထုတ်လုပ်မှုများ လျော့နည်းဖြစ်ပေါ်ခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် လုပ်ငန်းအမှာစာ မရရှိသဖြင့် ကျောက်မာ ထုတ်လုပ်မှုမရှိခြင်း၊ နေပူတောင် မာဘယ်အလုဆင်ကျောက် ထုတ်လုပ်မှုလုပ်ငန်းများ စတင်စမ်းသပ် ဆောင်ရွက်ဆဲဖြစ်၍ စီးပွားဖြစ်ထုတ်လုပ်နိုင်မှု မရှိခြင်းတို့ကြောင့် ထုတ်လုပ်မှု လျော့နည်း ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ လုပ်ငန်းသုံးစက်ပစ္စည်း ချို့ယွင်းခြင်းကြောင့် သံမဏိတုံးထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍအနေဖြင့် ပထမ(၆)လပတ်ကာလမှာ မိုးတွင်းကာလဖြစ်သဖြင့် တူးဖော်ထုတ်လုပ်ရာတွင် အခက်အခဲများရှိ၍ ထုတ်လုပ်မှုလျော့နည်းသော်လည်း ဒုတိယ (၆) လပတ်ကာလမှာ ပွင့်လင်းရာသီဖြစ်၍ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံအနှံ့ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ လုပ်ကွက်များကို ပြည်သူများ၊ အသေးစားလုပ်ငန်းရှင်များသို့ ကျယ်ကျယ်ပြန့်ပြန့်ခွဲဝေချထား လုပ်ကိုင်ရေးလုပ်ငန်းစဉ်အရ မိုးကုတ်ဒေသတွင် တစ်ပိုင်တစ်နိုင် (ဖော်ထုတ်) လုပ်ကွက် (၄၅၆) ကွက်ကို ဒေသခံများသို့ လုပ်ကိုင်ခွင့်ချထားပေးနိုင်ခဲ့ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်အရ မိုးကုတ်ဒေသရှိ ရေနီချောင်းတိမ်ကောမှုမရှိရေး၊

လုပ်ကွက်များတွင် နံ့စစ်ကန်(နံ့စုကန်)၊ ရေကြည်စုကန်များ ပြုလုပ်ထားရှိပြီး သစ်ပင်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ လုံးခင်းဒေသရှိ ဥရုချောင်းနှင့် ချောင်းလက်တက်များအတွင်း သဲ၊ ကျောက်၊ မြေစာများ ဖယ်ရှင်းခြင်း၊ ချောင်းကမ်းပါး တာဘောင်များ ပြုလုပ်ခြင်း၊ တူးဖော်ပြီးလုပ်ကွက်များတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စွန့်ပစ်မြေစာများအား သတ်မှတ်နေရာများတွင် စွန့်ပစ်ရေး၊ ပျက်စီးသွားသည့် မြေမျက်နှာပြင်အား ပြန်လည်ပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ သတ္တုတူးဖော်သည့် လုပ်ကွက်အတွင်းမှ ဖုန်မှုန့်များပတ်ဝန်းကျင်သို့ မပြန့်လွင့်စေရန် ရေဖြန်းစေခြင်း၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် လုပ်သားများအား သင်တန်းပို့ချခြင်းနှင့် Media မှတစ်ဆင့် အသိပညာပေးခြင်း၊ ဓာတ်သတ္တု ထုတ်လုပ်သည့် စက်ရုံများနှင့် ပတ်သက်၍ စွန့်ပစ်အရည်များ အနယ်ထိုင်ကန်အတွင်း အနယ်ထိုင်စေပြီးမှ စွန့်ပစ်ခြင်း၊ မြစ်ချောင်းများ ရေထု မညစ်ညမ်းစေရန် ကာကွယ်ခြင်း၊ ဓာတုဓာတ်ဆေး ပါသောအရည်များ ပြင်ပသို့ မစွန့်ပစ်ဘဲ၊ ဓာတ်သတ္တုထုတ်လုပ်သည့်စက်ရုံများနှင့် ပတ်သက်၍ စွန့်ပစ်အရည်များ အနယ်ထိုင်ကန်အတွင်း အနယ်ထိုင်စေပြီးမှစွန့်ပစ်ခြင်း၊ မြစ်ချောင်းများရေထု မညစ်ညမ်းစေရန် ကာကွယ်ခြင်း၊ ဓာတုဓာတ်ဆေးပါသော အရည်များ ပြင်ပသို့ မစွန့်ပစ်ဘဲ ရေပြန်စနစ်ဖြင့် အသုံးပြုစေခြင်း၊ စက်ရုံမှထွက်သော ဖုန်မှုန့်များအား ပြင်ပသို့ မပြန့်လွင့်စေရန် ဖုန်စုပ်ကိရိယာများ အသုံးပြုစေခြင်း၊ အဆိပ်ပါသောဓာတ်ငွေ့ လေထုအတွင်းမပြန့်စေရန် (ScrubbingTower) ဖြတ်စေခြင်းဖြင့် ကာကွယ်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရန်အတွက် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခွင့် စတင်လျှောက်ထားစဉ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Social Impact Assessment-SIA)၊ ကျန်းမာရေးထိခိုက်မှုဆန်းစစ်ခြင်း (Health Impact Assessment-HIA) များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုထုတ်လုပ်သော လုပ်ငန်းရှင်များသည် အသစ်ပြင်ဆင်သည့် သတ္တုတွင်းဥပဒေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများကို လိုက်နာဆောင်ရွက်မှုနှင့်အတူ လုပ်ငန်းရှင်များက မိမိတို့ အကျိုးအမြတ်အတွက် မကြည့်ဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အမြင်


များဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ တစ်ဦးချင်း တစ်ယောက်ချင်း သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းလိုစိတ်ဖြင့် ကာကွယ်ရန်၊ သတ္တုတွင်းထွက် ပစ္စည်းများ ထုတ်လုပ်ရာတွင် သတ္တုသိုက်များ ပြုန်းတီးမှုမရှိဘဲ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အလေးထား လိုက်နာဆောင်ရွက် ရန်အချက်များကို သတ္တုတွင်းဝန်ကြီးဌာနမှ ကြပ်မတ် ဆောင်ရွက်လျက် ရှိပါသည်။

## စက်မှုလက်မှုကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆,၀၄၉,၇၅၄.၇သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၀.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် စက်မှုလက်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၇,၈၄၈,၁၆၀.၃ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၂၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၅.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးဟူသော စီးပွားရေး မူဝါဒနှင့်အညီ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း စတုတ္ထအဆင့်ပြုပြင်ပြောင်းလဲရေးဖြစ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ကရင်ပြည်နယ် ဘားအံစက်မှုဇုန်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) စက်မှုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်ခွဲ၊ မင်္ဂလာဒုံ စက်မှုဇုန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မူလဆောင်ရွက်လျက်ရှိသော စက်ရုံများသည် အရှိန်မြင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်ခဲ့ ပါသည်။

ဒုတိယ (၆) လပတ်တွင် ကရင်ပြည်နယ်ရှိ မြဒွေး ကွယ်လင်းစက်ဘီး ပြုပြင်တပ်ဆင်စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)ပဲခူးစက်မှုနယ်မြေ တွင် Win Maple အထည်ချုပ်စက်ရုံ၊ Bago Sport Gloves (ဂေါက်လက်အိတ်စက်ရုံ)၊ အင်းတကော် စက်မှုနယ်မြေတွင် မော်တော်ယာဉ် တပ်ဆင်စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် Jupefier ၊ Pilelant နှင့် Greenlant ရေသန့် စက်ရုံ(၃) ရုံ၊ တန် (၆ဝ) နှင့် (၂၄) တန်ကျ ဆန်စက်၊ ခြွေလှေ့စက်ထုတ်လုပ်မှုလုပ်ငန်း (၂) ခု၊ ဆီစက် (၄) လုံး၊ ပေါင်းဆန်စက်ရုံ (၁) ရုံ၊ Green Agriculture အခြောက်ခံစက်၊ မွန်ပြည်နယ်တွင် ဦးတင်မြို့ နို့ချက်လုပ်ငန်း၊ ဦးကဲရေသန့်စက်၊ ရန်ကုန်တိုင်းဒေသကြီးတွင် M Bun Wom Hand Set ဆက်စပ် ပစ္စည်း စက်ရုံ၊ Golden Strient ရေသန့်နှင့် အရက်ချက်စက်ရုံ၊ ကိုရီးယားရှူးဖိနပ်စက်ရုံ (Myanmar DYC Co-ltd) ၊ ဂျပန်မျက်စင်းဆေးစက်ရုံ၊ Cobra အချိုရည်စက်ရုံ၊ Essential me မုန့်စက်ရုံ၊ Two Star နှင့် Trial links သွပ်ပြားစက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် Good Brother Co-ltd ပေါင်းဆန်စက်တို့ တိုးတက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှာ အကြီးစား စက်မှုလုပ်ငန်း (၅,၃၂၂) ခု၊ အလတ်စားစက်မှုလုပ်ငန်း (၇,၈၉၁) ခု၊ အငယ်စားစက်မှုလုပ်ငန်း (၃ဂ,၁၄၆) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၄၃,၃၅၉) ခု ရှိပါသည်။ လက်ရှိ တည်ဆောက်ပြီး စက်မှုဇုန် (၁၉) ဇုန်တွင် အကြီးစားစက်မှုလုပ်ငန်း (၂,၆၈၄) ခု၊ အလတ်စားစက်မှုလုပ်ငန်း(၂,၄၆၂) ခု၊ အငယ်စားစက်မှု လုပ်ငန်း (၃,၆၈၅) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၈,၈၃၁) ခု မှတ်ပုံတင် ဆောင်ရွက်လျက် ရှိပါသည်။

ဒုတိယ (၆) လပတ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် စက်ရုံများ၏ ထုတ်လုပ်မှုများ အရှိန်မြင့် စွမ်းအားပြည့် ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ရည်မှန်းချက်ကို ပြည့်မီကျော်လွန် အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လပတ်တွင် အထည်စက်ရုံ၊ စက္ကူစက်ရုံ၊ အိမ်သုံးပစ္စည်းစက်ရုံ၊ နိုင်ငံပိုင်စက်ရုံ ပေါင်း (၆) ရုံကို ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက် လိုအပ်ချက်ရှိသည့် ထုတ်ကုန် အမယ်သစ်များ ပြောင်းလဲထုတ်လုပ်နိုင်ရန် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ဖော်ပြပါ လုပ်ငန်းများကို ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရာတွင် ငှက်ဖျားရောဂါကာကွယ်ကုသဆေး (Quinine Sulphate) များ ထုတ်လုပ်မှုစီမံကိန်း တည်ဆောက်ရေးလုပ်ငန်း၊ စက်တပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဖော်ပြပါ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

(က) တစ်နေ့တန် (၆၀) (Chemical Termo Mechanical Part) CTMP သတင်းစာ စက္ကူ ထုတ်လုပ်ခြင်း၊

(ခ) ၁၀-၁၅ တန် ကုန်တင်ယာဉ် ထုတ်လုပ်ခြင်း၊

(ဂ) ကုန်တင်ယာဉ်ဝင်ရိုးနှင့် မော်တော်ယာဉ် မို(လ်) နှင့် ဒိုင်ထုတ်လုပ်မှု စီမံကိန်း အတွက် အလုပ်ရုံများ တည်ဆောက်ခြင်း၊

(ဃ) အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း၊

(င) အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်း တည်ဆောက်ခြင်း၊

(စ) ကော့စတစ်ဆိုဒါ စက်ရုံစီမံကိန်း၊

ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဖော်ပြပါ သုတေသနနှင့် တီထွင်စမ်းသပ် ထုတ်လုပ်မှုများကို လည်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဆေးဝါးနှင့်စားသောက်ကုန်ဆိုင်ရာသုတေသနစမ်းသပ်မှုများ

(၁) ဆေးဝါးအမယ်သစ်၊ Formula ပြုပြင်ခြင်းနှင့် Coating အသစ် တီထွင် စမ်းသပ်ခြင်းများ၊

(၂) စက်ရုံထုတ်ဆေးဝါးများ ဈေးကွက်မှ နမူနာဝယ်ယူစမ်းသပ်ခြင်း၊

(၃) ဆေးဘက်ဝင်အပင်များ စမ်းသပ်ခြင်း၊

(၄) Fermentation ဌာန သုတေသနစမ်းသပ်မှုများ၊

(၅) ဆေးဝါးထုတ်လုပ်မှုများ စမ်းသပ်ခြင်း၊

(၆) စွန့်ပစ်ရေဆိုး စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၇) အရက်ပြင်းနှင့် ပုလင်းသွင်းအရက် စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၈) အချိုရည်စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၉) စားသောက်ကုန် အရည်အသွေးစမ်းသပ်ခြင်း၊

(၁၀) စားသောက်ကုန် သုတေသနဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(ခ) စက်မှုပိုင်းဆိုင်ရာတီထွင်စမ်းသပ်မှု

(၁) တီထွင်မှုများ (TaTa Truck မော်တော်ယာဉ်၏ Axil ထုတ်လုပ်နိုင်ရန် အတွက် ဒီဇိုင်းရေးဆွဲဆောင်ရွက်ခြင်း)

(၂) စွမ်းအင်သုတေသနလုပ်ငန်းများ (စက်မှုသုတေသနအဖွဲ့မှ မြန်မာနိုင်ငံ၏ Renewable Energy နှင့် Energy Effciency ဆိုင်ရာလုပ်ငန်းများကို အခြားဝန်ကြီးဌာနများ နှင့် ပူးတွဲ ဆောင်ရွက် လျက်ရှိခြင်း)

မြန်မာနိုင်ငံ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များ ချမှတ် ဆောင်ရွက်ရာ၌ နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အများစုပါဝင်နေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေး နိုင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဖော်ပြပါလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည် -

(က) SME ဗဟိုဌာန အနေဖြင့် SMEs Development Center နှင့် မိတ်ဖက် အဖွဲ့အစည်းများ ပူးပေါင်းလျက် SME ဝန်ထမ်းများ၏ Capacity ကိုမြှင့်တင်ခြင်း၊ နည်းပညာ လွှဲပြောင်းပေးခြင်း၊ AEC Awareness ပေးခြင်း၊ အာဆီယံ အစည်းအဝေးများကျင်းပခြင်းနှင့် အာဆီယံ Project များတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်များလေ့လာခြင်း၊ မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကျင်းပခြင်း နှင့် လက်မှတ်ရေးထိုးခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ အစည်းအဝေးများ တက်ရောက်ခြင်း၊ SME ဥပဒေနှင့် စက်မှုဇုန်ဥပဒေများဆိုင်ရာ ညှိနှိုင်း ဆွေးနွေးရေးဆွဲခြင်း၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများမှ လာရောက် တွေ့ဆုံ ဆွေးနွေးခြင်း၊ ပြည်တွင်း/ ပြည်ပ အစည်းအဝေးများ တက်ရောက်ဆွေးနွေးခြင်း၊ Joint Venture ပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးခြင်း နှင့် သတင်းထုတ်ပြန် ကြေငြာခြင်းများဆောင်ရွက်ခဲ့ပါသည်။

(ခ) SMEs များ၏ ငွေကြေးအရင်းအနှီးများကို အထောက်အကူပြုရန်အတွက် SMIDB ဘဏ်မှ ချေးငွေများကို တစ်နှစ်လျှင် ၈.၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ထုတ်ချေးလျက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီး (၉) ခုတွင် လုပ်ငန်းစုစုပေါင်း (၆၂) ခု အား ငွေထုတ်ချေးခဲ့ပြီး ချေးငွေ ပိုမိုထောက်ပံ့နိုင်ရန် ဂျာမဏီနိုင်ငံ KfW အဖွဲ့အစည်း၊ ကိုရီးယားနိုင်ငံ KiF အဖွဲ့အစည်း၊ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းတို့မှ နည်းပညာနှင့် ငွေကြေးရရှိရေးကို ညှိနှိုင်းပြင်ဆင် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ

(၁) **ချေးငွေဆောင်ရွက်မှုအခြေအနေ**

(ကက) ရိုးရိုးချေးငွေ ၆၃၄ ဦး ကျပ် (၇၅,၄၉၆.၄၃) သန်း၊

(ခခ) SME ချေးငွေ ၆၀ ဦး ကျပ် (၉,၅၂၇.၂၄) သန်း၊

(၂) **Hire Purchase စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေ**

Hire Purchase စနစ်ဖြင့် ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းရှင် (၃၄) ဦးသို့ ချေးငွေ ကျပ် (၄၈၈.၁၂) သန်း ထုတ်ချေးထားပါသည်။

(၃) **အစုရှယ်ယာ ရောင်းချမှုအခြေအနေ**

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၏ ရောင်းချပြီး အစုရှယ်ယာ အရေအတွက်မှာ (၅၂,၁၁၀) ဖြစ်၍ တန်ဘိုးငွေ ကျပ် (၂၆,၀၅၅) သန်း ဖြစ်ပါသည်။

(၄) **ဘဏ်ခွဲသစ်ဖွင့်လှစ်မှုအခြေအနေ**

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ) ကို (၂၈-၃-၂၀၁၄) ရက်နေ့တွင် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရမည်ဖြစ်ရာ ပြည်ထောင်စု အဆင့်မှ မူဝါဒပိုင်းကို ချမှတ်ပေးရန်ဖြစ်ပြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်မှ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဥပဒေများ သတ်မှတ်ပေးခြင်း၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးခြင်း၊ အကောင်အထည်ဖော်မှုများအပေါ် ကြီးကြပ်ထိန်းသိမ်းပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ ဒေသဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခြင်း၊ မိမိဒေသအလိုက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးနိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မည့် ယူနစ်များ ဖွဲ့စည်းခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုး ဆောင်ရွက်ခြင်း၊ မိမိဒေသ အလိုက် အရင်းအနှီး ပံ့ပိုးပေးခြင်း၊ လိုအပ်သော တိုင်ပင်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊ ခေတ်မီနည်းပညာပိုင်းဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ကြီးကြပ် ကွပ်ကဲမှုပေးခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။


## လျှပ်စစ်ဓာတ်အားကဏ္ဍ

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃၆၄,၂၆၂.၃ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၃.၈ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် လျှပ်စစ်ဓာတ်အားကဏ္ဍ**

**စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၁၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၅-၁၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၃၄၅,၈၂၆.၅ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၉၅.၀ ရာခိုင်နှုန်း

အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၁.၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ရည်မှန်းချက်၏ ၉၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခြင်းမှာ ကချင်ပြည်နယ်တွင် တာပိန် (၁) ရေအား လျှပ်စစ်စက်ရုံ လည်ပတ်နိုင်ခဲ့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ သဘာဝ ဓာတ်ငွေ့သုံး တိုးချဲ့စက်ရုံများ လည်ပတ်ခြင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၌ နန်ချို ရေအားလျှပ်စစ်စက်ရုံ စတင်လည်ပတ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသ ကြီးတို့တွင် စက်မှုဇုန် လုပ်ငန်းများ ပိုမိုလည်ပတ် လုပ်ကိုင်လာ၍ လျှပ်စစ်မီးသုံးစွဲမှု ပိုမိုများပြား လာခြင်း၊ နိုင်ငံပိုင် အခန်း၌ ယခင်နှစ်အလားတူ ကာလတွင် အလှည့်ကျမီးပေးရာမှ တစ်ပြိုင်နက် မီးပေးနိုင်ပြီး မီးပေးချိန် ပိုမိုလာခြင်း၊ ပုဂ္ဂလိကမီးလင်းပြီးကျေးရွာများ တိုးမြင့်လာခြင်း၊ နေပြည်တော်ကောင်စီ နယ်မြေ၌ ပုဂ္ဂလိကပိုင် အသေးစားရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုများတွင် ယခင်နှစ်ကထက် ပိုမိုလာခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည်။ သို့သော် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ရွှေလီရေအား လျှပ်စစ်စက်ရုံမှ ပြည်ပရောင်း လျှပ်စစ်ဓာတ်အား လျော့နည်း ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် နိုင်ငံပိုင်အခန်း၌ အကြီးစားရေအား လျှပ်စစ် ဓာတ်အားပေး စက်ရုံ ၂၃ ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝ ဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၉ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံ ၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင်သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၅ ရုံတို့၌ စုစုပေါင်း ၄,၁၄၆ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၄,၉၆၅.၂ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အားဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၈၄၇ မိုင် ထပ်မံ တိုးချဲ့နိုင်ခဲ့သဖြင့် ၄၀,၉၉၉ မိုင်အထိ သွယ်တန်းနိုင်ခဲ့ပါသည်။ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၁ ခုနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၂ ခု တည်ဆောက်ပြီးစီး၍ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၆ ခု၊ ၁၃၂ ကေဗွီဓာတ်အားခွဲရုံ စီမံကိန်း၁ခုနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း ၁၃ ခု တို့ကို တည်ဆောက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျှပ်စစ်ဓာတ် အား အသုံးပြုမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါ သည်-

**ဇယား (၅-၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်**
**လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ**

(ကီလိုဝပ်နာရီသန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | ဒုတိယ၆လပတ် စီမံကိန်းရည်မှန်းချက် | ဒုတိယ ၆ လပတ် | အကောင်အထည်ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | **၇,၀၆၃.၂** | **၇၁၉၈.၇** | **၁၀၁.၉** |
| ၁ | | **နိုင်ငံပိုင်** | **၄,၃၅၈.၆** | **၄,၉၆၅.၂** | **၁၁၃.၉** |
| | ၁ | စက်ရုံသုံး | ၁,၅၄၃.၈ | ၁,၄၆၁.၄ | ၉၄.၇ |
| | ၂ | အိမ်သုံး | ၁,၈၂၅.၉ | ၁,၈၅၆.၃ | ၁၀၁.၇ |
| | ၃ | ဆေးရုံ၊ရုံး၊ကျောင်းစသည်များ | ၈၆၇.၉ | ၈၂၆.၄ | ၉၅.၂ |
| | ၄ | အထွေထွေသုံး | ၄၈.၀ | ၃၇.၉ | ၇၉.၀ |
| | ၅ | ကုမ္ပဏီသို့ရောင်းချခြင်း | ၇၃.၀ | ၇၈၃.၂ | ၁၀၇၂.၉ |
| ၂ | | **သမဝါယမပိုင်** | **၀.၇** | **၀.၆** | **၈၅.၇** |
| ၃ | | **ပုဂ္ဂလိကပိုင်** | **၂,၇၀၃.၉** | **၂,၂၃၂.၉** | **၈၂.၆** |

ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊
တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ( ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

မြို့နယ်ခွဲများအပါအဝင် မြို့နယ်အားလုံး ၄၈၅ မြို့ မီးလင်းပြီးဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မတ်လကုန်အထိ ကျေးရွာအလိုက် မီးလင်းမှုအနေဖြင့် ဓာတ်အားစနစ်အတွင်းမှ ၅,၄၇၃ ရွာ၊ မီးစက်စနစ်ဖြင့် ၁၄,၀၀၁ ရွာ၊ အသေးစား ရေအားစနစ်ဖြင့် ၂,၃၅၀ ရွာ၊ ဆိုလာစနစ်ဖြင့် ၁,၆၃၂ ရွာ၊ ဇီဝဓာတ်ငွေ့/ ဒြပ်ထု (Bio gas/ Bio mass) ဖြင့် ၁,၁၆၉ ရွာ၊ လေအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ရွာ၊ ဒီဇယ်နှင့် ရေအားနှစ်မျိုးပေါင်းဖြင့် ၉ ရွာ၊ အိမ်နီးချင်း နိုင်ငံမှ ဝယ်ယူမှုဖြင့် ကချင်၊ ကရင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း တို့တွင် ၃၆၁ ရွာ၊ စုစုပေါင်း ၂၄,၉၉၆ ရွာ မီးလင်းခဲ့ပါသည်။ နိုင်ငံအတွင်း စုစုပေါင်းကျေးရွာ ၆၄,၉၁၇ ရှိသဖြင့် ကျေးရွာအလိုက် မီးလင်းမှုမှာ ၃၈.၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၂,၆၇၈ ရွာအထိ မီးလင်းရန် လျာထားခဲ့သဖြင့် ၁၁၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ဖြစ်ပါသည်။ ပထမ ၆ လပတ်ကုန်တွင် ၂၁,၆၇၅ ရွာမီးလင်းပြီးဖြစ်၍ ဒုတိယ ၆ လပတ်အတွင်း ၃,၃၂၁ ရွာ မီးလင်းရန် ထပ်မံဆောင်ရွက်နိုင်ခဲ့ပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်တွင် ဓာတ်အားစနစ်အတွင်း ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် အရည်အသွေး ကောင်းမွန်သော Transformer များ ဝယ်ယူ သုံးစွဲခြင်း၊ Transmission Line နှင့် Distribution Line များတွင် အရည်အသွေး ကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူသုံးစွဲခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

ဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်လိုက်သော ဓာတ်အားကို Voltage Level အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ပို့လွှတ်ပေးနိုင်ရေး၊ ဗို့အားပြည့်လာပြီး ဓာတ်အား ပျောက်ဆုံးမှုကို ပိုမိုလျော့နည်းစေရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများတွင် Capacitor Bank များ၊ Shunt Reactor ထပ်မံတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာန လက်အောက်ရှိ ဓာတ်ငွေ့တာဘိုင်စက်များအား စွမ်းအင်ဝန်ကြီးဌာနမှရရှိမည့် သဘာဝဓာတ်ငွေ့ အပေါ်မူတည်၍ စက်စွမ်းအားပြည့် လည်ပတ် နိုင်ရန်၊ အထူးသဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထုတ်လုပ်မှု လျော့နည်းသွားချိန် နွေရာသီကာလများတွင် ဓာတ်အားပိုမိုထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့သည့်အပြင် ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများကလည်း ဓာတ်အားတိုးမြှင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ (Gas Engine) ကို IPP Developer ကုမ္ပဏီများမှ လှော်ကား၊ ရွာမနှင့် သာကေတ သဘာဝဓာတ်အားပေး စက်ရုံဝန်းတို့တွင် (၅၀) မဂ္ဂါဝပ်စီ၊ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် (၁၂၀)မဂ္ဂါဝပ် တို့ကို တည်ဆောက်တပ်ဆင်၍ ဓာတ်အား ဖြန့်ဖြူးလျက်ရှိပါသည်။ ထိုင်းနိုင်ငံ EGAT ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်သော (၁၂၀) မဂ္ဂါဝပ် ဓာတ်ငွေ့ တာဘိုင်စက် (၂) လုံးအား ရွာမသဘာဝ ဓာတ်အားပေးစက်ရုံဝန်း အတွင်းတွင် တိုးချဲ့တည်ဆောက်ခဲ့ရာ ဓာတ်အားပေးစက် တစ်လုံးကို ဓာတ်အား စတင်ထုတ်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ သီလဝါစက်မှုဇုန်အတွက် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံဝန်းတွင် ကိုရီးယားနိုင်ငံ BKB ကုမ္ပဏီမှ (၅၀၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

ရခိုင်ပြည်နယ်တစ်ဝန်း ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရန်အတွက် မြန်မာ-တရုတ် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ ရရှိမည့် သဘာဝဓာတ်ငွေ့ကို

အသုံးပြု၍ တရုတ်နိုင်ငံ EXIM Bank မှ ချေးငွေ USD (57.1) သန်း ဖြင့် (၅၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် International Tender ခေါ်ယူ ဆောင်ရွက်လျက်ရှိပါသည်။ တင်ဒါ ခေါ်ယူဆောင်ရွက်သည့် (၁၈) လတာကာလအတွင်း ရွှေပိုက်လိုင်းမှ ရရှိမည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးနိုင်ရန် Parami Energy Service ကုမ္ပဏီမှ (၁) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက် (Gas Engine) (၄) လုံး ငှားရမ်း၍ (၂၀၁၃) ခုနှစ် စက်တင်ဘာလ (၁၄) ရက်နေ့မှ စတင်၍ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ ရရှိမည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ မြင်းခြံဒေသ၊ ကျောက်ဆည်နှင့် ဘဲလင်းဒေသတို့တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများကို IPP Developer တို့မှ တာဝန်ယူ တည်ဆောက်ရန် International Tender ခေါ်ယူဆောင်ရွက်ခြင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ငန်းတေးဓာတ်အားပေးစက်ရုံဝန်းတွင် Myanmar Lighting Power ကုမ္ပဏီမှ IPP Developer အဖြစ် (၂၃၀) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စတင်တည်ဆောက်ခြင်း၊ သထုံမြို့ရှိ သထုံဓာတ်အားပေးစက်ရုံဝန်းတွင် World Bank မှ ချေးငွေ USD (140) သန်း ဖြင့် (၁၀၀ - ၁၂၀) မဂ္ဂါဝပ် စက်ရုံ တည်ဆောက်ရန် စီစဉ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီး သိမ်ငူကျေးရွာ၊ ဇင်းကျိုက်မြို့အနီး ကုလားမတောင် နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့အနီး ကျောက်မဲတောင်တို့တွင် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းအတွက် မိုးလေဝသနှင့်လေတိုက်နှုန်း တိုင်းတာရေး တာဝါတိုင်များ တည်ဆောက်၍ လေတိုက်နှုန်းနှင့် မိုးလေဝသ အချက်အလက်များကို နေ့စဉ်ကောက်ယူပြီး ဖြစ်မြောက်နိုင်စွမ်း စောင့်ကြည့်လေ့လာလျက်ရှိပါသည်။

ဆောင်ရွက်ဆဲ (၅၀၀) မဂ္ဂါဝပ်အောက် ရေအားလျှပ်စစ် စီမံကိန်း(၈) ခု၊ တည်ဆောက် ဆဲ (၁၀၀၀) မဂ္ဂါဝပ်နှင့် အထက်ရေအားလျှပ်စစ်စီမံကိန်း (၁) ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အထက်သံလွင် (မိုင်းတုံ) ရေအားလျှပ်စစ်စီမံကိန်း (၇၁၁၀ မဂ္ဂါဝပ်) နှင့် ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း (၁၃၆၀ မဂ္ဂါဝပ်)တို့ကို စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားပေး

စက်ရုံများအား အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို စီမံဆောင်ရွက်လျက် ရှိသည့် အပြင် အောက်ပါ စီမံကိန်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည် -

(၁) **၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ရွာမ-လှိုင်သာယာ ဓာတ်အား လိုင်းမှ (၇.၃၀)မိုင်၊ ရွာမ-လှိုင်သာယာ (လှိုင်မြစ်ကျော်)မှ (၀.၈၀) မိုင်၊ အမ်း- မြောက်ဦး- ပုဏ္ဏားကျွန်း (၁၁၅.၇၃)မိုင်မှ (၅၃.၈၅%)၊ အမ်း-မန်း (၆၇) မိုင်မှ (၂၀.၂၉%)၊ တောင်ကုတ်-မအီ (၄၆.၇၈)မိုင်မှ (၇၃.၀%)၊ ဥသျှစ်ပင်-တောင်ကုတ် (၅၄.၄၁)မိုင်မှ (၈၃.၀%)၊ မအီ-ကျောက်ဖြူ (၆၀.၆)မိုင်မှ (၆၂.၄၅%)၊ အမ်း- မအီ(၃၆.၂၈)မိုင်မှ (၄၂.၇၃%)၊ ဘီလူးချောင်း (၂)-ရွှေမြို့ (၁၀၁.၄၄၃)မိုင်မှ (၃၇%) ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ဆောင်ရွက်ဆဲ ရွှေတောင်- မြောင်းတကာ ဓာတ်အား လိုင်း(၁၃၀.၉၆)မိုင်မှ (၉၉.၉၀%)၊ အသုတ်-ပုသိမ်(၃၁)မိုင်မှ (၃၄.၀%) တို့ ပြီးစီးခဲ့၍ ကျန်အပိုင်းများအား ဆက်လက် ဆောင်ရွက်လျက် ရှိပါ သည်။

(၂) **၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ဘီလူးချောင်း(၂)- ဘီလူးချောင်း (၃) (၂.၉၀)မိုင် ပြီးစီးခဲ့ပါသည်။

(၃) **၆၆ ကေဗွီ ဓာတ်အားလိုင်း။** မိုင်းရယ်-တန့်ယန်း(၃၂.၅၀)မိုင်မှ (၁၀၀%)၊ ပုဏ္ဏားကျွန်း-စစ်တွေအမှတ်(၁) (၂၁.၅၇)မိုင်မှ (၆၀.၂၁%)၊ ပုဏ္ဏား ကျွန်း- စစ်တွေ အမှတ်(၂) (၁၈.၉၆)မိုင်မှ (၆၂.၅၇%)၊ ပုဏ္ဏားကျွန်း-မြောက်ဦး (၃၅.၃၇)မိုင်မှ (၅၆.၆၇%)၊ ပုဏ္ဏားကျွန်း-ကျောက်တော် (၃၇.၀၁)မိုင်မှ (၆၄.၁၆%)၊ ခိုလန်- ကွန်ဟိန်း(၃၂.၆၆)မိုင်မှ (၉၈.၄၉%)၊ ကျောက်ဖြူGT-ကျောက်ဖြူ (၅.၅၃)မိုင်မှ (၉၅.၀၀%)၊ ဂန့်ဂေါ-ဟားခါး (ကျောက်တိုင်အပိုင်း) (၂၁.၈၅)မိုင်မှ (၈၆.၀%)၊ ဂန့်ဂေါ-ဟားခါး (တာဝါအပိုင်း) (၃၅.၁၅) မိုင်မှ (၇၂.၅%)၊ တောင်ကုတ်-သံတွဲ (၂၈)မိုင်မှ (၅၃.၆၀%)၊ ဇန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန်(၄၅.၇၇)မိုင်မှ (၃၄.၄၆%) တို့ကို တည်ဆောက်ခဲ့ပါသည်။

(၄) **၂၃၀ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** အမ်း(၂၃၀/၃၃/၁၁ကေဗွီ၊ ၅၀ အမ်ဗွီအေ)(၈၀.၆၀%)၊ (၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံ များဖြစ်သော ပုဏ္ဏားကျွန်း (၆၅.၇၉%)၊ တောင်ကုတ် (၃၅.၀%)၊ ကျောက်ဖြူ

(၃၅.၀၀%)၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ဆောင်ရွက်ဆဲ ပုသိမ်(၂၈.၀၀%)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ဆောင်ရွက်ဆဲ အရှေ့ဒဂုံ (၂၀.၀၀%) ပြီးစီးခဲ့ပါ သည်။

(၅) **၁၃၂ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** ဆောင်ရွက်ဆဲ(၁၃၂/ ၆၆/ ၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံများ ဖြစ်သော ဝိုင်းမော် (၁၀၀%)၊ ဗန်းမော် (၄၉.၇၅%) ပြီးစီးခဲ့ပါသည်။

(၆) **၆၆ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ။** ကျောနှင့်ဂန့်ဂေါ (၆၆/၁၁ကေဗွီ၊ ၂အမ်ဗွီအေ) (၁၀၀%)၊ (၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) ဓာတ်အားခွဲရုံများ ဖြစ်သော တန့်ယန်း (၃၂.၅၅%)၊ တာမိုးညဲ (၇၅.၅၀%)၊ ဟားခါး (၄၄.၃၀%)၊ ကွန်ဟိန်း (၅၉.၆၃%)၊ မြောက်ဦး (၃၂.၂၅%)၊ ကျောက်တော် (၂၅.၀%)၊ မင်းတပ် (၄၀.၀၅%)၊ သံတွဲ (၅၄.၀၀%)၊ ရမ်းဗြဲ (၈%)၊ (၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံများ ဖြစ်သော ကျောက်ဖြူ (၉၇.၀၀%)၊ စစ်တွေ (၂၄.၀%)၊ ဆောင်ရွက်ဆဲ မြစ်ကြီးနား(၁) (၆၆/၁၁ ကေဗွီ၊ ၂၀အမ်ဗွီအေ) (၅၈.၇၅%)၊ မြစ်ကြီးနား (၂) (၆၆/၁၁ကေဗွီ၊၁၀အမ်ဗွီအေ)(၄၅.၀၀%) ပြီးစီးခဲ့ပါသည်။

(၇) **အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၁၄၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၄၅၄) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၉၃.၅၉%) ဖြစ်ပါသည်။

(၈) **နန်ချိုရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၄၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၁၅၂) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု( ၁၀၀ %) ဖြစ် ပါသည်။

(၉) **ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၁,၀၅၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၃,၃၀၀) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၈.၈%) ဖြစ်ပါသည်။

(၁၀) **ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း။** ပဲခူးတိုင်း၊ ဖြူးမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား(၄၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား (၁၂၀) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု(၉၉.၁၄%) ဖြစ်ပါသည်။

(၁၁) **အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၂၈၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၁,၄၀၉) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၂၀.၆၅ %) ဖြစ်ပါသည်။

(၁၂) **ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း။** ကရင်ပြည်နယ်၊ ကမမောင်းမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား(၁,၃၆၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၇,၃၂၅) ကီလိုဝပ်နာရီသန်း ဖြစ်ပါသည်။

(၁၃) **မဏိပူရရေအားလျှပ်စစ်စီမံကိန်း။** စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၃၈၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၁,၉၀၃)ကီလိုဝပ် နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၄.၅၂%) ဖြစ်ပါသည်။

(၁၄) **သူဌေးရေအားလျှပ်စစ်စီမံကိန်း။** ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၁၁၁ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၃၈၆)ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၃၃.၈၅ %) ဖြစ်ပါ သည်။

(၁၅) **အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့နယ်တွင်တည်ရှိ၍ စက်တပ်ဆင်အင်အား (၅၁ မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၂၆၇) ကီလိုဝပ်နာရီသန်း၊ လုပ်ငန်းပြီးစီးမှု (၂၁.၃၉%) ဖြစ်ပါသည်။


(၁၆) **အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား (၇,၁၁၀မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား (၃၅,၄၄၆) ကီလိုဝပ်နာရီသန်း၊ စူးစမ်း တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဆောက်လုပ်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁,၃၄၈,၀၁၈.၇ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂၂.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ဆောက်လုပ်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၂,၀၆၃,၈၇၈.၉ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၅၃.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၈.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) (၁၂) ပေ အကျယ် ကတ္တရာလမ်းမှ (၂၄) ပေ အကျယ် ကတ္တရာလမ်းအဆင့် (၂၀) မိုင်၊ မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂) ပေ အကျယ် ကတ္တရာလမ်းအဆင့် (၁၁၀) မိုင် တိုးမြှင့်ဖောက်လုပ်ရန် ရည်မှန်းထားရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း လမ်းမိုင် စုစုပေါင်း (၂၁၅-၁) မိုင် ဖောက်လုပ်ခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် မူလရည်မှန်းချက်တွင် ပါဝင်သည့် ဆောက်လုပ်လျက်ရှိသော တံတားများအပြင် ပေ (၅၀) အောက် တံတား (၅) စင်း၊ ပေ(၅၀) နှင့် အထက်ပေ(၁၀၀)အောက် တံတား (၄) စင်း၊ ပေ(၁၀၀) နှင့် အထက်

ပေ(၁၈၀)အောက်တံတား (၅) စင်း၊ ပေ(၁၈၀)အထက် တံတား (၇)စင်း၊ စုစုပေါင်း တံတား (၂၁) စင်းကို ဆောက်လုပ်လျက် ရှိပါသည်။

(ဂ) ဧရာဝဏ်၊ ရတနာ အထပ်မြင့်အိမ်ရာ စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အိမ်ရာပိုင်ဆိုင်ခွင့် ရရှိရေးကို အထောက်အကူပြုမည့် အိမ်ရာဘဏ္ဍာငွေ စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရန် "ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်" အများနှင့်သက်ဆိုင်သောလီမိတက် (Construction and Housing Development Bank-CHDB) ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် စတင် ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဗိုလ်တထောင် ဘဏ်ခွဲနှင့် နေပြည်တော် ဘဏ်ခွဲကိုလည်း ဆက်လက်ဖွင့်လှစ်ခဲ့ပါသည်။

(င) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီးတွင် ဆိပ်ကြီးခနောင်တို တံတား၊ ပဲခူးတိုင်းဒေသကြီးတွင် ကျောက်ကြီးမြို့လယ်တံတားတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(စ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (မူကြမ်း)ကို ရေးဆွဲပြုစုပေးခဲ့ပြီး အဆိုပါ ဥပဒေကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုရန် (၄-၂-၂၀၁၄) ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ရာ ဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အမြန်လမ်းမကြီး ဥပဒေ (မူကြမ်း)ကို ရေးဆွဲ ပြုစုလျက်ရှိပါသည်။

(ဆ) မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော သက်တမ်းလွန် ပြည်သူ့အိမ်ရာများအနက် ရန်ကုန်တိုင်းဒေသကြီးတွင် ဗိုလ်တထောင်မြို့နယ် (၅၁)လမ်း အိမ်ရာစခန်း၊ ဗဟန်းမြို့နယ် လင့်လမ်း (ရွှေဂုံတိုင်) အိမ်ရာစခန်းနှင့် မန္တလေးတိုင်းဒေသကြီး စိတ္တရမဟီအိမ်ရာစခန်းတို့ကို ခေတ်မီဖွံ့ဖြိုးရေးအိမ်ရာ

အဖြစ် ပြည်လည်ဆောက်လုပ်ရန် ဆောင်ရွက်လျက် ရှိပါသည်။ အိမ်ရာစခန်းများ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းအရ ညှိနှိုင်းအကောင်အထည်ဖော်ခြင်း၊ နေထိုင်သူများကို ပြောင်းရွှေ့ခြင်း၊ ပြန်လည်နေရာချထားခြင်း (ဥပမာ- (၅၁) လမ်း အိမ်ရာနှင့် ရွှေဂုံတိုင်အိမ်ရာ) တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

(ဓ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ ဗန်းမော်မြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့၊ ဖားကန့်မြို့၊ တနိုင်းမြို့နှင့် ပူတာအိုမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဘော်လခဲမြို့၊ ကရင်ပြည်နယ် မြဝတီမြို့၊ ကော့ကရိတ်မြို့နှင့် ဘားအံမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ ကလေးမြို့နှင့် တမူးမြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ ရေဖြူမြို့နှင့် မောင်းမကန်မြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ပဲခူးမြို့နှင့် ပြည်မြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ပခုက္ကူမြို့၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် မိတ္ထီလာမြို့၊ ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ငပလီဒေသ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့၏ မြို့ပြစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

(န) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အတွင်း မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးသုတေသန လုပ်ဆောင်နိုင်ရန် ကယားပြည်နယ် လွိုင်ကော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့တို့တွင် လူမှုစီးပွား စာရင်းစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။


(ည) မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များ၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းကို ၂၀၁၂ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း လူမှုရေး၊ စီးပွားရေး အချက်အချာကျသည့် မြို့ပေါင်း (၅၆) မြို့ကို ဆောင်ရွက်ရန်စီမံထားသည့်အနက် (၃၁-၃-၂၀၁၄) ရက်နေ့အထိ (၃၄) မြို့အား မြို့ပြစီမံကိန်းရေးဆွဲခဲ့ပြီး ဆောင်ရွက်ဆဲ (၂) မြို့နှင့် ကျန်မြို့ (၂၀) ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ရေးဆွဲရန် လျာထားပြီးဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃,၄၇၇,၇၅၂.၁သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၅.၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ပို့ဆောင်ရေးကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၃,၇၇၁,၆၂၃.၁ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၀၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၈.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ ၏အကောင်အထည်ဖော်နိုင်မှု ၁၀၈.၅ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းမှာ လေကြောင်းလိုင်းများ နှင့် လေယာဉ်သစ်များ၊ မော်တော်ယာဉ်လိုင်းသစ်များနှင့် ခေတ်မီမော်တော်ယာဉ်များ တိုးချဲ့ဖြည့်တင်းပြေးဆွဲလာခြင်း၊ ကုန်သွယ်မှု တိုးတက်မြင့်မားလာခြင်း တို့ကြောင့် ဖြစ်ပါသည်။

(၁၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့ခြင်းကြောင့် ပို့ဆောင်ရေးကဏ္ဍ၏ ဒုတိယ (၆) လပတ်တွင် ပြည်တွင်းပြည်ပ ခရီးသွားများ

ပိုမိုများပြားလာခြင်း၊ ပုဂ္ဂလိကလေကြောင်းနှင့် ကုန်းလမ်းပို့ဆောင်မှုများ၊ သမဝါယမပိုင်အခန်း ပို့ဆောင်မှုများ ပိုမိုတိုးတက်လာခြင်းတို့ကြောင့် ရာခိုင်နှုန်းပြည့်မီ ကျော်လွန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ (၃၅.၆) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆) လပတ်တွင် (၁၃.၇) သန်း ပို့ဆောင်ပေးနိုင်သဖြင့် (၃၈.၅)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် (၁,၄၁၅.၆) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ(၆) လပတ်တွင် (၅၈၄.၄)သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၄၁.၃) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့မီးရထားသည် ခရီးသည်ဦးရေ (၆၆.၂)သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ(၆)လပတ်တွင် (၂၆.၉)သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၄၀.၆) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် (၃,၂၁၇.၃) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆) လပတ်တွင် (၁,၁၃၂.၃) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၃၅.၂) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဂ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ (၁၅.၁) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ(၆) လပတ်ကုန်အထိ (၆.၅) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၄၃.၁) ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် (၂၂၈.၀) သန်း ပို့ဆောင်ပေးရန် ရည်မှန်းခဲ့ရာ ဒုတိယ (၆) လပတ်တွင် (၆၅.၆) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၂၈.၈) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဃ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့လေကြောင်းသည် ခရီးသည် ဦးရေ (၀.၄၂) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆) လပတ်ကုန်အထိ (၀.၂၄) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၅၇.၁) ရာခိုင်နှုန်း နှင့် ခရီးသည်မိုင်

(၁၃၅.၈) သန်း ပို့ဆောင်ပေးရန် ရည်မှန်းခဲ့ရာ (၇၂.၉) သန်း ပို့ဆောင်ပေးနိုင်သဖြင့် (၅၃.၇) ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

(င) ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးသည် ကုန်တန်ချိန်(၂.၄)သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆)လပတ်တွင် (၁.၂)သန်း ပို့ဆောင်ပေးနိုင်သဖြင့် (၅၀.၀) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် (၃၂၃.၈) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆) လပတ်တွင် (၁,၅၈.၂) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၄၈.၉) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(စ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့မီးရထားသည် ကုန်တန်ချိန် (၃.၇) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ(၆) လပတ်တွင် (၁.၂) သန်း ပို့ဆောင်ပေးနိုင်သဖြင့် (၃၂.၄) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် (၇၃၅.၆) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆) လပတ်တွင် (၂၄၇.၀) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၃၃.၆) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဆ) ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကုန်တန်ချိန် (၂.၁) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ(၆) လပတ်တွင် (၀.၉) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၄၂.၉) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် (၃၃၇.၃) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ (၁၃၆.၄) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၄၀.၄) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

(ဇ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့လေကြောင်းသည် ကုန်တန်ချိန်(၀.၀၀၁)သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆)လပတ်တွင် (၀.၀၀၁)သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၁၀၀.၀) ရာခိုင်နှုန်း၊ ကုန်တန်မိုင် (၀.၂၁) သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ (၆) လပတ်ကုန်အထိ (၀.၄၁) သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် (၁၉၅.၂) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ကွန်ပျူတာအသုံးပြု၍ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင် Smart Card များ၊ မှတ်တမ်းများထိန်းသိမ်းခြင်းနှင့် စာရင်းဇယားပြုစုခြင်း လုပ်ငန်း

များကိုတိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး၊ ခရိုင်ရုံးများတွင်ဆောင်ရွက်ခဲ့ပါသည်။ ယာဉ်စစ်ဆေးခြင်း ပုံစံ (ကမ-၄) Printout ထုတ်ခြင်း၊ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ၊ ငွေတွက်ချက်ခြင်းနှင့် ငွေကောက်ခံခြင်းလုပ်ငန်းများကို နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ လက်အောက်ခံ တိုင်းရုံးခွဲများတွင် ကွန်ပျူတာအသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ မှစ၍ ယာဉ်မှတ်ပုံတင်လုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ (သို့မဟုတ်) FEC ဖြင့်ကောက်ခံခြင်း အစား မြန်မာကျပ်ငွေဖြင့် ကောက်ခံခဲ့ပါသည်။

ခရီးသည်တင်ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော စက်စွမ်းအားကျဆင်း၍ ကြံ့ခိုင်မှု လျော့နည်းသည့် ယာဉ်များကို မည်သည့် အကွာရာမဆို အပ်နှံ၍ မီနီဘတ်စ်(သို့မဟုတ်) စီးတီးဘတ်စ် တင်သွင်းခြင်းအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်ပြုလုပ်ခဲ့ပါသည်။ မည်သည့် မော်တော်ယာဉ်မှတ်ပုံတင် လုပ်ငန်းမဆို လာရောက်ဆောင်ရွက်ပါက အင်္ဂလိပ်အက္ခရာ နှင့် ဂဏန်းပါဖောင်းကြွနံပါတ်ပြားများ ပြောင်းလဲ ဆောင်ရွက်ပေးပြီး ယာဉ်ပိုင်ရှင်၏ ဆန္ဒအရ လာရောက် လျှောက်ထားလျှင်လည်း မူလယာဉ် မှန်ကန်မှုရှိပါက ဆောင်ရွက်ပေးခဲ့ပါသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးများတွင် ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်းများကို သွင်းကုန်ပါမစ် (Import Permit) (သို့မဟုတ်) မော်တော်ယာဉ်အရောင်းဌာနတွင် မော်တော်ယာဉ် ဝယ်ယူခွင့် လက်မှတ်၊ သွင်းကုန်ကြေညာလွှာ (Import Declaration) အကောက်ခွန်ဖော်ပြချက်(Custom Statement) များဖြင့် စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကာလတွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ အား ၁၇-၂-၂၀၁၄ မှစ၍ ရုံးဖွင့်ရက် ရက် (၉၀) သတ်မှတ်၍ တရားဝင် မှတ်ပုံတင် ဆောင်ရွက် ပေးလျက်ရှိပါသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မော်တော်ယာဉ်နှင့်ယာဉ်မောင်းသူ များအား အရေးယူဆောင်ရွက်ခြင်းကို (၇၀၉) ကြိမ်၊ ရွှေမြင်သာ ယာဉ်မောင်းသင်တန်းကို ဒုတိယ (၆) လပတ်ကာလအတွင်း တစ်လလျှင် တစ်ကြိမ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး သင်တန်းများ (၈၃၆) ကြိမ် ပြုလုပ်ပေးခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လအထိ တစ်နိုင်ငံလုံးတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ် စီးရေပေါင်းမှာ (၄,၂၃၇,၆၈၂)စီး ဖြစ်ပြီး၊ ဒုတိယ(၆)လပတ်ကာလအတွင်းပြည်တွင်း စက်မှုစုံများ

မှ ထုတ်လုပ်သော ယာဉ် (၃,၇၆၆) စီးနှင့် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ် (၃၆၂,၃၆၆) စီး ကို ကနဦးယာဉ်များအဖြစ် မှတ်ပုံတင်ပေးခဲ့ပါသည်။

၂၀၁၃ခုနှစ်၊ အောက်တိုဘာလမှမတ်လ အတွင်း လူစီးရထားများ၏ တစ်လပျမ်းမျှအချိန်မှန်ကန်မှုမှာ အမြန်ရထား(၅၅%)၊ စာပို့ရထား(၇၈%)၊ လူစီးကုန်တင်ရထား (၆၇%)နှင့် မြို့ပတ်နှင့်ဆင်ခြေဖုံးရထား(၉၅%) ဖြစ်ပြီးရထားများ အချိန်မှန်ကန်စေရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ခရီးစဉ်အချို့တွင် ရထားခနှင့်မော်တော်ကားခ နှုန်းထားကွာဟမှု နည်းပါးခြင်း၊ ရန်ကုန်-နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးနှင့် ၎င်းနှင့်ဆက်စပ်လမ်းပိုင်းများတွင် ခေတ်မီမော်တော်ယာဉ်လိုင်းများက ပိုမိုလျင်မြန်စွာ ပို့ဆောင်နိုင်ခြင်း၊ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် အထူးယာဉ်လိုင်းများ ပြေးဆွဲခြင်း၊ မြို့တွင်းပြေးဆွဲခွင့်မရသည့် ယာဉ်များက ဆင်ခြေဖုံး မြို့နယ်အချင်းချင်း ပြေးဆွဲခြင်းတို့ကြောင့် ရထားစီးခရီးသည်နည်းပါး၍ လူစီးရထား (၄၈) စင်း လျှော့ချပြေးဆွဲခဲ့ရသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလတွင် ခရီးသည် လျာထားချက်များ ပြည့်မီခြင်းမရှိပါ။

အမှတ် ၉၁၃ အဆန် စက်ဆန်း- မြို့ဟောင်းကုန်ရထားသည် တစ်လလျှင် (၄၂)စင်း လျာထားသော်လည်း (၃၂) စင်းသာပြေးဆွဲနိုင်ခြင်း၊ အမှတ် ၉၁၄ အစုန် မြို့ဟောင်း-စက်ဆန်း ကုန်ရထားတွင် (၂,၅၄၀) တွဲသည် ကုန်မရရှိပဲ တွဲလွတ်ဆွဲခဲ့ရခြင်း၊ ထုံးဖို-မြိုင်ကလေး ကျောက်ရထား အမှတ်(၉၂၉/၉၃၀)တွင် ၂၀၁၃ခုနှစ်၊ ဇူလိုင်လမှစ၍ ဂေါဒန်ကျောက် သယ်ယူရန် တောင်းခံမှု မရှိ၍ တန်ချိန် (၁၅,၀၀၀) လျှော့နည်းခြင်း၊ အမှတ်၉၃၈ အစုန်ကုန်ရထားတွင် ကုန်မရရှိ၍ တွဲလွတ်(၁၂၄၄) တွဲအား တွဲလွတ်ဆွဲခဲ့ရသဖြင့် ကုန်တန်ချိန် (၃၉,၀၀၀) လျှော့နည်းခြင်း၊ အမှတ်(၉၀၇/၉၀၈)၊ အမှတ်(၉၀၃/၉၀၄) ဝင်းကူးကုန်ရထား၊ အမှတ် (၅၀၅/၅၀၆) အထပ်သား ရထား၊ အမှတ်(၅၀၇/၅၀၈) သစ်လုံးရထားများ ပြေးဆွဲနိုင်မှုမရှိသဖြင့် ကုန်တန်ချိန် (၁၁၀,၀၀၀) လျှော့နည်းခြင်း၊ တစ်နေ့ပျမ်းမျှစက်ခေါင်းနှင့် တွဲဆိုင်းရရှိမှုလျာထားချက်အောက် လျှော့နည်းခြင်း တို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုန်စည် လျာထားချက်များ ပြည့်မီခြင်း မရှိပါ။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်အတွင်း ရိုးရိုးတန်းလူစီးတွဲ (၂၄)တွဲ၊ TKZ-8 ဘိုဂီအသစ် (၄၈)လုံး၊ တည်ဆောက်ပြီးစီးခဲ့ပါသည်။ အိန္ဒိယနိုင်ငံ Rotomac Electrical

Pvt.Co,Ltd. မှ စက်ကိရိယာနှင့် ကုန်ကြမ်းများဝယ်ယူ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ထရက်ရှင်မော်တာ (၁၅၂) လုံး ပြုပြင်ပြီးစီးခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း စက်ခေါင်းအရန်ပစ္စည်း (၃၂၀)မျိုး ခုရေ (၄၇,၃၄၅) ခုကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဒီဇယ်စက်ခေါင်း အကြီးတန်းပြင်ဆင်မှု (၂၄) လုံး အလတ်တန်းပြင်ဆင်မှု (၁၇) လုံး၊ အလတ်တန်းမွမ်းမံမှု (၉၇) လုံး တို့ကို လျာထားချက်ထက် ကျော်လွန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူစီးတွဲအကြီးတန်းပြင်ဆင်ခြင်း(၂၆၄)တွဲ အလတ်တန်း ပြင်ဆင်ခြင်း (၁၈၈) တွဲ၊ ကုန်တွဲအကြီးတန်း ပြင်ဆင်ခြင်း(၄၉၉)တွဲ၊ အလတ်တန်း ပြင်ဆင်ခြင်း (၅၄၇) တွဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ကာလအတွင်း ကာလပေါက်ဈေး ကျပ် (၆၀၈.၈၅၂) သန်း တန်ဖိုးရှိ ဒီဇယ်စက်ခေါင်း အရန်ပစ္စည်း (၄၇,၃၄၅) ခု အမျိုးအစား (၃၂၀) ကာလပေါက်ဈေး ကျပ် (၂,၈၃၀.၅၁) သန်း တန်ဖိုးရှိ တွဲအရန်ပစ္စည်း (၅၉,၇၃၄) ခု၊ အမျိုးအစား (၁၃၇) မျိုး တီထွင်ထုတ်လုပ်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်ကာလအတွင်း သံလမ်း (၆၂၇.၀၃) မိုင်၊ တံတား(၉၄) စင်း၊ အဆောက်အဦ (၃၉၄)လုံး၊ စက်ကိရိယာ (၁၃၆)ခု ပြုပြင်ထိန်းသိမ်းခြင်း၊ ဘူတာရုံနှင့် နေအိမ်ရေပေးရေးလုပ်ငန်း (၃၉)ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်သား ဇလီဖား (၂၁,၅၆၆)တုံးနှင့် အထူးဇလီဖား (၁,၉၇၅.၆၈)တန် ဝယ်ယူရရှိခဲ့ပြီး သစ်သား ဇလီဖား (၆၃,၈၈၆) တုံး လဲလှယ်ခဲ့ပါသည်။ ကွန်ကရစ်ဇလီဖား စက်ရုံ (၈) ခုမှ ဇလီဖား (၅၃၀,၀၀၀) တုံး ထုတ်လုပ်ရန်လျာထားရာ (၄၃၉,၃၅၁)တုံး ထုတ်လုပ်နိုင်ခဲ့ပြီး (၂၈၉,၀၃၅)တုံး ကို လဲလှယ်ထည့်သွင်းနိုင်ခဲ့ပါသည်။ လမ်းခင်းကျောက်ကျင်း (၄၂,၀၀၀) ဖြည့်တင်းရန် လျာထားရာ ရှိပြီးလမ်းပိုင်းများသို့ (၈၇,၇၅၉) ကျင်း၊ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းများ သို့ (၉,၁၉၀)ကျင်း ဖြည့်တင်းနိုင်ခဲ့ပါသည်။

မီးရထားအချက်ပြနှင့်ဆက်သွယ်ရေးစနစ်များကောင်းမွန်ရေး ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ လေးထောင့်ကန်-ဒါးပိန်-ထုံးကြီး-ကျောက်တန်း-တာဝနှင့် ဘုရားသုံးဆူဘူတာများတွင် Solid State Interlocking တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ Block Proving with Axle Counter ပစ္စည်းများတပ်ဆင်ခြင်း လုပ်ငန်းကို တောင်ငူ၊ ကျေးတော၊ ကျွန်းကုန်း၊ ရေတာရှည်၊ ရေနီ၊ သာဝတ္ထိ၊ မန္တလေး၊ မြို့ဟောင်း၊ တံခွန်တိုင်၊ မြစ်ငယ်၊ ပုလိပ်၊ ဘဲလင်း၊ စဥ့်ကိုင် ဘူတာများတွင် လည်းကောင်း၊ နေပြည်တော်ဘူတာတွင် Computer Based Interlocking အချက်ပြစနစ်၊

မီးရောင်ပြောင်း အချက်ပြစနစ် (Colour Light Signal) တပ်ဆင်ခြင်းလုပ်ငန်းများအား လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

တပ်မတော်ရိက္ခာများကိုယာဉ် (၄) စီးဖြင့် ပို့ဆောင်ခြင်း၊ နိုင်ငံပိုင်နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းပိုင် သကြားစက်ရုံများသို့ ယာဉ် (၃၇၉) စီးဖြင့် ကြံများပို့ဆောင်ခြင်း၊ မြန်မာ့ မီးရထား၏ ရထားလမ်းဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် လိုအပ်သည့် ယမ်းများကို ယာဉ် (၂) စီးဖြင့် ပို့ဆောင်ပေးခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်တန်းသားများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေး၊ လွှတ်လပ်ရေးနေ့ အခမ်းအနား၊ မကွေးဆေးတက္ကသိုလ်များမှ ကျောင်းသူကျောင်းသားများ၊ အခြားဝန်ကြီးဌာန တို့၏လိုအပ်ချက်အရ တောင်းခံမှုများတွင် ကုန်းလမ်းပို့ဆောင်ရေးမှ ယာဉ်များဖြင့် ပို့ဆောင် ပေးလျက် ရှိသည့်အပြင် မကွေး-အမ်း-ရန်ကုန်-မြင်းခြံခရီးစဉ်၊ ရန်ကုန်-ညောင်ဦး "ရွှေညာမြေ" ခရီးစဉ်၊ ရန်ကုန်-မိတ္ထီလာ ခရီးစဉ်၊ နေပြည်တော်-မကွေးခရီးစဉ်၊ မန္တလေး-မကွေးခရီးစဉ်များကို ပြေးဆွဲလျက်ရှိပါသည်။

ကုန်းလမ်း ပို့ဆောင်ရေးသည် ကုန်စည် ပို့ဆောင်ရေး၊ ခရီးသည် ပို့ဆောင်ရေးနှင့် အငှားယာဉ် Taxi ပို့ဆောင်ရေးလုပ်ငန်းများ၏အခက်အခဲများကို လက်ခံဖြေကြားရှင်းလင်းပေး နိုင်ရန် နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့များတွင် ပြည်သူ့ဆက်ဆံရေး Public Relation ဌာနစိတ် နှင့် လုပ်ငန်းအဖွဲ့ Working Group တို့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ ဌာန၏ဆောင်ရွက်လျက်ရှိသောလုပ်ငန်း၊ ပြေးဆွဲလျက်ရှိသောခရီးစဉ်များ၊ ကုန်စည်နှင့်ခရီးသည် ပို့ဆောင်ခနှုန်းထားများ၊ ယာဉ်မောင်းသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုနှင့် လေ့ကျင့် သင်ကြားပေးမှုနှုန်းထားများ၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(၇)ခုတွင် မြေငှားရမ်း၍ စက်သုံးဆီ အရောင်းဆိုင်ဖွင့်လှစ်ကာ တင်ဒါခေါ်ယူခြင်းများ၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ဌာနခွဲအချို့တွင် သယ်ယူပို့ဆောင်ရေးနှင့်ဆက်စပ်လုပ်ငန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တင်ဒါ ခေါ်ယူခြင်းများကိုသတင်းစာများ၊ ဌာန၏ Website များတွင် ထည့်သွင်း ကြော်ငြာလျက် ရှိပါသည်။

ကမ်းရိုးတန်းသွား ပုဂ္ဂလိကပိုင်ရေယာဉ်(၄၁)စင်းကို စစ်ဆေး၍မှတ်ပုံတင်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသော ကွန်ဗင်းရှင်းပါလိုအပ်ချက်နှင့် အညီ အသက်ကယ်ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးကိရိယာများကို စစ်ဆေး၍ရေယာဉ် (၆၁၆) စီးကို သက်သေခံ လက်မှတ်ထုတ်ပေးခြင်း၊ အန္တရာယ်လုံခြုံမှုဆိုင်ရာ လက်မှတ်များ

စစ်ဆေးပြီး ရေယာဉ်(၄,၀၀၈)စီးအားထွက်ခွာခွင့်လက်မှတ်ပေးခြင်း၊ ပြည်တွင်းရေကြောင်းသွား စက်တပ် ရေယာဉ်သစ်တည်ဆောက်ခွင့် လျှောက်လွှာများစစ်ဆေး၍ (၈၆) စီးကို စိစစ်ခွင့်ပြုခြင်း၊ ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်သစ်များအား နှစ်ပတ်လည် စစ်ဆေးခဲ့ပြီး အစီး (၇၀၀) ကို လိုင်စင်ထုတ်ပေးခြင်း၊ နိုင်ငံခြား သင်္ဘောသား (၁၆,၁၄၈) ဦးအား စေလွှတ်ပေးခြင်း၊ နိုင်ငံခြားကုမ္ပဏီပိုင် သင်္ဘောသားများထံမှ ဌာနဆိုင်ရာကြေး ကျပ်(၄၃၃.၁၀၂) သန်းနှင့် အမေရိကန်ဒေါ်လာ (၀.၄၄၅) သန်း၊ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ (၀.၀၅၂) သန်း ကောက်ခံခြင်း၊ သင်္ဘောသားများ နိုင်ငံအတွင်းယူဆောင်ငွေ ကျပ် (၁၆၇.၈၉၆) သန်းနှင့် အမေရိကန်ဒေါ်လာ (၀.၁၇) သန်းအား စိစစ်ကောက်ခံခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများနှင့် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ မြစ်များ၏ ရေလမ်းကောင်းမွန်ရေး၊ ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ဧရာဝတီမြစ်ရေလမ်း ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ် (၈၈၇.၅၈၈) သန်း၊ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ် (၂၉၃.၅၅၄) သန်း၊ တွံ့တေးတူးမြောင်း(၀) မိုင်နှင့် (၃.၅) မိုင်ကြား ရေတိုက်စားမှု ကာကွယ်ရေး လုပ်ငန်းအတွက် ကျပ်(၁၃၅.၅) သန်းအပါအဝင် ဆောင်ရွက်ဆဲ လုပ်ငန်းများ အတွက် ကျပ် (၁,၄၉၀.၁) သန်း၊ ဦးစီးဌာနနှင့် SBE Nv Engineering CoL.td တို့အကြား ဆောင်ရွက် လျက်ရှိသော ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ကျပ်သန်း (၅၀၀) နှင့် နှစ်ခြားရေလမ်း ကောင်းမွန်ရေးလုပ်ငန်း ကျပ်သန်း(၂၀)တို့ပါဝင်သည့် လုပ်ငန်းသစ်များအတွက် ကျပ်သန်း(၅၂၀) စုစုပေါင်း ကျပ်သန်း (၂,၀၁၀.၁၃) ကို သုံးစွဲခဲ့ပါသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ၅ မြို့နယ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၆) ခုအတွက် ကျပ်(၁,၁၃၉.၇) သန်း၊ ကချင်ပြည်နယ်တွင်(၁၀)ခု အတွက် ကျပ်(၂,၄၆၇.၈)သန်း၊ မန္တလေးတိုင်း ဒေသကြီးတွင် (၅) ခု အတွက် ကျပ်(၁,၈၆၆.၉) သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် (၃)ခု အတွက် ကျပ် (၁၆၅၁.၅၉၃) သန်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဆတ်ရိုးကျချောင်း ရေလမ်းဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ် သန်း (၁၅၀၀) တို့ပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေလမ်း ကောင်းမွန်ရေး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ်(၁၄,၀၅၃.၁၃၈)သန်းကို သီးသန့် ရန်ပုံငွေဖြင့် သုံးစွဲ ဆောင်ရွက်ခဲ့ပါသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း လေယာဉ်ပျံသန်းဆင်းသက်မှု ထိန်းသိမ်းခြင်း (၁၆,၉၇၈) ကြိမ်၊ မြန်မာနိုင်ငံ နယ်နမိတ်အပေါ် ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်များထိန်းသိမ်းခြင်း (၁၀၅,၂၁၅) ကြိမ် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ပူတာအို လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ်သန်း (၁,၀၀၀)၊ မြစ်ကြီးနားလေဆိပ် ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ် (၂,၄၁၁.၂၁) သန်း၊ ကလေးမြို့ လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ်သန်း (၂,၆၀၀)၊ စစ်တွေလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျပ် (၃,၀၄၉) သန်း၊ ကျောက်ဖြူ လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း အတွက် ကျပ် (၂,၆၂၀.၅၈၄) သန်း၊ မာန်အောင်(စမုံတဲ) လေဆိပ် ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ် (၂,၉၉၉) သန်း၊ ကိုကိုးကျွန်း လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ် (၈,၀၉၀.၀၆၄) သန်း အပါအဝင် နောင်မွန်း၊ ချင်းပြည်နယ်၊ ဟုမ္မလင်း၊ ဟဲဟိုး၊ တာချီလိတ်၊ မိုင်းဆတ်၊ လွိုင်ကော်၊ ညောင်ဦး၊ သံတွဲ၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ ဟံသာဝတီလေဆိပ်များ ဖွံ့ဖြိုးရေးလုပ်ငန်း၊ လေကြောင်းပညာသိပ္ပံဖွံ့ဖြိုးရေးလုပ်ငန်းတို့အတွက် ကျပ် (၂၈,၃၁၇.၂၂၈) သန်း သုံးစွဲဆောင်ရွက် ခဲ့ပါသည်။


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း မိုးလေဝသစခန်း(၆၄) ခု၊ ဇလဗေဒ စခန်း (၃၀)ခု၊ မိုးလေဝသနှင့်ဇလဗေဒစခန်း(၄၂) ခု၊ စိုက်ပျိုးရေးမိုးလေဝသစခန်း(၁၈) ခု၊ မြေငလျင် တိုင်းထွာရေးစခန်း(၁၄) ခုတို့မှ မိုးလေဝသစခန်းတိုင်းထွာချက် (၅၃,၆၉၀)ကြိမ်၊ ဇလဗေဒစခန်းတိုင်းထွာချက် (၁၆,၃၈၀) ကြိမ်၊ မိုးလေဝသနှင့်ဇလဗေဒ(မိုး) တိုင်းထွာချက် (၃၆,၄၀၀) ကြိမ်၊ မိုးလေဝသနှင့်ဇလဗေဒ(ဇလ) တိုင်းထွာချက် (၂၁,၇၂၀)ကြိမ်၊ စိုက်ပျိုးရေး မိုးလေဝသတိုင်းထွာချက် (၁၅,၄၇၀)ကြိမ်၊ လေကြောင်းမိုးလေဝသတိုင်းထွာချက် (၈,၇၃၆)ကြိမ်၊ မြေငလျင်လှုပ်ရှားမှု တိုင်းထွာချက် (၃၆)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ပုံမှန်ခန့်မှန်းချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ (၁,၃၈၉)ကြိမ် ထုတ်ပြန်ပေးခဲ့ပြီး လစဉ်ပထမ (၁၀)ရက်ပတ်၊ ဒုတိယ (၁၀)ရက်ပတ်၊ တတိယ (၁၀)ရက်ပတ် တို့၏ရေဝတီနှင့် စစ်တောင်းမြစ်ရေ အခြေအနေ များကို ထုတ်ပြန်ပေးခြင်း၊ ရေနည်းမည့် သတိပေးချက် (၇)ကြိမ်၊ မြစ်ရေကြီးသည့်အခြေအနေ သတင်း (၄)ကြိမ်၊ ရေနည်းသည့် အခြေအနေ သတင်း (၃)ကြိမ်၊ မြစ်ရေကြီးခြင်း သတိပေးချက် ၂ကြိမ်တို့ ထုတ်ပြန်ပေးခြင်း၊ အင်အားအနည်းငယ်ရှိသော ငလျင် (၂၅)ကြိမ်၊ အင်အား အသင့်အတင့်ရှိသော ငလျင် (၁၃)ကြိမ်နှင့် အင်အားပြင်းထန်သော ငလျင် (၅)ကြိမ် စုစုပေါင်း (၄၃)ကြိမ်ကို မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

## ဆက်သွယ်ရေးကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂၈၀,၃၆၃.၁ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၅၇.၂ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ဆက်သွယ်ရေးကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၄၈၂,၇၃၅.၃ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၇၂.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၃၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း (၁၅၀၀ ကျပ်တန်) တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို လစဉ် မြို့နယ်၊ ကျေးရွာများသို့ တိုးချဲ့ တပ်ဆင်ပေးခဲ့သောကြောင့် ဆက်သွယ်ရေးကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုမှာ ၁၇၂.၂ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ တယ်လီဖုန်း တပ်ဆင်မှု အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၂,၂၀၂,၀၀၀ ရည်မှန်းခဲ့ရာ ဒုတိယ (၆) လပတ်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၂,၁၅၁,၆၈၆ လုံး ဖြစ်၍

၉၇.၇ ရာခိုင်နှုန်း တပ်ဆင်နိုင်ခဲ့၍ သုံးစွဲခများလည်း တိုးလာပါသည်။ မိုဘိုင်းဖုန်းများ တိုးလာသည်နှင့်အမျှ အင်တာနက်သုံးစွဲမှုလည်းများလာ၍ တယ်လီဖုန်းဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန် အထိ မိုဘိုင်းဖုန်းများကို လစဉ် တိုးချဲ့တပ်ဆင် ဆောင်ရွက်ခဲ့ပါသဖြင့် ရည်မှန်းချက်အပေါ် ရာခိုင်နှုန်း ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများမှာ ဖော်ပြပါ အတိုင်းဖြစ်ပါ သည်-

(က) ဆက်သွယ်ရေး ဝန်ဆောင်မှု ပုံစံများနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် ဆက်သွယ်ရေး ဥပဒေမူကြမ်းကို အတည်ပြု ထုတ်ပြန်ပြီး၊ ယင်းဥပဒေနှင့် အညီ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက် နိုင်ရန်အတွက် Telecommunication Operator တင်ဒါ စိစစ် ရွေးချယ်ရေး ကော်မတီမှ ၂၇-၆-၂၀၁၃ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ထုတ်ပေးနိုင်ရန် Telenor Mobile Communications နှင့် Ooredoo ကုမ္ပဏီ (၂) ခု တို့ကို ရွေးချယ်ခဲ့ပါသည်။ ၃၀-၁-၂၀၁၄ ရက် နေ့တွင် Ooredoo ကုမ္ပဏီနှင့် ၅-၂-၂၀၁၄ရက်နေ့တွင် Telenor Mobile Communications ကုမ္ပဏီတို့ကို လိုင်စင်ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါတွင်နိုင်ငံတော် ဘတ်ဂျက် သာမက ပြည်တွင်း/ ပြည်ပမှ ချေးငွေနှင့် အကူအညီ အထောက်အပံ့များ ပါရယူ၍ စီမံကိန်း လုပ်ငန်းများကို ရည်မှန်းချက်များ ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီး ဆွမ္မရာမြို့နယ်ခွဲတွင် အဆင့်(၅)ရှိ စာတိုက်ရုံးသစ် (၁)ရုံး၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးဆယ်ပေးကျေးရွာ၊ အောက်မရိုးကုန်း ကျေးရွာ၊ တောင်ပြုံးကျေးရွာ၊ ကျောက်တံတားကျေးရွာ၊ ဆည်တော်ကြီးကျေးရွာ၊ ပတ်လည်အင်းကျေးရွာနှင့် မိုးကြိုးကျွန်းကျေးရွာတို့၌ အဆင့်(၇) ရှိ စာတိုက် ရုံးသစ် (၇) ရုံး ဖွင့်လှစ်နိုင်ခဲ့ပြီး၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စာတိုက်ရုံး (၁၀) ရုံး အဆင့် တိုးမြှင့်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ကာလအတွင်း

နေပြည်တော်၊ ရန်ကုန် နှင့် မန္တလေးမြို့များမှ ရေတာရှည်မြို့သို့ အမြန်ချောပို့ချောလမ်း (၃) လမ်း တိုးချဲ့ပေးပို့နိုင်ခဲ့ပြီး အမြန်ငွေပို့လွှာ လုပ်ငန်းကို တနင်္သာရီတိုင်း ဒေသကြီး ရေဖြူနှင့် မကွေးတိုင်းဒေသကြီး ဝါဇီမြို့များသို့ တိုးချဲ့နိုင်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး(အနောက်) အင်းမမြို့နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း နန့်လန်မြို့နယ်တို့တွင် ကြေးနန်းရုံးသစ်များကို ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ချင်းပြည်နယ် ဆဘောင်သဲမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တို့တွင်ကြေးနန်းရုံးများကို အဆင့်မြှင့် တင်ခဲ့ပါသည်။

(ဂ) တယ်လီဖုန်းလုပ်ငန်း အနေဖြင့်နေပြည်တော် ကျည်တောင်ကန်တွင် လိုင်းအင်အား ၂၅၀ ပါသော တယ်လီဖုန်းရုံးသစ် (၁)ရုံး ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ DMS-10 စခန်း၊ မန္တလေးတိုင်းဒေသကြီးတွင် အမရပူရနှင့် ညောင်ဦး၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ကလော၊ အောင်ပန်း၊ ပင်းတယ၊ ဟဲဟိုး၊ ဟိုပုန်း၊ လဲချားနှင့် ကွန်ဟိန်းမြို့တို့တွင် လိုင်းအင်အား တိုးချဲ့ခြင်း (၁၀) ရုံးကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဃ) မိုဘိုင်းတယ်လီဖုန်းများကို ၂၃-၄-၂၀၁၃ ရက်နေ့မှ စတင်၍ ၁၅၀၀ ကျပ် ဈေးနှုန်းသို့ လျှော့ချ၍ မြို့ပြ/ကျေးလက်နေ ပြည်သူများအထိ သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။ လစဉ် မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ ပြည်နယ် များအလိုက် တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ တပ်ဆင်ပြီး မိုဘိုင်းဖုန်း ၇,၇၂၅,၅၆၅ လုံးအပါအဝင် တယ်လီဖုန်း လုံးရေစုစုပေါင်း ၈,၂၉၉,၇၉၁ လုံး တပ်ဆင်ပြီး ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ တပ်ဆင်ခြင်း စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန် အထိ တယ်လီဖုန်းသိပ်သည်းဆမှာ ၁၄.၈ ရာခိုင်နှုန်း ရှိလာပြီ ဖြစ်ပါသည်။

(င) GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ သွားရောက်အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှုစနစ် ကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပေါင်း(၂၅)နိုင်ငံမှ Operator (၄၉) ဦး၏ မိုဘိုင်းတယ်လီ

ဖုန်း သုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက် သုံးစွဲနိုင်ပြီဖြစ်ပါ သည်။

(စ) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ပက်ကက်ဆွီချင်လိုင်း၊ ဖိုက်ဘာလိုင်း၊ MPT Satellite Terminal E1 လိုင်း၊ ADSL လိုင်း၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေးစနစ်အမျိုးမျိုးကို အသုံးပြု၍ အင်တာနက်ချိတ်ဆက်အသုံးပြု လျက်ရှိရာ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အထိ အင်တာနက်လိုင်း အင်အား ၂,၅၁၃,၂၀၅ လိုင်းနှင့် သုံးစွဲသူဦးရေမှာ ၂,၆၀၀,၂၉၈ ရှိလာပြီ ဖြစ်ပါ သည်။

(ဆ) မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း တည်ဆောက်ခြင်းလုပ်ငန်းတွင် ဆက်ကြောင်းသစ် များ အနေဖြင့် ရိဒ်-ကနေဒီ-ဖလမ်း-ဟားခါး-မတူပီ-မင်းတပ် Gbe 1P ဆက်ကြောင်း၊ ပွိုင့် ၃၀၆၉-ပင်လယ်ဘူး-ဟုမ္မလင်း- ပွိုင့်၇၁၅- ပွိုင့်၈၄၅-ခန္တီး Gbe 1P ဆက်ကြောင်းနှင့် ပွိုင့် ၆၂၀၀-တုံတာ- Gbe 1P ဆက်ကြောင်းများကို တိုးချဲ့ တပ်ဆင် ဆောင်ရွက်လျက်ရှိပါသည်။ ဆက်ကြောင်းများ အဆင့်မြှင့် တင်ခြင်း အနေဖြင့် မကွေး-မင်းဘူး-စစ်တွေ-မောင်းတော Gbe 1P (4+0) ဆက်ကြောင်းနှင့် နဘား-ဇန်းမော် Gbe 1P (2+0) ဆက်ကြောင်း တို့ကို ဆောင်ရွက် နိုင်ခဲ့ပါသည်။ ဆက်ကြောင်းများ Capacity တိုးချဲ့ခြင်း အနေဖြင့် ပဲခူး-မုပ္ပလင်-သထုံ Gbe 1P (2+0) ဆက်ကြောင်း၊ မော်လမြိုင်-ထားဝယ် Gbe 1P (2+0) ဆက်ကြောင်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် Gbe 1P (2+0) ဆက်ကြောင်း နှင့် တောင်တွင်းကြီး-ဆပ်သွား Gbe 1P ဆက်ကြောင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ ပါသည်။


ဆက်သွယ်ရေးကဏ္ဍ အနေဖြင့် ပြည်တွင်း/ ပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင် လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့် ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်း ဆက်သွယ်ရေးနှင့် အင်တာနက် ဝန်ဆောင်မှုများကို ပြည်သူများက စိတ်ကြိုက်ရွေးချယ်သုံးစွဲ နိုင်မည် ဖြစ်သည့်အပြင် နိုင်ငံတော်၏ ဝင်ငွေများ တိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေမည် ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ**


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃၉,၉၃၄.၁ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၈၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ငွေရေးကြေးရေးကဏ္ဍ**
**စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၂၅) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၅-၂၆) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၆၈,၄၆၃.၅ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၇၁.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၃၅.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် နိုင်ငံပိုင် အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်၏ ဝင်ငွေများ တိုးမြင့်ခဲ့ပါသည်။ ထို့ပြင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေများ ပိုမိုထုတ်ချေးပေးနိုင်ခဲ့သဖြင့် ဘဏ်အတိုးရငွေများ တိုးတက်လာခဲ့ပါသည်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင် နိုင်ငံခြား ငွေလဲလှယ်နှုန်း ပြောင်းလဲ

ခြင်းမှ ရငွေများနှင့် ပတ်သက်၍ စာရင်းထားရှိမှုစနစ် ပြောင်းလဲခြင်းကြောင့် ငွေလဲလှယ်ခြင်းမှ ရငွေများ လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေး အသင်းများမှ ချေးငွေများ ပိုမို ထုတ်ချေးခဲ့သဖြင့် အတိုးရငွေများ တိုးတက်လာခဲ့ပါသည်။ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပို့ကုန်သွင်းကုန်ဘဏ်ထံမှ အသေးစား ငွေရေးကြေးရေးလုပ်ငန်းချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူရရှိခဲ့ပြီး သမဝါ ယမ အသင်းများမှတဆင့် ကျေးလက်ဒေသနေ တောင်သူများအား ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက် မြင့်မားရေးအတွက် အထောက်အကူများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ် (၂၂) ဘဏ်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း နိုင်ငံတစ်ဝှမ်း ဘဏ်ခွဲပေါင်း ၁၀၃ ဘဏ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဘဏ်များမရှိသည့် ဝေးလံ၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသရှိ ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြု၍ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများအား လုံခြုံစိတ်ချ၊ ရိုးရှင်းလွယ်ကူ၊ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်၊ မိုဘိုင်းကွန်ရက်ဖြင့် ပြည်သူလူထုအတွင်းမိုဘိုင်းဘဏ်နှင့် အသေးစားဝန်ဆောင်မှု လုပ်ငန်းများအား ဘဏ်လုပ်ငန်း နည်းစနစ်များနှင့်အညီ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင် စေရန်၊ နိုင်ငံတကာငွေကြေး လွှဲပြောင်းမှု ဝန်ဆောင်ခြင်း လုပ်ငန်းများအား စိတ်ချလွယ်ကူ လျင်မြန်စွာဖြင့် အနာဂတ်တွင် ပြည်သူများ သုံးစွဲနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ မိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Mobile Banking) အား စတင်ဆောင်ရွက်လျက် ရှိပါသည်။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန်အတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ မှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် များရှိ မြို့နယ်များတွင် ဝန်ဆောင်မှုကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ထားရှိပြီး Mobile Phone ဖြင့် စာရင်းတစ်ခုမှ တစ်ခုသို့ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲပြောင်းခြင်း၊ ဈေးဝယ်ခြင်း၊ လစာပေးချေခြင်းနှင့် ဖုန်းငွေဖြည့်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

ထို့ပြင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများကိုလည်း တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိ ရပါသည်။ အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ခဲ့ရာ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်းမှ INGO (၆) ဖွဲ့၊ NGO (၁၉) ဖွဲ့၊ သမဝါ ယမ (၇၅) ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၈၄) ဖွဲ့၊ ပြည်ပကုမ္ပဏီ (၅) ဖွဲ့၊ စုစုပေါင်း အသေးစားငွေရေးကြေးရေးအဖွဲ့ (၁၈၉) ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခဲ့ပြီး ပုဂ္ဂလိက ငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်းကိစ္စရပ်များတွင် နိုင်ငံခြားငွေဖြင့် အာမခံလက်ခံဆောင်ရွက်ခြင်း၊ လျော်ကြေးပေးချေခြင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ နိုင်ငံခြားကုမ္ပဏီများတွင်တစ်ဆင့်အာမခံထားခြင်း လုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိရာ ယင်းတစ်ဆင့်အာမခံကုမ္ပဏီများသို့ ပရီမီယံပေးချေခြင်း၊ ရရှိမည့် တစ်ဆင့်အာမခံကော်မရှင်များကို လက်ခံဆောင်ရွက်ခြင်းနှင့် လျော်ကြေးပေါ်ပေါက်ပါက တစ်ဆင့်အာမခံကုမ္ပဏီများမှ ပြန်လည်ရရှိမည့် လျော်ကြေးများကို အာမခံထားရှိသူများသို့ ပြန်လည်ပေးလျော်ခြင်း စသည့်ကိစ္စရပ်များအတွက် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာ့အာမခံလုပ်ငန်းသည် နိုင်ငံပိုင် မြန်မာ့လေကြောင်းလိုင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်းများမှ စုစုပေါင်း လေယာဉ် (၅၀) စီးအား နိုင်ငံခြားတစ်ဆင့်အာမခံ ကုမ္ပဏီများတွင် ၁၀၀% တစ်ဆင့်အာမခံထားရှိပြီး ကော်မရှင်ရယူ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပုဂ္ဂလိက အာမခံကုမ္ပဏီများမှလည်း အာမခံလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်လာခဲ့ခြင်းကြောင့် ငွေရေးကြေးရေးကဏ္ဍ၏ ပုဂ္ဂလိကပိုင်တွင် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြန်လည် ရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရန်အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ နည်းပညာအကူအညီ၊ ကျွမ်းကျင်မှု အကူအညီ ရယူဆောင်ရွက်လျက် ရှိပါသည်။

ငွေကြေးနှင့်ဘဏ်လုပ်ငန်းသည် စီးပွားရေးအဆောက်အအုံတွင် အဓိကကျသော အပိုင်းမှ ပါဝင်လျက်ရှိသည်။ နိုင်ငံ၏ စီးပွားရေးစနစ် တိုးတက်အောင်မြင်မှသာ ပြည်တွင်း/ပြည်ပ ငွေကြေးတန်ဖိုး ခိုင်ခန့်တည်ငြိမ်မည် ဖြစ်ပါသည်။ ထို့အတူ ငွေရေးကြေးရေး အခန်းကဏ္ဍကို


စနစ်တကျနှင့် ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်မှသာလျှင် စီးပွားရေးစနစ်ကြီး တစ်ခုလုံး ဖွံ့ဖြိုး တိုးတက်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်ရေးအတွက် လမ်းပြမြေပုံ တစ်ရပ်ဖြစ်သော စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများအတွက် အခြေခံမူဘောင် (FESR) တွင် ဖော်ပြထားသည့် အလျှင်အမြန် အောင်မြင်မှုရရှိစေနိုင်သည့် ကိစ္စများ (Quick Wins) ၁၀ ချက်တွင် ဘဏ္ဍာရေးနှင့် အခွန်စနစ်ပြုပြင်ပြောင်းလဲမှုနှင့် ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို လမ်းညွှန် ဖော်ပြထားပါသည်။ သို့ပါ၍ လူမှုစီးပွားတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် သွားမည်ဆိုပါက မုချမသွေအောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပါ သည်။

## ကုန်သွယ်မှုကဏ္ဍ


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကုန်သွယ်မှုကဏ္ဍ၏ အသားတင် ကုန်သွယ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များအရ ကျပ် ၅,၆၆၉,၈၀၆.၆ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆.၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ ပါသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ကုန်သွယ်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၂၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၅-၂၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၇,၁၇၂,၈၈၅.၇ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၂၆.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၅.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်မှုမှာ ပြည်ပပို့ကုန်ကို ကျပ် ၅,၉၃၂,၉၇၂.၀သန်း၊ ပြည်ပသွင်းကုန် ကျပ် ၈,၀၀၉,၃၀၄.၆ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် ၁၃,၉၄၂,၂၇၆.၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၁,၄၃၀.၄) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၆.၂) သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၃၇၄.၀) သန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၄၅၁.၁) သန်း၊ သစ်တောထွက် ပစ္စည်းများ အမေရိကန် ဒေါ်လာ (၆၅၀.၃) သန်း၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန် ဒေါ်လာ (၂၀၅၈.၂) သန်း နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ (၁,၁၁၁.၇) သန်း၊ စုစုပေါင်း အမေရိကန် ဒေါ်လာ (၆၀၈၁.၉) သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏အများဆုံး ကုန်သွယ်ဘက်နိုင်ငံများ အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ (၂၈.၂) ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ (၂၂.၇) ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံမှ (၁၄.၅) ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ (၇.၅) ရာခိုင်နှုန်း၊ ကိုးရီးယားနိုင်ငံမှ (၈.၂) ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ (၆.၆) ရာခိုင်နှုန်း ဖြစ်ပါသည်။

ပြည်ပပို့ကုန် အများဆုံး တင်ပို့သည့် နိုင်ငံများမှာ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ (၂,၃၉၉.၁) သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ (၁,၆၄၀.၀) သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ (၂၇၈.၂) သန်း၊ အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ (၇၄၈.၉) သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန် ဒေါ်လာ (၄၁၂.၃) သန်း ဖြစ်ပါသည်။ အများဆုံး တင်ပို့သည့် ကုန်ပစ္စည်းများမှာ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်း၊ ပဲအမျိုးမျိုး၊ ချုပ်ပြီးအထည်၊ ရေထွက်ပစ္စည်းများ၊ သစ်လုံး တို့ဖြစ်ကြပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန် ဒေါ်လာ (၃၈၅၁.၄) သန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန် ဒေါ်လာ

(၂,၄၃၃.၆) သန်း၊ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ (၁,၉၂၈.၄)သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ (၈၂၁၃.၄) သန်း တင်သွင်းခဲ့ပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ (၂,၃၉၁.၀) သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ (၁,၆၀၆.၉) သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ (၈၄၉.၇) သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန် ဒေါ်လာ (၆၆၈.၂) သန်း၊ ကိုရီးယားနိုင်ငံမှ အမေရိကန် ဒေါ်လာ (၁,၀၀၃.၃)သန်း တင်သွင်းခဲ့ပါသည်။

အများဆုံး တင်သွင်းသည့် ကုန်ပစ္စည်းများမှာ ရေနံနှင့်ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ သင်္ဘောနှင့် သင်္ဘောအပိုပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး အပိုပစ္စည်းများ၊ သွပ်ပြား၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများတို့ဖြစ်ကြပါသည်။

**ဖြေလျှော့ပေးမှုများနှင့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ**

ကုန်သွယ်ရေးမူဝါဒ (၅) ရပ်နှင့်အညီ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုများနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၅ ခုနှစ်(AEC) အာဆီယံအသိုက်အဝန်းတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲအား WTO နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဌာနခွဲနှင့် ASEAN နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဌာနခွဲဟူ၍ ဌာနခွဲ (၂) ခုဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသများအတွင်း တရားမဝင် ကုန်သွယ်မှုပပျောက်ရေးအတွက် (Mobile Team) များ၏ ဆောင်ရွက်မှုလုပ်ငန်းများ၊ ကုန်စည်ပြပွဲနှင့် ကားအရောင်းပြခန်း ဖွင့်လှစ်ခြင်းလုပ်ငန်းများ၊ အကောက်ခွန် သက်သာခွင့်ဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူရေးရာ အကာအကွယ်ပေးခြင်း လုပ်ငန်းများ စသည်တို့အား သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများအပြင် ပြည်တွင်း/ပြည်ပ ကုန်သည်များ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ Website (၃) ခုအနက် www.commerce.gov.mm Website အား ပိုမို ကောင်းမွန်စေရန် Joomla Version မှ Drupal Version သို့ပြောင်းလဲခြင်း၊ လုပ်ငန်းရှင် ကိုယ်စားလှယ်များ စီးပွားရေးအကျိုးဆောင်

လက်မှတ်များအား Online စနစ်ဖြင့် လျှောက်ထား ခြင်းအား စမ်းသပ်အသုံးပြု ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် Myanmar Tradenet Website အသင်းဝင် (၁၂၁) ဦး တိုးတက်ခဲ့ပြီး ၊ အသင်းဝင် ဦးရေ ပေါင်း (၄၀၂၀) ဦး ရရှိပြီ ဖြစ်ပါသည်။ ထို့အပြင် National Single Window စနစ် အထောက်အကူဖြစ်စေရန် အကောက်ခွန်ဦးစီးဌာန၏ www.myanmarcustoms.gov.mm Website နှင့်ချိတ်ဆက်၍ ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းဆိုင်ရာ လေ့ကျင့်ခန်းအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အတွင်းရေးမှူးအစီရင်ခံစာ (Secretariat Report) နှင့် အစိုးရအစီရင်ခံစာ (Government Report) များအား ADB နည်းပညာအကူအညီဖြင့် ကျွမ်းကျင် ပညာရှင်များ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အဖွဲ့ဝင်နိုင်ငံများမှ သိရှိလိုသော မေးခွန်းများ ဖြေကြားခဲ့ပြီး ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်းကို ဆောင်ရွက် ခဲ့ပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ အခြေစိုက် IDEAS Center မှ ကျွမ်းကျင်သူများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဌာနဆိုင်ရာ အရာထမ်းများ ပူးပေါင်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ဒိုဟာ စေ့စပ်ဆွေးနွေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ WTO ၏ အခြေခံစည်းမျဉ်း၊ စည်းကမ်းများနှင့် အဓိကဘာသာရပ် ဆွေးနွေးပွဲဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများအား ကျင်းပနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်အောက်ရှိ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံလေ့လာမှုအကြိုအဆင့် (Pre-Diagnostic Trade Integrated Study–Pre-DTIS) ဆောင်ရွက်လျက်ရှိ ပါ သည်။

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံနှင့် အခြားဆွေးနွေးဖက်နိုင်ငံများ ၏လွတ်လပ်သော ကုန်သွယ်မှုဒေသများဖြစ်သည့် အာဆီယံ-တရုတ်၊ အာဆီယံ-ကိုးရီးယား၊ အာဆီယံ-ဂျပန်၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံ-အိန္ဒိယ စသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသများနှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ ပင်ရင်းနိုင်ငံစည်းမျဉ်းများ (Rules of Origin-Roo) ဆိုင်ရာကိစ္စရပ်များအား Focal Point

အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဂျာမဏီနိုင်ငံ GIZ အထောက်အပံ့ဖြင့် နိုင်ငံတကာ ကုန်သွယ်မှုစင်တာ (International Trade Center- ITC) မှနည်းပညာဖြင့် အမျိုးသားအဆင့် ပို့ကုန်မဟာ ဗျူဟာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (National Export Strategy-NES) ဒီဇိုင်းရေးဆွဲခြင်းအား အဆင့်ဆင့် ဆောင်ရွက် လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန/အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများမှ သင်တန်းသားများဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အဆင့်မြင့် သင်တန်း (၁)ခု နှင့် အခြေခံသင်တန်း(၁)ခု ဖွင့်လှစ်နိုင်ခဲ့ပြီး စုစုပေါင်းသင်တန်းသားဦးရေ (၁၀၇)ဦး သင်ကြား နိုင်ခဲ့ပါသည်။ အာရှ-ပစိဖိတ်၏ အစီအစဉ်ဖြင့် UNESCAP အဖွဲ့ အစည်းမှ သင်တန်းများ အတွက် သင်တန်းသားပေါင်း (၉၀) ဦး၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ သင်တန်းများအတွက် သင်တန်းသား (၁၀၅)ဦး တက်ရောက် သင်ကြားနိုင် ခဲ့ပါသည်။ ဝန်ထမ်းများသာမက ပုဂ္ဂလိကကဏ္ဍအတွက် ရည်ရွယ်၍ ရန်ကုန်မြို့ ကုန်သွယ်မှု သင်တန်းကျောင်းတွင် E-Library ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူ အကာအကွယ်ပေးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ပညာပေး သတင်းဖြန့်ချိမှု လုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။

တရားမဝင် ကုန်သွယ်မှု တားဆီးပပျောက်ရေးအတွက် (Mobile Team) ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းနယ်မြေအတွင်းရှိ ကမ်းရိုးတန်းဆိပ်ကမ်း၊ ရန်ကုန်မြစ်တလျှောက် Gate Way မှ ပဲခူးမြစ်၊ ရန်ကုန်မြစ်တလျှောက်နယ်မြေများ၊ မော်တော်ကားလမ်းနှင့် အဝေးပြေးကုန်တင်ဂိတ်၊ ခရီးသည်တင်ဂိတ်များ၊ အပြည်ပြည်ဆိုင်ရာလေကြောင်းမှ သယ်ယူလာသော Hand Carry များ၊ Air Cargo များ၊ နယ်စပ်မြို့များမှ ရန်ကုန်- မန္တလေး သို့ ပို့သန်းမည့် ပြည်တွင်းလေကြောင်းလိုင်းများ၊ Super Market များ၊ သိုလှောင်ရုံများတို့တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ Mobile Team များ၏ဆောင်ရွက်မှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် အမှုတွဲပေါင်း ၆၉၄ တွင် ခန့်မှန်းတန်ဖိုးကျပ် ၆,၆၃၇ သန်း ဖမ်းဆီးရရှိခဲ့ပါသည်။

၂၀၁၅ ခုနှစ်(AEC) အာဆီယံ အသိုက်အဝန်းအောင်မြင်ရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှု နှင့် ဈေးကွက်ယှဉ်ပြိုင်မှု စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစီမံချက်များ ဆောင်ရွက်လျက် ရှိပါသည်။ ပြည်တွင်း ကုန်စည်ပြပွဲ (၂၀) ပွဲနှင့် ပြည်ပကုန်စည်ပြပွဲ (၁၆)ပွဲ၊ တိုင်းဒေသကြီးများတွင် ကုန်စည်ပြပွဲ (၃)ပွဲ စီစဉ်ပြသနိုင်ခဲ့ပါသည်။

အာဆီယံကုန်သွယ်ရေး သဘောတူ စာချုပ်အရ သီးသန့်စည်းမျဉ်း (Product Specific Rules–PSR) ကျင့်သုံးမည့် ကုန်စည်အမယ် (၂၆၅၂) မျိုး စာရင်းအား ပြုစုထားပါသည်။ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) ၏ သီးသန့်စည်းမျဉ်းဖြင့်ကျင့်သုံးမည့် (Product Specific Rules–PSR List) H.S2012 အား အာဆီယံနိုင်ငံများမှ အတည်ပြု လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့သည့်အခါ ကုန်စည်အမယ်အလိုက် သတ်မှတ်ထားသော ပင်ရင်းမှတ်ကျောက် (Origin Criteria) နှင့် ကိုက်ညီမှုရှိပါက အကောက်ခွန် သက်သာခွင့် ရရှိမည်ဖြစ်ပါသည်။


ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပို့ကုန်/သွင်းကုန်ဆိုင်ရာ လိုင်စင် လျှောက်ထား ရယူရန်မလိုသည့် ပို့ကုန် (၁၅၂)မျိုး၊ သွင်းကုန် (၁၆၆) မျိုး ထုတ်ပြန်ပေးခဲ့ပြီး၊ ပို့ကုန် (၁၅၂) မျိုးအပေါ်တွင် လက်ရှိကျင့်သုံးနေသော H.S 2012 Version အရ H.S Code လိုင်းပေါင်း (၉၈၃) လိုင်းမှာ လိုင်စင်လျှောက်ထားရန်မလိုဘဲ ကျန် H.S Code များမှာ ပို့ကုန် လိုင်စင် လျှောက်ထားရမည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များ ပိုမိုလွယ်ကူ ရှင်းလင်းစေရန် သွင်းကုန် (၁၆၆)မျိုးအတွက် H.S Code လိုင်းပေါင်း (၁,၉၂၈)လိုင်းဖြင့် လိုင်စင် လျှောက်ထားရန် မလိုကြောင်း သတ်မှတ်ခဲ့ပါသည်။

**သမဝါ ယမကဏ္ဍ**

သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိရာ အဓိကမူဝါဒများမှာ ခေတ်မီနည်းပညာနှင့် အတတ်ပညာတတ်မြောက် အသုံးပြုနိုင်သည့် သမဝါ ယမအသင်းများ၊ အသင်းသားများဖြစ်စေရေး အားပေးဆောင်ရွက်ရန်၊ အရည်အသွေးမြင့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

သမဝါယမပိုင်အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု စုစုပေါင်း တန်ဖိုးကို ဒုတိယ(၆) လပတ်တွင် ကျပ် ၄၂၇,၃၀၇.၆ သန်း ရရှိရန် မျှော်မှန်းထားရှိခဲ့ရာ ကျပ် ၄၆၅,၂၆၄.၇ သန်း ရရှိခဲ့သဖြင့် ၁၀၈.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ တိုးတက်မှုနှုန်း အနေဖြင့် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခဲ့ရာ ၃.၂ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

**ပုံ (၅-၂၉) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ သမဝါယမပိုင်အခန်းမှ ဒုတိယ (၆) လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှုအခြေအနေ**




ဇာစ်မြစ်။ သမဝါယမဝန်ကြီးဌာန

စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှု အခြေအနေနှင့် ပတ်သက်၍ လူတန်းစားအလွှာပေါင်းစုံဆောင်ရွက်စေနိုင်မည့် အခြေခံသမဝါယမအသင်း (၃,၉၁၄) သင်း နှင့် သမဝါယမအသင်းစု (၄) သင်း၊ စုစုပေါင်း သမဝါ ယမအသင်း (၃,၉၁၈) သင်း ကို ဒုတိယ (၆) လပတ်အတွင်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ၃၁-၃-၂၀၁၄ အထိ သမဝါ ယမ အသင်း ပေါင်း (၂၆,၈၃၈) သင်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် ငွေစုငွေချေးနှင့် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော သမဝါ ယမအသင်း ၁,၀၀၁ သင်း၏ ငွေစုငွေချေးလုပ်ငန်းခွဲများမှ အသင်းသား ၈၃,၉၆၁ ဦးသို့ ကျပ် ၄,၂၁၈.၈၉၄ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

ဒေသထွက်သယံဇာတ အရင်းအမြစ်များကို အသုံးပြုလုပ်ဆောင်သော စီးပွားရေး လုပ်ငန်းများဖြစ်သည့် ရေနံစိမ်းထုတ်လုပ်ခြင်းကို သမဝါယမအသင်း (၆)သင်းမှလည်းကောင်း၊ ကျောက်စိမ်းအသားကျောက်၊ ရောရာကျောက်မျက်အရိုင်း၊ ဂဝံအုတ်ပြား၊ လမ်းခင်းကျောက်၊ မြစ်သဲ၊ ရေတွင်းကျောက်၊ ကျင်းကျောက်၊ စကျင်ကျောက် ထုတ်လုပ်ခြင်း လုပ်ငန်းများကို သမဝါယမအသင်း (၁၂)သင်းမှ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးမြင့်လာစေရေးအတွက် လူတစ်ဦးချင်း ဝင်ငွေရရှိရန် ချေးငွေများထုတ်ချေးပေးပြီး ဝက်၊ နွား၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေး လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်းများ ဆောင်ရွက်ပြီး ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးနိုင် ခဲ့ပါသည်။ သမဝါယမအသင်းများမှ လိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာ များကို ဂျပန်၊ တရုတ်၊ ကိုရီးယား၊ မလေးရှား နိုင်ငံများရှိ စီးပွားရေး အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သမဝါယမနှင့် လူမှုစီးပွားရေးကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် သမဝါယမတက္ကသိုလ် (၂) ခုနှင့် သမဝါယမကောလိပ် (၂) ခုတို့တွင် ကျောင်းသား (၃,၃၄၉) ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သမဝါယမသင်တန်းကျောင်း (၄) ကျောင်းနှင့် သမဝါ ယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း (၃)ကျောင်းတွင် လက်မှတ်ရစာရင်းရေး စာရင်းကိုင် သင်တန်း၊ ကွန်ပျူတာသင်တန်း၊ လက်နှိပ်စက်သင်တန်း၊ အရာရှိများလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါသည်။


အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှလည်း စားသောက်ကုန်၊ လူသုံးကုန်၊ အခြား နည်းပညာသင်တန်း၊ (၈၁) ကြိမ်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ အသေးစားစက်မှု လက်မှု လုပ်ငန်း မြှင့်တင်ရေး ဥပဒေအရ မှတ်ပုံတင် ဆောင်ရွက်ပေးခြင်းကို လုပ်ငန်း (၉၄၉)ခု လျှောထားရာ (၁,၇၃၉)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သမဝါယမပို့ကုန်သွင်းကုန် လုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ပို့ကုန်တင်ပို့နိုင်မှုမှာ ပဲမျိုးစုံ၊ လယ်ယာ၊ ကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်သီးနှံများတွင် ဆန်

အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုးနှင့် ရေထွက်ပစ္စည်း စသည့် ပို့ကုန် ၁၅ မျိုးအတွက် မက်ထရစ်တန်ချိန် ၁၈,၅၇၄.၅၅၁၃၊ တန်ဖိုး ကျပ် ၉,၅၀၇.၄ သန်း တင်ပို့နိုင်ခဲ့ပါသည်။

သမဝါယမအသင်းများမှ ပို့ကုန်တင်ပို့နိုင်မှုမှာ လယ်ယာ ဥယျာဉ်ခြံမြေထွက်သီးနှံ၊ ရေထွက်ပစ္စည်း၊ ကြိမ်၊ လက်မှုပစ္စည်း၊ ကုန်မျိုးစုံ အတွက် မက်ထရစ်တန်ချိန် (၅,၂၂၇.၃၀၀၀)၊ တန်ဖိုး ကျပ် (၉,၃၀၉.၂) သန်း တင်ပို့ နိုင်ခဲ့ပါသည်။

**ပုံ (၅-၃၀) သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမအသင်းများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ**




ဇာစ်မြစ်။ သမဝါယမဝန်ကြီးဌာန


သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ သမဝါ ယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၏ ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးကို ဒုတိယ(၆) လပတ်တွင် ကျပ် ၄,၁၄၂.၆ သန်း လျာထားခဲ့ရာ ၉,၅၀၇.၄ သန်း ရရှိခဲ့သဖြင့် ၂၂၉.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါ သည်။ သမဝါယမအသင်းများ၏ ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုးကို ကျပ် ၈,၄၁၂.၈ သန်း လျာထားခဲ့ရာ ၉,၃၀၉.၂ သန်း ရရှိခဲ့သဖြင့် ၁၁၀.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။

## ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆၁၄,၃၁၄.၂ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၅.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၆၈၈,၃၀၆.၄ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၁၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၆.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အနေဖြင့် နိုင်ငံတော်မှ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများ မှတ်ပုံတင်ခြင်း ပြုလုပ်ပေးရာတွင် လျင်မြန်ချောမွေ့စေရန်အတွက် (One Stop Service) ဖြင့်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သော ခရီးသွားလုပ်ငန်းသည် သိသာစွာ ဖွံ့ဖြိုးတိုးတက်မှုရှိသော လုပ်ငန်းဖြစ်ခြင်းကြောင့် နိုင်ငံခြားခရီးသွား ဧည့်သည်များ

ပိုမို တိုးတက် ရောက်ရှိခြင်းကြောင့် ဝင်ငွေများတိုးတက်ရရှိခြင်း၊ အစီရင်ခံသည့် ဒုတိယ (၆)လပတ်သည် ပွင့်လင်းရာသီဖြစ်သဖြင့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်နိုင်မှုများနှင့် အရေအတွက်များ တိုးတက်ခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ပုဂ္ဂလိကကျောင်း ၆၉ ခု၊ ဘော်ဒါဆောင်လုပ်ငန်းနှင့် Day Special လုပ်ငန်း စုစုပေါင်း ၄၈၁၉ ခုနှင့် နေ့ကလေးထိန်း လုပ်ငန်းတွင် ပထမ(၆)လပတ်၌ ဆောင်ရွက် ခဲ့သည့် လုပ်ငန်းထက် ၄၅ ခု တိုးတက်လာပြီး စုစုပေါင်း ၂,၃၂၅ ခု တို့ဖြင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိကဆေးရုံ လုပ်ငန်းတွင် ပထမ (၆) လပတ်၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းထက် ၂၃ ခု တိုးတက်လာပြီးစုစုပေါင်း ၁၉၀ ခု၊ ဆေးကုသခန်း လုပ်ငန်းတွင် ပထမ(၆)လပတ်၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းထက် ၃၆၆ ခု တိုးတက်လာပြီးစုစုပေါင်း ၆,၀၀၈ ခု အထိ ဖြစ်ပေါ်တိုးတက်ခဲ့ပြီး ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါသည်။

**ခရီးသွားလုပ်ငန်း။** ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန် နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးရုံသာမက ပြည်တွင်းစီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ထောက်ပံ့ပေးသည့်အပြင် ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဒေသခံလူမှုအဖွဲ့အစည်းများအတွက် အပိုဝင်ငွေရရှိစေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း ဖန်တီးပေးပါသည်။ ထို့အတွက်ကြောင့်လည်း နိုင်ငံတော်မှ ချမှတ်ပေးသော ဦးစားပေး လုပ်ငန်း (၇) ခုတွင် ခရီးသွားလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရာသီချိန်နှင့် ပတ်သက်ပြီး ခရီးသည် အများအပြား လာရောက်ချိန်နှင့် ခရီးသည်ဦးရေ နည်းပါးသည့်အချိန် ဟူ၍ အခြေအနေနှစ်မျိုးရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်သည် ခရီးသည် အများအပြား လာရောက်ချိန်ပင် ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသည် ဦးရေကို ၉၀၀,၀၀၀ ဦး ရည်မှန်းခဲ့ရာ ခရီးသည် ဦးရေ ၁,၄၅၇,၈၀၇ ဦး ရောက်ရှိခဲ့ပါသည်။ ထိုကဲ့သို့ ခရီးသည်ဦးရေများပြားရခြင်းမှာ ၂၇ ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပွဲတော်ကျင်းပခဲ့ခြင်းနှင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူ ဆောင်ရွက်ရသောကြောင့် အစည်းအဝေးများစွာ ကျင်းပခြင်းတို့ကြောင့်လည်းဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်ဒေသအလိုက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ယခင်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင် ပါဝင်သောဌာန တစ်ခုဖြစ်သည့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ (၁၁-၁၂-၂၀၁၃) ရက်နေ့ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၃) မှ သဘောတူခွင့်ပြုချက်ဖြင့် ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့ပါသည်။

၎င်းအပြင် ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမှ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှု ရရှိစေရေးအတွက် ရည်ရွယ်၍ "တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ"(Responsible Tourism Policy) အားလည်းကောင်း၊ ဒေသလူမှုအဖွဲ့အစည်းများအတွက် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှု တိုးပွားလာစေရန်၊ သင့်တော်သည့် ခရီးသွားထုတ်ကုန်များကို တိုးချဲ့၍ ပြည်တွင်း၊ ပြည်ပဧည့်သည်များအား ဆွဲဆောင်ရန်နှင့် ခရီးစဉ်ဒေသများ၊ ခရီးသွားဧည့်သည်များတိုးပွားလာခြင်းကြောင့် မကောင်းသော အကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေးအတွက် စီမံခန့်ခွဲမှုကို ပိုမိုဂရုပြုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "Policy on Community Involvement in Tourism" အားလည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များမှ ဒေသခံလူထုနှင့် ပိုမိုရင်းနှီးခင်မင်စွာဆက်ဆံနိုင်ရေး၊ အပြန်အလှန်နားလည်မှုပိုမိုရရှိရေးနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိပြီး လေးစားလိုက်နာနိုင်ရေးတို့အတွက် ရည်ရွယ်၍ "ကမ္ဘာလှည့်ခရီးသည်များအတွက် ဆောင်ရန်၊ ရှောင်ရန်များ (Dos and Don' ts for Tourists) အားလည်းကောင်း ထုတ်ဝေနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ လက်ရှိခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောဝန်ကြီးဌာနများသို့ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

၎င်းအပြင် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် (၂.၀၄) သန်း ရောက်ရှိခဲ့ပြီး ယင်းအရေအတွက်သည် ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၉၃.၀၄%) ကျော် တိုးတက်မှု ရှိခဲ့သဖြင့် အဆိုပါတိုးတက်မှုအခြေအနေနှင့်အတူ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု ခိုင်မာစေရန်နှင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်များအပေါ် တူညီသည့် အကျိုးသက်ရောက်မှု ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ

ကြီးကြပ်မှု၊ နော်ဝေနိုင်ငံအစိုးရမှ ငွေကြေးထောက်ပံ့မှု၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာအကူအညီတို့ဖြင့် "မြန်မာ့ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၁၃-၂၀၂၀)" (Myanmar Tourism Master Plan 2013-2020) အား အခြေခံလမ်းညွှန်ချက် (၉) ရပ်၊ အဓိကရည်မှန်းချက် (၂) ရပ်နှင့် မဟာဗျူဟာအစီအစဉ် (၆) ခုတို့ဖြင့် ရေးဆွဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက် တည်းခိုနေထိုင်ရေး၊ လှည့်လည်သွားလာရေးအဆင်ပြေစေရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားမှု လိုင်စင်များကို အဆင်ပြေစွာ စိစစ်ထုတ်ပေးခြင်း၊ ဒေသအလိုက် ခရီးသွားလုပ်ငန်းဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်ဇုန် (၁၁) ဇုန် သတ်မှတ်ဖွဲ့စည်းပေးခြင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ယင်းအဖွဲ့ချုပ် လက်အောက်ရှိ လုပ်ငန်းကဏ္ဍ အလိုက် အသင်း(၁၁) သင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်ဒေသအလိုက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၊ ဒေသတွင်းဧည့်လမ်းညွှန်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းအပြင် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ကြီးကြပ်မှုအောက် ပုဂ္ဂလိကအသင်းအဖွဲ့များမှ ဝန်ထမ်းများအား ပြည်ပသင်တန်းများသို့ စေလွှတ်ပေးနိုင်ခဲ့ခြင်း၊ ပြည်ပမီဒီယာများမှတဆင့် နိုင်ငံ၏ခရီးစဉ် ဒေသဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာအစီအစဉ်များအား လွှင့်တင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်း၊ ပြည်တွင်းရှိ ထင်ရှားသော ခရီးစဉ်ဒေသများအား နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ခရီးသွားပြပွဲ အခမ်းအနားများတွင် ပါဝင်ပြသပြီး ဈေးကွက်ရှာဖွေမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ စင်းလုံးငှားလေယာဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်များနှင့် နယ်စပ်ဖြတ်ကျော်မောင်းနှင်သည့် မော်တော်ယာဉ်တန်းခရီးစဉ်များအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရေး၊ နယ်စပ်ဝင်/ထွက်ပေါက်များတွင် အဆင်ပြေမှု ရှိစေရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၌ ၁၉၉၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေဖြင့် ခွင့်ပြုချက်အရ ပုဂ္ဂလိကများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ခဲ့ကြရာတွင် မြန်မာနိုင်ငံ (၅၃) မြို့နယ်၌ ဟိုတယ်နှင့်တည်းခိုရိပ်သာများ ပေါ်ထွက်လာသကဲ့သို့ ခရီးလှည့်လည်ရေးကုမ္ပဏီများ၊ ပို့ဆောင်ရေးယာဉ်များနှင့် ဧည့်လမ်းညွှန်များသည်လည်း ယခင်ကထက် ပိုမိုများပြားလာပါသည်။

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရ ခရီးသွားလာရေးလုပ်ငန်း ကြီးကြပ်မှုဌာနသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသောလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် (၄) မျိုးကို ထုတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်၊ မတ်လ (၃၀) ရက် နေ့အထိ ထုတ်ပေးခဲ့သောလိုင်စင်များ၏ အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါ သည်-

(က) **ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်**

(၁) ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်း (၉၂၄) ခု၊ နိုင်ငံခြားနှင့်ပြည်တွင်းဖက်စပ်ဟိုတယ် (၂၆) ခု၊ ဌာနပိုင်ဌားရမ်း ဟိုတယ်(၂၁) ခု စုစုပေါင်း (၉၇၁) ခု ရှိပြီး၊ ပြည်တွင်းပုဂ္ဂလိကပိုင် ဟိုတယ်၌(၃၂,၁၆၁) ခန်းနှင့် နိုင်ငံခြားနှင့်ဖက်စပ် ဟိုတယ် (၃,၈၉၅) ခန်း နှင့် ဌာနပိုင်ဌားရမ်း ဟိုတယ် (၉၆၈) ခန်းရှိပါသည်။ စုစုပေါင်း အခန်း (၃၇,၀၂၄) ခန်း ရှိ ပါသည်။

(ခ) **ခရီးလှည့်လည်ရေးကုမ္ပဏီများ**

(၁) ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီများမှာ စုစုပေါင်း(၁,၄၀၉) ခု ရှိပါသည်။ ၎င်းကုမ္ပဏီများသည် ရန်ကုန်ဝင်ပေါက်မှဝင် ရောက်လာသော ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးစဉ်ချောမွေ့စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ တချို့သော ကုမ္ပဏီများသည် နယ်စပ်ဝင်ပေါက်များမှတဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအတွက် ခရီးစဉ်ဆောင်ရွက်ကြပါသည်။

(၂) နိုင်ငံခြားမှ ရာနှုန်းပြည့်ရင်းနှီးလုပ်ကိုင်သော ခရီးလှည့်လည်ရေး ကုမ္ပဏီ (၁) ခုရှိပြီး၊ ပြည်တွင်းနှင့် နိုင်ငံခြားဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီ (၂၉)ခု ရှိပါ သည်။

(ဂ) **ဧည့်လမ်းညွှန်လိုင်စင်**

(၁) ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြန်မာလူမျိုး တိုင်းရင်းသားတို့၏ ဆီးကြိုသောအပြုံးများကို နှစ်ခြိုက်စွာလက်ခံကြပြီး မြန်မာ့ရေမြေတောတောင် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာ ခံစားရင်း မြန်မာ့ ရိုးရာယဉ်ကျေးမှု ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများ အကြောင်းကို ၄င်းတို့၏ ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းကို နှစ်သက်၍ ယင်းသို့ ရှင်းလင်းပြောကြားနိုင်ရန် သက်ဆိုင်ရာ ဘာသာရပ် အလိုက် ဧည့်လမ်းညွှန်များကို အခါအားလျော်စွာ လေ့ကျင့်မွေးထုတ်ပေး လျက်ရှိပါသည်။ဧည့်လမ်းညွှန်စုစုပေါင်း (၃,၆၇၉) ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

(၂) ဧည့်လမ်းညွှန်များတွင် အင်္ဂလိပ်ဘာသာဖြင့် လိုင်စင်ရရှိသူ အများဆုံး ဖြစ်ပြီး ဂျပန်ဘာသာ ဒုတိယအများဆုံးဖြစ်၍ တရုတ်ဘာသာ တတိယ အများဆုံး ဖြစ်ပါသည်။ ကျန်ဘာသာရပ်များမှာ အနည်းအကျဉ်းသာ ရှိကြပါသည်။

(ဃ) **ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်**

(၁) မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား သက်တောင့်သက်သာစွာ ပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေးလုပ်ငန်း လိုင်စင် စုစုပေါင်းမှာ (၁၆၉) ခု၊ စင်းရေပေါင်း (၂၁၉) စင်း ထုတ်ပေးခဲ့ ပါသည်။

(၂) ပုဂံ-ညောင်ဦးဒေသအတွင်း မိုးပျံပူဖောင်းဖြင့် ကောင်းကင်ယံမှ လှည့်လည် ကြည့်ရှုရန် ခရီးလှည့်လည်ရေး ကုမ္ပဏီ (၁) ခု ကို လုပ်ကိုင် ခွင့်ပြုပြီး ဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်း စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်၍ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ထွက်မှု စနစ်တကျ လွယ်ကူ

အဆင်ပြေရေး၊ ခရီးသွားလုပ်ငန်းတွင် အသုံးပြုသော ပို့ဆောင်ရေးယာဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိသော ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်း ဖြစ်ထွန်းအောင်မြင်စေရန်အတွက် မြန်မာ့ရေမြေ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်၊ တိုင်းရင်းသား လူမျိုးစုများ၏ ဓလေ့ထုံးစံ စသည့်ရင်းမြစ်များကို အခြေပြု၍ အကျိုးရှိစွာ အသုံးချ ဆောင်ရွက်လျက် ရှိပါသည်။


ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါ က အရေအတွက်တိုးလာသည့်အပြင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေတိုးလာကြောင်း တွေ့ရှိရပါ သည်။ ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများတွင် အဓိကအားဖြင့် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်တည်းခိုခန်းများ၊ Toll Gate လုပ်ငန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ်လုပ်ငန်းများ၊ Internet ဝန်ဆောင်မှုလုပ်ငန်းများ၊ စတိုးဆိုင်လုပ်ငန်းများ၊ စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းများသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အရေအတွက် တိုးလာသည့်အပြင် ဝင်ငွေများလည်း တိုးတက်လာသောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ပါ သည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆၇၇,၈၀၅.၀ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂၇.၈ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၀၀၆,၀၂၉.၉ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၄၈.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၃.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**။ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းများမှာ-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူခြင်း၊ လူကုန်ကူးခံရသူ (၁၀၈)ဦး နှင့် ကလေး ၈(၂)ဦး တို့ကို ကယ်တင်ခြင်း၊ အသိပညာပေး၍ နေရပ်သို့ ပြန်လည်စေလွှတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ဘိန်းခင်းပေါင်း ၃၇,၁၈၀.၀၀၀ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံအမျိုးသား ရာဖွေကယ်ဆယ်ရေး ကော်မတီမှ တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခု အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု (၁၂၀)ကြိမ်တွင်

အိမ်ခြေ (၆၃၈)လုံး၊ ဒုက္ခသည်ပေါင်း (၃,၁၂၀) ဦးအား ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP မှ ဆောင်ရွက်လျက်ရှိသော နိုင်ငံဆိုင်ရာ အစီအစဉ် (Country Programme Action Plan) (2013-2015) အစည်းအဝေးများအား ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် နေပြည်တော်၊ (UNDP) ရုံးခွဲတွင် ကျင်းပခဲ့ပါသည်။ UNDP နှင့် EU တို့ ပူးပေါင်းကာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေး ဖိုရမ် (Myanmar Development Cooperation Forum -MDCF) မှ အခြေခံ ဖြစ်ပေါ်လာသော ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Public Administration Reform Process Sector Working Group- PARPSWG) ၏ ကြိုတင်ညှိနှိုင်း အစည်းအဝေးအား မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံဒေသ Bagan River View Hotel တွင် ကျင်းပခဲ့ပြီး ထွက်ပေါ်လာသည့် ရလဒ်များအား ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Public Administration Reform Process Sector Working Group- PARPSWG) ၏အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ပါသည်။

(ဃ) ဒေသန္တရအုပ်ချုပ်မှု လေ့လာဆောင်ရွက်ခြင်း အပိုင်း(၂)ကို ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဆောင်ရွက်ခဲ့သည့် ဒေသန္တရ အုပ်ချုပ်မှု လေ့လာဆောင်ရွက်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ နှစ်ပတ်လည်လုပ်ငန်း အစီရင်ခံစာများနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

(င) မီးသတ်ဦးစီးဌာနသည် မီးဘေးကာကွယ် တားဆီးရေးအဖွဲ့ အဆင့်ဆင့်ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် (၁၄)ဖွဲ့၊ ခရိုင်အဆင့် (၆၃)ဖွဲ့၊ မြို့နယ်အဆင့် (၃၂၂)ဖွဲ့၊ ရပ်ကွက်/ ကျေးရွာအဆင့် (၈,၁၆၀)ဖွဲ့၊ စုစုပေါင်း (၈,၄၅၉) ဖွဲ့ကို ဖွဲ့စည်း

နိုင်ခဲ့ပြီး အကြိုအခြေခံ မီးသတ်ပညာသင်တန်း (၁၀၉)ကြိမ် ဖွင့်လှစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင် (၃,၈၅၁)ဦးကို သင်ကြားပို့ချ ပေးနိုင်ခဲ့ပါသည်။

(စ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့မှ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုလေ့လာသုံးသပ်ရေး အဖွဲ့နှင့် ဆက်နွယ်သည့်ကိစ္စရပ်၊ နည်းပညာ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ တို့ကို ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**ကာကွယ်ရေးဝန်ကြီးဌာန**။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည် -

(က) တပ်မတော်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ၊ အရေးကြီးအဆောက်အဦများ၊ လေယာဉ်ကွင်းများ၊ စီမံကိန်းဝင်တည်ဆောက်ရေး လုပ်ငန်းများအား လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ပေးခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်အစိုးရနှင့် SSA (ရှက်ဆစ်)အဖွဲ့ တို့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်းအစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအင်န်ပီပီ) နှင့် နိုင်ငံတော်အစိုးရတို့သည် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ပြီး သဘောတူညီချက် ၁၄ ချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ၏ လုံခြုံရေး၊ နိုင်ငံခြားသားပညာရှင်များ၏ လုံခြုံရေးကို ဆောင်ရွက်လျက်ရှိ ပါသည်။

(ခ) တနင်္သာရီတိုင်းဒေသကြီးအတွင်း ပင်လယ်ပြင်စိုးမိုးရေးကိုလည်း ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ITLOS မှ သတ်မှတ်ပေးပြီးဖြစ်သည့် မြန်မာ့ပင်လယ်ပြင်ပိုင်နက် လုံခြုံရေးကို တပ်မတော်(ရေ)က စစ်ဆင်ရေးနှင့် လုံခြုံရေးတိုက်ကင်းများ လှည့်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ် များတွင်ဒေသခံ တိုင်းရင်းသားလူနာ စုစုပေါင်း ၁၀၃,၁၇၄ ဦးတို့ကို အခမဲ့ဆေးဝါးကုသပေးခဲ့ပါသည်။ ထို့အပြင် နေပြည်တော်အတွင်း ပေါင်းလောင်း မြစ်ရေကြီးမှု

ကြောင့် နစ်မြုပ်ပျက်စီးယိုယွင်းမှုများ၊ ရှမ်းပြည်နယ်အတွင်း ဇော်ဂျီချောင်း ရေလျှံမှုကြောင့် နစ်မြုပ်ပျက်စီး ယိုယွင်းမှုများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သာစည် ကြက်မွေးမြူရေးဇုန် နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူမြို့မဈေး နှင့် သီရိဥသာဈေး တို့ကို မီးငြိမ်းသတ်ပေးခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးဝါး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အတည်ပြုချမှတ်ပေးထားသော နှစ်တို နှစ်ရှည် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(က) နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းတံတား လုပ်ငန်း အနေဖြင့် ကျောက်လမ်း (၁၀/၆) မိုင် ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါ သည်။

(ခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ချင်းပြည်နယ် (၉) မြို့နယ် နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ (၃)မြို့နယ်တို့တွင် ကျေးလက်လမ်းများ ဖောက်လုပ်မြှင့်တင်ခြင်း၊ တံတားငယ်များဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်း၊ အသေးစားလျှပ်စစ်ဓါတ်အားရရှိရေး၊ ပညာရေး၊ကျန်းမာရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး World Food Programme (WFP) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအသွင် ကူးပြောင်းရေးကာလ အတွင်းအခက်အခဲကြုံတွေ့နေရသော ဒေသများတွင် စားနပ်ရိက္ခာလုံခြုံမှု မရှိခြင်း အား လျော့နည်းစေရေး နှင့် အာဟာရ ချို့တဲ့မှုမရှိစေရေး ထောက်ပံ့ကူညီပေးမည့် စီမံကိန်းအား ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ပဲခူးတိုင်း ဒေသကြီးများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) United Nations High Commissioner for Refugees (UNHCR) နှင့် နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့

ပူးပေါင်း၍ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျေးရွာအခြေပြု လူထုစွမ်းရည်မြှင့်တင်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်း နှင့် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် United Nations Development Programme (UNDP) တို့ပူးပေါင်း၍ လူမှုအသိုင်းအဝန်းအတွင်း သဟဇာတဖြစ်စေရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ပံ့ပိုးခြင်း စီမံချက်အားကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ မြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) Japan International Cooperation Agency (JICA) နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသား လူမျိုးစုများအား ထောက်ကူရေး ဒေသဆိုင်ရာဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းရေးဆွဲရေးစီမံချက်အား ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်းကောင်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအား ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေး စီမံကိန်းအား မွန်ပြည်နယ်တွင် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဆေးပေးခန်းများဆောက်လုပ်ခြင်း၊ ရေရရှိရေး လုပ်ငန်းများ၊ ဆေးဝါး ထောက်ပံ့ရေး နှင့် စွမ်းဆောင်ရည် မြှင့်သင်တန်းများ၊ World Vision Myanmar နှင့် ပူးပေါင်း၍ ကျေးရွာလူထု ဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင်တင်ခြင်း၊ ပညာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း၊အသေးစားစီးပွားရေးနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး နှင့် အရေးပေါ်ကယ်ဆယ်ရေးစီမံကိန်းအား ကရင်ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ Terra People Association

(TPA) နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဒေသအလိုက် ဖွံ့ဖြိုး တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပညာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း များ The Association of Medical Doctors of Asia (AMDA)နှင့် ပူးပေါင်း၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူ တို့တွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်ရေး၊ ကျန်းမာရေး ဝန်ဆောင်မှု များ တိုးတက်ကောင်းမွန်ရေး၊ ကျောင်းထောက်ပံ့ရေး လုပ်ငန်းများအား အကောင် အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(င) SWISSAID နှင့် ပူးပေါင်း၍ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် စားနပ် ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊ စွမ်းဆောင် ရည်မြှင့်တင်ခြင်းနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အမျိုးသမီးဖွံ့ဖြိုးမှု လုပ်ငန်း များအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ Nippon Foundation (စေတနာ) နှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာသင်ကြားခြင်းစီမံကိန်းအား ရှမ်းပြည်နယ် တွင် စာသင်ကျောင်း ၁၀၀ ဆောက်လုပ်ခြင်း၊ ကျောင်း ၅၀ ပြုပြင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ Nippon Foundation နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် စာသင်ကျောင်း (၁၀၀) ဆောက်လုပ်ခြင်းစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Welt hunger hilfe (Whh)နှင့် ပူးပေါင်း၍ အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း စီမံကိန်းအား ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဆောင်ရွက်လျက်ရှိခြင်း၊ Malteser International နှင့် ပူးပေါင်း၍ ကျန်းမာရေး၊ သောက်သုံးရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စီမံကိန်းအား ရှမ်းပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် ကျန်းမာရေးလုပ်ငန်း နှင့် ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**။ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင် နိုင်စေရန် နယ်နိမိတ် သတ်မှတ်ဆောင်ရွက်ရေးနှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) အရှေ့အာရှနှင့် ပစိဖိတ်ဌာန၊ အရှေ့တောင်အာရှဌာန၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန၊ ဥရောပဌာန၊ အမေရိကဌာန၊ တောင်နှင့် အနောက် အာရှဌာနတို့ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(ခ) အမျိုးသမီးများလူ့အခွင့်အရေးနှင့် တရားမျှတမှုရရှိရေး၊ အာဆီယံအသိုက်အဝန်း အခြေပြုမြေပုံများ၏ လူ့အခွင့်အရေးဆက်နွယ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံ အစိုးရချင်းဆိုင်ရာ ကော်မရှင်၏ အဆင့်မြင့်သင်တန်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရှေ့တောင်အာရှ ဒေသ အလုပ်ရုံဆွေးနွေးပွဲ၊ အာဆီယံဒေသတွင်းရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ကျား/မ ခွဲခြားဆက်ဆံမှုပပျောက်ရေး၊ တန်းတူညီမျှမှုရရှိရေးနှင့် လူမှုရေးပေါင်းစည်းမှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို တက်ရောက်ခဲ့ပြီး သံတမန်ရေးရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောက်ရွက်နိုင်ခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန** ။ မြန်မာ့မီဒီယာ လောကကို အမျိုးသားအကျိုး စီးပွားအပေါ် အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာရေး မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ရန် နှင့် လူထု ဆက်သွယ်ရေးနည်းလမ်းများကို အပြည့်အဝ အသုံးချဆောင်ရွက်နိုင်ရန် ချမှတ်၍ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးခြင်း (၁၇,၆၄၂)ကြိမ်၊ ပညာပေးခြင်း(၃,၈၄၁)ကြိမ်၊ ဖျော်ဖြေပေးခြင်း(၄၇,၃၆၅)ကြိမ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။မိုင်းစံစက်ရုံ(50W) ၊ ရှမ်းရွာသစ် စက်ရုံ(50W) နှင့် တောင်တွင်းကြီးစက်ရုံ(50W)တို့ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ရုပ်သံအစီအစဉ်များထုတ်လွှင့်ခဲ့ပါသည်။

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာ/ရပ်ကွက် ပြည်သူလူထု၏ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးပွားစေရန် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာအုပ်စုကြီးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများရှိသော ကျေးရွာကြီးများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၅၅,၇၅၅)တိုက်ကို ဖွင့်လှစ်ခဲ့ပြီး စံနှင့်ညီ ကျေးရွာစာကြည့်တိုက် (၅,၀၈၄) တိုက်နှင့်မြေပြင်အမှန်ရှိ ရပ်ကွက်စာကြည့်တိုက်(၂၅၂)တိုက်ကို လည်းကောင်း၊ ပခုက္ကူ၊ ကသာ၊မြိတ်၊ကျောက်မဲ၊မိုင်းဖြတ်၊ တာချီလိတ် စသည့်ခရိုင်ရုံး (၆)ရုံးကို ADSL လိုင်း တပ်ဆင်ပေးခြင်းကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းသည် ကျောင်းသုံးစာအုပ် (၂၀,၅၆၄,၅၀၅) အုပ်၊ ပညာပေးစာအုပ် (၈၄၉,၅၂၀) သိန်း၊ ပုံနှိပ်စာအုပ် (၅၀၁,၃၇၉)၊ ပုံစံရွက်လွတ် (၁၆,၀၅၂,၀၈၆) ထုတ်လုပ်နိုင်ခဲ့ပြီး၊ စာဖောင်ပေါင်း (၁၁၀,၈၄၇,၄၈၀) ပုံနှိပ်ခဲ့ပါ သည်။

**သာသနာရေးဝန်ကြီးဌာန။** သာသနာရေးဝန်ကြီးဌာနအနေဖြင့် သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် e-Government တည်ဆောက်ခြင်း၊ HRD (Human Resources Development) မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊ Data base Portal ထူထောင်ခြင်း၊ ကိုယ်ပိုင် Website ထူထောင်ခြင်း၊ e-Library ထူထောင်ခြင်း၊ ICT နည်းပညာရပ်များကို အခြေပြုကာခေတ်မီအစိုးရ အုပ်ချုပ်ရေးယန္တရားဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိပါ သည်။

(က) ဗုဒ္ဓ၏အဆိုအမိန့်များ၊ ဆရာတော်ကြီးများ၏ ဩဝါဒများ၊ ဘာသာရေးဆောင်းပါးများကို Internet Website တွင် တင်ပြခြင်း၊ ကမ္ဘာတစ်ဝှမ်းရှိ ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော Website များအား ကြည့်ရှုလေ့လာနိုင်ရန် ဝန်ကြီးဌာန၏ Website ၃ ခု တို့ကို လည်း Update ပြုလုပ်ခြင်း၊ e-Library တည်ဆောက်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တို့ နှင့် Network ချိတ်ဆက်၍ အပြန်အလှန်စာအုပ်များ ဝင်ရောက် ရှာဖွေနိုင်ရန် ဆောင်ရွက်ခဲ့ပါ သည်။

(ခ) ပိဋကတ် ဘာသာပြန်စာတည်းအဖွဲ့က ပိဋကတ်တော် ဘာသာပြန်စာမူများကို တည်းဖြတ်ပေးပြီးနောက် စာမူချော ပြုစုခြင်း၊ စာစီခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဌာနဆိုင်ရာ အချက်အလက်များ ပြန်ဆို စာစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံ၌ ထူးခြားထင်ရှားသော သာသနာ့ဥသျှောင် ဆရာတော်များ၏ အတ္ထုပ္ပတ္တိများကို ရှာဖွေစုဆောင်း၍ ထေရုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းစသည်တို့ ဆောင်ရွက်ခဲ့ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်သို့ ပြည်တွင်းမှ ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ပြည်ပနိုင်ငံမှ Asia (society) New York (Museum) အဖွဲ့များ၊ ကချင်နှစ်ခြင်း ခရစ်ယာန် အသင်းတော်မှ ကျောင်းသား/သူများနှင့် ပြည်ပနိုင်ငံအသီးသီးမှ လာရောက်လေ့လာသော ဧည့်သည်တော်များအား ရှင်းလင်းပြခြင်း၊ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ရဟန်း ၁,၁၄၀ ပါး နှင့် သီလရှင် ၄၁ပါး တို့အား ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးအတွက် ထောက်ခံချက်များ ပြုလုပ်ပေးခြင်း၊ ဓမ္မာစရိယ အောင်မြင်ပြီး ဆရာတော် ၃၅ ပါး တို့၏ အောင်လက်မှတ်များအား ဘာသာပြန်ဆိုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါ သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။** ဝန်ကြီးဌာနသည် အဓိက တာဝန်ကြီး (၃) ရပ်ဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသား မှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အား စာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) (PR) စနစ် စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၃) ကြိမ် ကျင်းပခဲ့ပြီး၊ နည်းဥပဒေ (မူကြမ်း) အား အတည်ပြုနိုင်ရန် ဆောင်ရွက် လျက်ရှိပါသည်။

(ခ) နယ်စပ်ဝင်/ထွက်ပေါက် (၁၆) ခု ဖွင့်လှစ်၍ နှစ်နိုင်ငံပြည်သူများအား နယ်စပ်ဒေသ များတွင် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP)၊ ယာယီနယ်စပ်ဖြတ်သန်းခွင့်

လက်မှတ် (TBP) တို့ဖြင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နှစ်နိုင်ငံပြည်သူများအား အဆင်ပြေ ချောမွေ့စွာ ဝင်ထွက်သွားလာရေး ခွင့်ပြုလျက် ရှိပါသည်။

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် တိုင်းဒေသကြီး/ပြည်နယ်(၁၈)ခု အား Google Earth Software အသုံးပြု၍ မြေပုံရေးဆွဲခြင်း ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်နယ်နိမိတ်များကို Geographic Information System (GIS) နည်းပညာကို အသုံးပြု၍ ရေးဆွဲခဲ့ပါသည်။ မြေပုံ (၅)မျိုး၊ စာရင်း ကောက်ကွက် မြေပုံနှင့် ဆ-၀၂ များကို တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် Scan ဆွဲခြင်း နှင့် Editing ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းတွင် အသုံးပြုရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပေးပို့လာသော မြေပုံများကို အခြေခံ၍ အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများ၏ အိမ်ထောင်စုစာရင်း၊ လူဦးရေစာရင်း များ၊ ၎င်းစာရင်းဇယားပေါ် မူတည်၍ ကောက်ကွက်အရေအတွက်များ ပြုစုခြင်း၊ သစ်တောကြိုးဝိုင်းများ၏ Code နံပါတ်များသတ်မှတ်ခြင်းနှင့် သန်းခေါင်စာရင်း တွင် စာရင်းကောက်ယူမှုပုံစံအား သရုပ်ပြဆောင်ရွက်မည့် စီမံချက်ပြုစုခဲ့ပါသည်။

(င) သန်းခေါင်စာရင်းမေးခွန်းလွှာ စာတိုင်(၉) မသန်စွမ်းမှုဆိုင်ရာ မေးခွန်းများ အတွက် အထောက်အကူပြု စာစောင်ပြုစုခြင်း၊ အထူးနည်းပြ၊ ခရိုင်နည်းပြ သင်တန်းနှင့် စာရင်းကောက်သင်တန်းတွင် အသုံးပြုမည့် သင်တန်းလမ်းညွှန် စာစောင်တို့ကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ပြုစုခြင်း၊ စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့် ပတ်သက်သော အမေးအဖြေများ၊ စီမံခန့်ခွဲမှုနှင့်ဆိုင် သောလမ်းညွှန် ချက်များနှင့် အင်္ဂလန်နိုင်ငံ DRS ကုမ္ပဏီမှ ပေးပို့ထားသော ဆောင်ရွက်ရန် နည်းစနစ် အဆင့်ဆင့် စာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို တိုင်းရင်းသား မျိုးနွယ် ဘာသာစကား(၉)မျိုးဖြင့် ပြုစုခဲ့ ပါသည်။

**အားကစားဝန်ကြီးဌာန** ။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မား စေရေး အတွက် အားကစား လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်

အနေဖြင့် "မြန်မာ့အားကစား မှ ကမ္ဘာ့အားကစားသို့" ဟူသော ရည်မှန်းချက်ကို ရေတို ရေရှည် စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

(က) (၂၅) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို၊ ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲ၊ ပြည်ထောင်စု ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၊ အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ စုစုပေါင်း (၂၃)ပွဲ ကျင်းပခဲ့ပါသည်။

(ခ) နိုင်ငံတကာအားကစား ပြိုင်ပွဲများဖြစ်သော အာရှလူငယ် မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလွတ်တန်း အမျိုးသား/ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ၊ အာရှ-ပစိဖိတ် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ၊ Patta Wind Surfing Championship ရွက်လှေပြိုင်ပွဲ၊ SIM 33rd Singapore Open Asian Windsurfing Championship ရွက်လှေပြိုင်ပွဲ၊ အပြည်ပြည် ဆိုင်ရာ စစ်တုရင်အလွတ်တန်းပြိုင်ပွဲ၊ 8th VTV BINH DIEN အမျိုးသမီး ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ (၄၅) ကြိမ်မြောက် သက်တမ်းအလိုက် ရေကူးပြိုင်ပွဲ စသည်တို့တွင် ပါဝင်ယှဉ်ပြိုင် ခဲ့ပါသည်။

(ဂ) (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများ မြန်မာ နိုင်ငံတွင် လက်ခံကျင်းပခြင်း၊ ပြည်ပနိုင်ငံများသို့ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် ဒိုင် တာဝန်ထမ်းဆောင်ရန် ကိုယ်စားလှယ်များ စေလွှတ်ခြင်း၊ ပြည်ပနိုင်ငံများသို့ အားကစားသင်တန်းနှင့်ပညာသင်စေလွှတ်ခြင်း၊ပြည်ပနိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းနှင့် ပြည်တွင်း၌ သင်တန်းများ ဖွင့်လှစ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) အားကစားဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သိပ္ပံဘွဲ့ (အားကစားပညာ)၊ Bachelor of Science (Sport)၊ B.Sc(Sport) နှင့် ဝိဇ္ဇာဘွဲ့ (အားကစားပညာ) Bachelor of Arts (Sport)၊ B.A(Sport) ဘွဲ့ကြိုသင်တန်း

ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒီဇင်ဘာလမှ စတင်၍ ဒဂုံတက္ကသိုလ် (ရန်ကုန်) နှင့် ရတနာပုံတက္ကသိုလ်(မန္တလေး)တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်နှင့်တောင်ကြီး) တို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအား ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေးဝန်ကြီးဌာန။** ပညာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပညာရေးဆိုင်ရာ အခြေခံမူများ၊ မူကြိုပညာဆိုင်ရာမူဝါဒများ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေး ကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် အခြေခံပညာဆိုင်ရာမူဝါဒများ၊ ဆရာအတတ်ပညာဆိုင်ရာ မူဝါဒများ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာမူဝါဒများ အပါအဝင် စုစုပေါင်း မူဝါဒ(မူကြမ်း) ၇၇ ချက် တို့ကို ဆွေးနွေးခဲ့ပြီး အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)ကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအဆင့် မြင့်မားရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကျယ်ပြန့်ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ခ) ကျောင်းသားဦးရေ သတ်မှတ်ချက်များအရ ကျောင်းအဆင့်များ တိုးမြှင့်ပေးခဲ့ရာ ပညာသင်နှစ်တွင် စုစုပေါင်း ၄၃,၁၈၁ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ် နိုင်ခဲ့ပါသည်။ နိုင်ငံခြားရောက် မြန်မာကလေးငယ်များအတွက် အခြေခံပညာ စာပေးစာယူနည်းဖြင့် ဆက်သွယ်ပို့ချပေးခဲ့ရာ နိုင်ငံပေါင်း ၃၉ နိုင်ငံမှ အခြေခံပညာ မူလတန်းအဆင့် (၂၅၀)ဦး၊ အလယ်တန်းအဆင့်(၁၈၇)ဦး၊ အထက်တန်းအဆင့်(၁၂၄)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၅၆၁)ဦး ဆက်သွယ် သင်ယူခဲ့ပါသည်။ ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား အခြေခံပညာ အလယ်တန်း ပညာသင်ဆု၊ အထက်တန်းအဆင့် ပညာသင်ဆုများနှင့် အခြေခံပညာအဆင့်အလိုက် အတန်းအားလုံးတွင် ဉာဏ်ရည်ထက်မြက်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄

ပညာသင်နှစ်အတွက် အထက်တန်း ပညာသင်ဆု ၄၁၄ ဦးနှင့် အလယ်တန်း ပညာသင်ဆု ၁,၀၈၂ ဦး စုစုပေါင်း ၁,၄၁၆ ဦးသို့ တိုးမြှင့်ပေးအပ် နိုင်ခဲ့ပါသည်။

(ဂ) အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်္ဂလိပ်ဘာသာစွမ်းရည် ပြိုင်ပွဲကျင်းပခြင်း၊ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများဖွင့်လှစ်ခြင်း တို့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း (၁၅၉) ကျောင်း အထိ တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ရန် လျှောက်ထားလာသည့်ကျောင်းများကို ပညာသင်နှစ်စအမီ ခွင့်ပြုပေး နိုင်ရန် စိစစ်ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်တိုအတွင်း အကဲဖြတ်ခြင်း (Rapid Assessment)၊ အသေးစိတ် လေ့လာဆန်းစစ်ခြင်း (In-depth Analysis) တို့ကို ဆောင်ရွက်ခဲ့ပြီး လေ့လာတွေ့ရှိချက်များကို ပြည်သူ့ထံသို့ ချပြနိုင်ခဲ့ပါသည်။ ပညာရေး အရည်အသွေးနှင့်စီမံခန့်ခွဲမှု Education quality and Management (EQM) စီမံချက်အရ ကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း နည်းပြများဗဟိုအဆင့် ဆွေးနွေးပွဲ၊ မူကြိုဆရာဖြစ်သင်တန်းနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် မြို့နယ်များမှ ကျေးရွာများ၏ အခြေအနေများကို ကွင်းဆင်း လေ့လာခြင်း၊ ဗဟိုအဆင့်ဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိပါသည်။

(င) ကျောင်းအဆင့် ထက်/ လယ်/ မူ အညွှန်းကိန်းများပြုစု၍ ကျောင်းများ၏ အခြေအနေကိုသိရှိရန် တင်ပြခြင်း နှင့် MRC, CPR, ကျောင်းခေါ်ကြိမ်မှတ်တမ်းချုပ်နှင့် အမှတ်စာရင်းပေါင်းချုပ်များ ရေးသွင်းမှု မှန်ကန်စေရေးအတွက် စစ်ဆေးရေး အဖွဲ့များမှ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းကျန်းမာရေးစံပြကျောင်း၊ မြို့နယ်အဆင့်၊ တိုင်းအဆင့် ရွေးချယ်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

(စ) အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေသူများ နှင့် မူလတန်းပညာ မပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူ သက်ငယ်ကလေးများအား ပညာရေးဝန်ကြီးဌာန နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNESCO)တို့ ပူးပေါင်း၍ ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) ဗုန်များ ဖွင့်လှစ် သင်ကြားပေးလျက် ရှိပါသည်။ ထို့အပြင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလျှင် လုပ်ငန်းဆောင်ရွက်မည့် မြို့နယ် (၃) မြို့နယ်စီ ဆောင်ရွက်ရန် လျာထားဆောင်ရွက်ခဲ့ပါသည်။

(ဆ) စီမံချက်မြို့နယ် ၇၂ မြို့နယ်တွင် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးရေးအတွက် ဗဟိုအဆင့်နည်းပြ မွမ်းမံဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ် မတ်လတွင် သင်တန်းပို့ချပေးခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အဆင့် နည်းပြသင်တန်း၊ မြို့နယ်အဆင့် ဆင့်ပွားဆွေးနွေးပွဲများကို ဆက်လက်ပို့ချ ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဇ) ပညာရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူပေါင်းဆောင်ရွက်မှုအစီအစဉ်အရ 'ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပအလယ်တန်းပညာရေး အစပျိုးထောင်ဆောင်ရွက်ခြင်း' (Initiating Non-formal Middle School Education Program for Out–of-School Children in Myanmar) ပရောဂျက်လုပ်ငန်း၊ မူလတန်းအောက်ဆင့် စာဖတ်စွမ်းရည် လေ့လာ ဆန်းစစ်မှု (Early Grade Reading Assessment – EGRA) အစီအစဉ်တို့ကို ဆောင်ရွက် ခဲ့ပါသည်။

(ဈ) မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပညာရေးကဏ္ဍတွင် အခြေခံပညာရေး နှင့် ကျားမတန်းတူ အခွင့်အရေးရရှိရေး အစီအစဉ် (Basic Education and Gender Equality–BEGE)ကိုဆောင်ရွက်လျက်ရှိပါသည်။ ဘဝတွက်တာ ကျွမ်းကျင်စရာ နှင့် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ ကာကွယ် တားဆီးရေးနှင့် ဒုတိယအကြိမ် သင်ယူမှုအခွင့်အလမ်းရရှိရေး (Life Skills and HIV/AIDS Prevention Education and Second Chance Education) စသည့် စီမံချက်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ကျောင်းနေအရွယ်

ကလေးများအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ ကျောင်းနေမြဲရေးတို့ အတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင် မိဘများ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(ည) သဘာဝဘေးအန္တရာယ် လျော့ပါးရေး ပညာပေး အစီအစဉ် (Education for Disaster Risk Reduction)ကို ယူနက်စကိုနှင့်ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ် ၆ ခုရှိ ၈၈ မြို့နယ်တွင် ၂နှစ် ကြာ ပူးပေါင်းဆောင်ရွက် အကောင် အထည်ဖော်လျက်ရှိပါသည်။ ငလျင်ဘေး၊ မီးဘေး၊ ရေဘေး၊ မုန်တိုင်းစသော သဘာဝဘေးအန္တရာယ် အမျိုးမျိုး တွေ့ကြုံရပါက ကြိုတင် ပြင်ဆင် တတ်ရန် နှင့် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ် များနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးဝန်ကြီး ဌာနသည် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးတည် ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန။** ကျန်းမာရေး ဝန်ကြီးဌာန၏ အကောင်အထည် ဖော် ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ (၂၀)ခု ရှိသည့်အနက် ဥပဒေ (၈) ခုကို ပြင်ဌာန်းပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကြက်ခြေနီဥပဒေ(မူကြမ်း)၊ မြန်မာနိုင်ငံ သူနာပြု နှင့် သားဖွားကောင်စီဥပဒေတတိယ(မူကြမ်း)၊ The Burma Medical Degrees Act,1916(မြန်မာနိုင်ငံဆေးပညာနှင့်ဆေးပညာနီးနွယ်ဘွဲ့၊ ဒီပလိုမာ လက်မှတ်များ ဆိုင်ရာဥပဒေ)(မူကြမ်း)၊ သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေ၊ The Geneva Convention Implementing Act (India Act XIV, 1936,Vol V) ကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)၊ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေ၊ The Lunarcy Act ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) တို့ကို တင်ပြရန် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ၁၉၇၂ ခုနှစ်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ၊ ကူးစက်ရောဂါကာကွယ် နှိမ်နင်းရေးဥပဒေ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု

ထိန်းချုပ်ရေး ဥပဒေ နှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ တို့ကို ဆက်လက် ကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေအား ပြင်ဆင်ဖြည့်စွက်ရန် မဟုတ်ဘဲ အသစ်ပြန်လည်ရေးဆွဲလျက် ရှိပါ သည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၏ ဖွဲ့စည်းပုံများအား အသစ်ဖွင့်လှစ်ခြင်း၊ စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကွင်းဆင်းဆောင်ရွက်မှု အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ပြုရေးအတွက် ကချင်ပြည်နယ်အစိုးရ အဖွဲ့ရုံး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးတို့ ညှိနှိုင်းခဲ့ပါသည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ တာဝန်ပေးအပ် ဆောင်ရွက်ထားရှိမှု အခြေအနေအား နေပြည်တော် ကောင်စီသို့ အကြောင်းကြားခဲ့ပါသည်။

(င) လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း (Demographic and Health Survey) ကောက်ယူရေးအတွက် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက် စစ်တမ်းဦးဆောင် ကော်မတီနှင့် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်းလုပ်ငန်း ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

(စ) ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဆေးရုံစုစုပေါင်း (၉၈၈) ရုံ၊ ကျေးလက် ကျန်းမာရေးဌာန (၁,၆၈၄)ခု၊ မိခင်ကလေးကျန်းမာရေးဌာန(၃၄၈)ခု၊ ဒေသန္တရ ကျန်းမာရေးဌာန (၈၇)ခု၊ ကျောင်းကျန်းမာရေးအဖွဲ့ (၈၀)ခုနှင့် ဆေးရုံခုတင် စုစုပေါင်း (၄၅,၇၇၈) ခု ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါသည်။

(ဆ) ကျန်းမာရေး ဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ “ဆေးလိပ်သောက်ခွင့် ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များသတ်မှတ်သည့်အမိန့်” နှင့်

"ဆေးလိပ်သောက်ခွင့် မရှိသောနေရာကို ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများ သတ်မှတ်သည့်အမိန့်"တို့ကို ၂၀၁၄ ခုနှစ်၊ မတ်လ (၃) ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။

(ဈ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နီပေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ UK နိုင်ငံတို့မှ ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ ခွဲစိတ်ကုသမှုများ၊ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ ပါသည်။

(ည) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းမှ လုပ်ငန်းလိုင်စင်(ယာယီ) ခွင့်ပြုပေးမှု စုစုပေါင်းမှာ ၃၁.၃.၂၀၁၄ ရက်နေ့တွင် အထူးကုဆေးခန်း (၄၈၇)ခန်း၊ ဆေးရုံ (၁၇၆)ရုံ၊ သားဖွားခန်း (၁၇)ခန်း၊ ရောဂါရှာဖွေရေး လုပ်ငန်း(ဓာတ်ခွဲ) (၁၅၂)ခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း(ဓာတ်မှန်)(၁၁၅)ခန်း၊ သူနာပြုစုရေးဂေဟာ(၁)ခု၊ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း (၁၃)ခု၊အထွေထွေ ကျန်းမာရေးလုပ်ငန်း (၁၂)ခုတို့ဖြစ်ပါသည်။

(ဋ) ဆေးတက္ကသိုလ် အသစ်တစ်ခုကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများသင်ကြားပေးနိုင်ရေးအတွက် စပ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့်ကလေး ဆေးရုံတို့အား သင်ကြားရေး ဆေးရုံကြီးများ အဖြစ်သတ်မှတ်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

(ဌ) Nippon Foundation ၏ အထောက်အပံ့ဖြင့် မြန်မာ့ပရဆေးပင်ကျမ်း "Myanmar Herbal Pharmacopoeia Vol II" စာအုပ်ပြုစုရေးအတွက် စုဆောင်းရရှိလာသော ဆေးပင်များအားသုတေသနပြု ဓါတ်ခွဲစမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ WHO ၏ "Standardization on Traditional Medicine Formulation"Project အား ဆောင်ရွက်နေပါသည်။

(ဍ) ကျန်းမာရေး သတင်းအချက်အလက်လုပ်ငန်း အနေဖြင့် ဆေးရုံဆိုင်ရာကျန်းမာရေး သတင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုဆိုင်ရာ စာရင်းအင်းများ၊ ကုသမှုလုပ်ငန်းများ၊ ဆေးရုံစီမံခန့်ခွဲမှုများ၊

သင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ အတွက် အခြေခံဖြစ်သော ဆေးမှတ်တမ်းစနစ်ကို ပိုမိုတိုးတက် ကောင်းမွန်စေရန် အပြည်ပြည်ဆိုင်ရာရောဂါ သင်္ကေတ (International Classification of Diseases(ICD-10)) ပြုလုပ်ခြင်းနှင့် ကွန်ပျူတာအသုံးချ ဆေးမှတ်တမ်းစနစ်(Computer Assisted Medical Record System - CAMRS) အလုပ်ရုံဆွေးနွေးပွဲကို သုံးကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဃ) မွေးကင်းစအသားဝါသော ကလေးငယ်များတွင် အင်ဇိုင်းချို့တဲ့မှုရှိ/မရှိ ကြိုတင်ခန့်မှန်းနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်လောင်းနှင့် ခင်ပွန်းသည်တို့ကို သွေးဖောက်စစ်ဆေး စမ်းသပ်ခြင်းလုပ်ငန်းအတွက် ဗဟိုအမျိုးသမီးဆေးရုံကြီး ပြင်ပလူနာဌာနတွင် လာရောက်ပြသကြသော အမျိုးသမီး(၆၀၆)ဦးနှင့် အမျိုးသား(၃၁၇)ဦးတို့ကို modified WST8/1 methoxy PMS method ဖြင့်စစ်ဆေး တိုင်းတာခဲ့ပါသည်။

(င) ပြည်ပနိုင်ငံများ နှင့် ပူးတွဲဆောင်ရွက်နေသော လုပ်ငန်းများ အနေဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အထောက်အပံ့ဖြင့် "Serological Investigation of Chikungunya Infection in Mandalay and Pyin Oo Lwin" သုတေသနလုပ်ငန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထောက်အပံ့ဖြင့် "Prevalence of Imptanatic UTI/STI Infection among male of infertile couples in Upper Myanmar "သုတေသနလုပ်ငန်း နှင့် EPI/WHO အထောက်အပံ့ဖြင့် "Initiation of Hospital Band Actine Typhoid Faces Sentred Insvelllance among suspected caces in Mandalay City" သုတေသနလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန။** မျိုးဆက်သစ်အနုပညာရှင်များပြုစုပျိုးထောင်ခြင်းလုပ်ငန်းအနေဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ကျောင်းသား၊ ကျောင်းသူ ၆၃၂ ဦး၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တွင် ကျောင်းသား၊ ကျောင်းသူ ၂၁၂ ဦး၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) တွင် ကျောင်းသား၊

ကျောင်းသူ ၁၀၅ ဦး နှင့် အနုပညာအထက်တန်းကျောင်း (မန္တလေး) တွင် ကျောင်းသား၊ ကျောင်းသူ ၇၃ ဦး ကို ပညာသင်ကြား ပေးနိုင်ခဲ့ပါသည်။

(က) (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အပါအဝင် မြန်မာနိုင်ငံအတွင်း ပြုလုပ်သည့် ဂုဏ်ပြုပွဲများ၊ အစည်းအဝေးပွဲများ ၊ နိုင်ငံတော် အဆင့်အခမ်းအနားများ၊ ပြည်ပနိုင်ငံများ၌ ပြုလုပ်သည့်ပွဲများတွင် ပြည်သူလူထု အား ခမ်းနားထည်ဝါစွာ ဖျော်ဖြေ တင်ဆက်ခဲ့ပါသည်။ အမျိုးသားပြတိုက် (ရန်ကုန်) ရှိ ဘက်စုံခန်းမတွင် ဂျာမနီ နိုင်ငံ Golden land Burma/Myanmar 100 years Photographs အထူးပြပွဲနှင့် A Beautiful Beginning 2014 ပန်းချီပြပွဲ တို့ကို တင်ဆက် ပြသခဲ့ပါသည်။

(ခ) မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း လုပ်ငန်းကို ပုဂံ၊ မန္တလေး၊ မြောက်ဦး၊ ပဲခူး၊ ဟန်လင်းနှင့် ဗိသာနိုး မြို့ဟောင်းများရှိ အဆောက် အအုံများ၊ ဂူပုထိုးများ၊ စေတီများအား ပြုပြင်ထိန်းသိမ်းခြင်း၊ ကမ္ဘာ့အမွေအနှစ် စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် ဗိသာနိုးမြို့ဟောင်းနှင့် သရေခေတ္တရာ မြို့ဟောင်းများကို ICOMOS မှ လာရောက်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ် စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရှိ တောင်တွင်းကြီးမြို့နှင့် မြို့လုလင်မြို့နယ်အတွင်းရှိ ဒြပ်ရှိ / ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် စာရင်းများ ပြုစုခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့ ရှေးဟောင်း အမွေအနှစ်များ ကို တန်ဖိုးထား လေးစား မြတ်နိုးစေရေးအတွက် အမျိုးသားပြတိုက် (ရန်ကုန်) အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပြတိုက်ပေါင်း (၂၆) ခုနှင့် ပုဂံနန်းတော်တို့အား ဖွင့်လှစ်ပြသလျက်ရှိပါသည်။ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်း၍ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။** နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုစီးပွားလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ(၉)ရပ်ဖြင့် ဦးတည် ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လကုန်အထိ လုပ်ငန်းစဉ်များ ချမှတ်၍ အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) လက်ရှိအသုံးပြုနေသော ၁၉၆၈ ခုနှစ်၊ အမျိုးသား စာရင်းအင်းစနစ်မှ ၁၉၉၃/၂၀၀၈ ခုနှစ် အမျိုးသားစာရင်းအင်းစနစ်သို့ ပြောင်းလဲရေးအတွက် သင်တန်းများပေးခြင်း၊ ကောက်ယူရရှိသည့်ကိန်းဂဏန်းများကို ကွန်ပျူတာ ပရိုဂရမ်များဖြင့် စမ်းသပ် စာရင်းရေးသွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ကဏ္ဍစီမံကိန်းတာဝန်ယူသည့်ဝန်ကြီးဌာနများနှင့် ဒေသန္တရစီမံကိန်းတာဝန်ယူသည့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ နိုင်ငံပိုင်၊ ပုဂ္ဂလိကနှင့် အသင်းအဖွဲ့များအတွက် ကောက်ယူထားသည့် စာရင်းများကို ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

(ဂ) ဌာနဆိုင်ရာများ နှင့် ဒေသန္တရဆိုင်ရာများမှ စာရင်းများရယူ စုစည်းထုတ်ပြန်ခြင်း၊ စာရင်းအင်းများမှန်ကန်စေရေးအတွက် လိုအပ်မည့်စစ်တမ်းများ ကောက်ယူခြင်း၊ လူမှုစီးပွား အညွှန်းကိန်းများ ကဏ္ဍပေါင်းစုံ ထုတ်ပြန်နိုင်ရေးအတွက် ဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုကို စိစစ်ဆောင်ရွက်ခြင်း၊စာရင်းအင်းဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ခြင်း၊ မော်ကွန်းဥပဒေသစ်ရေးဆွဲခြင်း နှင့် နိုင်ငံတော်မှတ်တမ်းများ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကို စုစည်းပြုစုခြင်း၊ ပထမကာလတို (၅)နှစ် စီမံကိန်း အတွက် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် သုံးသပ်ချက်များပြုစုခြင်း၊ မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို up to Date ပြုလုပ်ခြင်း၊ Knowledge Sharing Program အစီအစဉ်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏မူဝါဒချမှတ်ရေးဆွဲ နိုင်ရန် Project Proposal "Economic Development Strategy (Public Private Consultation)"ကို ပြုစုခြင်း၊ AMRO မှ မြန်မာနိုင်ငံ၏ Country

Surveillance Report ကို စိစစ်ခြင်း National Account စာရင်းအင်းများအား Update ပြုလုပ်ခြင်း နှင့် The Art of Policy Making Workshop Report ရေးသားခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

(င) ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ စီးပွားရေးဆိုင်ရာ အချက်အလက်များ လေ့လာမှုစစ်တမ်းကောက်ယူရေးကိစ္စနှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များပြုစုခြင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံ မဟာဗျူဟာ စီမံကိန်း (ဒုတိယမူကြမ်း) ပြုစုခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ ကုန်ပစ္စည်းအချို့၏ လက်လီလက်ကား ဈေးနှုန်း စာရင်းများလအလိုက် ပြုစုခြင်းတို့အား ဆောင်ရွက်လျက်ရှိပါသည်။

(စ) ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှမော်ကွန်းစဉ် Microfilm စာရင်းများ ဖလှယ်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ သုတေသီများမှီငြမ်းနိုင်ရန် အုပ်ချုပ်မှုဆိုင်ရာ ရှေးဟောင်း ယဉ်ကျေးမှု သမိုင်းတန်ဘိုးနှင့် အထောက်အထားတန်ဘိုးရှိသော ရှားပါးစာအုပ် (၇၆)အုပ်၊ စွယ်စုံကျမ်းနှင့် လွှတ်တော်ဆိုင်ရာ မှတ်တမ်းစာအုပ်(၁၀၈)အုပ်တို့အား ဝယ်ယူ စုဆောင်းခဲ့ခြင်း၊ မှတ်တမ်း၊ မော်ကွန်းများကို သက်ဆိုင်ရာ အုပ်စုအလိုက် ခွဲခြား စိစစ်ခြင်း၊ ပိုးမွှားသန့်စင်ခြင်း၊ တိုက်ပိုင်စာရင်းသွင်းပြီး စနစ်တကျ သိမ်းဆည်းခြင်း၊ မော်ကွန်းမှတ်တမ်းများအား ဓါတုဗေဒ နည်းပညာနှင့် အီလက်ထရောနစ် နည်းပညာတို့ဖြင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သည့် လုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်(၁၀၄)ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ပြချက် (၅၉)ခု၊ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေအရအဆိုပြုချက် (၃၀)ခု၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ပြချက် (၃၅)ခု၊ စားပွဲတင်တင်ပြချက် (၄၉)ခု၊ အထွေထွေတင်ပြချက် (၄၅)ခု တို့ကို စိစစ်ပေးခဲ့ပါသည်။ ထို့အပြင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၄ ဖြင့်

ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်စေရန် ရည်ရွယ်၍ ကာလရှည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်း [Long Term Investment Promotion Plan(LTIPP)]ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် JICA Team တို့ပူးပေါင်း၍ ရေးဆွဲလျက် ရှိပါသည်။

(ဇ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရာတွင်စနစ်တကျရှိစေရန်၊ မူဝါဒချမှတ်သူများ၊ ပြည်သူများအတွက် အသုံးဝင်သော သတင်းအချက် အလက်များ ရရှိစေရန်နှင့် ၎င်းတို့ အပေါ် ဆန်းစစ်ခြင်းများ ပြုလုပ်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ပံ့ပိုးမှုဖြင့် အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် တစ်ဦးစီဖြင့် FDI Statistics National Team ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) International Finance Corporation(IFC)မှ Doing Business Indicators တစ်ခုချင်းစီအလိုက် တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ အားနားလည်သဘောပေါက်ရန်နှင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ အဆင့်ကို မြှင့်တင်ရန်အတွက် အလားအလာကောင်းသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သော ဆွေးနွေးပွဲ Doing Business Report on Myanmar 2014 အား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

(ည) ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရာ၌ ပိုမိုအထောက်အကူဖြစ်စေရန်နှင့် ဒေသတွင်း နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင် မူဝါဒများအား ပြန်လည်သုံးသပ် ဆန်းစစ်ခြင်း လုပ်ငန်း (Investment Policy Review) ကို Organization for Economic Cooperation and Development (OECD) နှင့် ပူးပေါင်း ဆောင်ရွက်ပြီးဖြစ်၍ OECD Investment Policy Review of Myanmar အတွက် Official launch ကို ၁-၃-၂၀၁၄ ရက်နေ့တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်၊

(ဌ) တရားရုံးများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (OSS) မှ ဖမ်းဆီးရမိ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် မော်တော်ယာဉ် (၁၉၇) စီးနှင့် မော်တော်ဆိုင်ကယ် (၅၄၂)စီးတို့ကို နိုင်ငံပိုင်စာရင်း ရေးသွင်းနိုင်ရေးဆောင်ရွက်ခဲ့ပြီး၊ မော်တော်ယာဉ် (၂၇)စီးနှင့်မော်တော်ဆိုင်ကယ် (၆၁) စီးအား သံရည်ကျို ဖျက်ဆီးရန်အတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သို့ အပ်နှံနိုင်ရေးဆောင်ရွက်ခဲ့ပါသည်။

(ဍ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံ Research and Information System for Development Country (RIS) နှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း (Myanmar Development Resource Institute - MDRI) တို့မှ ကြီးမှူး၍ Seminar on From Connectivity Corridors to Development Corridors between India and Myanmar ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် အောင်မြင်စွာ ဖွဲ့စည်းကျင်းပနိုင်ခဲ့ပါသည်။ မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့အစည်း အစေး (Myanmar-EU Task Force Meeting) ကို ရန်ကုန်မြို့ရှိ UMFCCI နှင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC)တို့ တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ Knowledge Sharing Program ဖြင့် ဆောင်ရွက်ရန် အဆိုပြုလိုသည့် စီမံချက်များနှင့် စပ်လျဉ်း၍ ကိုရီးယား သမ္မတနိုင်ငံ၊ Korea Development Institute (KDI)မှ ကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေး၊ Sumitomo Mitsui Banking Corporation (SMBC) မှ Workshop on Power& Infrastructure Public Private Partnerships Development Programme အလုပ်ရုံဆွေးနွေးပွဲတို့ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(ဎ) ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (Second Myanmar Development Cooperation Forum- 2nd MDCF) တို့တွင် ဖြစ်ပေါ် တိုးတက်လာသည့် ဖြစ်စဉ်များကို ပိုမို အရှိန်အဟုန် မြှင့်တင်နိုင် ရန် "တိုးတက်မှု အရှိန်မြှင့်ရေး - အားလုံးပါဝင် ပူးပေါင်း မြှင့်တင်ပေး"

(Accelerating Action for Progress Through Enhancing Inclusive Coordination) ဟူသည့် အနှစ်သာရ ခေါင်းစဉ်ဖြင့် (Theme) ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များစုစုပေါင်း ၆၆၀ ကျော် တက်ရောက်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်မှုပြုနေသော (၇၆)နိုင်ငံအတွက် ပို့ကုန်၊ သွင်းကုန် စာရင်းများကို ကုန်ပစ္စည်းအမျိုးအမည်အလိုက် လစဉ်နှင့် နှစ်စဉ် ပြုစုတင်ပြခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် နှင့် မြို့နယ်များမှ ပေးပို့လာသော လူမှုစီးပွားညွှန်ကိန်းများကို စုစည်း၊ စိစစ်၊ စစ်ဆေး ဖြည့်သွင်းခြင်း၊ Asean Socio-Cultural Community အတွက် လိုအပ်သည့် ညွှန်ကိန်းများကို သက်ဆိုင်ရာ ဌာနများမှ စုစည်း၊ စိစစ်ခြင်း နှင့် စစ်တမ်း တစ်ခုချင်း၏ ရည်ရွယ်ချက်၊ ကောက်ယူမည့်အစီအစဉ်၊ လွှမ်းခြုံမှုနယ်ပယ်၊ အချက်အလက်များ လုံခြုံစွာ သိမ်းဆည်းထားရှိမည့် အစီအစဉ်နှင့် သတင်းအချက်အလက်များ ထုတ်ပြန်မှုများကို ပြည်သူများ သိရှိနိုင်ရန်အတွက် သတင်းစာနှင့် ဗဟိုစာရင်းအင်းအဖွဲ့ Website တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

**အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။** အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်မှာ ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

(က) ပြည်တွင်း၌ အလုပ်သမား မှတ်ပုံတင် အသစ်တင်သူ (၅၅၈,၉၄၈) ဦးတွင် အလုပ်ရရှိသူ (၂၁၇,၅၅၂) ဦးရှိပြီး၊ ပြည်ပအလုပ်အကိုင်အေဂျင်စီ (၁၉၅)ခု အနက် ပြည်ပအလုပ်အကိုင် အေဂျင်စီ (၁၂၁) ခုမှ မလေးရှား၊ စင်္ကာပူ၊ ယူအေအီး၊ ဟောင်ကောင်၊ကာတာ၊ဂျပန်၊ကိုရီးယားနိုင်ငံများသို့ အလုပ်သမား (၁၇,၈၉၂)ဦး စေလွှတ်ခဲ့ပါသည်။ ပြည်တွင်း၌ အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား အလုပ်သမား(၃၈၉) ဦးအား မှတ်ပုံတင်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင် ယာယီအကျိုးဆောင်လိုင်စင်(၂၀)ခု ထုတ်ပေးခဲ့ပါသည်။

(ခ) ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (၃)ကျောင်း (ရန်ကင်း၊မန္တလေး၊ ပုသိမ်) တို့တွင် သင်တန်းသား စုစုပေါင်း (၂၁၆)ဦး လေ့ကျင့်မွေးထုတ်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) နှင့် စင်္ကာပူပိုလီတက္ကနစ်တို့ ပူးပေါင်း၍ ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ သင်တန်းသား(၉၀)ဦးအား Competency-based Curriculum Desgin and Development Training Program ကို ဖွင့်လှစ်ခဲ့ပြီး ၎င်းတို့အနက် (၃၀) ဦးတို့အား ကျွမ်းကျင်သူနည်းပြ (Master Trainer) အဖြစ် ရွေးချယ်ခဲ့ကြပါသည်။

(ဃ) မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ မြန်မာနိုင်ငံလုပ်သားထု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် စင်္ကာပူနိုင်ငံ၊ အိုင်တီအီး ပညာရေးဝန်ဆောင်မှုနှင့် ပူးပေါင်း၍ ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ သင်တန်းသား(၈၀)ဦးဖြင့် လုပ်ရည်ကိုင်ရည် အခြေခံစာတွေ့လက်တွေ့ နည်းပြသင်တန်း (Competency-based Instructer Training) ကို ဖွင့်လှစ်ခဲ့ပြီး ၎င်းတို့အနက်(၃၂)ဦးတို့အား ကျွမ်းကျင်သူနည်းပြ (Master Trainer) အဖြစ်ရွေးချယ်ခဲ့ကြပါသည်။ ကျွမ်းကျင်သူနည်းပြ (Master Trainer) (၃၂) ဦးမှ ကျွမ်းကျင်မှု"စံ" အခြေပြု နည်းပြသင်တန်း ၊ ဆင့်ပွားသင်တန်းများ (Multiplier Training for Instructing& Assessing) ကို သင်တန်းသား (၁၁၂) ဦးဖြင့်လည်းကောင်း၊ သင်တန်း (၂)ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။

(င) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအတွင်း ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) နှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး လုပ်ငန်းညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

(စ) ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)တွင် ပိုက်ဆက် သင်တန်း၊ အခြေခံဂဟေ ဆက်သင်တန်း၊ ကြီးကြပ်ရေး မှူးသင်တန်းများတွင် သင်တန်းသား စုစုပေါင်း(၉၉)ဦး၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)တွင် အခြေခံဂဟေဆက် သင်တန်းကို သင်တန်းသား(၂၀)ဦး၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ပုသိမ်)တွင် အခြေခံဂဟေဆက် သင်တန်းကို သင်တန်းသား

(၁၂)ဦး၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသားစုစုပေါင်း (၂၁၆)၊ ပြည်ပသို့ ထွက်ခွာမည့်သူများအတွက် ပြည်ပအလုပ် အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (ကိုရီးယား)ကို သင်တန်းသား(၂,၂၆၁)ဦး၊ ပြည်ပအလုပ် အကိုင်ဆိုင်ရာ လမ်းညွှန် သင်တန်း (မလေးရှား)ကို သင်တန်းသား (၁၂,၅၄၉)ဦး၊ ပြည်ပအလုပ်အကိုင် ဆိုင်ရာ လမ်းညွှန် သင်တန်း(အခြား)ကို စုစုပေါင်း(၇၄၃) ဦး ဖွင့်လှစ် ပို့ချပေးခဲ့ပါ သည်။

(ဆ) အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ညှိနှိုင်းဖျန်ဖြေ ဆောင်ရွက်ခြင်း (၄၂၇) မှုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အမှုများအနက် (၂၅၅)မှုမှာ ငွေကြေးအကျိုးခံစားခွင့်ရရှိပြီး၊ အလုပ်သမား(၄,၉၅၂)ဦးအား အကျိုးခံစားခွင့် ငွေ(၇၀၂.၈၂)သန်းနှင့် အမေရိကန်ဒေါ်လာ (၆,၄၇၁) ရရှိစေရန် ဆောင်ရွက်ပေးခဲ့ပါ သည်။

(ဇ) လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်(၂,၀၁၃) ထုတ်ဝေနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

(ဈ) လုပ်သားအင်အား စစ်တမ်းနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

(ည) အမျိုးအစားအလိုက် ထုတ်ပေးငွေများမှာ မမာမကျန်းမှု ၈၅.၁၃ ကျပ်သန်း၊ နိုင်ငံခြားငွေ US$ ၉,၁၄၄၊ မီးဖွားမှု ၈၉.၀၀ ကျပ်သန်း၊ နိုင်ငံခြားငွေ US$ ၁၃,၄၄၅၊ သေဆုံးမှု ၂၆.၅၂ ကျပ်သန်း၊ နိုင်ငံခြားငွေ US$ ၂,၀၀၀၊ ယာယီမသန်စွမ်းမှု ၁၀.၉၉ ကျပ်သန်း၊ နိုင်ငံခြားငွေ US$ ၁,၅၁၅ ၊ အမြဲတန်း မသန်စွမ်းမှု ၇၇.၉၀ ကျပ်သန်း၊ နိုင်ငံခြားငွေ US$ ၁,၁၅၉၊ ကျန်ရစ်သူ ပင်စင် ၁၄၂.၀၀ ကျပ်သန်း၊ နိုင်ငံခြားငွေ US$ ၈၆၁၊ စုစုပေါင်းအကျိုးခံစားခွင့် ကျပ် ၄၃၁.၅၄ သန်း နှင့် နိုင်ငံခြားငွေ US$ ၂၈,၁၂၄ တို့ဖြစ်ပါသည်။

(ဋ) ရုံးခွဲပေါင်း (၇၇)ရုံးမှ အာမခံအလုပ်သမားပေါင်း (၇၆၅,၅၄၆) ဦးတို့၏ ကိုယ်ရေးအချက်အလက်များအား ကွန်ပျူတာတွင် စာရင်းသွင်း မှတ်တမ်းတင်ခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။ အစီရင်ခံသည့် ကာလအထိ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ရုံးခွဲပေါင်း (၇၇) ရုံး၊ ဌာနပေါင်း (၁၃,၄၃၇) ရှိ အာမခံ အလုပ်သမားပေါင်း (၁၅၃,၂၃၄) ဦးတို့၏ လက်ဗွေနှင့် ဓာတ်ပုံများကို စက်ရုံ၊ အလုပ်ရုံများအရောက်

ကွင်းဆင်း ရယူနိုင်ခဲ့ပြီး အာမခံအလုပ်သမား (၄၄၀,၄၄၈) လက်ဝယ်သို့ Smart Card များထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

(ဌ) ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး လက်အောက်ရှိ မြို့နယ်ရုံး(၆၃) ရုံး၏ ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်မှု အခြေအနေမှာ တင်ကုန်တန်ချိန် သန်းပေါင်း ၃.၃၇ သန်းနှင့် ချကုန်တန်ချိန် သန်းပေါင်း ၄.၂၅ သန်း ဖြစ်၍ စုစုပေါင်းတန်ချိန် သန်းပေါင်း ၇.၆၂ သန်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** လူမှုရေးပြဿနာများ ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်မျိုးသားလုံး ကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေးတွင် လူမှုရေးချို့တဲ့သူများ ပါဝင်နိုင်စေခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်ခြင်း တို့ကိုဆောင်ရွက်လျက်ရှိပါသည်။

(က) ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့၊ မော်လမြိုင်မြို့၊ ကျိုင်းတုံမြို့တို့တွင် ဖွင့်လှစ်ထားသော ကလေးပြုစုရေးဌာနများ၌ ကလေးငယ်ပေါင်း (၂၀၆) ဦး စောင့်ရှောက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် မူလတန်းကြိုကျောင်း (၆၈) ကျောင်းတွင် ကလေးငယ်ပေါင်း (၁၀,၆၀၃) ဦးကို လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိပါသည်။ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (၈၅၁) ကျောင်း၊ ကလေး ၃၁,၀၉၅ ဦး အား ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

(ခ) တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူငယ်ရိပ်သာများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ပရိဘောဂနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိပါသည်။

(ဂ) အမျိုးသမီးများအတွက် ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြိတ်မြို့၊ ကျိုင်းတုံမြို့တွင် ရှိသော အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းများတွင် စုစုပေါင်း (၁၈၂)ဦးတို့ကို လက်ခံထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ လူကုန်ကူးခြင်းခံရသူ စုစုပေါင်း (၈၇) ဦးကို မိဘရပ်ထံသို့ စနစ်တကျ ပြန်လည်အပ်နှံ နိုင်ခဲ့ပါသည်။

(ဃ) ရိပ်သာအခြေပြုနှင့် ရပ်ရွာအခြေပြု စောင့်ရှောက်ရေး နည်းစနစ် (၂)မျိုးလုံး ရောစပ်ထားသော သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Centre for the Aged) ကိုဖွင့်လှစ်ခဲ့ပြီး၊ အဆိုပါ Centre တွင် ရန်ကုန်တိုင်း

ဒေသကြီး အတွင်းရှိ အသက် (၇၀)နှင့် အထက်လူမှုရေးအရ အထီးကျန်နေသော သက်ကြီးရွယ်အို (၅၁)ဦး ကို စောင့်ရှောက်ပေးလျက်ရှိပါသည်။

(င) မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာတွင် သင်တန်းကျောင်းများမှ မသန်စွမ်း ကလေးများနှင့် ဉာဏ်ရည်မမီသူ ကလေး(၆၅) ဦး၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းတွင် ကျောင်းသား (၂၁၈) ဦးတို့ကို လေ့ကျင့်ပေးခြင်း၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းတွင် သင်တန်းသား (၆၄)ဦး လက်ခံထား ခြင်း၊ ရန်ကုန်မြို့ မျက်မမြင်ကျောင်းတွင် ကျောင်းသား (၁၂၀)ဦးကို စောင့်ရှောက် ခြင်း၊ နားမကြားသောကလေးများကျောင်း(မန္တလေး)တွင် ကျောင်းသား(၁၈၇)ဦး ကို Sign Language ဖြင့် ကျောင်းပညာသင်ကြားပေးခြင်း၊ အသက်မွေး ဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(စ) ရန်ကုန်မြို့၊ မန္တလေးမြို့၊ လားရှိုးမြို့၊ မြစ်ကြီးနားမြို့၊ တာချီလိတ်မြို့ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများတွင် သင်တန်းသား ၃၀၆ ဦး အား ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပြီး ရွှေပြည်သာလူငယ်များပြုစု ပျိုးထောင်ရေး ဌာနတွင် မိဘအပ်(သီးသန့်) သင်တန်းသား (၁၁) ဦးကို လက်ခံစောင့်ရှောက် ပေးလျက်ရှိပါသည်။ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်း (After Care Service)ကို စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း၏ ကူညီမှုဖြင့် (၂၀၉) ဦးအား ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရန် အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ နှစ်ဝက် အစည်းအဝေး (Mid-Term Review)ကို ဆောင်ရွက်ခဲ့ပြီး လူမှုအကာအကွယ်ပေးရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ ပထမအကြိမ် အစည်းအဝေးကို ကျင်းပပြုလုပ်ခြင်း၊ ကလေး သူငယ်ဥပဒေ ပြင်ဆင်ရေးသားမှု နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အား ဆွေးနွေးခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန နှင့် UNICEF တို့ ပူးပေါင်း၍ လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာရေးဆွဲရေး ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခြင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် World Bank တို့ ပူးပေါင်း၍ Social Protection Mapping အစည်းအဝေးကို ကျင်းပခြင်း၊

အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ (ILO) နှင့် ပူးပေါင်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ Inventory Assessment Matrix Workshop အား ကျင်းပခဲ့ပါသည်။

(ဇ) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) မိတ်ဆက်ရှင်းလင်းခြင်း၊ Care (Myanmar) နှင့် ပူးပေါင်း၍ Gender Based Violence Review Workshop ပြုလုပ်ခြင်း၊ ဘားအံမြို့တွင် Gender & CEDAW အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြင်သစ်သံရုံးတို့ ပူးပေါင်းကျင်းပသည့် Women Forumကို ရန်ကုန်မြို့တွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Action Aid (Myanmar) တို့ ပူးပေါင်း၍ Gender & CEDAW အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည်သုံးသပ်ခြင်းနှင့် သင်ခန်းစာ အသေးစိတ် အစီအစဉ်ရေးဆွဲခြင်း Review Meeting ကို ကျင်းပ ခဲ့ပါသည်။ Gender & CEDAW အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ အား ဟားခါးမြို့၊ ကျိုင်းတုံမြို့၊ ဟသ်ာတမြို့၊ ဖျာပုံမြို့၊ ပုသိမ်မြို့၊ မြောင်းမြမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်တို့တွင် ကျင်းပခဲ့ပါသည်။

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ ရန်ကုန်မြို့၊ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်းတွင် Trafficking Training of Trainer သင်တန်း တက်ရောက်ပြီး သူများမှ ဆင့်ပွားသင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် ဖွင့်လှစ်ပို့ချနိုင်ခဲ့ ပါသည်။

(ည) ရန်ကုန်မြို့တွင် National Forum of Survival Gathering အစည်းအဝေးကို လူကုန်ကူးခံရသူ (၂၆)ဦးဖြင့် ကျင်းပခဲ့ပါသည်။

(ဋ) မီးဘေး(၇၅)ကြိမ်၊ ရေဘေး(၂၀)ကြိမ်၊ လေဘေး(၁)ကြိမ်၊ ကမ်းပြိုဘေး(၁၀) ကြိမ်၊ နယ်မြေ မလုံခြုံမှုကြောင့် ပြောင်းရွှေ့မှု (၇)ကြိမ်၊ မိုးကြိုးပစ်ဘေး(၁၆)ကြိမ်၊ ပဋိပက္ခဘေး (၁)ကြိမ် ဖြစ်ပွားခဲ့ပြီး၊ ၎င်းဘေးများအတွက် ကယ်ဆယ်ရေးပစ္စည်း နှင့် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၃၃၅.၀၁၈ ထောက်ပံ့ခဲ့ပါသည်။

(ဌ) ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် ပုဏ္ဏားကျွန်းမြို့များသို့ သွားရောက်၍ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေ နှင့် ပစ္စည်းများပေးအပ်ခြင်း၊ ကျေးလက်ဒေသမီးလင်းနိုင်ရေး အတွက် ဆိုလာမီးအိမ် နှင့် ဆိုလာပြားများ ပေးအပ်ခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွား ပါ က ယာယီခိုလှုံရာ အဆောက်အဦအဖြစ် အသုံးပြုရန်အတွက် School Cum Shelter(၂)လုံးနှင့် ကျေးလက်ဒေသ မီးလင်းရေးဆောင်ရွက်ရန်အတွက် စုစုပေါင်း ကျပ်သန်း ၈၀.၀၀၀ ထောက်ပံ့ပေးခဲ့ပါသည်။

(ဍ) မြန်မာရေမျော ဒုက္ခသည်များအား ပြန်လည်ခေါ်ယူခြင်းတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ မှ ရောက်ရှိလာသော စုစုပေါင်း မြန်မာရေလုပ်သား (၄၉)ဦး နှင့် ထိုင်းနိုင်ငံသား (၁)ဦးတို့အတွက် စုစုပေါင်း ကျပ်သန်း ၀.၇၈၄ ကို ထောက်ပံ့ ခဲ့ပါသည်။

(ဎ) ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာနသည် UN-HABITAT နှင့်ပူးပေါင်း၍ "သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဆိုင်ရာအဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲများ"ကိုလှိုင်ကော်မြို့၊ ပုသိမ်မြို့၊ ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့၊ စစ်တွေမြို့၊ ဘားအံမြို့၊ ဟားခါးမြို့ များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဏ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနနှင့် ADPC တို့ပူးပေါင်း၍ နေပြည်တော်တွင် "2nd National Training Course on Mainstreaming Disaster/Climate Risk Management into Development Planning"ဖွင့်လှစ်ခဲ့ပါသည်။

(တ) ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာန (Asian Disaster Preparedness Centre-ADPC) ၏ နည်းပညာပံ့ပိုးမှုဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်း များနှင့် ဆက်စပ်နေသော အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်(UNDP) ဦးဆောင်သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Disaster Risk Reduction

Working Group) တို့နှင့် ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့် ပတ်သက်၍ နည်းဥပဒေ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွက် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ အမျိုးသားစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် နှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင် များ၊ ကွန်ပျူတာပညာရှင်များ၊ ပါရဂူများနှင့် သိပ္ပံပညာရှင်များကို မွေးထုတ်ပေးလျက် လူ့စွမ်းအား ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းအချက်အလက်နည်းပညာကို အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology) ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့် တက္ကသိုလ် (Center of Excellence)များအဖြစ် ဖွင့်လှစ်ခြင်းများကို ဆောင်ရွက် လျက်ရှိပါသည်။

(ခ) နိုင်ငံတော်အတွက် လိုအပ်သည့်စက်မှုလုပ်ငန်းသုံး အရည်အသွေးမြင့် ပစ္စည်းများ၊ သွင်းကုန် အစားထိုးပစ္စည်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေမည့်ပစ္စည်းများ ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ ဆေးသိပ္ပံ၊ ကုန်ထုတ်လုပ်မှု၊ အစာအာဟာရ၊ တိရိစ္ဆာန်မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဇီဝသတင်း အချက်အလက်များ အသုံးချမှုစသည့် နယ်ပယ်အသီးသီး၌ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို အထောက်အကူပေးနိုင်ရန် နှင့် ထုတ်လုပ်မှု အရည်အသွေး မြင့်မားစေရေး လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံခြားတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ သုတေသန လုပ်ငန်း၊ ရိုးရိုးတွင်ခုံ၊ ဖောက်ခုံများအား PC-Based Computer Numerical Control Machine များအဖြစ် ဆောင်ရွက်ခြင်း သုတေသန လုပ်ငန်း၊ Internal

Combustion Engine ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ဆောင်ရွက်ခြင်း သုတေသနလုပ်ငန်း တို့ကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာသုတေသနလုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိပြီး ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးပေးခြင်းနှင့် လက်တွေ့သုံးစွဲနည်းများအား ကျေးရွာများသို့အရောက် ကွင်းဆင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင် (Ph.D) သင်တန်းအတွက် (၇၄) ဦး၊ (B.E) ပေါင်းကူးသင်တန်းအတွက် (၁၁,၆၁၂) ဦး၊ (B.E) တိုက်ရိုက် သင်တန်းအတွက် (၂,၁၈၃) ဦး၊ (B.Tech) သင်တန်းအတွက် (၆၉,၀၈၅) ဦး၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် သီးခြားဖွင့်လှစ်သည့် A.G.T.I (၃) နှစ် သင်တန်းတွင် ပထမနှစ်သင်တန်းအတွက် (၁,၅၉၀)ဦး၊ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ပထမနှစ် သင်တန်းအတွက် (၁,၀၇၇) ဦး၊ ဒုတိယနှစ် သင်တန်းအတွက် (၁,၀၅၆)ဦး လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

(င) အင်ဒိုနီးရှားသမ္မတနိုင်ငံ SEAMOLEC၊ စင်ကာပူ သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ Asian Development Bank (ADB)၊ Korea International Cooperation Agency (KOICA), Japan International Cooperation Agency (JICA)၊ Asia Institute of Technology (AIT)၊ Techanical Vocational Education Training (TVET) တို့နှင့် ပူးပေါင်း၍ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက် လျက်ရှိပါသည်။ ထိုင်းအသက်မွေးဝမ်းကျောင်းပညာရေး ကော်မရှင်နှင့် ပူးပေါင်း၍ နယ်စပ်ဒေသမှ လူငယ်များ၏စက်မှုနှင့်သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်လျက် ရှိပါသည်။ German Government - owned Development Bank ဖြစ်သော KfW နှင့် ပူးပေါင်း၍ Vocational Training Program Project အား နည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း

စသည့် ကျောင်း စုစုပေါင်း (၂၀)တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) အင်္ဂလိပ်စကားစု တစ်ခုစီအတွက် ကိုက်ညီသော မြန်မာအဓိပ္ပာယ်များရှာဖွေခြင်း၊ ဆီလျော်စွာ ဘာသာပြန်ဆိုခြင်း၊ ဘာသာပြန်ဆိုပြီးနောက် Text-to-Speech recognition System တွဲဖက်၍ မြန်မာဘာသာအဖြစ် အသံကြားနိုင်သည်အထိ သုတေသနပြု ဆောင်ရွက်လျက် ရှိပါသည်။

(င) အဏုမြူစွမ်းအင်ဆိုင်ရာနည်းပညာရပ်ဖွံ့ဖြိုးရေးကို ထိရောက်စွာဆောင်ရွက်ရန်၊ အဏုမြူဓာတ်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် နျူကလီးယားဥပဒေ ပြဋ္ဌာန်းရန် ဆောင်ရွက်လျက် ရှိပါသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၉၂၈,၈၂၄.၀ သန်း (ပါဝင်မှု ရာခိုင်နှုန်း ၂၅.၅ ရာခိုင်နှုန်း)၊ သမဝါယမပိုင်အခန်းအနေဖြင့် ကျပ် ၁,၆၇၃.၇ သန်း (ပါဝင်မှုရာခိုင်နှုန်း ၀.၀၁ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ကျပ် ၁၄,၄၁၂,၁၆၇.၇ သန်း (ပါဝင်မှုရာခိုင်နှုန်း ၇၄.၅ ရာခိုင်နှုန်း) ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထား သတ်မှတ်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှု အနေဖြင့် နိုင်ငံပိုင်အခန်းမှ ကျပ် ၃,၆၇၄,၃၅၂.၁ သန်း (ရာခိုင်နှုန်းအားဖြင့် ၇၄.၅ရာခိုင်နှုန်း)၊ သမဝါ ယမ ပိုင် အခန်းအနေဖြင့်ကျပ် ၉၈၂.၃ သန်း (ရာခိုင်နှုန်းအားဖြင့် ၅၈.၇ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကပိုင် အခန်းအနေဖြင့် ကျပ် ၅,၂၈၈,၄၅၅.၆ သန်း (ရာခိုင်နှုန်းအားဖြင့် ၃၆.၇ ရာခိုင်နှုန်း) အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

ယခင်နှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံပိုင် အခန်းအနေဖြင့် ၁၃.၇ ရာခိုင်နှုန်း တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပြီး သမဝါ ယမပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်း အနေဖြင့် ၃.၉ ရာခိုင်နှုန်း တိုးတက် အကောင်အထည်ဖော်နိုင်ခဲ့ပါ သည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ယခင်နှစ် ဒုတိယ(၆)လပတ်ထက် ၇.၇ ရာခိုင်နှုန်း ပိုမို အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၅-၂) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်**

**ဒုတိယ ( ၆ ) လပတ် ရင်းနှီးမြှုပ်နှံမှုအကောင်အထည်ဖော်နိုင်မှု အခြေအနေ**

(ကျပ်သန်း)

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ( ဒုတိယ ၆ လ ) | ၂၀၁၃-၂၀၁၄ ( ဒုတိယ ၆ လ ) | ၂၀၁၂-၂၀၁၃ ဒုတိယ ၆ လ အပေါ် ပြောင်းလဲမှု % |
|---|---|---|---|---|
| ၁ | နိုင်ငံပိုင် | ၃,၂၃၁,၆၀၈.၇ | ၃,၆၇၄,၃၅၂.၁ | ၁၃.၇ |
| ၂ | သမဝါ ယမပိုင် | ၉၁၇.၂ | ၉၈၂.၃ | ၇.၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၅,၀၈၉,၉၀၄.၅ | ၅,၂၈၈,၄၅၅.၆ | ၃.၉ |
| **စုစုပေါင်း** | | **၈,၃၂၂,၄၃၀.၄** | **၈,၉၆၃,၇၉၀.၀** | **၇.၇** |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## အခန်း(၆)

## ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆောင်ရွက် အကောင်အထည်ဖော်မှုကို တင်ပြအပ်ပါသည်။

### ကချင်ပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၇၇၅,၁၈၀.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၄** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ကချင်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၆-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ(ဖ)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၇၉၁,၇၀၅.၇** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၂.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၁.၃** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ကချင်ပြည်နယ် လယ်ယာကဏ္ဍ၏ အစီရင်ခံသည့် ဒုတိယ(ဖ) လပတ်တွင် စုစုပေါင်းသီးနှံစိုက်ဧက **၂၃၇,၄၄၈** ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါးတင်း ထောင်ပေါင်း **၂၈,၅၆၆**၊ နွေစပါး တင်းထောင်ပေါင်း **၁၂၀** ထွက်ရှိခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပူတာအိုခရိုင် ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးမြေဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းများဆောင်ရွက်ရန် ကျေးလက်ဆည် **၁၄** ခု ပြုပြင်တည်ဆောက်ခြင်း၊ နောင်မွန်း မြို့နယ်ရှိ ကျေးလက်ဆည် **၁၀** ခုအား ပြုပြင်တည် ဆောက်ခြင်းနှင့် ကချင်ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကျေးလက်ဆည် **၁၃** ခု အား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါသည်။ လယ်မြေဧက **၄,၀၀၀** ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသော တကွင်းရေလွှဲဆည် တည်ဆောက်ခြင်းတွင် လုပ်ငန်း တစ်ခုလုံး ပြီးစီးမှုရာခိုင်နှုန်းသည် အကြိုတည်ဆောက်မှု **၆.၃၈**%၊ ရေလွှဲဆည်တည် ဆောက်ခြင်း လုပ်ငန်းတွင် **၆၁.၆၂**% ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပုဂ္ဂလိကပိုင် ကဏ္ဍတွင် မြစ်ကြီးနားမြို့ ရွှေမြင့်မိုရ် မွေးမြူရေး လုပ်ငန်းမှ ဒေသနွား၊ နို့စားနွား၊ ဘဲ၊ ဆိတ်၊ ကြက်၊ ငါး တို့ကို မွေးမြူ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံပိုင်ကဏ္ဍတွင် သစ်မာ၊ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် ကျွန်းနှင့်သစ်မာ တို့ကို လျော့နည်းထုတ်လုပ်ခဲ့ပါသည်။ သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ထုတ်လုပ်ရာ တွင် စနစ်တကျထုတ်လုပ်ခွင့် ပြုထားသောကြောင့် ဖြစ်ပါ သည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပုဂ္ဂလိက ကျောက်စိမ်းထုတ်လုပ်မှုများ ရပ်ဆိုင်း ထားခြင်းကြောင့် လျော့နည်းခဲ့ရခြင်း ဖြစ်ပါသည်။ သယံဇာတ သတ္တုသိုက်များ အချိန်တိုအတွင်း မကုန်ခမ်းစေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် စီစဉ် ဆောင်ရွက်ထားသောကြောင့် ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုဇုန်တည်ထောင်နိုင်ခြင်း မရှိသေးသော်လည်း မိုးညှင်းမြို့နယ်နှင့် မိုးမောက်မြို့နယ်များတွင် သစ်အချောထည်လုပ်ငန်းအကြီးစား(၁)ခု၊ သစ်အခြေခံစက်မှုလုပ်ငန်း အကြီးစား (၃) ခုရှိပါသည်။ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ်များတွင် ပီလောပီနံကော်မှုန့်စက်ရုံနှင့် စက္ကူ ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ် စက်မှု ကြီးကြပ်၍ မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများမှာ အကြီးစား (၄၂) ခု၊ အလတ်စား(၁၀၆) ခု၊ အငယ်စား (၁,၀၁၈) ခု၊ စုစုပေါင်း(၁,၁၆၆) ခုနှင့် အခြား မှတ်ပုံမတင်ထားသော လုပ်ငန်း (၁,၀၂၀) ခု ရှိပါသည်။

**လျှပ်စစ်ကဏ္ဍ။** ယခုနှစ်တွင် တာပိန်ရေအားလျှပ်စစ်စက်ရုံမှ ပြည်ပသို့ဓာတ်အား ပြန်လည်တင်ပို့ ရောင်းချနိုင်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ဒေါ့ဖုန်းယန် မြို့နယ်ခွဲတွင် ၁၁ကေဗွီ ဓာတ်အားလိုင်း ၈.၅ မိုင် တိုးချဲ့တည်ဆောက်ခြင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း(၄.၅)မိုင် တိုးချဲ့ တည်ဆောက် ခြင်း၊ (၂၀၀) ကေဗွီအေ ဓာတ်အားခွဲရုံ(၆)ရုံ တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း၊ မိုးမောက်မြို့နယ်တွင် (၄၀၀) ဗို့လိုင်း (၁,၄၄၀)ပေ တိုးချဲ့တည် ဆောက်ခြင်းလုပ်ငန်း၊ ရွှေကူမြို့နယ်တွင် (၄၀၀) ဗို့လိုင်း ကွန်ကရစ်တိုင်၊ ကြေးကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်း၊ ဗန်းမော်မြို့နယ်တွင် (၄၀၀) ဗို့လိုင်း(၁,၀၀၀) ပေတိုးချဲ့တည် ဆောက်ခြင်းနှင့် (၄၀၀) ဗို့လိုင်း(၁.၈)မိုင်ရှိ သစ်သားတိုင်များအား ကွန်ကရစ်တိုင်၊ ကြေးကြိုး များနှင့် လဲလှယ်ခြင်းလုပ်ငန်း၊ ကာမိုင်း မြို့နယ်ခွဲတွင် ၃၃/၀.၄ ကေဗွီ (၃၁၅)ကေဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း၊ မြစ်ကြီးနားမြို့နယ်တွင် ၄၀၀ ဗို့လိုင်း သံတိုင်(၁၆)တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း၊ ဝိုင်းမော်မြို့နယ်တွင် (၁၆x၂၄) တစ်ထပ်သံကူ ကွန်ကရစ်အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၃-၂၀၁၄ဘဏ္ဍာ နှစ်၊ ဒုတိယ (၆)လပတ်အတွင်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့်လမ်းပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းအတွက်ကျပ် **၄,၀၅၀.၄၄၈** သန်း နှင့် တံတားပြင်ဆင် ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ကျပ် **၂,၄၆၈.၃၁၇** သန်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင် ခြင်းအတွက် ကျပ် **၄,၄၇၃.၄၀၁** သန်းနှင့် တံတားပြင်ဆင်ထိန်းသိမ်းခြင်း အဆင့်မြှင့်တင် ဆောက်လုပ်ခြင်းအတွက် ကျပ် **၃,၆၀၁.၅၁၄** သန်း၊ ကုန်ကျခံဆောင်ရွက်ခဲ့ပါ သည်။ ငွေလုံး

ငွေရင်းလုပ်ငန်း(လမ်း/တံတား)တွင် ပြည်ထောင်စု ဘဏ္ဍာ ရန်ပုံငွေဖြင့် **၈,၈၅၀.၃၃၃** ကျပ် သန်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် (၉,၈၆၈.၄၉၆ ) ကျပ်သန်း ကုန်ကျခံ ဆောင်ရွက်ခဲ့ ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မြစ်ကြီးနား-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ဖားကန့်လမ်း၊ မြစ်ကြီးနား -တနိုင်းလမ်း၊ မြစ်ကြီးနား-လိုင်ဇာ၊ မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီး လမ်းများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အတွင်း ပုဂ္ဂလိကမော်တော်ယာဉ် လိုင်းအသီးသီး ပိုမို ပြေးဆွဲလာနိုင်ပြီး ခရီးသည်နှင့် ကုန်စည်များ ပိုမို သယ်ယူပို့ဆောင်နိုင်ခဲ့ပါသည်။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ မြစ်ကြီးနား-ရွှေဘို- မန္တလေးလမ်း ပြုပြင်တည် ဆောက်လျှက်ရှိရာ ပြီးစီးသွားပါက ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်မှုလျှင်မြန် ကောင်းမွန်လာပြီး ကုန်စည် ကူးသန်း ရောင်းဝယ်မှု တိုးတက် ကောင်းမွန်လာမည် ဖြစ်ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း တန်ဖိုးနည်း ဖုန်း လုံးရေပေါင်း ( ၁၇,၉၇၇ ) ရောင်းချ ပေးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေး ကဏ္ဍအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာ အာမခံလုပ်ငန်းဘဏ်ခွဲတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** ကချင်ပြည်နယ်တွင် တက္ကသိုလ် (၂)ခု၊ နည်းပညာ တက္ကသိုလ်(၂)ခု၊ ကွန်ပျူတာ တက္ကသိုလ်(၂)ခု၊ ပညာရေးကောလိပ်(၁)ခု၊ ဒီဂရီကောလိပ်(၁)ခု၊ နည်းပညာ ကောလိပ်(၁)ခု၊ နည်းပညာ အထက်တန်းကျောင်း(၃)ခု၊ အထက်တန်းကျောင်း (၁၂၀) ကျောင်း၊ အလယ်တန်းကျောင်း(၁၅၃)ကျောင်း၊ မူလတန်းကျောင်း (၉၅၇)ကျောင်းနှင့် မူလတန်းလွန် (၁၉၄) ကျောင်း တို့ဖြင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် လျက်ရှိပါသည်။

**ကျန်းမာရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကျန်းမာရေးဦးစီး ဌာန အနေဖြင့် ဆေးရုံကြီးဝန်ထမ်း အိမ်ရာ(၃)ထပ်ဆောင် နှင့် တိုးချဲ့လူနာဆောင်(၂)ထပ်ဆောက် လုပ်ခြင်း၊ ပူတာအိုမြို့နယ် ဆွမ်ပီယန်၊ မချမ်းဘောမြို့နယ် မန်ခို၊ ပူအိုမြို့နယ် မူလာရှီဒီး၊ မိုးကောင်းမြို့နယ် ကုန်းတန်းကြီး၊ မိုးညှင်းမြို့နယ်၊ ချီဖွေမြို့နယ် ထန်းဒုံး၊ မိုးညှင်းမြို့နယ် ဟဲပါး၊မန်စီမြို့နယ် မန်သာ၊ နောင်မွန်းမြို့နယ် ဂဝိုင် တို့တွင် ကျေးလက် ကျန်မာရေးဌာနခွဲများ ကိုလည်းကောင်း၊ မချမ်းဘောမြို့နယ် ထရမ်ဒမ်း၊ ဖားကန့်မြို့နယ် ဘန်ကောက်၊ ဗန်းမော်မြို့နယ် မံမလင်း၊ ဖားကန့်မြို့နယ် တာမခံတို့တွင် တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊

မိုးညှင်းမြို့နယ် တိုးချဲ့လူနာဆောင်(၂) ထပ်ဆောက်လုပ်ခြင်း၊ ဆိပ်မူ၊ တမူးချောင်းဖျား၊ ဆော့လော်မြို့နယ် ဂျရန် ကျေးလက် ကျန်းမာရေးဌာန ဆောက်လုပ်ခြင်း၊ ပိုင်းမော် ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ခြင်း၊ ချီဖွေဆေးရုံ ခါတ်မှန်ခန်း၊ ဆောက်လုပ် ခြင်းများကို ဆောင်ရွက် ခဲ့ပါသည်။

**နယ်စပ်ကုန်သွယ်ရေး။** နယ်စပ်ကုန်သွယ်ရေးစခန်း လွယ်ဂျယ်နှင့် ကန်ပိုက်တီး တို့တွင် ပို့ကုန်အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ရာဘာ၊ ပြောင်းနှင့် ဖရဲသီး တို့အား တင်ပို့လျက်ရှိပါသည်။ ဆန်နှင့်ရာဘာအား ပုံမှန်တင်ပို့လျက်ရှိသော်လည်း ပြောင်းနှင့် ဖရဲသီးတို့အား ဒေသတွင်းထွက်ရှိချိန်၌သာ တင်ပို့နိုင်ကြောင်း တွေ့ရှိပါသည်။ သစ်တောထွက် ပစ္စည်းအနေဖြင့် ကြိမ်နှင့် သတ္တုတွင်းထွက်ပစ္စည်း ခဲသတ္တုတို့အား တင်ပို့လျက်ရှိပါသည်။ သွင်းကုန်ပစ္စည်းအနေဖြင့် ရင်းနှီးကုန် ပစ္စည်းဖြစ်သော ဘိလပ်မြေ အားပုံမှန်တင်သွင်းလျှက်ရှိပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများအား တစ်ခါတစ်ရံမှသာ တင်သွင်း လျက်ရှိပါသည်။ လူသုံးကုန် ပစ္စည်းအထည်အလိပ်များမှ ချည်ထည်ပိတ်စများ၊ ချုပ်ပြီးသား အဝတ်အထည်များ၊ အခြား အထည်အလိပ်များကို ပုံမှန်တင်သွင်းလျက်ရှိပါသည်။ ယခင်က ကုမ္ပဏီ လိုင်စင်ဖြင့်သာ ကုန်ပစ္စည်းတင်ပို့ခြင်း/တင်သွင်းခြင်း ခွင့်ပြုခဲ့သော်လည်း ယခုအခါ ITC (Individual Trading Card) များ ထုတ်ပေးပြီး တစ်ဦးချင်းကုန်သွယ်ခွင့် ပြုခဲ့ပါသည်။ ယခင်က နယ်စပ်တင်ပို့ တင်သွင်းခွင့် မပြုသောကုန်ပစ္စည်းများ စားသုံးသူများ အန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများမှအပ အခြားကုန်ပစ္စည်းများကိုတင်သွင်းခွင့် ပြုလျက်ရှိပါသည်။


ထို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဒုတိယ(၆)လပတ် စီမံကိန်းရည်မှန်းချက် များကို ပြည့်ဝစွာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

## ကယားပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကယားပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၉၈,၂၆၁.၇** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ကယားပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၃) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၄) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၁၂၁,၅၈၂.၄** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၂၃.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၅.၂** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၅၅,၅၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အထူးသဖြင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ နှင့် နေကြာတို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ မျိုးကောင်း မျိုးသန့် ဖြန့်ဖြူးမှုအနေဖြင့် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲပုတ်တို့ကို ဖြန့်ဖြူးပေးခဲ့ပါသည်။ မိုးသီးနှံဖြစ်သည့် ပဲအမျိုးမျိုးမှာ ယခင်နှစ်ထက် ပိုမို

ထွက်ရှိခဲ့ပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် တောင်သူလယ်သမားများသို့ ချေးငွေ ကျပ် ၁၄,၈၄၂.၆ သန်း ထုတ်ချေးမှုကို ပြန်လည် ကောက်ခံပြီး၊ မိုးကြိုသီးနှံများအတွက် ၁၆၇.၇ သန်း ထုတ်ချေးခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပြည်နယ်အတွင်း အသားစားသုံးမှု ဖူလုံစေရန်အတွက် ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်ရန် မိတ္ထီလာမြို့နယ်၊ တောမကျေးရွာ နို့စားနွားမွေးမြူရေးခြံမှ ဖရီရှန်နို့စားနွားသိုး ၇ ကောင်၊ ဒိုက်ဦးမွေးမြူရေးခြံမှ သားခွဲဝက်ငယ်ကောင်ရေ ၂၀၀ ဝယ်ယူ မွေးမြူလျက် ရှိပါသည်။ ငါးမွေးမြူသူဦးရေ ၁၂၂ ဦးမှ ငါးမွေးကန် ၇၆၀.၀၄ ဧကတွင် မွေးမြူလျက်ရှိပါသည်။

**သစ်တောကဏ္ဍ။** သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကျွန်းစိုက်ခင်း စိုက်ပျိုးမှု အနေဖြင့် စုစုပေါင်း ဧက ၁၁၂၀၀ ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ကျွန်းစိုက်ခင်းတွင် လွိုင်ကော်မြို့နယ် မထောခူကြိုးဝိုင်းတွင် ဧက ၅၀၊ သစ်မာစိုက်ခင်း ပိတောက်ဧက ၅၀၊ ဒီးမောဆိုမြို့နယ် နန့်စံဖူးကြိုးပြင်ကာကွယ်တောတွင် သစ်မာမျိုးစုံ ဧက ၁၉၀ စိုက်ပျိုးပြီး ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပုဂ္ဂလိကအခန်းမှ ခဲမဖြူအဖြိုက်နက် ရှီးလိုက်ရောရာ မက်ထရစ်တန် ၇၇၈.၆၉၄၊ ခနောက်စိမ်း မက်ထရစ်တန် ၁,၃၂၅ နှင့် ထုံးကျောက် ၃,၃၉၉ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၁၃၄ ရွာ မီးလင်းနိုင်ခဲ့ပါသည်။ Future Energy Co. Ltd နှင့် High Tech Concrete Technology Co. Ltd မှ တည်ဆောက်သော ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် စတင်လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေပြီဖြစ်ပါသည်။ နိုင်ငံပိုင် လျှပ်စစ်ဓါတ်အား ကီလိုဝပ် နာရီထောင်ပေါင်း ၃၆,၇၅၉ နှင့် ပုဂ္ဂလိကပိုင်မှ ၁,၂၉၁ ကီလိုဝပ်နာရီထောင်ပေါင်း သုံးစွဲနိုင်ခဲ့ပါ သည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အတွင်း နေပြည်တော်-လွိုင်ကော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ၊ မန္တလေးတိုင်းဒေသကြီးတို့ကို ရထားဖြတ်သန်း ပြေးဆွဲ ပေးလျက်ရှိပါသည်။ ယာဉ်လိုင်း ၂၂ လိုင်း၊ ယာဉ်စီးရေ ၁၁၂ စီးဖြင့် ရန်ကုန်၊ နေပြည်တော်၊ တောင်ငူ၊ တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာခရီးစဉ်များကိုလည်းကောင်း၊ ပြည်နယ် အတွင်း ယာဉ်လိုင်း ၁၂ လိုင်း၊ ယာဉ်စီးရေ ၆၂ စီး ဖြင့်လည်းကောင်း ခရီးသည် နှင့် ကုန်စည် များ ပို့ဆောင်ပေး လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း တန်ဖိုးနည်း တယ်လီဖုန်းများကို ပြည်သူများသို့ လစဉ် ဖြန့်ဖြူးပေးလျက်ရှိရာ ၁၈,၉၉၆ လုံး ဖြန့်ဖြူးပေး နိုင်ခဲ့ပါသည်။


ကယားပြည်နယ်အစိုးရအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းပြီး ကဏ္ဍစုံ ချိတ်ဆက် ဆောင်ရွက်ခြင်းကြောင့် ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် တစ်နှစ်လုံးအတွက် ရည်မှန်းထားသည့် စီးပွားရေးကိုပြည့်မီ ကျော်လွန်စွာ အကောင် အထည် ဖော်နိုင်ခဲ့ပါသည်။

## ကရင်ပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၄၇၈,၅၇၃.၇** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၆** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ကရင်ပြည်နယ်၏
### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆-၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(ဖ)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် **၇၃၅,၈၈၆.၈** သန်း ရရှိခဲ့၍ **စီမံကိန်းရည်မှန်းချက်၏ ၁၅၃.၈** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၅.၀** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းသီးနှံစိုက်ဧက ၃၄၈,၅၃၄ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ စီးပွားရေးတွက်ခြေကိုက်သည့် အစေ့ထုတ်ပြောင်းကို မြဝတီမြို့နယ်တွင် ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးခဲ့ပါသည်။ ရာဘာစိုက်ပျိုးနည်းကို ကုမ္ပဏီများမှ နည်းပညာပေးခြင်း ကြောင့် တောင်သူများစိတ်ပါဝင်စားလာပြီး စက်မှုသီးနှံဦးစီးဌာနမှ နှောင်နန်း မျိုးကဲ့သို့ မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးခြင်း၊ ရာဘာ စိုက်ပျိုးဖြစ်ထွန်းသော မွန်ပြည်နယ်မှ နည်းပညာများ ရရှိခြင်းတို့ကြောင့် ရာဘာကို ပိုမိုစိုက်ပျိုးခဲ့ပါသည်။ အဓိကအားဖြင့် စပါး၊ အစေ့ထုတ်ပြောင်း၊ ကြက်ပေါင်စေး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ဆီထွက်သီးနှံများ အလားတူကာလထက် တိုးတက် ထုတ်လုပ်နိုင်ခဲ့ပြီး သီးနှံစိုက်ပျိုးတောင်သူများ အကျိုးများခဲ့ပါ သည်။

မိုးစပါး Mechanic Farming လုပ်ငန်းများဆောင်ရွက်ခြင်း၊ သိပ္ပံနည်းကျစိုက်နည်း စနစ်များ ကျင့်သုံးရန် နည်းပညာပေးနိုင်ခြင်းတို့ကြောင့် ယခင်နှစ်ကထက် အထွက်ပိုမိုလာခဲ့ ပါ သည်။

ပြည်နယ်အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွမ်း မျိုးကောင်းမျိုးသန့် ဖြန့်ဝေခြင်း၊ နည်းပညာပေးခြင်းတို့ကြောင့် ပဲမစိုက်ဘူးသော တောင်သူများမှ စပါးစိုက်ပြီး လယ်ဧကတွင် လယ်သီးထပ် ပဲများစိုက်ပျိုးလာခြင်းကြောင့် ပဲအထွက်များပိုမိုလာ ခဲ့ပါသည်။

ထို့အပြင် မြစ်ရေတင်စိုက်ဧကများ တိုးချဲ့လာမှုအပေါ် တောင်သူများမှ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်လာနိုင်သည့်အပြင် တိရစ္ဆာန်အစာအဖြစ် အဝယ်လိုက်နေသော ပီလောပီနံ အားနှစ်ရှည်ပင်သီးနှံများကြားတွင် ပိုမိုစိုက်ပျိုးလာကြပါသည်။

သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေဖူလုံစွာရရှိနိုင်ရေးအတွက် ဆည်၊ ကန်၊ ရေလှောင်တမံနှင့် ရေတံခါးများမှစိုက်ပျိုးရေပေးဝေရေး၊ ရေကြီးနစ်မြုပ်မှုကြောင့်ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေး အတွက် တာတမံများ၊ ရေနှုတ်မြောင်းများ၊ ရေတံခါးများဖြင့်ကာကွယ်ခြင်း၊ မြေဆီသြဇာ

ထက်သန်ရေးအတွက် နုံးသွင်းမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ငါးလုပ်ငန်းဦးစီးဌာနမှ ဘားအံငါးလုပ်ငန်းစခန်းရှိ ငါးမွေးကန်များအားရေလျှံမှုမှ ကာကွယ်တားဆီးရန် လက်ရှိမြေသားကန်များကို အနက် ၂ ပေစီ မြေတူးဘောင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကရင်ပြည်နယ်တွင် ပေါင်းစည်းလယ်ယာစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးကုန်ထုတ် အစုအဖွဲ့ ၃ ဖွဲ့ အသစ်ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်းပြီး ပေါင်းစည်းလယ်ယာစနစ်အစုအဖွဲ့များ ဖွဲ့စည်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကရင်ပြည်နယ်ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာအုပ်စုမှ ဦးဝင်းနိုင်(ဘားအံမြို့နယ်၊ ပေါင်းစည်းလယ်ယာ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်) သည် နိုင်ငံတော်သမ္မတ၏ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရရှိခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Sustainable Development ဖြစ်ရေးကို အလေးထားဆောင်ရွက်နေပါသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒများနှင့် အညီဆောင်ရွက်လျက်ရှိပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ရွှေထုတ်လုပ်မှု တိုးတက်ခဲ့ပြီး ခနောက်စိမ်းသတ္တုရိုင်းနှင့် သွပ်နှင့်ရောရာ သတ္တုရိုင်း ထုတ်လုပ်မှုတွင် အကြီးစား ဖက်စပ် ကုမ္ပဏီဖြစ်သောမေဖလားဝါးမိုင်းနင်းအင်တာပရိုက်စ်သည် လုပ်ငန်းရပ်စဲရန် ပြင်ဆင်နေပြီး ဒုတိယ (၆) လပတ်အတွင်း ထုတ်လုပ်မှုမရှိခြင်းနှင့် ခနောက်စိမ်း သတ္တုသန့်စင် ထုတ်လုပ်မှု ဆောင်ရွက်လျက်ရှိသောကုမ္ပဏီသည် ဆင့်တက်ပြုပြင်မှု နည်းစဉ်အတွက် လိုအပ်သော စက်ပစ္စည်းများ စုဆောင်းနေရခြင်းတို့ကြောင့် ထုတ်လုပ်မှု လျော့နည်းရခြင်း ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဘားအံစက်မှုဇုန်မှ UMH အထည်ချုပ်စက်ရုံ၊ မြဒွေးကြွယ်လင်းစက်ဘီးပြုပြင် တပ်ဆင်စက်ရုံ၊ သစ်အချောထည်စက်ရုံနှင့် ဝင်းဝင်း ဖယောင်းတိုင်စက်ရုံတို့၏ထုတ်လုပ်မှုများ၊ ဘုရားသုံးဆူမြို့နယ်ခွဲ၏ စက်မှုလုပ်ငန်းများဖြစ်သော ပရိဘောဂစက်ရုံ၊ ယွန်းထည်ပစ္စည်းစက်ရုံ၊ ဖိနပ်ချုပ်စက်ရုံ၊ အထည်ချုပ်စက်ရုံတို့၏ ထုတ်လုပ်မှုများပိုမိုလာခဲ့ပါသည်။ ထို့အပြင် ဦးဆောက်ပန်း ရေသန့်လုပ်ငန်း၏ ကျေးရွာအရောက် လုပ်ဆောင်မှုတိုးချဲ့လာခြင်းကြောင့် ထုတ်လုပ်မှုများ ပိုမိုလာပါသည်။ အိမ်တွင်းစက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး

အစီအစဉ်အရ ဘားအံမြို့ သစ်လွင်ယက္ကန်း ကုန်ထုတ်သမဝါယမဖွဲ့စည်း ဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးပိုမိုရရှိကာ ယက္ကန်းထည်ထုတ်လုပ်မှုများ တွင်ကျယ်လျက်ရှိပါသည်။ အခြားအစုအဖွဲ့များဖြစ်သော မြင့်မြတ်အိမ် ဖယောင်းတိုင်လုပ်ငန်း၊ စံပါယ်ဖြူထုံးလုပ်ငန်း၊ ပုလဲနက်ကော်ဖီကြိတ်လုပ်ငန်းတို့၏ ထုတ်လုပ်မှုများလည်း ပိုမိုခဲ့ပါသည်။ ကော့ကရိတ်မြို့နယ်တွင် ရွှေပျံလွှားမုန့်ဖုတ်လုပ်ငန်း၏ မုန့်မျိုးစုံမှာ စားသုံးသူအကြိုက်တွေ့စေသောကြောင့် ပိုမိုထုတ်လုပ်လျက်ရှိပါသည်။ မြဝတီမြို့နယ်တွင် ဧည့်သည် ပိုမိုဝင်ရောက်လာမှုကြောင့် သောက်ရေလိုအပ်ချက်အရ သောက်ရေသန့် လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အား မြှင့်တင်ရေးအတွက် ဘားအံမြို့နယ်တွင် ၁၁ ကေဗွီလိုင်းများတိုးချဲ့ခြင်း၊ သံတောင်ကြီးနှင့် သံတောင်မြို့သစ်၊ လိပ်သိုမြို့နယ်ခွဲများတွင် ကေဗွီ ၂၀၀ ခွဲရုံများ တည်ဆောက်ခြင်း၊ ဘားအံမြို့နယ်တွင် ACSR 25 mm² အား ACSR 95 mm² ဖြင့် အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆွေးမြေ့နေသည့် သစ်သားတိုင်နှင့် သံတိုင်များအစား ကွန်ကရစ်တိုင်များဖြင့်လဲလှယ်ခြင်း၊ သံတောင်ကြီးမြို့တွင် 200 KVA ထရန်စဖော်မာတစ်ခု လဲလှယ်ခြင်း၊ ကော့ကရိတ်မြို့တွင် ၄၀၀ ဗို့လိုင်း ၂ ထပ်လိုင်းဖြင့်တည်ဆောက်ခြင်း၊ ACSR 25 mm² ကြိုးအား HDBC ကြိုး သံလက်တန်းကြွေသီးဖြင့် ၂ ထပ်လိုင်းလဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့လာစေရန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လမ်းတံတားတည်ဆောက်မှုများ ယခင်နှစ်ထက်တိုးတက်ဆောင်ရွက်ခဲ့ပါသည်။ ဘားအံမြို့နယ် ဇာသပြင်- ကျားကလေးလမ်း မြေသားပခုံးခင်းခြင်း၊ သံကူကွန်ကရစ် ကြမ်းခင်းတံတား ၃ စင်း တည်ဆောက်ခြင်း။ (ထီလုံ - တာပေါင်- ပတ - နဘူးလမ်း) ပေါ်ရှိ ကွန်ကရစ်တံတား ၆ စင်းဆောက်လုပ်ခြင်း၊ လှိုင်းဘွဲ့ ရှမ်းရွာသစ်လမ်းပေါ်ရှိ တံတား ၇ စင်း ဆောက်လုပ်ခြင်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း ၃၇/ ၀-၃၇ /၄ အထိ ရေပိတ်ကတ္တရာခင်းခြင်း၊ ဘားအံ-ကော့ကရိတ်-မြဝတီလမ်း အမာခံလမ်းပခုံးနှင့် မြေသားလမ်းပခုံးခင်းခြင်း၊ ကြာအင်းဆိပ်ကြီး - ချောင်းဆုံ - ဘုရားသုံးဆူလမ်း မြေသားတာပေါင်တင်ခြင်း၊ (ဖာပွန်-ကမမောင်းလမ်း) ပိုင်း အချို့အား ရေပိတ်ကတ္တရာခင်းခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ ဖာပွန်ဈေးတံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ (သံဖြူဇရပ်-ဘုရားသုံး

ဆူလမ်း) အား မြေသားတာပေါင်တည်ဆောက်ခြင်း၊ တံတား ၁၁ စင်းတည်ဆောက်ခြင်း၊ လမ်းဘေးဝဲယာ ရေနှုတ်မြောင်းတူးခြင်း၊ မြေသားတာပေါင် တည်ဆောက်ခြင်း အစရှိသည့်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကော့ကရိတ်- ကုဒုံ- အဇွန်း- လံဖါးလမ်း မြေသားတာပေါင်တည်ဆောက်ခြင်း၊ တံတား ၉ စင်းတည်ဆောက်ခြင်း၊ ရေနှုတ်မြောင်းတူးခြင်း ရေပိတ်လွှာ အမာခံလမ်းခင်းခြင်း၊ ကျောက်ကတ္တရာခင်းခြင်း အစရှိသည့် လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ (ဖာပွန် - ဝါးပိုးတော - ကမမောင်းလမ်း) ပေါ်ရှိ သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း၊ မုဒုံ-မြဝတီလမ်းပေါ်ရှိ ဟောင်သရောတံတားအား သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း၊ ဇာသပြင်ကျားကလေးလမ်းပေါ်ရှိ သံကူကွန်ကရစ် တံတား တည်ဆောက်ခြင်း၊ ဘီးလင်း-နတ်ကြီး-ဖာပွန် လမ်းပေါ်ရှိ ယွန်းစလင်းချောင်း တံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ရေပိတ်လွှာထပ်လောင်းခြင်း၊ မြေသားပခုံးလမ်း ခင်းခြင်း အစရှိသည့်လမ်း တံတားများ အဆင့်မြှင့်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်း၌ အာကာသယာဉ်အသင်း၊ မန်းရွှေမြို့တော် အသင်း၊ ရတနာစိုး၊ မန္တလာထွန်း၊ နယူးတောင်ပေါ်သား၊ ရွှေသံတောင်၊ တက်နေဝန်းစသည့် ပုဂ္ဂလိကပိုင် ယာဉ်လိုင်းများကိုလည်း တိုးချဲ့ပြေးဆွဲခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တယ်လီဖုန်း လုံးရေ ၃၈,၈၄၇ တပ်ဆင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တယ်လီဖုန်းလုံးရေ ၄၁,၈၈၉ တပ်ဆင်ခဲ့ရာ တယ်လီဖုန်း တပ်ဆင်မှုများ ယခင်နှစ်ထက် ၃,၀၄၂ လုံး တိုးတက် တပ်ဆင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ အသေးစားစက်မှုလုပ်ငန်းများသို့ ချေးငွေများ ပိုမိုထုတ်ချေးပေးခဲ့သဖြင့် ဝင်ငွေတိုးတက်လာခြင်း နှင့် မြဝတီမြို့တွင် နိုင်ငံကူး လက်မှတ်များ ထုတ်ပေးခြင်းဖြင့် တစ်ဖက်နိုင်ငံမှ အလုပ်လုပ်သူများ ငွေလွှဲပို့ခြင်း ဆောင်ရွက်လာ ပါ ၍ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ ကမ္ဘာ့ရတနာဘဏ် စသည့် ပုဂ္ဂလိကဘဏ်များမှ ငွေလွှဲပို့ခ ဝင်ငွေများတိုးတက်ရရှိခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** ကရင်ပြည်နယ်၏ပညာရေးဝန်ထမ်း လိုအပ်ချက်အရ နေ့စား၊ လပေး ဝန်ထမ်းဦးရေ ၂,၁၇၆ ဦး နှင့် ကျန်းမာရေးဝန်ထမ်း ၂၅၈ ဦး တိုးချဲ့ခန့်ထားခဲ့ပါသည်။ အခြေခံပညာကဏ္ဍတွင် ကျောင်းဆရာနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင် ၁း၃၇၊

အလယ်တန်းအဆင့်တွင် ၁း၃၈၊ အထက်တန်းအဆင့်တွင် ၁း၂၂ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ၂၄၆,၉၉၃ ဦးတက်ရောက်သင်ကြားနိုင်ခဲ့ရာမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၂၇၇,၀၈၀ ဦး တိုးတက်ပညာသင်ခွင့် ရရှိခဲ့ပါသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ဘားအံတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်ရေး၊ ပြည်နယ်၏ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆရာ၊ ဆရာမလောင်းများ၏ သင်ကြားမှုအရည်အသွေး မြင့်မားစေရန်နှင့် လေ့ကျင့်သင်ကြားပေးနေသော ဆရာ၊ ဆရာမများ (Teaching Educators ) များအား သင်ကြားမှုအရည်အသွေး မြင့်မားသော ဆရာ၊ ဆရာမများ (Qualified Teachers) များအဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။ အရည်အချင်း မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များရရှိရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေးကဏ္ဍ။** ကျန်းမာရေးကဏ္ဍတွင်လည်း တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့်တိုင်းရင်းဆေးပညာဖြင့် ပိုမိုကျယ်ပြန့်စွာစောင့်ရှောက်ပေးနိုင်ရန်အတွက် တိုင်းရင်းဆေးဆရာအသင်း(ကရင်ပြည်နယ်အသင်းခွဲ)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်းအစရှိသည့် NGO အဖွဲ့အစည်းများနှင့် ပေါင်းစပ်လျက် ကွင်းဆင်းကုသပေးခြင်း၊ တိုင်ရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ပြန့်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်တိုင်းရင်းဆေးဝါး အဆင့်မြှင့်တင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ နှင့် The Nippon Foundation တို့ပူးပေါင်း၍ ပရဆေးဥယျာဉ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပရဆေးပင်များ ကာကွယ်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုသင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်သမားများ၏ လူမှုဖူလုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ငန်းခွင်အတွင်းထိခိုက်မှုကာကွယ်ခြင်း၊ ငွေကြေးအကျိုးခံစားခွင့်၊ အိမ်ရာပိုင်ဆိုင်ခွင့်နှင့် နေထိုင်ခွင့်များအစရှိသည့် အခွင့်အရေးများအတွက်၊ လူမှုဖူလုံရေးအဖွဲ့၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ကွင်းဆင်းဟောပြောခြင်း၊ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

**ဟိုတယ်နှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** အဓိကအားဖြင့် ဟိုတယ်နှင့် တည်းခိုခန်းဝင်ငွေတိုးတက်လာခြင်း၊ မြို့ပြဖွံ့ဖြိုးမှုအရ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာခြင်းတို့ကြောင့်

ဂှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ တိုးတက်လာပါသည်။ မြဝတီဝင်ပေါက်မှ နိုင်ငံခြားခရီးသွားများနှင့် တတိယနိုင်ငံသား လာရောက်လည်ပတ်ခွင့်အား ပြုခဲ့ပြီးဖြစ်သောကြောင့် ခရီးသွားလုပ်ငန်း အနေဖြင့် Vega Hpaan International Tour & Air Ticket Center လုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအနေဖြင့် Passport ပြုလုပ် ပေးခြင်း၊ Visa ပြုလုပ်ပေးခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်း လေယာဉ်လက်မှတ်များ ရောင်းချပေးခြင်း၊ နိုင်ငံတကာ ဟိုတယ်များမှ အခန်းများရယူပေးခြင်း၊ မွန်ပြည်နယ် - ကရင်ပြည်နယ် အလည်အပတ် ခရီးစဉ်များ စီစဉ်ပေးခြင်း၊ နိုင်ငံ ၁၂ နိုင်ငံအား အလည်အပတ် ခရီးစဉ်များ စီစဉ်ပေးခြင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မစ်ရှင်ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလိုသူများအား အထူးဝန်ဆောင်မှုများပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ကုန်သွယ်ရေးကဏ္ဍ။** ကုန်သွယ်မှု မြှင့်တင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းမှ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်း ပပျောက်စေရေးတို့အတွက် လုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဖြေရှင်းပေးခြင်းဖြင့် လုပ်သာကိုင်သာရှိစေရန်နှင့်ထိုက်သင့်သော အကျိုးအမြတ်များရရှိပြီး တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်မှ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျကုန်သွယ်မှုပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။


ကရင်ပြည်နယ်အနေဖြင့် ဒုတိယ (၆) လပတ်စီမံကိန်း အကောင်အထည်ဖော်ရာတွင် အစေ့ထုတ်ပြောင်းကို စမ်းသပ် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုကြောင့် စုစုပေါင်းဧက ၂၀၀၀ ကို CP ကုမ္ပဏီနှင့် တောင်သူများ အကျိုးတူစိုက်ပျိုးထုတ်လုပ်မည့် Contract Farming စနစ်ဖြင့် ဆောင်ရွက်သွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အတွက် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်၍ နှစ်ကုန်တွင် ရည်မှန်းချက်ကို ပြည့်မီစွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

## ချင်းပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၉၆,၁၄၈.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၈** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ချင်းပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၁၂၂,၄၃၇.၇** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၂၇.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၈.၆** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာ ဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကုန်အထိတွင် ကုန်းမြင့် လယ်ယာ (လှေခါးထစ်လယ်) (၁၅၀)ဧက ဖော်ထုတ်နိုင်ခဲ့သဖြင့် ဒုတိယ(၆)လပတ်အတွင်း (၈၈)ဧကကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စပါးမျိုးကောင်း မျိုးသန့်များအနေဖြင့် ပုလဲသွယ် စပ်မျိုး (၁၉၀)ဧက၊

ရေဆင်း(၆) (၇၅၀)ဧက၊ ရွှေရင်အေး(၆၆၆)ဧကတို့အတွက် မျိုးကောင်း မျိုးသန့်များ ဖြန့်ဝေပေး နိုင်ခဲ့ပါသည်။

အဓိကသီးနှံများ စိုက်ပျိုးနိုင်မှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စပါးစိုက် ဧက စုစုပေါင်း (၁၀၁,၁၉၉) ဧက၊ မြေပဲစိုက်ဧက (၄,၃၉၄) ဧက၊ နှမ်းစိုက်ဧက(၆,၅၉၇) ဧက၊ နေကြာစိုက်ဧက(၄,၇၂၇)ဧက၊ မတ်ပဲစိုက်ဧက(၂၈)ဧက၊ ပဲတီစိမ်းစိုက်ဧက (၆၃၅)ဧက၊ ပဲစဉ်းငုံ စိုက်ဧက (၁,၂၂၅)ဧက၊ ဝါစိုက်ဧက (၄၉၁)ဧက၊ ကြံစိုက်ဧက (၆၇၁)ဧကနှင့် အစေ့ထုတ်ပြောင်း စိုက်ဧက (၆၃,၆၁၈)ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး စုစုပေါင်းသီးနှံစိုက်ပျိုးဧက (၃၁၄,၅၆၃) ဧက ကို စိုက်ပျိုးနိုင် ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အသားတင်တိုးပွားလာသည့် တိရစ္ဆာန်ကောင်ရေမှာ ကျွဲ (၁,၀၁၈)ကောင်၊ နွား(၁,၂၅၄)ကောင်၊ နွားနောက်(၁,၅၅၁) ဆိတ် (၃,၃၀၈)ကောင်၊ ဝက်(၁၃,၆၈၃)ကောင်၊ ကြက်(၂၇၀,၃၁၂)ကောင်နှင့် ဘဲ(၁,၂၅၂)ကောင် ဖြစ် ပါသည်။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ချေးငွေ ကျပ်သိန်း(၂၀,၀၀၀)ကို တောင်သူများသို့ ထုတ်ချေး ပေးထားပြီး ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပြည်နယ်အတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင် ထုတ်ပေးပြီး ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ မှတ်ပုံတင် ထုတ်ပေးပြီးသည့် လုပ်ငန်းများမှာ စပျစ်ဝိုင်လုပ်ငန်း၊ မြင်းဆို သစ်တောထွက်ပစ္စည်းလုပ်ငန်း၊ ပရိဘောဂနှင့် သစ်သီးစုံဖျော်ရည်လုပ်ငန်း၊ ဇျူတီလင်းဝိုင်လုပ်ငန်း၊ လန်းဆန်းအောင် သစ်သီးစုံ၊ ဝိုင်နှင့် ဖျော်ရည်လုပ်ငန်း၊ ရွှေမက်မန်း ဝိုင်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်း၊ မုန့်ဖုတ်လုပ်ငန်းများ ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** မြန်မာ့လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှလည်း ပြည်နယ် အတွင်း လျှပ်စစ်ဓါတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း စက်မှုလုပ်ငန်းသုံးအနေဖြင့် ကီလိုဝပ်နာရီ ထောင်ပေါင်း(၆၂)၊ အိမ်သုံး ကီလိုဝပ်နာရီထောင်ပေါင်း(၂,၀၃၅)၊ ဆေးရုံ၊ ရုံး၊ ကျောင်းသုံး

ကီလိုဝပ်နာရီထောင်ပေါင်း(၄၂၈)နှင့် အထွေထွေသုံး ကီလိုဝပ်နာရီထောင်ပေါင်း (၉၅) တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ချင်းပြည်နယ်အတွင်း ပြည်သူများအတွက် လမ်းပန်း ဆက်သွယ်ရေး နှင့် ကူးသန်း သွားလာရေး တိုးတက် ကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း နိုင်ငံတော်ရန်ပုံငွေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း၊ သိုင်းငင် တီးတိန်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ ပခုက္ကူ- ပေါက်- ကျောက်ထု-မင်းတပ်လမ်း၊ ဂန့်ဂေါ- အိုက်ကားလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ရှာတလိုင်း- လိုတောလမ်းနှင့် တီးတိန် မြို့တွင်းလမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်နယ်ရန်ပုံငွေဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ဖလမ်း-ရိဒ် လမ်း၊ ထန်တလန်-လုံလဲလမ်း၊ ထန်တလန်-နှာရှိန်-ရေဇွာ-မတူပီလမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ ဖို့ဂိုက်- ထုတ်လှိုင် လမ်း၊ ဖလမ်း မြို့ရှောင်ကွင်းလမ်း၊ လောင်းရှည်-ကျင်ဒွေး လမ်း၊ မတူပီ-ပလက်ဝလမ်း၊ ရှာတလိုင်း-လိုတော လမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ဟားခါး-ထန်တလန်- ဆာဆီချောက်လမ်း၊ တီးတိန်မြို့တွင်းလမ်း၊ မင်းတပ်မြို့တွင်းလမ်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်ကုန်အထိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြည်ထောင်စုလမ်းများအတွက် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်(၁၃,၄၈၀.၃၂၀)သန်း၊ ပြင်ဆင် ထိန်းသိမ်း ရန်ပုံငွေကျပ်(၄,၆၄၅.၀၉၉) သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ချင်းပြည်နယ်ဒေသများအကြား လမ်းပန်း ဆက်သွယ်မှု တိုးတက် ကောင်းမွန်လာရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ပံ့ပိုးမှု နှင့် လူမှု ဖွံ့ဖြိုးရေး ထောက်ပံ့ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေတို့ဖြင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် UNDP နှင့် INGO အဖွဲ့အစည်းများမှလည်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက် လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ချင်းပြည်နယ်အတွင်း ဆက်သွယ်ရေး လွယ်ကူစေရန် အတွက် တယ်လီဖုန်း တိုးချဲ့တပ်ဆင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒုတိယ ဖြလပတ် အတွင်း CDMA-800 Mobile (၂,၁၀၀)လုံး၊ WCDMA Mobile (၃,၆၀၀) လုံး၊ GSM Mobile (၃,၀၀၁) လုံး တပ်ဆင်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကုန်အထိ တယ်လီဖုန်းအမျိုးမျိုး တိုးချဲ့ တပ်ဆင်ပေးနိုင်မှုအနေဖြင့် GSM Mobile (၃,၃၀၁) လုံး၊ CDMA-800 Mobile (၁၃,၁၀၀) လုံး၊ WCDMA Mobile (၆,၆၀၀)လုံး တို့ကို တပ်ဆင် ပေးနိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ချင်းပြည်နယ်အတွင်း မြို့ပြ/ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရရှိနိုင်သမျှသော ရေအရင်းအမြစ်ထွက်ရှိရာ နေရာ ဒေသများတွင် ရေဖမ်း၊ ရေစုကန်များ တည်ဆောက်၍ ၄င်းကန်များမှတစ်ဆင့် ရေပိုက်လိုင်းများ သွယ်တန်းကာ ရေမီတာတပ်ဆင်၍ မြို့ပြကျေးလက်ရေပေးဝေမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်ကုန်အထိ သောက်သုံးရေရရှိရေး ဆောင်ရွက်ပြီးစီးမှု အခြေ အနေမှာ ကန်ပက်လက်မြို့နယ်တွင် ကျေးရွာပေါင်း(၆၂)ရွာ၊ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း (၉၅)ရွာ၊ တွန်းဇန်မြို့နယ်တွင် ကျေးရွာပေါင်း(၄၉)ရွာ၊ ထန်ထလန်မြို့နယ်တွင် ကျေးရွာပေါင်း (၄၆)ရွာ၊ ဖလမ်းမြို့နယ်တွင် ကျေးရွာပေါင်း(၁၃၁)ရွာ၊ ပလက်ဝမြို့နယ်တွင် ကျေးရွာပေါင်း (၁၀၁)ရွာ၊ မတူပီမြို့နယ်တွင် ကျေးရွာပေါင်း(၈၀)ရွာ၊ မင်းတပ်မြို့နယ်တွင် ကျေးရွာပေါင်း (၁၃၇)ရွာနှင့် ဟားခါးမြို့နယ်တွင် ကျေးရွာပေါင်း(၄၅)ရွာ စုစုပေါင်း ကျေးရွာ (၇၄၆)ရွာတို့ ဖြစ်ပါသည်။

**ကျေးလက်မီးလင်းရေး။** ချင်းပြည်နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် ဒီဇယ်၊ ဆိုလာ၊ ဘိုင်အိုဂက်စ်၊ အသေးစားရေအားတို့ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးရွာစုစုပေါင်း ၁,၄၀၈ ရွာ ရှိသည့်အနက် ၂၀၁၃-၂၀၁၄ ခုနှစ် အထိ မီးလင်းပြီးကျေးရွာ ၄၂၁ ရွာအထိ တိုးတက် ဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသ တွင်းကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ်


နယ်စပ်ကုန်သွယ်ရေးစခန်းမှ တဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ်လျက် ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ထန်တလန်မြို့နယ် မှောင်တလန်ကျေးရွာအနီးတွင် နယ်စပ်ကုန်သွယ်ရေး စခန်းသစ်ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်စစ်ကိုင်းတိုင်းဒေသကြီး၏အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၃၂၃၅၂၅၁.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၉.၅** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၉) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၁၀) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၄,၅၅၃,၆၀၅.၀** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၄၀.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၁၀.၇** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၄,၁၁၀,၅၉၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လ ပတ် အတွင်း ချည်မျှင်ရှည်ဝါသီးနှံဖြစ်သည့် ငွေချည် ၆ အမျိုးအစားကို စစ်ကိုင်းခရိုင်တွင် ၂၆,၇၈၈ ဧက၊ မုံရွာခရိုင်တွင် ၂၈,၁၄၂ ဧက၊ ရွှေဘိုခရိုင်တွင် ၄,၃၃၄ ဧက၊ စုစုပေါင်း ၅၉,၂၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ငွေချည် ၆ အမျိုးအစား သီးနှံသည် ဈေးကွက်ဝင်ခြင်း၊ တောင်သူများ ပြုစုစောင့်ရှောက်မှုကောင်းပါက အထွက်တိုးခြင်းတို့ကြောင့် ပိုမိုစိုက်ပျိုးခြင်း ဖြစ်ပါသည်။ ကုလားပဲသီးနှံသည် ယခင်နှစ် အလားတူကာလထက် ၄၁၅,၀၀၀ တင်း ပိုမို ထွက်ရှိခဲ့ပါသည်။ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးခြင်းကြောင့် ဖြစ်ပါသည်။ ပဲကြီးသီးနှံသည် ဈေးကွက်ဝင်ခြင်း နှင့် သွင်းအားစုများ ကောင်းမွန်ခြင်းကြောင့် ပိုမို စိုက်ပျိုးကြ၍ ယခင်နှစ် အလားတူကာလထက် ၇၂,၀၀၂ တင်း ပိုမို ထွက်ရှိ ခဲ့ပါသည်။

**လမ်း၊တံတားများအသစ်တည်ဆောက်ခြင်း၊အဆင့်မြှင့်တင်ခြင်း။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လမ်း၊ တံတားပြင်ဆင် ထိန်းသိမ်းခြင်းအတွက် ကျပ် ၃၀,၅၂၀ သန်း နှင့် တံတား ပြင်ဆင် အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ကျပ် ၃,၅၃၉.၆ သန်း ကုန်ကျခံ ဆောင်ရွက် လျက်ရှိပါသည်။ နာဂဒေသ၏ ဆင်သေ - လဟယ်လမ်း နှင့် ရှင်ဗွေယန် - နန်ယွန်း - ပန်ဆောင် လမ်းအား တစ်နှစ်ပတ်လုံး မော်တော်ယာဉ်များ သွားလာနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိ ပါသည်။

**လျှပ်စစ်သွယ်တန်းထုတ်လုပ်မှုနှင့်ဖြန့်ဖြူးပေးရေးလုပ်ငန်း။** ၂၀၁၃-၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ချောင်းဦးမြို့တွင် ကွန်ကရစ်တိုင်များ အစားထိုး လဲလှယ်ခြင်းလုပ်ငန်း၊ ကေဗွီအေခွဲရုံ ၁ ရုံ၊ ၁၁ကေဗွီလိုင်း တည်ဆောက်ခြင်း၊ အရာတော်မြို့နယ်တွင် ၁၁/၀.၄ကေဗွီ (၂၀၀)ကေဗွီအေရုံ၊ ထရန်စဖော်မာ တစ်လုံးတည်ဆောက်ခြင်း၊ ဆားလင်းကြီးမြို့ ၁၁/၀.၄ ကေဗွီ(၂၀၀) ကေဗွီအေရုံ၊ ၁၁ကေဗွီလိုင်း တည်ဆောက်ခြင်း နှင့် ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်း၊ ကနီမြို့တွင် ၁၁ ကေဗွီလိုင်း၊ ၂၀၀ ကေဗွီအေခွဲရုံ တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓါတ်အားလိုင်း တည်ဆောက်ခြင်း၊ မုံရွာမြို့နယ် အလုံတွင် ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်း နှင့် ၁၁/၀.၄ ကေဗွီ၂၀၀ ကေဗွီအေရုံ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

**ရေရရှိရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း။** ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ စိုက်ပျိုးမြေ ၁,၅၀၀ ဧက အကျိုးသက်ရောက်မည့် အရာတော်(၂) လျှပ်စစ် မြစ်ရေတင် စီမံကိန်း ဆောင်ရွက်လျက်ရှိရာ ဒုတိယ(၆)လပတ်အတွင်း ရေပေးမြောင်း ပြုပြင်ရေး လုပ်ငန်း ၂၆ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း ၇၅ ရာခိုင်နှုန်း နှင့် လျှပ်စစ် လုပ်ငန်းပိုင်း အနေဖြင့် ၉၀ ရာခိုင်နှုန်း အထိ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ဝက်လက်မြို့နယ်၊ တပ်ရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအတွက် ရေပေးမြောင်းပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**ဆည်ရေရရှိမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်မည့် အစီအစဉ်များ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ရာဇဗြိုလ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး ပြီးစီးမှုရာခိုင်နှုန်းမှာ တမံ ၂.၈၂ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ် ၀.၀၆ ရာခိုင်နှုန်း၊ ရေပိုလွှဲ ၃.၈၄ ရာခိုင်နှုန်း နှင့် ဆည်ရေသောက် ၂.၆၆ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အတွင်း သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကျောက်ပုထိုးသတ္တုတွင်းမှ သတ္တုရိုင်းများမှာ ရွှေပါဝင်မှု နည်းပါးလာသဖြင့် လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရန် ဗန်းမောက် မြို့နယ်တွင် တိုးချဲ့ဧရိယာ ၁,၅၀၀ ဧကကို ခွင့်ပြုပေးထားပြီးဖြစ်ခြင်း၊ ကျောက်ပုထိုး သတ္တုတွင်း စီမံကိန်း တွင် ရွှေပါဝင်မှု နည်းပါးသော (Serri Oxide Ore) ရွှေထုတ်လုပ်မှု နည်းများ ပြောင်းလဲ ထုတ်လုပ်ရန် စီစဉ် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေး လုပ်ငန်းများ တိုးချဲ့ခြင်း၊ အသစ် တည်ဆောက်ခြင်း။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လ ပတ်အတွင်း တန်ဖိုးနည်းဖုန်း လုံးရေ ၁၇၁,၁၆၄ ရောင်းချပေးခဲ့ ပါသည်။

**ပညာရေးကဏ္ဍ။** စစ်ကိုင်းမြို့နယ်တွင် သမဝါယမတက္ကသိုလ်နှင့် နည်းပညာ တက္ကသိုလ်တို့ကို အဆင့်မြှင့်တင်ခဲ့ပြီး စစ်ကိုင်းဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာသင်တန်း (MPA)၊ စီးပွားရေး စီမံခန့်ခွဲမှုမဟာသင်တန်း (MBA) တို့ကို ဖွင့်လှစ်ပို့ချ လျက်ရှိပါသည်။

**ကျန်းမာရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ကျန်းမာရေး ဦးစီးဌာန အနေဖြင့် စယ်လန့်သူကုမ္ပဏီမှ ချောင်းဦးမြို့နယ်၊ သုံးပန်လှ(ခ)အနိမ့် တိုက်နယ်ဆေးရုံ၊ Good Two Side ကုမ္ပဏီမှ မုံရွာမြို့နယ် သာစည်တိုက်နယ်ဆေးရုံ၊ ကြယ်စင်မင်း ကုမ္ပဏီမှ ဝန်းသိုမြို့နယ် နမ်းခမ်းတိုက်နယ်ဆေးရုံ၊ ကောင်းသစ်ဟိန်းကုမ္ပဏီမှ ဟုမ္မလင်းမြို့နယ် မောင်းခမ်း တိုက်နယ်ဆေးရုံ နှင့် ကောယား ကျေးလက်ကျန်းမာရေး ဌာနခွဲ၊ ဖောင်းပြင်မြို့နယ် ဆေးရုံတိုးချဲ့ လူနာဆောင်(၂) ဆောင် ဆောက်လုပ်ခြင်း၊ ဥမ္မာမြင့် ကုမ္ပဏီမှ ကသာမြို့နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ၊ ထီးချိုင့်မြို့နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာနှင့် ကောလင်းမြို့နယ် သစ်ဆိမ့်ကုန်း ကျေးလက် ကျန်းမာရေးဌာနခွဲ၊ WMT ကုမ္ပဏီမှ ရွှေဘိုမြို့နယ် တံခွန်တိုင် ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ယင်းမာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လုံတော် ကျေးလက်ကျန်းမာရေး ဌာနခွဲ၊ အောင်ချမ်းသာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဇီးတော ကျေးလက်ကျန်းမာရေးဌာနခွဲ၊ WELL TECH ကုမ္ပဏီမှ မြောင်မြို့နယ် ပရိမ္မကျေးလက် ကျန်းမာရေးဌာန၊ အရာတော်မြို့နယ် ဝါးတောမ ကျေးလက်ကျန်းမာရေးဌာန၊ ကန့်ဘလူမြို့နယ် မဲသည်း ကျေးလက်ကျန်းမာရေးဌာန၊ Alpha Wing ကုမ္ပဏီမှ ကလေးမြို့ကုတင် ၂၀၀ဆန့် ဆေးရုံတိုးချဲ့(၂) ထပ်ဆောင်၊ သာထက်သာ ကုမ္ပဏီမှ တန့်ဆည်မြို့နယ် စိန်နန်း ကျေးလက်ကျန်းမာရေးဌာန၊ ဘုတလင်မြို့နယ် ယုန်လှေးကုန်း ကျေးလက်ကျန်းမာရေးဌာန၊ ဝက်လက်မြို့နယ်ဆေးရုံ တိုးချဲ့လူနာဆောင် ၂ ဆောင် နှင့် ဝန်ထမ်းအိမ်ရာ၊ E.3 ကုမ္ပဏီမှ တမူးမြို့နယ် ခမိတ်ကျေးလက် ကျန်းမာရေးဌာန၊ လှည်းဆိပ် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အလှော် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စွန်လည် ရွာသစ် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကနန် ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ခမ်းပတ်(၄) ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ထက် Engineering ကုမ္ပဏီမှ မင်းကင်းကြာပင်တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ မြန်မာ့ ခေတ်ရွှေမိုးဆွေ၊ ထက်မိုးပွင့်၊ အောင်ခိုင်မင်းကုမ္ပဏီမှ ပင်လည်ဘူးမြို့နယ် မံစီလေး တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ရေပေးဝေမည့်အစီအစဉ်။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင် သာယာရေး အဖွဲ့များမှ ကျေးလက် သောက်သုံးရေ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်း ၈၈ ခု အတွက် ဆောင်ရွက်ရန် ပစ္စည်းများစုဆောင်းလျက် ရှိပါ သည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက်ဒေသ ကျေးလက် ရေပေးရေးလုပ်ငန်းတွင် တွင်းတိမ် ၁၂ တွင်း၊ တွင်းနက် ၉ တွင်း၊ ရေကန် ၁၁ ကန်၊ လက်တူးတွင်း ၄ တွင်း၊ စိမ့်စမ်း ၈ တွင်းနှင့် အခြား ၂၉ တွင်း စုစုပေါင်း ၇၃ တွင်းကို ကျေးရွာပေါင်း ၆၉ ရွာတွင် ဆောင်ရွက်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒုတိယ(၆)လပတ် အတွင်း ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာပေါင်း ၆၁ ရွာ၊ နည်းလမ်းအမျိုးမျိုးဖြင့် မီးလင်းရန် ကျေးရွာပေါင်း ၅၀ တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ်တွင် စီမံကိန်း အကောင်အထည် ဖော်နိုင်မှုမှာ လယ်ယာကဏ္ဍတွင် တောင်သူအစီအစဉ်ဖြင့် ပလပ်မြေမှ ၉,၁၂၂ ဧက၊ မြေရိုင်းမှ ၄၀၅ ဧက၊ တောရိုင်း မြေ မှ ၇,၃၄၈ ဧက၊ စုစုပေါင်း ၁၆,၈၇၅ ဧက ဖော်ထုတ် စိုက်ပျိုး နိုင်ခဲ့သည့်အတွက် လယ်ယာကဏ္ဍအနေဖြင့် ဒုတိယ(၆)လပတ်တွင် ပိုမို အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။

သီးနှံများလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များကို တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဝယ်ယူ၍ မြို့နယ်များတွင် ရိတ်သိမ်းဆောင်ရွက်လျက်ရှိခြင်း၊ ဆန်စက်၊ သစ်စက်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ လုပ်ငန်းသုံး စက်ကိရိယာများ တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများရှိခြင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် မုံရွာစက်မှုဇုန်မှ ရတနာမိုးမြင့် စက္ကူ ထုတ်လုပ်ခြင်း၊ သီဟထွန်းသံရည်ကျိုစက်ရုံမှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်း၊ စစ်ကိုင်းစက်မှုဇုန် ဟွန်ဒါမြန်မာကုမ္ပဏီမှ သစ်ပါးလွှာ အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ကလေး စက်မှုဇုန်မှ ရေနံတွင်းတူးကိရိယာများ ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါ သည်။

ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်များ အစားထိုးလဲလှယ်မှုများ နှင့် မော်တော်ယာဉ် လိုင်းသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်လက်တိုးချဲ့ ချထားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်ကုန်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီအရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံ စိုက်ဧက ၁၅,၅၆၅ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဒုတိယ(၆)လပတ်အတွင်း ဂျုံ၊ ပဲပုတ်၊ ပန်းနှမ်းတို့ ပိုမို စိုက်ပျိုးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်မှု အခြေအနေတွင် ရွှေရင်အေး၊ ဘူးကျောက်၊ ရွှေဘို (၁)၊ နေပြည်တော် (၂)၊ ဆင်းဧကရီ (၃) မျိုးတို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

သီးနှံထွက်ရှိမှုတွင် မိုးစပါးရည်မှန်းချက် ၁,၆၁၃,၀၀၀ တင်း အပေါ် ၁,၃၇၆,၀၀၀ တင်း၊ ပဲပုတ် ရည်မှန်းချက် ၁၇,၉၀၀ တင်း အပေါ် ၁၇,၂၀၀ တင်း၊ ဆောင်းမြေပဲ ရည်မှန်းချက် ၁၇,၀၀၀ တင်း အပေါ် ၁,၃၀၀ တင်း ထွက်ရှိခဲ့ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ လေရှီးမြို့နယ်၊ အမှုထမ်းရပ်ကွက်၊ နမိယူပီကျေးရွာတွင် စိုက်ပျိုးမြေဧက ၇၀ နှင့် နန်းယွန်းမြို့နယ် ဟာဝါးကြိုင်ရိုင်၊ ဟာငွေး၊ ဖာကျက်၊ မီကူး၊ ရန်နူး၊ ပန်ဆောင်အထက်ရပ်ကွက်၊ ဒုံဟီးမြို့နယ်ခွဲ၊ ရှန်ဟဲကျေးရွာတို့တွင် စိုက်ပျိုးမြေဧက ၁၃၀၊ စုစုပေါင်း စိုက်ပျိုးမြေဧက ၂၀၀ ဖော်ထုတ်နိုင်ခဲ့ပါသည်။

**စိုက်ပျိုးရေရရှိမှုဆောင်ရွက်မည့်အစီအစဉ်များ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျပ် ၁၁၉.၇၇၄ သန်း ဖြင့် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** မွေးမြူရေးဇုန်များ ဖော်ထုတ်ပြီးစီးမှုအခြေအနေတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြု ရန်ပုံငွေဖြင့် လဟယ်မြို့နယ် လောင်ဂီးကျေးရွာ နှင့် ကုန်းလမ်းကျေးရွာ တို့တွင် နွားနောက် မွေးမြူရေးခြံ ၁ ခြံစီဖြင့် နွားနောက်အကောင် ၅၀ စုစုပေါင်းအကောင် ၁၀၀ တည်ဆောက် မွေးမြူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**စက်မှုလက်မှုလုပ်ငန်းများ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တိုင်းရင်းသားလူမျိုး များ ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်မှ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ ရိုးရာဂျပ်ခုတ် လုပ်ငန်း နှင့် စက်ချုပ်သင်တန်းများ

ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် တိုင်းရင်းသားလူမျိုးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး စက်မှုလက်မှုကဏ္ဍ တိုးတက်ခဲ့ ပါသည်။

**ကျေးလက်မီးလင်းရေးဆောင်ရွက်ချက်။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆိုလာစနစ်ဖြင့် ကျေးရွာ ၁၀ရွာ မီးလင်းရေးဆောင်ရွက်ခဲ့ပါသည်။

**လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့် မြှင့်တင်ခြင်း။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လမ်း၊ တံတားပြင်ဆင် ထိန်းသိမ်းခြင်းအတွက် ကျပ် ၉၈၄.၂၃၅ သန်း၊ ပြည်ထောင်စု ဘတ်ဂျက် မှ ကျပ် ၁,၅၀၅.၄ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ နာဂဒေသ၏ ဆင်သေ - လဟယ်လမ်း နှင့် ရှင်ဗွေယန် - နန်ယွန်း - ပန်ဆောင် လမ်းအား တစ်နှစ်ပတ်လုံး မော်တော်ယာဉ်များ သွားလာ နိုင်ရန်အတွက် ဆောင်ရွက် လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မြို့နယ် ၃ မြို့နယ်တွင် သယ်ယူပို့ဆောင်ရန်အတွက် ကုန်တင် ကားကြီး ၃၆ စီး၊ ကားလေး ၁၅ စီး၊ ဆိုင်ကယ် ၆၀ စီး၊ စက်လှေ ၂၀ စီးတို့ဖြင့် ဆောင်ရွက် လျက်ရှိပါသည်။

**ပညာရေးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် အမက ကျောင်းများမှ အမက မူလွန်သို့ ၁ ကျောင်း၊ အမက(ခွဲ)မှ အမကသို့ ၃ ကျောင်း၊ (တွဲ)အမက မှ အမက(ခွဲ) သို့ ၂၆ ကျောင်း၊ အမက(မူလွန်)မှ အလကသို့ ၁ ကျောင်း၊ အမက မူလွန်မှ အလက(ခွဲ)သို့ ၁ ကျောင်း၊ တွဲအမကမှ အမက သို့ ၁၉ ကျောင်း၊ စုစုပေါင်း ကျောင်း ၅၁ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျောင်းအဆောက်အဦသစ် ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် ကျပ် ၃၄၃.၈၀ သန်းဖြင့် ဆောက်လုပ် ခဲ့ပါသည်။ ပညာရေးကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းများဖွင့်လှစ်ထားရှိမှုမှာ အထက်တန်း ကျောင်း ၈ ကျောင်း၊ အလယ်တန်းကျောင်း ၉ ကျောင်း၊ အလယ်တန်းခွဲ ၂ကျောင်း၊ အမကလွန် ၁၇ကျောင်း၊ အမက ၁၈၁ ကျောင်း၊ အမကခွဲ ၃၈ ကျောင်း၊ စုစုပေါင်း ၂၅၅ ကျောင်း ဖွင့်လှစ်ထားရှိပါသည်။ ယခင်နှစ်ကထက် ၆၃ ကျောင်း တိုးမြှင့် ဖွင့်လှစ် နိုင်ခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျန်းမာရေး လွှမ်းခြုံမှု ရရှိရန် ကျန်းမာရေး ဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အထိ ဆေးရုံဆေးပေးခန်းများ ဖွင့်လှစ်ထားရှိမှုမှာ ၂၅ ကုတင်ဆံ့ ဆေးရုံ ၃ ရုံ၊ တိုက်နယ်ဆေးရုံ ၅ရုံ၊ ကျန်းမာရေးဌာန ၁၃ ခု၊ ကျန်းမာရေးဌာနခွဲ ၆၉ ခု၊ ငှက်ဖျား တိုက်ဖျက်ရေးဌာန ၂ ခု၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး ဌာန ၃ ခု၊ စုစုပေါင်း ၉၅ ခု ဖွင့်လှစ်ခဲ့ပါသည်။ ယခင်နှစ်ကထက် ၂၆ ခု တိုးတက်ခဲ့ပါသည်။ ထို့အပြင် လဟယ်မြို့နယ် ရင်ခွဲရုံ အဆောက်အအုံ ၁ ခု တည်ဆောက် နိုင်ခဲ့ပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဆေးရုံဆေးပေးခန်းများ ဖွင့်လှစ်ထားရှိမှုမှာ ၁၆ ကုတင်ဆံ့ တိုက်နယ် ဆေးရုံ ၁ ရုံ၊ ကျန်းမာရေးဌာန ၃ ခု၊ ကျန်းမာရေး ဌာနခွဲ ၃ ခု၊ ကျေးရွာ ဆေးပေးခန်း ၂ ခု ဖွင့်လှစ်ခဲ့ပါသည်။ လေရှီးမြို့နယ် ပြည်သူ့ဆေးရုံသစ် သွပ်မိုး၊ သံကူကွန်ကရစ်၂ ထပ်ကို ကျပ်သန်း ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ရေပေးဝေမည့်အစီအစဉ်။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် လေရှီးမြို့နယ်ရှိ ကျေးရွာ(၃) ရွာ၊ နန်းယွန်းမြို့တွင် ရော့ကော့ရပ်ကွက်နှင့် ကားရော်ကုန်ရွှေ ကျေးရွာတို့တွင် ၂ လက်မ PVC ပိုက် ၃ မိုင်၊ ရေတာတမံတည်ဆောက်ခြင်း၊ ဂါလံ ၅၀၀၀ ဆံ့ အုတ်ရေကန် ဆောက်လုပ်ခြင်း ကျပ် ၁၃၅ သန်းကို ဆောင်ရွက်ခဲ့ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးလက်ရေ ရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၉ ရွာအတွက် ကျပ် ၇၃သန်း ဖြင့် ၅၀% ၊ ကုမ္ပဏီမှ ကျေးရွာ ၂၆ ရွာအတွက် ၁၀၀ % သောက်သုံးရေရရှိရေး ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ် အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆိုလာစနစ်ဖြင့် ကျေးရွာ ၆ ရွာအတွက်ကျပ် ၃၆သန်း (၅၀%)၊ ကျေးရွာ ၄ ရွာ အတွက် ကျပ် ၁၈သန်း (၇၅%) ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် စိုက်ပျိုးမြေဧက ၂၀၀ ဖော်ထုတ်နိုင်ခဲ့ခြင်း၊ အမျိုးသမီး အိမ်တွင်းမှုအသက်မွေး ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း၊ မွေးမြူရေးဇုန်များ ဖော်ထုတ်နိုင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည် ဖော်နိုင် ခဲ့ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တနင်္သာရီတိုင်း ဒေသကြီး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း**များအရ ကျပ် **၁,၆၂၇,၄၄၃.၅** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၇.၄** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**တနင်္သာရီတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**


**ပုံ(၆-၁၁) အကောင်အထည်ဖော်နိုင်မှု**

(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၁၂) တိုးတက်မှုနှုန်း**

(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၁,၈၂၂,၆၈၀.၈** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၁၂.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၃.၀** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** တောင်သူများအနေဖြင့် နှစ်ရှည်သီးနှံကို အဓိကအားထား၍ မိုးစပါးစိုက်ဧက လျော့ကျခြင်း၊ မိုးများ၍ သီးညှပ်မစိုက်ပျိုးနိုင်ခြင်း၊ တာတမံများ ကျိုးပဲ့ပျက်စီးခြင်းနှင့် ဆားငန်ရေဝင်ရောက်မှုတို့ကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ ပါသည်။

**သားငါးကဏ္ဍ။** တနင်္သာရီတိုင်းဒေသကြီး၏ အဓိကအားထားရသည့် ကဏ္ဍ ဖြစ်ပြီး ဒုတိယ(၆)လပတ်အတွင်း တစ်နိုင်တစ်ပိုင် တိရစ္ဆာန်မွေးမြူရာမှ စီးပွားဖြစ် မွေးမြူမှု

များလာခြင်း၊ လျှော့စီးရေ တိုးတက်လာခြင်း၊ ပွင့်လင်းရာသီတွင် ငါးပုစွန် ဖမ်းဆီးရရှိမှုများ လာခြင်း၊ သတ်မှတ်ရက်များအတွင်း စောစွာဝင်ရောက်သည့် ခွင့်ပြုငါးဖမ်း ရေယာဉ်များ လာခြင်းတို့ကြောင့် ငါးပုစွန်ကုန်ချိန်များ ပိုမို တိုးတက်ခဲ့ပါ သည်။

**စွမ်းအင်ကဏ္ဍ။** ပြည်ပမှ ရေနံစိမ်းဝယ်လိုအား လျော့ကျမှုကြောင့် ထုတ်လုပ်မှု များ လျော့နည်းခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်းမှ ပင်လယ်သဲ၊ ကျောက်စရစ်၊ ခဲမဖြူအဖြိုက်နက်၊ ဂေါဒန်ကျောက်နှင့် ရွှေထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မရရှိသည့် အတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းပိုင် ဒီဇယ်အင်ဂျင် အလုံး (၂၀)၊ မြို့မီးလင်းရေးကော်မတီ၏ ဒီဇယ်အင်ဂျင်(၈၆)လုံးတို့မှ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

**ဆောက်လုပ်မှု ကဏ္ဍ။** နေအိမ် အဆောက်အဦ ဆောက်လုပ်ရေးလုပ်ငန်းများ၊ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာများမှ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော အဆောက်အဦများ၊ ပုဂ္ဂလိကလမ်းတံတား အဆောက်အဦ ဆောက်လုပ်မှုလုပ်ငန်းများ ပိုမို ဆောက်လုပ်နိုင်ခဲ့ပါသည်။


**ပို့ဆောင်ရေးကဏ္ဍ။** မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းမော်တော်ကား လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အဆင်မြင့်မှန်လုံကားများ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။

**ပဲခူးတိုင်းဒေသကြီး**


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင် မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၂,၃၅၆,၈၄၈.၉** သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၇** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆-၁၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၁၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၃,၃၄၃,၇၆၃.၇** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၄၁.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၇.၃** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မိုးစပါးစိုက်ဧက (၂၉၁၈၈) ဧက ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့်အတွက် နွေစပါး(ပုလဲသွယ်စပ်မျိုး)၊ (၂၄၉၂)ဧက အစားထိုးစိုက်ပျိုးခြင်း၊ အစေ့ထုတ်ပြောင်းဧက (၂၀)ကို CP 801, CP 888, CP 222 အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ မတ်ပဲဧက (၂၄၈၇၆) ကို အထွက်ကောင်းမျိုး များဖြစ်သည့် ရေဆင်း၂၊ ရေဆင်း၃၊ ရေဆင်း၄ မျိုးများကို တိုင်းဒေသကြီးအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် စိုက်ပျိုးနိုင်ခဲ့ခြင်းတို့ကြောင့် လယ်ယာထွက်ကုန်များ အထွက်တိုးတက်ခဲ့ပါသည်။ စွန်တာနီ၊ ပဲပုတ်၊ ပဲလွမ်း၊ ပဲဖြူလေး၊ ပဲနောက်တို့၏ စိုက်ဧကနှင့် အထွက်များ ယခင်နှစ်ထက် တိုးတက်ခဲ့ပြီး မြေပဲအထွက်ကောင်းမျိုးများဖြစ်သည့် မကွေး ၁၂၊ မကွေး ၁၅၊ ဆင်းပဒေသာ ၇၊ ဆင်းပဒေသာ ၁၁၊ တွန်တာနီတို့ကို ရွေးချယ်စိုက်ပျိုးခဲ့ခြင်း၊ ဆောင်းနှမ်း စိုက်ပျိုးဧကများ ယခင်နှစ်ထက် တိုးလာခြင်း၊ ကြက်ပေါင်စေးစိုက်ဧက တိုးလာခြင်း၊ ဒေသနှင့်

ကိုက်ညီသည့် အထွက်တိုးမျိုးများဖြစ်သည့် 2000 series, BPM 24,PB 260, PB 235တို့ကို စိုက်ပျိုးခဲ့ခြင်းတို့ကြောင့် လယ်ယာကဏ္ဍ တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အတွင်း ပုဂ္ဂလိကပိုင်ကဏ္ဍတွင် သောက်ရေသန့် ထုတ်လုပ်မှု၊ အထည်ချုပ်လုပ်ငန်းတွင် ရှင်ဆောင်း အထည်ချုပ်စက်ရုံ၊ ကြယ်စင်ဝိုင်း အထည်ချုပ်စက်ရုံ၊ အောင်မြင်သော အထည်ချုပ်စက်ရုံတို့မှ ထုတ်လုပ်မှုများ တိုးတက်လာခဲ့ပါ သည်။ ပြည်စက်မှုဇုန်တွင် မော်တော်ယာဉ် (၁၁၉)စီး၊ သာယာဝတီမြို့နယ်တွင် စပါးအခြောက်ခံ စက်ရုံ(၁)ရုံ၊ ပေါင်းတည်မြို့နယ်တွင် ပေါင်းဆန်စက် စက်ရုံ(၁)ရုံ၊ ခြွေလှေ့စက် တပ်ဆင်ခြင်း စက်ရုံ(၂)ရုံ တိုးတက်ခဲ့ပါသည်။ ပဲခူးခရိုင်တွင် ဂျပန် ဂေါက်လက်အိတ်စက်ရုံကို ၂၄.၉.၂၀၁၃ ရက်နေ့တွင် ဖွင့်လှစ်၍ လုပ်သားများအား လုပ်ငန်းခွင်သင်တန်းပေးလျက်ရှိရာ လက်ရှိအခြေအနေတွင် ထုတ်လုပ်နိုင်မှု မရှိသေးသော်လည်း လုပ်ငန်းစတင်လည်ပတ်ပါက လုပ်သားအင်အား ၂၅၀ ဦးအထိ ခန့်ထား၍ လုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်အတွင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၂၈)ဖွဲ့မှ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေလမ်းနှင့် တံတားများစသည်ဖြင့် ဆောင်ရွက်ရာတွင် ကျပ် ၂,၂၀၀.၂ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ။** ပဲခူးတိုင်းဒေသကြီး ထန်းတပင် မြို့နယ်ဆေးရုံ၊ ကျောက်ကြီးမြို့နယ်ဆေးရုံ တိုးချဲ့ဆောင်(၂)ဆောင် ဆောက်လုပ်ခြင်း၊ ပဲခူး၊ ကဝ၊ ဝေါ၊ အုတ်တွင်း၊ ရေတာရှည်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ရွှေတောင်မြို့နယ်တို့တွင် တိုက်နယ်ဆေးရုံ စုစုပေါင်း (၁၄)ရုံနှင့် မိုးညိုမြို့နယ်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ဝေါမြို့နယ် ကော့ဝင်းရွာနှင့် နောင်ပတ္တရာရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဆောက်လုပ်ခြင်း စသည်တို့ကို ပြည်ထောင်စုဘတ်ဂျက် စုစုပေါင်း ကျပ် ၆,၁၁၅.၁၁၄ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် အခြေခံပညာ အထက်တန်းကျောင်း(၅၃)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၃)ကျောင်း၊ မိဘပြည်သူ ထောက်ပံ့ငွေဖြင့် တွဲဘက် အခြေခံပညာ အထက်တန်းကျောင်း(၁)ကျောင်း၊ တွဲဘက် အခြေခံပညာ

အလယ်တန်းကျောင်း (၁)ကျောင်း၊ တွဲဘက် အခြေခံပညာ မူလတန်းကျောင်း (၉)ကျောင်းကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးသစ်စမ်းသပ်ကွက်များဖြစ်သည့် သက်လျင်လယ်စပါးမျိုး၊ သက်လတ်လယ်စပါးမျိုး၊ ရေအနည်းငယ်လိုစပါးမျိုး၊ ရေမြုပ်စပါးမျိုး၊ မြေပြန့်ယာစပါးမျိုး၊ အရည်အသွေးကောင်း စပါးမျိုးများတည်ထောင်ခြင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် အထွက်ကောင်းဇုန် (၄)ဇုန်နှင့် ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့တွင် အရည်အသွေးကောင်းဇုန် (၂)ခုတို့ဖြင့် မိုးစပါးမျိုးသန့်ဇုန်များ တည်ထောင်ခြင်း၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွာနာလျှာနာ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ကျွဲနွားကောင်ရေ(၅,၉၀၀)၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးခြင်းကို ကျွဲနွားကောင်ရေ(၁၂၃,၀၅၀)၊ မျိုးမြင့်တင် သားစပ်ခြင်းလုပ်ငန်းကို ကျွဲနွားကောင်ရေ (၁,၀၆၃)ကောင်၊ နို့စားနွား(၂၄၆)ကောင်နှင့် အသားစားနွား ကောင်(၂၀)တို့တွင် သားစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဌာနကို စက်မှုကြီးကြပ်ဌာနအောက်တွင် ဖွဲ့စည်းနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။


ပဲခူးတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှု အခြေအနေမှာ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုကြောင့် စပါးသီးနှံများ ပျက်စီးခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ကြိုးပမ်းမှု၊ ကျွမ်းကျင်မှု၊ ပြည်သူလူထု ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှု၊ ဌာနဆိုင်ရာများ၏ ကျွမ်းကျင်မှု အကူအညီများကို လက်ခံလိုက်နာ ဆောင်ရွက်မှုများကြောင့် လယ်ယာကဏ္ဍတွင် ထိခိုက်လျော့နည်းမှု၊ စီမံကိန်း မပြည့်မီမှုတို့ကို ကျော်လွှားနိုင်ခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး**


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး၏အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များ အရ ကျပ် **၂,၇၄၂,၆၆၃.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၆-၁၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၁၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၃,၂၈၃,၄၉၁.၁** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၁၉.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၇.၀** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** လယ်ယာကဏ္ဍအနေဖြင့် မကွေးတိုင်းဒေသကြီး အသားတင်ထုတ်လုပ်မှု တန်ဖိုး GDP ၏ ၄၃.၇ ရာခိုင်နှုန်းအထိ အများဆုံးပါဝင် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေဧက ၁၁,၀၇၅,၄၀၅ ရှိရာ ၂၆.၇ ရာခိုင်နှုန်းမှာ စိုက်ပျိုးနိုင်သောမြေများ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကုန်ထိ ၁,၈၆၄,၆၇၇ ဧက စိုက်ပျိုး ပြီးစီး ပြီးဖြစ်ပါသည်။

လယ်ယာမြေ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီလ(၁) ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ မတ်လကုန်အထိ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မျိုးသန့်မျိုးပွားစေ့ ၃,၄၀၄ တင်း၊ ပုလဲသွယ် စပ်မျိုးစပါး ၂၁,၀၀၀ ကီလို ထုတ်လုပ်ပွားများနိုင်ရန် ရည်မှန်းထားခဲ့ရာ ရာနှုန်းပြည့်ထုတ်လုပ်ပွားများ နိုင်ခဲ့ပါ သည်။ မြေယာပြုပြင်ရေး ထွန်ယက်ရေးလုပ်ငန်းအတွက် လယ်ယာသုံးစက်ကိရိယာ ထွန်စက် များကို စီးရေ ၃၅၁ စီး ရောင်းချပေးနိုင်ခဲ့ပြီး ၂၂,၂၄၀ ဧက ထွန်ယက် ပေးနိုင်ခဲ့ပါ သည်။

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ပေါင်းဆန်စက်ရုံကို တည်ဆောက် ပြီးစီးခဲ့ပြီး စက်ရုံ လည်ပတ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေးနှင့် မျိုးစပါး အခြေခံလုပ်ငန်း များ ဆောင်ရွက်လျှက် ရှိပါသည်။

**သားငါးကဏ္ဍ။** တစ်နိုင်တစ်ပိုင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက် လာစေရန် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိပါက ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန် အမျိုးအစားအလိုက် အစုအဖွဲ့များ စုဖွဲ့ ထားရှိပြီးဖြစ်ပါသည်။ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အခမဲ့ ဖြန့်ဖြူးပေးသော နို့စားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများနှင့် မေထုံမဲ့နည်းဖြင့် ရပ်ကွက်၊ ကျေးရွာများအထိ ၁,၈၅၈ ကောင် သားစပ်ပေးမှုများ ဆောင်ရွက် ပေးခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ အစီအစဉ်များအရ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အတွက် ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်ရွှေဘို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ လီမီတက်တို့ ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်း နွားနှင့်သိုးဆိတ်များကို ဝယ်ယူ၍ မကွေးခရိုင်၊ မကွေးမြို့နယ် ရှိ ကျေးရွာများသို့ နွား ၂၂ ကောင်၊ ဒေသဆိတ် ၁၀၀ ကောင်၊ မြို့သစ်မြို့နယ်ရှိ ကျေးရွာများသို့ ဒေသဆိတ် ၁၆၀ ကောင်နှင့် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်ရှိ ကျေးရွာများသို့ ဒေသဆိတ် ၁၄၀ ကောင်၊ စုစုပေါင်း ဒေသဆိတ် ၄၀၀ ကောင်နှင့် နွား၂၂ ကောင်အား ဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** မကွေးတိုင်းဒေသကြီး ဧရိယာ၏ ၄၇.၀၆ ရာခိုင်နှုန်းဖြစ်သည့် သစ်တောဖုံးလွှမ်း ဧရိယာ ၅,၂၁၂,၅၉၃ ဧက ရှိပြီး သစ်တောကြိုးဝိုင်း ဧရိယာ ၂,၂၉၄,၀၀၅ ဧက၊ ကြိုးပြင် ဧရိယာ ၃၀၄,၃၁၃ ဧက၊ သဘာဝတောထိန်း နယ်မြေ ဧရိယာ ၄၀,၂၉၄ ဧက နှင့် အခြားတောရိုင်းမြေ ၂,၅၇၃,၉၈၁ ဧက ရှိပါသည်။ နိုင်ငံပိုင် သစ်စက် ၇ လုံး ရှိပြီး ပုဂ္ဂလိက ပိုင်သစ်စက် ၁၆၀ လုံး ရှိပါ သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆ ) လပတ်ကုန်အထိ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတော ထိန်းသိမ်းခြင်း၊ ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအတွက် ရေကန်ငယ်တူးဖော်ခြင်း လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ နံ့တားဆည် တည်ဆောက်ခြင်း လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ သစ်တော စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

သစ်တောကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပုဂ္ဂလိကပိုင်ကဏ္ဍမှ ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်လုံးရေနှင့် ထင်း စသည့် သစ်တောထွက် ပစ္စည်းများကို တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** စွမ်းအင်ကဏ္ဍတွင် တိုင်းဒေသကြီးအတွင်းရှိ ရေနံစိမ်းထွက်ရှိမှု အနေဖြင့် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် ရေနံစိမ်းထုတ်လုပ်မှုအပြင် ဘူးသွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုများ ဒုတိယ(၆)လပတ်တွင် ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ထိုသို့ ထုတ်လုပ်နိုင်ခြင်းမှာ စီမံချက်ချ၍ တွင်းများပြုပြင်ခြင်း၊ တွင်းဟောင်းများ ပြန်လည်တူးဖော်ခြင်း၊ သဲကြော တိုးချဲ့ သေနတ်ဖောက်ခြင်း၊ တွင်းသစ်များတူးဖော်ခြင်း၊ လက်ရှိရေနံထုတ်လုပ်နေသော Associated Gas ထွက်ရှိသည့်တွင်းများမှ ဓာတ်ငွေ့ပိုမိုရရှိအောင် စီမံဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**လျှပ်စစ်မီးရရှိရေး။** တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် လျှပ်စစ်မီးပြည့်ဝစွာရရှိရေးအတွက် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ် အပေါ်အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အထိဂန့်ဂေါမြို့ ၁၂ မီတာ ကျောက်တိုင် ၄၀ တိုင်အား လက်ပံတန်းမြို့မှ ဂန့်ဂေါမြို့သို့ System Improvement လုပ်ငန်းများအတွက် သယ်ယူခြင်း၊ မင်းဘူးခရိုင်စလင်းမြို့၊ ပုထိုးဖြူ ရပ်ကွက် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတည်ဆောက်ရန်အတွက် ၁၁ ကေဗွီလိုင်း ၁၅၀၀

ပေသွယ်တန်းခြင်း၊ ရွှေစေတီအနီး ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ရန် ၁၁ ကေဗွီ လိုင်း ၃၀၀၀ ပေသွယ်တန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**သတ္တုကဏ္ဍ။** သတ္တုနှင့်တွင်းထွက်ကဏ္ဍတွင် အဓိကအားဖြင့် ပုဂ္ဂလိကပိုင် အခန်းမှ အခြားကျောက်နှင့် ကျောက်မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကပိုင် ကျောက်မီးသွေး ထုတ်လုပ်မှုမှာ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ကုမ္ပဏီ ၄ ခု ဖြင့် ထုတ်လုပ်ခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် အထိ ကုမ္ပဏီ ၅ ခု တိုးလာခဲ့ပြီး သတ္တု ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်ရေး။** ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ ကတ္တရာ လမ်းသစ်ခင်းခြင်း ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာ ရေပိတ်လွှာ လောင်းခြင်း၊ လမ်းပေါက်ဖာထေးခြင်း၊ ကျောက်လမ်းခင်းခြင်း၊ အမာခံလမ်းခင်းခြင်း၊ မြေသား တာဘောင်ဖို့ခြင်းလုပ်ငန်း၊ ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်းလုပ်ငန်းတို့အား ရာနှုန်း ပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။ ပေ၂၀နှင့် ပေ၅၀ ထိ(RC) တံတား တည်ဆောက်ခြင်း ပေ၅၀ အထက်(RC) တံတားတည်ဆောက်ခြင်း၊ သစ်သားတံတားများ ပြုပြင်ခြင်း၊ ကွန်ကရစ် ရေကျော်တည်ဆောက်ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်း၊ ကျောက်စီ ရေမြောင်းပြုလုပ်ခြင်း အထွေထွေလုပ်ငန်းများ (သာမန်+အခြား) လုပ်ငန်းများကို လုပ်ငန်းအပိုင်းအခြားအလိုက် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ မြန်မာ့ မီးရထားမှ ခရီးမိုင် ၃၅၄.၄၁၇ နှင့် သံလမ်းမိုင် ၃၈၀.၂၁၄ ဖောက်လုပ်ခဲ့ပါသည်။

စည်ပင်သာယာရေး ဦးစီးဌာနအနေဖြင့် မြို့ပြလမ်းကတ္တရာလမ်း ၁၀/၂.၈၈ မိုင်၊ ကျောက်ခင်းလမ်း ၃/၀.၆၄ မိုင်၊ ဂဝံလမ်း ၀/၇.၅၉ မိုင်၊မြေသားလမ်း ၁/၇.၆၅ မိုင် စုစုပေါင်း ၁၆/၂.၇၆ မိုင် ၊ ကျေးလက်လမ်းအနေဖြင့် ကတ္တရာလမ်း ၀/၃.၁၂ မိုင်၊ ကျောက်ခင်းလမ်း ၃/၃.၅၁ မိုင်၊ ဂဝံလမ်း ၅/၃.၀၄ မိုင်၊ မြေလမ်း ၃/၂.၆၂ မိုင် စုစုပေါင်း ၁၂/၄.၂၉ မိုင် ဖောက်လုပ်ခဲ့ ပါသည်။

မြို့ပြတံတားအနေဖြင့် ကွန်ကရစ် ၂၂ စင်း၊ သစ်သား ၁၁ စင်း၊ ရေပြွန် ၂ စင်း၊ အခြား ၁ စင်း၊ စုစုပေါင်း၃၆ စင်း၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ် ၄ စင်း၊သစ်သား ၃ စင်း၊ ရေပြွန် ၁ စင်း အခြား ၁ စင်း၊ စုစုပေါင်း ၉ စင်း ဆောက်လုပ်ခဲ့ပါသည်။

မြို့ရေပေးရေး အနေဖြင့် စက်ရေတွင်း ၂ တွင်း၊ ရေပိုက်သွယ် ၃ ခု၊ ကျေးလက် ရေပေးရေး အနေဖြင့် တွင်းနက် ၁ တွင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေး အတွက်စက်မှုကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မတ်လကုန်ထိ ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူ စက်မှုဇုန် ဇုန်(၂)ခု အပါအဝင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၂,၆၃၄ ခုရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် လုပ်ငန်း ဦးရေ ၁၇၃ ခု စုစုပေါင်း ၂,၈၀၇ တိုးလာသောကြောင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၁၀,၄၆၁.၇၃၃ သန်း US$ ၀.၂၃၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မကွေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ဧရာဝတီဘဏ် (Mini) (မကွေး)၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (Mini) (မကွေး)၊ ကမ္ဘောဇ ဘဏ် (နတ်မောက်)၊ ဧရာဝတီဘဏ် (ချောက်)၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (မင်းဘူး) နှင့် အာရှရန်ကုန်ဘဏ်(မင်းဘူး) စသည်ဖြင့် စုစုပေါင်း ၆ ဘဏ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ IKBZ အာမခံလုပ်ငန်း (မကွေး) ကိုလည်း အသစ်ဖွင့် လှစ်နိုင်ခဲ့ပါသည်။

သမဝါယမပိုင်လုပ်ငန်းအနေဖြင့်CBBank (မကွေး)နှင့် CB Bank (တောင်တွင်းကြီး) တို့အားအသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**ပညာရေး။** မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ပညာသင်နှစ်တွင် အထက ၁၃ ကျောင်း၊ အထကခွဲ ၂၄ ကျောင်း၊ အလက ၁၂ ကျောင်း၊ အလကခွဲ ၅၃ ကျောင်း မူလွန် ၂၃ ကျောင်း၊ အမက ၆၄ ကျောင်း၊ အမကခွဲ ၉၆ ကျောင်း၊ အမကတွဲ ၄ ကျောင်း စုစုပေါင်း ၂၈၉ ကျောင်း အားအဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။ ပညာရေးဝန်ကြီး ဌာန၏ငွေလုံး ငွေရင်းဖြင့် အထက ၁၉ ကျောင်း၊ အထကခွဲ ၁၇ ကျောင်း၊ အလက ၅ ကျောင်း၊ အလကခွဲ ၇ ကျောင်း၊ မူလွန် ၂၃ ကျောင်း၊ အမက ၈၉ ကျောင်း၊ အမကခွဲ ၁ ကျောင်းတို့ကို ကျပ် ၄,၇၁၂.၆ သန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ပါသည်။

**ကျန်းမာရေး။** မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး တိုးချဲ့ဆောက်လုပ်ခြင်း၊ တိုက်နယ်ဆေးရုံတည်ဆောက် ခြင်း၊

ပြည်သူ့ဆေးရုံ လူနာဆောင်များတိုးချဲ့ ဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲတည်ဆောက်ခြင်း လုပ်ငန်းများအတွက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျပ် ၂,၆၇၂ သန်း အကုန်အကျခံ ဆောက်လုပ်ပြီးဖြစ်ပါသည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (JICA) အစီအစဉ်ဖြင့်ကျေးလက် ကျန်းမာရေးဌာန ၃၁ ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ ၁ ခု အတွက်ဂျပန်ယန်းငွေ ၁,၂၅၆ သန်း ထောက်ပံ့မှုဖြင့် ဆောက်လုပ်လျှက် ရှိပါသည်။

**ဆက်သွယ်ရေး။** မကွေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် အထိ WCDMA ၁၈,၃၀၀ လုံး၊ CDMA ၁၁,၀၀၀ လုံးနှင့် GSM မိုဘိုင်း တယ်လီဖုန်း ၁၃၄,၇၂၅ လုံး တပ်ဆင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေဖူလုံရေး။** တိုင်းဒေသကြီး၏ ရေရရှိရေးနှင့်ပတ်သက်ပြီးမြို့ရေပေးရေး ဆောင်ရွက်ထားရှိမှု အခြေအနေမှာ မကွေး၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ စလင်း၊ ငဖဲ၊ သရက်၊ အောင်လံ၊ ကံမ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထုမြို့တို့မှာ ရာနှုန်းပြည့် ရေရရှိသော မြို့များဖြစ်ပြီး ဆောမြို့နယ်၏ ရေရရှိမှုမှာ ၄၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကျေးလက် ရေပေးရေး ဆောင်ရွက်မှု အခြေအနေ အရ မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ ကံမ၊ ပခုက္ကူ၊ ကျောက်ထုမြို့တို့မှာ ရာနှုန်းပြည့် ကျေးလက်ရေပေးရေး ရေရရှိသော မြို့များဖြစ်ပြီး ဆင်ပေါင်ဝဲမြို့နယ်၌ ရေရရှိမှု ၇၄ ရာခိုင်နှုန်း ဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး။** မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအတွင်း ဟိုတယ် ၆ လုံး၊ တည်းခိုရိပ်သာ ၉၆ လုံးဖြင့် ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်စေရန်စီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။


**မြို့ပြနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး။** မကွေးမြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနပိုင် ပြည်တော်သာ အိမ်ရာစခန်းတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ၄ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၂ လုံးတို့တွင် ဆေးသုတ်ခြင်း လုပ်ငန်းများ၊ ပြတင်းပေါက်များ တပ်ဆင်ခြင်းလုပ်ငန်းများ၊ မီးလိုင်းတပ်ဆင်ခြင်းများ၊ ရေမိလ္လာ ပိုက်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၂ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၁ လုံး၊ ၄ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၁ လုံး၊ ၆ ခန်းတွဲ ၂ ထပ် အဆောက်အဦ ၁ လုံး၊ ဆေးသုတ်ခြင်း၊ ပြတင်းပေါက်များ တပ်ဆင်ခြင်း၊ အတွင်းမီးလိုင်းများ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး၏ အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များ အရ ကျပ် **၃,၀၅၄,၉၇၅.၃** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၁၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၁၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် **၃,၈၀၂,၄၆၁.၅** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၂၄.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၈.၇** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် စုစုပေါင်းစိုက်ဧက ၅.၇ သန်း စိုက်ပျိုးရန် ရည်မှန်းထားပြီးဖြစ်ပြီလမှ စက်တင်ဘာလအထိ ပထမ(၆)လပတ်အတွင်း သြဂုတ်လတွင် မိုးခေါင်ခဲ့ခြင်းကြောင့် ဧကထောင်ပေါင်း ၃,၈၁၄ ဧကသာစိုက်ပျိုး နိုင်ခဲ့သည်။ ဒုတိယ(၆) လပတ် ကုန်အထိ ဧကထောင်ပေါင်း ၅,၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက် စိုက်ဧက အပေါ် ၉၄.၇ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။

မိုးစပါး ပုလဲသွယ် အထူးအထွက်တိုးမျိုးကို ၂,၄၀၇ ဧက၊ မနောသုခ ၂၆၈,၃၃၆ ဧက၊ ရွှေသွယ်ရင် ၄၁,၇၈၉ ဧက၊ ရေဆင်းလုံးသွယ် အထူးအထွက်ကောင်းမျိုးကို ၆,၁၄၄ ဧက နှင့် အခြားမျိုးများအပါအဝင် မိုးစပါး ၅၂၄,၃၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလ တွင် ၅၄၇,၀၃၇ ဧကဖြစ်ပြီး ၂၂,၇၂၆ ဧက လျော့နည်း စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍတွင် ဒေသကြက် မွေးမြူဖွံ့ဖြိုးရေး အနေဖြင့် စံပြ တိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံကို ညောင်ဦးမြို့နယ်တွင် ထူထောင်၍ တိုင်းရင်းကြက်၊ ဥစားကြက်များအား တိုးချဲ့ မွေးမြူနိုင်ခြင်းကြောင့် အသား ထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု တိုးတက် ခဲ့ပါသည်။

အမဲသားထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြည်တွင်းရှိ ဒေသနွားမျိုးများမှ ကြီးထွား နှုန်း ကောင်းသော အသားစားနွားများအား ရွေးချယ်မွေးမြူစေခြင်း၊ ပြည်တွင်း၌ ရှိပြီးသော နိုင်ငံခြား နို့စားနွားမျိုးများမှ ပေါက်ဖွားလာသောနွားများကို အသားတိုးနွားအဖြစ် မွေးမြူ စေခြင်း၊ ဆိတ်မွေးမြူရေး ဖြစ်ထွန်းသည့် ကျေးရွာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ် ဖြင့် နှစ်စဉ် တိုးချဲ့မွေးမြူခြင်းတို့ကြောင့် အသားထုတ်လုပ်မှု တိုးတက်ရန် ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ကျွဲနို့၊ နွားနို့ နှင့် ကျွဲနွား ထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ငါး ထုတ်လုပ်မှု များလည်း တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ မန္တလေးတိုင်းတွင် နိုင်ငံပိုင် စက်ရုံ **၈၁**ရုံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်စက်ရုံ **၈** ရုံ၊ စည်ပင်သာယာရေး ကော်မတီများ **၂** ရုံ၊ ပုဂ္ဂလိကမှတ်ပုံတင်မှုလုပ်ငန်းများ **၇,၄၀၁** ရုံ၊ အခြားစုစုပေါင်း အလုပ်ရုံ ဦးရေ **၁၂,၄၄၀** ရုံ ဖြင့် စက်မှုလက်မှုကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ရွှေ၊ ကျောက်မျက်ရတနာ၊ ခဲသွပ်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်နှင့် ခနောက်စိမ်းများ ထုတ်လုပ်လျက်ရှိပါသည်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အနေဖြင့် ကြေးနီ၊ ခနောက်စိမ်း၊ သွပ် သတ္တုမျုးများကို အခြားသတ္တုများထက် ဦးစားပေးထုတ်လုပ်ရန်ဆောင်ရွက်လျှက်ရှိပါသည်။

ဓာတ်သတ္တုနှင့် ကျောက်စိမ်း၊ ကျောက်မျက် အရိုင်းများအား အရိုင်းအနေဖြင့် တင်ပို့ ရောင်းချခြင်းမပြုစေဘဲ သတ္တုသန့်စင်များ ထုတ်လုပ်နိုင်ရေးအတွက် သန့်စင်စက်ရုံများ တည်ထောင် ဆောင်ရွက်စေခြင်း၊ မန္တလေးမြို့တွင် (One Stop Service) ဖွင့်လှစ်၍ အချောထည်

တင်ပို့ရောင်းချနေခြင်း၊ ကျောက်စိမ်း ကျောက်မျက်များနှင့် အလှဆင်ကျောက် များအား ကုန်ချော (Value Added) ထုတ်လုပ်၍ ရောင်းချရန် ကျောက်စိမ်းဈေးကွက်ကို စီစဉ် ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ကဏ္ဍ။** နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်စေရေး အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နည်းလမ်း ၃ ခု ဖြင့် လျှပ်စစ် စီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မန္တလေးခရိုင်တွင် ပစိဖိတ်ကုမ္ပဏီ၊ မြန်မာပေါင်းစည်း စွမ်းအားကုမ္ပဏီနှင့် ပြင်ဦးလွင်ခရိုင် တွင် နယူးအဲဗားလိုက် ကုမ္ပဏီများမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့ကြောင့် လျှပ်စစ်ကဏ္ဍ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

ကျေးလက်မီးလင်းရေး အစီအစဉ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ပေါင်း ၄,၇၈၀ အနက် ကျေးရွာပေါင်း ၂,၇၈၄ ရွာ မီးလင်းပြီး ၁,၉၉၆ ရွာ ကျန်ရှိနေပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး ဘဏ်ခွဲ အသစ်ဖွင့်လှစ်နိုင်ခြင်းနှင့် ငွေကြေးကိုင်တွယ်သုံးစွဲမှု လျှော့ချရေးအတွက် ချက်လက်မှတ် များ အသုံးပြုငွေပေးချေခြင်းနှင့် ငွေပေးချေကဒ်များ Myanmar Payment Union Card သုံးစွဲ၍ ပုဂ္ဂလိကဘဏ်များမှ ငွေများ ထုတ်ယူ သုံးစွဲလျှက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းဖောက်လုပ်ခြင်း၊ လမ်းများ ပြင်ဆင်မွမ်းမံခြင်း၊ တံတားဆောက်လုပ်ခြင်း၊ စည်ပင်သာယာဦးစီးဌာနမှ ကျေးရွာ ချင်းဆက်လမ်း၊ တံတား တည်ဆောက် ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

ဒေသအလိုက်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို အဆောက်အဦ တည်ဆောက်မှုတွင် ပညာရေးဝန်ကြီးဌာနမှ ဥပဓိရုပ်မကောင်းသော စာသင်ဆောင်များ တည်ဆောက်ပြုပြင်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှဆေးရုံ၊ ကျေးလက်ကျန်းမာရေးဆေးခန်းများ တည်ဆောက်မှု လုပ်ငန်း များ တည်ဆောက်ခြင်း၊ ဆည်၊ ရေလှောင်တမံများ ပြန်လည် ပြုပြင်ခြင်း၊ ရုံးများ၊ လူနေအိမ် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဟိုတယ် နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ဟိုတယ်များ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စက်ရုံများ တည်ဆောက်ခြင်းတွင် နိုင်ငံပိုင်အခန်းမှ အမှတ်(၁၈) အကြီးစားစက်ရုံ (အင်ဂျင်)၊ အမှတ်(၉) အထည်စက်ရုံ တည်ဆောက်မှု နှင့် မှန်စက်ရုံပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

ပုဂ္ဂလိကပိုင်အခန်းတွင် မင်္ဂလာမန္တလေးစီမံကိန်း၊ မြရည်နန္ဒာ တန်ဖိုးနည်း အိမ်ရာစီမံကိန်း၊ သာယာဦးကုမ္ပဏီ၊ မြတ်နိုးသူကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ Guff-Power ကုမ္ပဏီများ၊ ဆုထူးပန်+သန္တိသစ္စာမှ BOT စနစ်ဖြင့် လမ်း ဖောက်လုပ်မှု လုပ်ငန်းများ၊ မြို့ပြလူနေအိမ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရိုးမဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ အာရှစိမ်းလန်းရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇဘဏ် (၂) နှင့် ညောင်ဦးတွင် မြတ်နိုးသူကုမ္ပဏီမှ ယာဉ်ရပ်နားစခန်း၊ မန်းမြန်မာပလာဇာနှင့် ကွန်ဒို မီဒီယံ(၂) တို့ကို ဆောက်လုပ်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ဆည်တော်ကြီး ရေသောက်စနစ်၊ ကင်းတားလက်ဝဲ မြောင်းမကြီး ဆည်ရေသောက်စနစ်နှင့် စမုံရေထိန်းတမံ ရေသောက်စနစ်၊ ဇော်ဂျီရေသောက်စနစ်၊ သစ်တက်ကုန်း ရေသောက်စနစ်၊ ချောင်းဖုံ ရေလှောင်တမံ (အလောင်းစည်သူရေကူ)၊ သစ်ဆုံ ရေလှောင်တမံ ဆည်ရေသောက်စနစ်၊ ညောင်ရမ်း မင်းလှကန် ဆည်ရေသောက်စနစ်၊ မိတ္ထီလာ-မလှိုင်-သာစည်-မလှိုင် အပူပိုင်းဒေသ စိမ်းလန်း စိုပြေရေး လုပ်ငန်း(၁၀)ခု၊ ဆည်ငယ်/ကန်ငယ်များ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါသည်။

**သောက်သုံးရေဖူလုံရေး။** သောက်သုံးရေဖူလုံရေး အနေဖြင့် မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အချင်း ၁၂ လက်မ စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ ရေ ပိုးသတ် သန့်စင်မှုစနစ် (Disinfection) များ ထည့်သွင်းအသုံးပြုခြင်း၊ ရေစင်များတည်ဆောက်၍ ရေဖြန့်ဝေခြင်း၊ ရေပိုက်လိုင်းများတိုးချဲ့ချထားခြင်း၊ ရေဆိုးဝင်ရောက်မှုကာကွယ်နိုင်ရန် ပိုက်လိုင်းများ အသစ် လဲလှယ်ချထားခြင်း၊ ဧရာဝတီ မြစ်ရေတင် စီမံကိန်းမှ တစ်နေ့လျှင် ရေဂါလံ ၁၀ သန်း စတင် ဖြန့်ဝေခြင်း၊ အမရပူရမြို့ တိုးချဲ့ ရေပေးရေးစနစ်အား မြေအောက်ရေ အသုံးပြု၍ ပိုက်လိုင်းဖြင့် ရေဖြန့်ဖြူးခြင်း၊ ရေပေးဝေခြင်းစနစ် (Pipe Water Supply System) ဖြင့် ဖြန့်ဝေမှု ဆောင်ရွက်ခြင်း၊ ကျုံးရေအားပိုမို သန့်စင်စေရန်လက်ရှိ ရေစစ်ကန်အား ပြုပြင် တည်ဆောက်၍ သန့်စင်သည့် စနစ်အား အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်များရှိ မြို့နယ်များတွင် မြို့ပြနှင့်ကျေးလက် ရေပေးဝေမှုတွင် သောက်သုံးရေလွှမ်းခြုံနိုင်မှု ရာခိုင်နှုန်းမှာ ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်း ကြားတွင်ရှိပါသည်။


**ခရီးသွားလုပ်ငန်း။** ခရီးသွားလုပ်ငန်းတွင် မန္တလေးမြို့တော်သည် မော်တော်ကားလမ်း များဆုံရာ အချက်အချာကျသည့် မြို့တော်ဖြစ်ခြင်း၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် နီးကပ်လျှက်ရှိပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ယူနန် ပြည်နယ်မှ မူဆယ်-လားရှိုး-မန္တလေးလမ်း၊ မန္တလေးလမ်း-ကျောက်ဖြူ-ပြည် ကုန်းလမ်း၊ ပြည်-မန္တလေး-ဗန်းမော် ရေလမ်း၊ ဗန်းမော်မှ ယူနန်ပြည်နယ်သို့ ကုန်းလမ်း၊ ထိုင်းနိုင်ငံနယ်စပ်မှ တာချီလိတ်-တောင်ကြီး-မန္တလေး ကုန်းလမ်း၊ အာဆီယံလမ်းကြောင်းဖြတ်ခြင်း၊ တံတားဦး အပြည်ပြည် ဆိုင်ရာ လေဆိပ်ရှိခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးနှင့်ပုဂံ ညောင်ဦး ဒေသတို့သည် လေ့လာစရာ မြန်မာ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ၊ နန်းတော်၊ စေတီပုထိုးများ လက်မှုပညာ လုပ်ငန်း ၁၀ မျိုးတို့ရှိခြင်း၊ ဧရာဝတီမြစ်ကြီး ဖြတ်သန်း စီးဆင်းနေခြင်း၊ မြန်မာပြည်၏ ဗဟိုလမ်းဆုံနေရာတွင် ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများ တည်ရှိခြင်း၊ ရေကြောင်း၊ ကုန်းကြောင်းနှင့် လေကြောင်းတို့ဖြင့် ပြည်တွင်းပြည်ပ ဆက်သွယ်သွားလာနိုင်ခြင်း၊ သဘာဝရေမြေနှင့် ရာသီဥတု ကောင်းမွန်ခြင်းတို့ကြောင့် ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လျက် ရှိပါသည်။

## မွန်ပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မွန်ပြည်နယ်၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် **၁,၁၇၄,၁၅၈.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၉.၁** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## မွန်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆-၁၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၁,၅၃၈,၂၀၄.၆** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၃၁.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၇.၄** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** အဓိကဦးဆောင်သော ကဏ္ဍဖြစ်၍ ပါဝင်မှုအချိုးအစား အများဆုံး ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးစပါးကို ဒုတိယ( ၆ )လပတ်အတွင်း (၁,၂၄၅) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မနောသုခ၊ ပေါ်ဆန်းဘေးကြား၊ ဆင်းသွယ်လတ် စသော စပါးမျိုးကောင်း မျိုးသန့်များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အတွင်း(၂၃၂၈)ဧက သာ ပြောင်းလဲ သုံးစွဲ စိုက်ပျိုးနိုင်ခဲ့ပါသည်။

ပင်လယ်ဒီရေ အတက်အကျနှင့် နီးသော ကျေးရွာအုပ်စုများ၌ ဆားငန်ရည် ဝင်ရောက်၍ အပင်ဖြစ်ထွန်းမှု မရှိသောကြောင့် တောင်သူများမှ စိတ်ဝင်စားမှု နည်းသဖြင့် စပါးစိုက် ဧရိယာ များ လျော့နည်းလာခြင်း၊ ရေစားကမ်းပြို ဧရိယာများနှင့် အခြားနည်း အသုံးပြုထားသော ဧရိယာ များပြားလာခြင်းကြောင့် စပါး စိုက်ပျိုးနိုင်သည့် ဧရိယာများ လျော့နည်း သွားခြင်း၊ စပါး စိုက်ပျိုးခြင်းထက် ရေရှည်တွက်ခြေကိုက်သော သီးနှံများ ပြောင်းလဲ စိုက်ပျိုးလာခြင်း၊

ယခင် တောင်ယာ စပါးပင်များ နေရာတွင် တွက်ခြေကိုက်သော ရာဘာပင်များ အစားထိုး စိုက်ပျိုးလာကြခြင်း၊ တောင်သူများမှ လယ်မြေများတွင် စပါးမစိုက်ပျိုးဘဲ လုပ်ထား၍ အခြား ဝင်ငွေကောင်းသော အလုပ်များကို ပြောင်းလဲ လုပ်ကိုင်လာကြခြင်း၊ ဒေသအခြေအနေအရ စပါးဈေး မကောင်း၍ ရရှိသော စပါးနှင့် ကုန်ကျစရိတ်အချိုး မကိုက်ညီခြင်း၊ အမြတ်အစွန်း နည်းပါးခြင်းကြောင့် တောင်သူများမှ စပါး စိုက်ပျိုးရန် စိတ်ဝင်စားမှု နည်းလာခြင်း၊ ချက်ကြဲ သီးနှံများ စိုက်ဧက လျော့နည်းခြင်း၊ ငရုတ်ကောင်း သီးနှံများ ဈေးကွက်ဝယ်လိုအားနည်း၍ တောင်သူများ စိုက်ပျိုးမှုလျော့နည်း လာခြင်းတို့ကြောင့် ရည်မှန်းချက်အား ပြည့်မီစွာ အကောင်အထည် ဖော်နိုင်မှု မရှိခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် ကြက်ပေါင်စေးကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ ( ၆ ) လပတ်အတွင်း ( ၉၃၃ ) ဧက စိုက်ပျိုးနိုင်ပြီး အစေးလှီး နိုင်သည့် ဧကမှာ ( ၉၃၃ ) ဧက ဖြစ်ပါသည်။

ဓါတ်မြေသြဇာ အသုံးပြုမှု အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း မက်ထရစ်တန် ( ၃,၉၅၄.၀၈ ) သုံးစွဲခဲ့ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အတွင်း ကျပ် ( ၂၃,၆၃၃ ) သိန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်မာ ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်း၊ ထင်း၊ ဝါး၊ ပျားရည်၊ သစ်ခေါက်၊ ဓနိသက်ငယ် ထုတ်လုပ်မှုများ လျော့နည်း ခဲ့ခြင်းတို့ကြောင့် သစ်တောကဏ္ဍ အကောင်အထည်ဖော်မှု လျော့နည်းခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** တာယာထုတ်လုပ်ခြင်း၊ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက် ပြုပြင်ခြင်း လုပ်ငန်းများနှင့် ပုဂ္ဂလိက အခြားစက်မှုလုပ်ငန်းဖြစ်သော ကွန်ကရစ်အုတ်၊ သံပန်း သံတံခါး၊ သစ်သီးယိုစုံ နှင့် ရာဘာအစေးခံခွက် ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။

**စက်မှုဇုန်နှင့် စက်ရုံစု စီစဉ် ဆောင်ရွက်ထားရှိမှု**

မွန်ပြည်နယ်အတွင်း မော်လမြိုင် ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာအုပ်စု မော်လမြိုင် ဇာသပြင် ကားလမ်းဘေးတွင် မော်လမြိုင် စက်မှုဇုန်အား ဧရိယာ (၁၇၁.၀၄) ဧက

တွင် တည်ဆောက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု (၇) မျိုး ၊ လုပ်ငန်းအရေးအတွက် (၅၁) ခု ဖြင့် ဆောင်ရွက် ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ မော်လမြိုင်မြို့နယ်တွင် မော်လမြိုင် မြို့ရှောင်လမ်း၊ ချောင်းဆုံမြို့နယ်တွင် ကလွီ - ရွာလွတ် -ချောင်းဆုံ - နတ်မှော်လမ်း၊ ကျိုက်မရောမြို့နယ်တွင် ညောင်ပင်ဆိပ်-ဇာသပြင်လမ်း၊ မုဒုံမြို့နယ်တွင် အဘစ်-တံခွန်တိုင်လမ်း၊ သံဖြူဇရပ်မြို့နယ်တွင် သံဖြူဇရပ်-ကျိုက္ခမီလမ်း၊ ရန်ကုန်-မြိတ်လမ်း၊ ကျိုက်ထိုမြို့နယ်တွင် ကျိုက်ထို-ကင်ပွန်းလမ်း၊ သထုံမြို့နယ်တွင် သိမ်ဆိပ်-ဝီယော်-လေးကေလမ်း သံကူကွန်ကရစ် ရေထွက်ပေါက် (၂)စင်း၊ ဘီးလင်းမြို့နယ်တွင် ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း၊ ပေါင်-မုတ္တမ-သဲဖြူကုန်း-ကျွဲခြံလမ်းများ ဆောက်လုပ်ခြင်း၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ရေး - ဖလံ- ချောင်းဝ - ကျုံကွီးလမ်း၊ ခေါဇာ-မကျီး လမ်းကြောင်းပေါ်ရှိ တံတား (၅) စင်း၊ အောင်သပြေ - နှစ်ကရင် - ကော့ဒွတ် - သောင်ပြင်လမ်းပေါ်ရှိ ကွန်ကရစ် တံတား( ၃) စင်း၊ ကျိုက်မရောမြို့နယ်တွင် တံတား (၃) စင်း၊ သံဖြူဇရပ်မြို့နယ်တွင် ကွန်ကရစ်ရေပြွန် (၇) လုံး တည်ဆောက်ခြင်း၊ ရေးမြို့နယ်တွင် မူလတန်းကျောင်း (၇) ကျောင်း၊ သံဖြူဇရပ် မြို့နယ်တွင် ထင်းရှူးအထက်တန်းကျောင်း(၁) ကျောင်း ဆောက်လုပ်ခြင်းနှင့် ရေးမြို့နယ်တွင် ကျန်းမာရေးဌာန (၂) ခု၊ ကျန်းမာရေး ဌာနခွဲ (၃) ခု၊ ကျိုက်မရောမြို့နယ်တွင် ကျန်းမာရေးဌာနခွဲ (၁) ခု၊ သံဖြူဇရပ်မြို့နယ်တွင် ကျန်းမာရေး ဌာနခွဲ (၁) ခု ဆောက်လုပ်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ မော်လမြိုင်ရေပေါ် ကမ်းနားလမ်းညဈေးနှင့် မော်လမြိုင်ဓါတ်အားပေး စက်ရုံဝင်းအတွင်း Combined Cycle Power Plant ၂၃၀ မဂ္ဂါဝပ် တည်ဆောက်ခြင်း၊ ချောင်းဆုံမြို့နယ်တွင် ချောင်းဆုံ - မူးရစ်ကလေးလမ်း ကတ္တရာခင်းခြင်း၊ ဆိပ်ကမ်းရေဆင်း တံတား၊ ညောင်လမ်း - ဘုရားတက်လမ်း ကတ္တရာခင်းခြင်းနှင့် ကမ္ဘောဇဘဏ် တည်ဆောက်ခြင်း၊ ရေးမြို့နယ်တွင် မြဝတီဘဏ် ဆောက်လုပ်ခြင်း၊ ကျိုက်ထိုမြို့နယ်တွင် တောင်တက် ကားလမ်း အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်း၊ မုဒုံမြို့နယ်တွင် ကမာဝက်ရွာ၊ ကျိုက်ရွဲရွာဝင်လမ်းနှင့် ကျောက်တစ်လုံးရွာ စရီဗိုဌာမဏိဘုရား၊ နဂါးမောက်တောင်ဘုရား ကတ္တရာခင်းခြင်း၊ သထုံ မြို့နယ်တွင် ကျိုက်ကော်ရွာ သုခိတာလမ်း၊ သရဖီလမ်း ကွန်ကရစ်ခင်း၊ နှောင်ကုလားရွာ ဂန္ဓမာလမ်း ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ပေါင်မြို့နယ်တွင် ထန်းပင်ချောင်ကြီး ရွာတွင်းလမ်းခင်းခြင်း၊ မုတ္တမ-ပုသိမ်ကွင်း-ဇင်းဘာလမ်း ပြုပြင်ခြင်း၊

ကျိုက်မရောမြို့နယ်တွင် ခနောင်ကျေးရွာ ကတ္တရာလမ်းခင်းခြင်း၊ ဘုရားကုန်း- ဘိန်းဖျောလမ်း ကျောက်ချောခင်းခြင်း၊ ခရုံဂူ - ကျွန်းကုန်းမှ တရနာလမ်းအထိ ကတ္တရာခင်းခြင်းနှင့် ပေါလောကြံတော ရွာချင်းဆက် တံတားများ တည်ဆောက်ခြင်းနှင့် နေအိမ် အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ ပြုပြင်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန် လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမို အားကောင်းလာပြီး ခရီးသည်နှင့် ကုန်စည်တင်ယာဉ်များ တိုးတက်ခဲ့ပါသည် ။ ပုဂ္ဂလိက ပို့ဆောင်ရေးတွင် ပြည်နယ် အခြေစိုက် ယာဉ်လိုင်း အနေဖြင့် မှန်လုံနှင့် ဟိုင်းလတ် (၂၇) လိုင်း၊ အခြား တိုင်းဒေသကြီး/ ပြည်နယ် မှ မွန်ပြည်နယ် အတွင်းသို့ ခရီးစဉ် ပြေးဆွဲခွင့် ပြုထားသည့် မှန်လုံနှင့် ဟိုင်းလတ် ( ၃၉) လိုင်း၊ မြို့တွင်း ( ၉ ) လိုင်းတို့ဖြင့် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း CDMA 800 Mobile (၅,၇၀၀) လုံး၊ GSM (၈၇,၈၆၃) လုံး၊ WCDMA (၁၅,၃၀၀) လုံး တပ်ဆင် နိုင်ခဲ့ပါသည်။

**ကျေးရွာမီးလင်းရေး။** ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အတွင်း မဟာဓာတ်အားလိုင်းမှ ရရှိသော လျှပ်စစ်ဓာတ်အားနှင့် ကျေးရွာပေါင်း (၃၈) ရွာကို မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေ ရရှိရေး။** ပြည်နယ်အတွင်း ပတ်ဝန်းကျင် သန့်ရှင်းရေး လွှမ်းခြုံမှု စံနှုန်းများအရ ရေကောင်းရေသန့် ပြည့်စုံလွယ်ကူစွာ သုံးစွဲနိုင်ရန်၊ သန့်ရှင်းသော ယင်လုံ အိမ်သာကို ရွာလုံးကျွတ် သုံးစွဲနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများ နည်းလမ်းတကျ စွန့်ပစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး အတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် တွင်းတိမ်၊ တွင်းနက်၊ ရေကန်တူးဖော်ခြင်း၊ လက်တူးတွင်း အဆင့်မြှင့်တင်ခြင်းနှင့် အခြားတွင်းများ တူးဖော်ခြင်းလုပ်ငန်း စုစုပေါင်း (၅၄) ခု ဆောင်ရွက် နိုင်ခဲ့ပါသည်။

မွန်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ် အကောင်အထည် ဖော်နိုင်မှု တွင် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့ ပြည့်မီခြင်း မရှိသော်လည်း


သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ များတွင် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များ အရ ကျပ် **၁,၃၉၈,၉၄၄.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၆.၂** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ရခိုင်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၆-၂၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၁,၅၁၃,၉၂၂.၂** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၈.၂** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၅.၂** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း နွေစပါး ၂၁,၉၀၆ ဧက၊ ပဲအမျိုးမျိုး ၁၁၂,၉၄၂ ဧက၊ ဆီထွက်သီးနှံများ ၁၃၅,၁၃၃ ဧက နှင့် စက်မှုသီးနှံ

၁,၈၈၃ ဧက အပါအဝင် သီးနှံစုစုပေါင်း ၄၁၀,၆၆၀ ဧက  စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါး တင်းထောင်ပေါင်း ၇၆,၀၃၅ တင်း၊ နွေစပါး တင်းထောင်ပေါင်း ၂၇၆ တင်း၊ ပဲအမျိုးမျိုး တင်းထောင်ပေါင်း ၁,၅၄၁ တင်းနှင့် ဆီထွက်သီးနှံများထွက်ရှိခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းအနေဖြင့် ငါး/ပုဇွန် ထုတ်လုပ်မှု ပိဿာ ထောင်ပေါင်း ၈၄,၀၉၈ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ  ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ် လမ်းညွှန်မှုဖြင့် နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများ၊  လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ  မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အသားထုတ်လုပ်မှု ပိဿာ ထောင်ပေါင်း  ၃၂,၆၄၅ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း သဘာဝဓာတ်ငွေ့ ကုဗပေ ၃၅,၇၁၅ သန်းထုတ်လုပ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ပြည်နယ်အတွင်း မီးလင်းသောကျေးရွာများ တိုးတက်လာရေးကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ကျေးရွာပေါင်း ၃၃ ရွာကို အသစ်ထပ်မံ မီးလင်းစေနိုင်ခဲ့ပြီး စုစုပေါင်း မီးလင်းပြီးကျေးရွာ ၁,၂၄၅ ရွာ ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် ကုန်အထိ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ရန်ကုန်- ကျောက်ဖြူလမ်း၊ အမ်း- ပဒဲကြော- မအီလမ်း၊ သိုင်းချောင်း-ဂွလမ်း၊ မြေပုံ-ကံသာလမ်း-ကပိုင်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ မင်းဘူး - အမ်း - စစ်တွေလမ်း နှင့် စစ်တွေ မြို့တွင်းလမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ပြည်နယ်ဘတ်ဂျက်ဖြင့် ပန်းတောင်း-တောင်ကုတ်လမ်း၊ သံတွဲ-ဂွလမ်း၊ ကျောက်ဖြူ-မင်းပြင်- ရမ်းဗြဲလမ်း၊ ရမ်းဗြဲ - အောင်လုပြင် - ပိန္နဲတောင်လမ်း၊ မာန်အောင်ကျွန်းပတ်လမ်း၊ ဘူးသီးတောင်-မောင်တောလမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း၊ ပေါက်တော-မင်းပြားလမ်း၊ မြေပုံ-မင်းပြားလမ်းတို့တွင် ကတ္တရာလမ်းအဆင့် မြှင့်တင်ခြင်း၊ ကျောက်ချောလမ်းများအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း၊ မြေသားတာဘောင်ချဲ့ခြင်း၊ သစ်သားတံတား၊

သံကူကွန်ကရစ်တံတားများ တိုးမြှင့်တည်ဆောက်ခြင်း၊ အစိုးရရုံးအဖွဲ့များတွင် ရုံးချင်းဆက်စကြံ်န် ဆောက်လုပ်ခြင်း၊ ရိပ်သာများဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ တာတမံများတောင့်တင်းခိုင်မာရေးအတွက် ရမ်းဗြဲမြို့နယ် မြေနီတောင်ရေငန်တားတာတွင် ကွန်ကရစ်ရေတံခါး တည်ဆောက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနတွင် ဆေးပေးခန်းအဆောက်အဦများ၊ ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း၊ ရုံးခြံဝန်းအတွင်း ကတ္တရာလမ်းခင်းခြင်း၊ အားကစားကွင်း၊ အားကစားရုံများ ဆောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းနှင့် အခြားတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အတွင်း CDMA-800 Mobile ဖုန်း ၁၇,၇၈၂ လုံး၊ WCDMA Mobile ဖုန်း ၈,၆၁၁ လုံး နှင့် GSM Mobile ဖုန်း ၆၆,၉၄၉ လုံး တပ်ဆင် ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းမှ ကျပ် ၁၀,၇၅၉.၆ သန်း ဝင်ငွေ ရရှိခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ဒုတိယ(၆)လပတ်အတွင်း မြို့ပြနှင့်ကျေးလက် ဒေသများတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်း ဦးစီးဌာနတို့မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်ကုန် အထိ ကျေးလက် ရေပေးရေးအခြေအနေမှာ စစ်တွေခရိုင်တွင် စက်ရေတွင်း ၄ တွင်း၊ တွင်းတိမ် ၁၅၂ တွင်း၊ မိုးရေလှောင်ကန် ၃,၁၃၇ ကန်၊ လက်တူးတွင်း ၅၂၉ တွင်းရှိပြီး၊ မောင်တောခရိုင်တွင် တွင်းတိမ် ၃,၉၈၃ တွင်း၊ မိုးရေ လှောင်ကန် ၁,၃၅၅ ကန်၊ လက်တူးတွင်း ၃၀၂ တွင်းရှိပြီး၊ ကျောက်ဖြူခရိုင်တွင် တွင်းတိမ် ၇၅ တွင်း၊ မိုးရေလှောင်ကန် ၄၅၃ ကန်၊ လက်တူး တွင်း ၃,၈၃၆ တွင်းရှိပြီး၊ သံတွဲခရိုင်တွင် တွင်းတိမ် ၄၂၀ တွင်း၊ မိုးရေလှောင်ကန် ၈၂ ကန်၊ လက်တူးတွင်း ၆,၂၇၉ တွင်း ကျေးရွာပေါင်း ၂၆,၁၄၆ ရွာတို့အား သောက်သုံးရေ ရရှိရေးကို ဆောင်ရွက် ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**


၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များ အရ ကျပ် **၆,၂၀၃,၅၆၇.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၈.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၆-၂၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၇,၇၁၂,၅၁၂.၃** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၂၄.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၄.၉** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ**။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း စပါးသီးနှံ စိုက်ဧက **၁၈၇,၉၂၇** ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပုလဲသွယ်ဧက ၁၀၀ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ် ၂ကွက်ကို တွံတေးမြို့နယ် ကရင်ချောင်နှင့် လှည်းကူးမြို့နယ် စစ်ပင်မြောက်၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဆောင်းသီးနှံ ပဲစိုက်ပျိုးမှု **၄၂၀,၅၁၆** ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး၊ ဆီထွက်သီးနှံ **၁၂,၉၂၉** ဧက စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။ ကျေးရွာ ၈၅၁ ရွာတွင်

တောင်သူနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး တောင်သူများစိုက်ပျိုးရေး လုပ်ငန်းများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ထွန်ယက်ရေး လုပ်ငန်းများ၌ **၁၉,၉၂၅** ဧကေလွှာ ထွန်ယက်ခဲ့ပါသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပေးပုံ တောင်သူသရုပ်ပြပွဲအား တောင်သူ **၅၇** ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ** ။ တိုက်ကြီးမြို့နယ် အဖျောက်ရေနံ သဘာဝဓာတ်ငွေ့တွင်းမှ သဘာဝဓာတ်ငွေ့နှင့် ဘူးသွင်းဓာတ်ငွေ့များ ထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ** ။ စက်မှုဝန်ကြီး ဌာနအောက်ရှိ နိုင်ငံပိုင် စက်ရုံ အလုပ်ရုံ ၁၇၄ ရုံ အနက် ပုဂ္ဂလိကသို့ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အကျိုးတူဖက်စပ်ပြုခြင်းများကြောင့် နိုင်ငံပိုင် စက်ရုံ ၇၄ ရုံသာ ကျန်ရှိပါသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးကို ဆောင်ရွက်လျက် ရှိပါသည်။ ဇုန်တွင်း၊ ဇုန်ပြင်ပနှင့် သမဝါယမ ကဏ္ဍများမှ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိပါသည်။

**အထူးစီးပွားရေးဇုန်။** သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုစီမံကိန်းအတွက် လျော်ကြေးပေးရမည့် အိမ်ထောင်စု ၈၁ စုအား လျော်ကြေးငွေများ အသီးသီး ထုတ်ပေးခဲ့ပြီး၊ အများပိုင်ကုမ္ပဏီအဖြစ် အစုရှယ်ယာများ စတင်ရောင်းချခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ** ။ မြေအောက်ကြိုးများတပ်ဆင်ခြင်း၊ ကောင်းကင် ဓါတ်အားလိုင်းများတည်ဆောက်ခြင်း၊ လမ်းမီးများ တပ်ဆင်ခြင်း၊ ဓါတ်အားခွဲရုံကြီးများ တည်ဆောက်ခြင်း ခရိုင် (၄) ခရိုင်အတွင်း ဓါတ်အားလိုင်းများ၊ ထရန်စဖော်မာများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

**ဆောက်လုပ်မှုကဏ္ဍ** ။ ကျေးလက်မြို့ပြကွန်ယက် ဆက်သွယ်မှု တိုးမြှင့်နိုင်ရေးနှင့် မြို့ပြရှိလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်ပင်သာယာ ပြင်ပမြို့နယ်များတွင် စည်ပင်သာယာရေး အဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ရန်ကင်းမြို့နယ် ရွှေမိုးကောင်း အိမ်ရာစီမံကိန်း၊ အင်းယားရိပ်သာ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ကန်တော်ကြီးရိပ်သာ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း ဗိုလ်ဗထူး အိမ်ရာစီမံကိန်း၊ ဗိုလ်မင်းရောင်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်တောင်ပိုင်း ဇေရာဝဏ်အိမ်ရာ စီမံကိန်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မင်းရဲကျော်စွာအိမ်ရာ စသည့် အိမ်ရာ

စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပြီး၊ ဗိုလ်ဗထူး အိမ်ရာစီမံကိန်းအတွက် ဝယ်ယူလိုသူပြည်သူများအား လျှောက်လွှာ ခေါ်ယူခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ Box-Culvert ပြုလုပ်ခြင်းနှင့် တံတားများ၊ ပလက်ဖောင်းနှင့် ကတ်တုံးများ ပြုလုပ်ခဲ့ပါသည်။

**ပို့ဆောင်ရေး ကဏ္ဍ** ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ( ၆) လပတ်တွင် အငှားယာဉ် ၄၅,၆၄၄ စီး၊ လိုင်းပေါင်းစုံ ဘတ်စ်ကား ၆,၃၅၆ စီး၊ အဝေးပြေး ၂,၇၈၃ စီး၊ ကြို/ပို့ ယာဉ် ၆၁၂ စီး၊ လုပ်ငန်းသုံးယာဉ် ၂၆,၅၈၁ စီး၊ ၅ တန်အထက် ကုန်တင်ယာဉ် ၂၂,၈၁၃ စီး၊ ၅ တန်အောက် ၂၂,၈၇၅ စီး ဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ အငှားယာဉ်၊ အဝေးပြေးကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ကားလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပညာရေး**။ အမှတ် (၃) အခြေခံပညာဦးစီးဌာနအနေဖြင့် ဒုတိယ(၆)လပတ်တွင် အန္တရာယ်ရှိ ကျောင်း၊ ဥပဓိရုပ် မကောင်းသော ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်း၊ စုစုပေါင်း ၆၁၆ ကျောင်း ဆက်လက်ပြင်ဆင်ခဲ့ပါသည်။

**ကျန်းမာရေး**။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ကုန်တွင် တိုက်နယ် ဆေးရုံတစ်ရုံ တိုးတက်လာခဲ့ပါသည်။ ကုတင် ၁၀၀ တိုင်းရင်းဆေးရုံတွင် အတွင်း လူနာ ၄၅၅ ဦး၊ ပြင်ပလူနာ ၁၁,၅၅၃ ဦး ကုသပေးနိုင်ခဲ့ပါသည်။

**ရေပေးဝေရေးနှင့်သောက်သုံးရေဖူလုံရေး**။ မြို့ပြရေပေးရေးနှင့် ကျေးလက်ရေရရှိရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မှ နေ့စဉ်ဖြန့်ဝေသည့် ရေပမာဏမှာ ဂျိုးဖြူကန် မှ ရေဂါလန် ၂၇ သန်း၊ လှော်ကားကန်မှ ရေဂါလန် ၁၄ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၅၄ သန်း၊ ရန်ကုန်မြို့တော်ရေပေး ဝေရေး(ငမိုးရိပ်)မှ ရေဂါလန် ၄၅ သန်း၊ အဝီစိစက်ရေတွင်းမှ ရေဂါလန် ၁၆ သန်း၊ ၎င်းအပြင် ရေပေးဝေရေး စခန်းများမှ တစ်နေ့ ရေဂါလန် ၄ သန်း၊ စုစုပေါင်း ရေဂါလန် ၁၆၀ သန်း တို့ကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိပါသည်။ စည်ပင်သာယာ ပြင်ပမြို့နယ်များတွင် ရေကန် တူးဖော်ခြင်း၊ တွင်းနက်များ တူးဖော်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**မီးလင်းရေး**။ နိုင်ငံတော်အနေဖြင့် မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလတွင် ကျေးရွာပေါင်း **၄၈၄** ရွာ မီးလင်းပြီး ဖြစ်ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ( ၆) လပတ်တွင် လုပ်ငန်းလိုင်စင်၊ တည်းခိုခန်း လိုင်စင်၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်၊ မော်တော် ယာဉ်ဖြင့် လှည့်လည် ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်၊ အနေးယာဉ် (ဆိုက်ကား) လိုင်စင်များ အငှားချထားခြင်း၊ အနေးယာဉ်နှင့် ပတ်သက်သည့် လုပ်ငန်းများ၊ City Taxi လုပ်ငန်းနှင့် မြောက်ဥက္ကလာပ မြို့နယ်ခန်းမ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ခန်းမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ခန်းမတို့နှင့် ဆိုင်/မြေ ငှားရမ်းခ စသည့်လုပ်ငန်းများမှ အခွန်အခရငွေများ တိုးတက်ခဲ့ပါသည်။


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုမ္ပဏီများ မှတ်ပုံတင်သည့် အရေအတွက်သည် ၂,၂၆၂ အထိ ရှိခဲ့သဖြင့် ကုမ္ပဏီဖွဲ့စည်းသည့် အရေအတွက် တိုးတက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်း၊ ရွှေဂုံတိုင်နှင့် ဘုရင့်နောင် ခုံးကျော်တံတားများ တည်ဆောက် ပြီးစီးခဲ့၍ ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးတက်လာခြင်း၊ ပွင့်လင်းရာသီ တည်ဆောက်ရေး လုပ်ငန်းများ အပြီးသတ်ခြင်း၊ ဆန်စက်များတိုးချဲ့ ဆောက်လုပ်ခြင်း၊ သစ်စက်များတွင် လုပ်ငန်းသုံး စက်ကိရိယာများ တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများရှိခြင်း ၊ မော်တော်ယာဉ်များ အစားထိုးလဲလှယ်မှု များနှင့် မော်တော်ယာဉ် လိုင်းသစ်တိုးချဲ့မှုများရှိခြင်း၊ ဘဏ်လုပ်ငန်းတွင် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်မှုများ၊ ဆရာ/ဆရာမများအား တိုးချဲ့ခန့်ထားခြင်း၊ တန်ဖိုးနည်း တယ်လီဖုန်းများ ဆက်လက်ချထား ပေးမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

## ရှမ်းပြည်နယ်


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များ အရ ကျပ် **၁,၉၅၀,၈၂၄.၈** သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၆.၁** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ရှမ်းပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၂,၄၆၃,၁၃၅.၂** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၂၆.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၇.၇** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ**။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၇၄၅၂၈၅ ဧက ဖြစ်ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၇၇၀၅ ဧက တိုးချဲ့စိုက်ပျိုး နိုင်ခဲ့ပါသည်။ ဒုတိယ (၆) လပတ်တွင် မတ်ပဲ၊ ထောပတ်ပဲ၊ မြေပဲနှင့် ကော်ဖီ သီးနှံအထွက်များ တိုးတက်ခဲ့ပါသည်။

**သားငါးကဏ္ဍ**။ သားငါးကဏ္ဍတွင် မွေးမြူသူအစုအဖွဲ့ပေါင်း ၂၆၇ ဖွဲ့ကို ဖွဲ့စည်း နိုင်ခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းများမှ ချေးငွေကျပ် ၁၇၅.၅ သန်း ပံ့ပိုး နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း ပုဂ္ဂလိကငါးမွေးကန် ၁,၄၅၈ ကန်၊ ဧရိယာ ၃,၃၉၅.၇၃၉ ဧက၊ သမဝါယမငါးကန်အနေဖြင့် ၆၇ ကန်၊ ဧရိယာ ၅၄.၉၉ ဧကရှိပြီး ရေချိုငါး၊ ပုဇွန်သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်း စောင့်ရှောက်ပေးခြင်း၊

သဘာဝနှင့် ကိုက်ညီသော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ခြင်း စသည့် မွေးမြူရေး လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ**။ ရှမ်းပြည်နယ်အတွင်း ကျောက်မျက်ရတနာ ထုတ်လုပ်မှုကို အကျိုးတူကုမ္ပဏီ ၂ ခုနှင့် ပုဂ္ဂလိက ကုမ္ပဏီ ၆၀ ဖြင့်လည်းကောင်း၊ ခဲနှင့်ရောရာ သတ္တုရိုင်း ကုမ္ပဏီ ၂၁ ခု၊ သွပ်နှင့်ရောရာသတ္တုရိုင်း ကုမ္ပဏီ ၁၀ ခု၊ ခနောက်စိမ်းနှင့်ရောရာ သတ္တုရိုင်း ကုမ္ပဏီ ၁၀ ခု၊ ကြေးနီရောရာ သတ္တုရိုင်း ကုမ္ပဏီ ၂ ခု၊ ခဲ သတ္တု သန့်စင် ကုမ္ပဏီ ၂ ခု၊ ကျောက်မီးသွေးထုတ်လုပ်မှုကို လုပ်ကွက် ၇ ခု အကျိုးတူကုမ္ပဏီ ၁ ခု၊ ဂေါဒန်ကျောက် ထုတ်လုပ်မှုကိုအကျိုးတူကုမ္ပဏီ ၃ ခု၊ ဘရိုက်တီး ကျောက်ထုတ်လုပ်မှုကို အကျိုးတူကုမ္ပဏီ ၁ ခု၊ ရွှေထုတ်လုပ်မှုကို အကျိုးတူ ကုမ္ပဏီ ၇ ခုနှင့် မဂ္ဂနီးဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုကို အကျိုးတူ ကုမ္ပဏီ၉ ခုနှင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ**။ လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံများအား တာရှည်ခံရန်နှင့် အရည်အသွေးမီ စားသောက်ကုန်အဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် တောင်ကြီးမြို့နယ်တွင် Myanmar Belle Manufacture Co.ltd မှ ဂေါ်ဖီထုပ် အခြောက်ခံစက်ရုံ၊ ဟဲဟိုးမြို့တွင် မြနဒီ ပြောင်းဖူးအခြောက်ခံစက်ရုံ၊ ထုံးကျောက် ထွက်ရှိသည့် ပင်လောင်းမြို့နယ်တွင် ဘိလပ်မြေစက်ရုံ ၂ ရုံနှင့် ထူးကွန်ကရစ်မီးတိုင် ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို တည်ဆောက် ထုတ်လုပ်လျက် ရှိပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အေးသာယာစက်မှုဇုန် တွင်ပတ္တမြား နဂါးသံနှင့် သံမဏိ စက်ရုံ တည်ထောင်ပြီး လုပ်ငန်းများ လည်ပတ်လုပ်ကိုင်လျက် ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လုပ်ငန်းကြီး ၅၁ ခု၊ လုပ်ငန်းလတ် ၆၁ ခု၊ လုပ်ငန်းငယ် ၃၀၅ ခု ၊ စုစုပေါင်း စက်မှုလုပ်ငန်းပေါင်း ၄၁၇ ခု မှတ်ပုံတင်နိုင်ခဲ့ပြီး ကျပ် ၅,၄၂၄.၇၈၇ သန်း ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**။ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်တွင် ကျေးရွာ ၈ ရွာ ကို ဒီဇယ်စနစ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မန်မွန်းခေး ကျေးရွာ နှင့် ပန်မြိုင်းကျေးရွာတို့တွင် ဆိုလာစနစ်ဖြင့်လည်းကောင်း၊ မူဆယ်ခရိုင် ဟိုမောလော့ခွမ် ကျေးရွာအုပ်စုနှင့် နမ့်ဖတ်ကာ ကျေးရွာတို့တွင် တရုတ်နိုင်ငံ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားဖြင့်လည်းကောင်း၊ လောက်ကိုင်ခရိုင်ကျေးရွာ ၇ ရွာတွင် ကိုယ်အား ကိုယ်ကိုး

ဓာတ်အားခွဲစက်ရုံ၊ ကျေးရွာ ၂ ရွာတွင် အသေးစားရေအားဖြင့် လည်းကောင်း၊ ကျေးရွာ ၁၅ ရွာကို စပါးခွံဓာတ်အားပေးစက် ၂၉ ခုဖြင့်လည်းကောင်း ကျေးလက်မီးလင်းရေး ဆောင်ရွက်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**။ ပုဂ္ဂလိကပိုင် အဲကမ္ဘောဇလေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲ နိုင်ခဲ့ပြီး မော်တော်ယာဉ်လိုင်းသစ် ၁၆ လိုင်းထပ်မံ တိုးချဲ့ ပြေးဆွဲလျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် လေယာဉ်ပြေး လမ်းမွမ်းမံ တည်ဆောက်ခြင်း၊ အာဆီယံလမ်းမ-J(AH2) ၌ ပါဝင်သည့် မိတ္တီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ်လမ်း တည်ဆောက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ မိုင်းဆတ်လေဆိပ် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သောက်သုံးရေရရှိရေး**။ ရှမ်းပြည်နယ်စည်ပင်သာယာရေးမှ ဘဏ္ဍာနှစ်အတွင်း ရေပေးရေး လုပ်ငန်းများကို ကျေးလက်တွင် အဝီစိရေတွင်းတူးဖော်ခြင်း ၄ ခု၊ လက်တူးတွင်း ၁၄ ခု၊ ရေကန်အဆင့်မြှင့် ၇ ခု၊ စိမ့်စမ်းရေသွယ် ၁၇ ခု၊ အခြား ၇ ခု စုစုပေါင်း ၄၉ ခု ကို လည်းကောင်း၊ မြို့ပြတွင် အဝီစိရေတွင်း တူးဖော်ခြင်း ၅ ခု၊ တွင်းတိမ် ၁ ခု၊ လက်တူးတွင်း ၁၄ ခု၊ ရေကန်အဆင့်မြှင့် ၂ ခု၊ အခြား ၃၀ ခု စုစုပေါင်း ၅၂ ခုကို လည်းကောင်း သောက်သုံးရေ ရရှိရန်ဆောင်ရွက်လျက် ရှိပါသည်။

**ဟိုတယ်ဝန်ဆောင်မှုကဏ္ဍ**။ အင်ကြင်းကုန်း ကျေးရွာအနီးရှိ အင်းလေး အရှေ့ကြိုးဝိုင်းမှ မြေဧရိယာ ၆၂၂ ဧကကို ဟိုတယ်ဇုန်အဖြစ် ဖော်ထုတ်ကာ ဟိုတယ် ၁၄ လုံး တည်ဆောက် လျက်ရှိပါသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဟိုတယ်၊ တည်းခိုခန်းဦးရေ ၄၇ခုဖြင့် ခရီးသွားလာရေး လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ**။ ရှမ်းပြည်နယ်အတွင်း တာချီလိတ်၊ ချင်းရွှေဟော်နှင့် မူဆယ်နယ်စပ်ကုန်သွယ်မှုစခန်းများမှ ဆက်စပ်လျက်ရှိသောဒေသများ၊ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်း တင်ပို့ခြင်း၊ ဒေသထွက်ဖြင့် မဖူလုံသည့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပမှ မှာယူတင်သွင်းခြင်းတို့အပြင် ကုန်စည်ဒိုင် ၇ ခုဖွင့်လှစ်၍ ရောင်းဝယ်လျက် ရှိပါသည်။

**‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း**

**လယ်ယာကဏ္ဍ။** ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင်ကြက်ပေါင်စေး ၄၅၃၂၈ဧက စိုက်ပျိုးထားပြီး ထွက်ရှိသော ကြက်ပေါင်စေးများကို ခရမ့်ရော်ဘာ ပြုလုပ်၍ တရုတ်နိုင်ငံသို့ ရောင်းချလျက်ရှိပါသည်။ ရော်ဘာစေးများကို မှိုင်းခံပြားပြုလုပ်ရန် ရော်ဘာစိုက်အားကောင်းပြီး အချက်အခြာကျသည့် မန်မိုင်ရပ်ကွက်တွင် လုပ်ငန်း တည်ထောင်ခဲ့ပါသည်။ အဓိက သီးနှံများ ဖြစ်သော ကြံနှင့် ရာဘာကို တိုးချဲ့စိုက်ပျိုး နိုင်ခဲ့ပါသည်။ ဒုတိယ(၆) လပတ်အတွင်း သီးနှံ အထွက်များ ယခင်နှစ် အလားတူ ကာလထက် ပိုမိုဖြစ်ထွန်း အောင်မြင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ဒေသတွင်းမိသားစု တစ်ပိုင် တစ်နိုင် ဝက်မွေးမြူရေး၊ ကြက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူလာနိုင်သဖြင့် ဒုတိယ (၆)လပတ်အတွင်း ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း သွပ်နှင့်ရောရာသတ္တုရိုင်းထုတ်လုပ်မှုကို ပန်ခွန်ကုမ္ပဏီကဆောင်ရွက်ခဲ့ပြီးမက်ထရစ်တန်၂,၉၄၂ ထွက်ရှိခဲ့ ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် နိုင်ငံပိုင်အနေဖြင့် ကီလိုဝပ်နာရီ(ထောင်ပေါင်း) ၁၈၅ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ နယ်တွင် တရုတ်နိုင်ငံမှလျှပ်စစ်ဓာတ်အားဖြင့် ဖြန့်ဖြူးပေးလျက်ရှိပြီး ဓာတ်အားခ အနေဖြင့် တစ်ယူနစ်လျှင် ၁.၄ ယွမ် (၂၁၅ )ကျပ်နှုန်းဖြင့် ပေးချေကာ လျှပ်စစ်မီးသုံးစွဲလျက် ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၏ ပုဂ္ဂလိက ယာဉ်လိုင်းများအဖြစ် ‘ဝ’တောင်တန်း၊ သံလွင်နှင့် လားရှိုး-မန်း စသည့် ကားလေး အသင်းများ ထူထောင်ကာ ဒေသတွင်း ပြေးဆွဲလျက် ရှိပါသည်။ သံလွင်နှင့် ‘ဝ’တောင်တန်း လိုင်းတို့မှာ ဟိုပန်မြို့မှ လားရှိုးမြို့သို့ နေ့စဉ် ပြေးဆွဲလျက်ရှိပြီး လားရှိုး-မန်း ယာဉ်ငယ် လိုင်းမှာ မန္တလေးမြို့ သို့ နေ့စဉ် ပြေးဆွဲလျက် ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးကဏ္ဍအနေဖြင့် လစဉ်တန်ဖိုးနည်း မိုဘိုင်း ဖုန်းများ ဖြန့်ဝေပေးလျက် ရှိသဖြင့် ကျေးလက်ဒေသများတွင် ဆက်သွယ်ရေး ပိုမို ကောင်းမွန်လျက် ရှိပါသည်။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း နယ်စပ်ရေးရာ ဝန်ကြီးဌာန မှ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ၅ ခု ကို ကျပ်သန်း ၃၀ ဖြင့်လည်းကောင်း၊ စိုက်ပျိုးမြေဧက ၂၀၀ ဖော်ထုတ်ခြင်းကို ကျပ် ၁၀ သန်း ဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကုန်းကြမ်းမြို့နယ်အတွင်း စပါးစိုက်တောင်သူ များသို့ ကျပ် ၂.၅ သန်း တန်ဖိုးရှိ စပါးမျိုးကောင်းမျိုးသန့်များအား ဖြန့်ဝေ ပေးနိုင် ခဲ့ပါသည်။ ထို့ပြင် ကဲရ်မြန်မာ အဖွဲ့အစည်းမှ လောက်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာ၌ လက်ဖက်စိုက်ပျိုးရေး ပိုမိုဖွံ့ဖြိုး တိုးတက် လာစေရေးအတွက် ဒုတိယ (၆) လပတ်အတွင်း ကျပ် ၈၂ သန်း အသုံးပြုခဲ့ပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှလည်း လောက်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၄ ရွာ နှင့် ကုန်းကြမ်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာတို့တွင် Livelihood and Social Cohesion Project အရ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ဆောင်ရွက်သည့် တောင်သူများအား တစ်အိမ် ထောင်စုလျှင် အမေရိကန်ဒေါ်လာ ၁၅၀ နှုန်းဖြင့် ကူညီ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေး ဦးစီးဌာနနှင့် ယူအင်န်ဒီပီတို့ ပူးပေါင်း၍ ကျေးရွာအဆင့် စိုက်ပျိုးရေး အခြေခံ လုပ်သား များကို လည်း ရက်သတ္တ (၁) ပတ် ကြာ သင်တန်းဖွင့် နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သားငါး စားသုံးမှု ဖူလုံလာ စေရန်နှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ဘတ်ဂျက်ရန်ပုံ ငွေဖြင့် လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့တွင် မွေးမြူရေးခြံ ၂ ခြံအား ကုန်ကျငွေ ကျပ်သန်း ၅၀ ဖြင့် တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှလည်း လောက်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၄ ရွာ နှင့် ကုန်းကြမ်း မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာတို့တွင် Livelihood and Social Cohesion Project အရ တစ်အိမ်ထောင်စုလျှင် အမေရိကန်ဒေါ်လာ ၁၅၀ နှုန်းဖြင့် ညီမျှသော သားငါး တိရစ္ဆာန်များ မွေးမြူနိုင်ရေးအတွက် ကူညီထောက်ပံ့ ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန နှင့် ယူအင်န်ဒီပီ တို့ပူးပေါင်း၍ ကျေးရွာအဆင့် မွေးမြူရေးအခြေခံ လုပ်သားများကိုလည်း ရက်သတ္တ ၂ ပတ်ကြာ သင်တန်းဖွင့် နိုင် ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် အတွင်း လျှပ်စစ်ဓါတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှာနိုင်ငံတော်ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိစေရေး အတွက် ကွတ်ခိုင်-တာမိုးညဲ-တာပါး-လောက်ကိုင် (၆၆) ကေဗွီအေ ဓါတ်အားလိုင်း၊ လောက်ကိုင်-ချင်းရွှေဟော် (၃၃) ကေဗွီအေ ဓာတ်အားလိုင်းများကို သွယ်တန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ချင်းရွှေဟော်မြို့နယ်ခွဲတွင် (၃၃/၁၁) ကေဗွီအေ ဓာတ်အားခွဲရုံ ၁ ရုံ အား တည်ဆောက်ပြီးစီးခဲ့ပါသည်။

ပုဂ္ဂလိကကုမ္ပဏီများမှလည်းဒေသအတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက် လျက်ရှိရာ ကိုးကန့်ဆွေကုမ္ပဏီမှ လောက်ကိုင်မြို့နယ် ချားဟော်ကျေးရွာအနီး ချားဟော် အလတ်စား ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အဆိုပါ စီမံကိန်း အတွက် ခန့်မှန်းတန်ဖိုး ကျပ် ၆၂၅၀ သန်း သုံးစွဲခဲ့ပါသည်။ ကုန်းကြမ်းမြို့နယ်၊ ရင်ဖန်ထို ကျေးရွာအနီးတွင်လည်း ကြွယ်ဝသော ရတနာရွှေမြေကုမ္ပဏီမှ ရင်ဖန်ထို အလတ်စား ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျပ် ၃,၉၅၀ သန်းခန့် သုံးစွဲ ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** လောက်ကိုင်ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ လျှပ်စစ်မီး သုံးစွဲနိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်၌ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ကုန်းကြမ်းမြို့နယ်အတွင်း ရှောက်ကိုင်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း အတွက် ကျပ် ၄၄.၈၇၅ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကုန်းကြမ်းမြို့နယ် အတွင်း ရှိ ကျေးရွာ ၇ ရွာ မီးလင်းရေးအတွက် ကျပ် ၄၂ သန်း အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကုန်းကြမ်း မြို့နယ် အတွင်းရှိ ရှောက်ကိုင်ကျေးရွာ မီးလင်းရေး မီးကြိုး သွယ်တန်းခြင်း လုပ်ငန်းကို ကျပ် ၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လမ်းတံတားတည်ဆောက်ပြုပြင်ခြင်း။** ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ကျေးလက် လမ်းတံတားလုပ်ငန်းများအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ရန်ပုံငွေဖြင့် လောက်ကိုင်မြို့နယ်အတွင်း လမ်း တံတား လုပ်ငန်း

၈ ခု ကို ကျပ် ၂,၂၁၈.၆၄ သန်း၊ ကုန်းကြမ်း မြို့နယ်အတွင်း ကျေးလက်လမ်းတံတားလုပ်ငန်း ၁၂ ခုအတွက် ကုန်ကျငွေ ကျပ် ၂,၈၈၁.၈၈သန်း တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်နယ်အစိုးရ၏ ဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းတံတားလုပ်ငန်း ၁၂ ခု ကို ကျပ် ၁၁၉.၇ သန်းဖြင့် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**သောက်သုံးရေ ရရှိရေးလုပ်ငန်းများ။** ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် သောက်သုံးရေ ရရှိရေးလုပ်ငန်း ၁၀ ခုအား ကုန်ကျငွေ ကျပ် ၂၂၅ သန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသအတွင်း သောက်သုံးရေ ရရှိရေးလုပ်ငန်း ၃၅ ခုအား ကုန်ကျငွေ ကျပ် ၃၂၅ သန်း အသီးသီး အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း တန်ဖိုးနည်း မိုဘိုင်းဖုန်း GSM Sim Card ၁၉၀၀ ရောင်းချပေး နိုင်ခဲ့ပါသည်။ ထို့ပြင် ချင်းရွှေဟော် မြို့နယ်ခွဲတွင် ဆက်သွယ်ရေးကွန်ယက် လွှမ်းခြုံနိုင်ရေးအတွက် GSM Station Tower ၁ ခု၊ လောက်ကိုင်မြို့နယ်တွင် MEC CDMA-800 Station Tower ၁ ခု တို့ကို တည်ဆောက် နိုင်ခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် မူလတန်းကျောင်း ၂၀ ကျောင်း နှင့် အထက်တန်းကျောင်း ၁ ကျောင်း တည်ဆောက် ပြုပြင်ခြင်း လုပ်ငန်းအတွက် ကျပ် ၁၃၁ သန်း၊ပြည်နယ်ရန်ပုံငွေဖြင့် မူလတန်းကျောင်း ၄ ကျောင်း အသစ် တည်ဆောက်ခြင်း အတွက်ကုန်ကျငွေ ကျပ် ၇၂ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒေသအတွင်းရှိ အခြေခံပညာကျောင်း များတွင် လိုအပ်လျှက်ရှိသော ဆရာ/ဆရာမများ အတွက် နေ့စားလပေး ဝန်ထမ်းဆရာ/ဆရာမများအား ဒုတိယ (၆) လပတ်အတွင်း ခန့်ထားပြီး သင်ကြားရေးလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ပြည်နယ်အစိုးရ ဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် ပညာရေးလုပ်ငန်း ၈ ခု အတွက် ကျပ် ၄၆.၃၆ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ။** တာရှေ့ထန်တိုက်နယ်ဆေးရုံကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Health Poverty Action (HPA)၏

အကူအညီအထောက်အပံ့ဖြင့် မာလိလင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦးကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ထို့အတူ အာရှဆရာဝန်များအသင်း (AMDA) နှင့် ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်း၍ ဒေသအတွင်းရှိ အရန်သားဖွားဆရာမ သင်တန်း များဖွင့်လှစ်၍ ကျန်းမာရေးလုပ်သားများကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စု လွှတ်တော်နှင့် ပြည်နယ် အစိုးရ ဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် လောက်ကိုင်မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦး ပြင်ဆင်ခြင်းလုပ်ငန်း ၂ ခုကို ကျပ် ၇.၀၁ သန်း ဖြင့် ပြုပြင် နိုင်ခဲ့ပါသည်။

**အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။** နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ရန်ပုံငွေဖြင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၃ရုံ အတွက် ကျပ် သန်း ၁၅၀၊ ဘာသာရေးလုပ်ငန်း ၅ ခု အတွက် ကျပ် ၂၄ သန်း၊ ကျေးလက်ယင်လုံအိမ်သာ တည်ဆောက်ပေးခြင်းလုပ်ငန်းအတွက် ကျပ် ၉ သန်း၊ Vocational Training ၁ ခုကို ကျပ် ၅ သန်း၊ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းကို ကျပ် ၉.၆ သန်း ၊ စာကြည့်တိုက် ၂ ခု ကို ကျပ် ၂ သန်းတို့ဖြင့်အသီးသီး တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** ဒုတိယ (၆)လပတ်တွင် မိုးစပါး ၅၅၉ ဧက၊ ပဲအမျိုးမျိုးတွင် ၁၆၉၁ ဧက၊ ဆီထွက်သီးနှံများတွင် ၄,၃၆၄ဧက၊ ဟင်းခတ်အမွေးအကြိုင်ပင်များတွင် ၂၄၃ ဧက၊ လက်ဖက်စိုက်ဧက ၁၂,၃၃၆ ဧက၊ ဟင်းသီးဟင်းရွက်ပေါင်းတွင် ၁၃၈၄ ဧက အသီးသီး စိုက်ပျိုး နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ပေါ်ဒေသဖြစ်ခြင်း ကြောင့် ရေသယံဇာတနည်းပါးပြီး ရေထွက်ပစ္စည်း မွေးမြူရေးလုပ်ငန်းလည်း မရှိသလောက် နည်းပါးပါသည်။ ဒေသနေပြည်သူများမှ တိရိစ္ဆာန်နှင့် တိရိစ္ဆာန်ထွက်ပစ္စည်းများကို တစ်နိုင် တစ်ပိုင်သာ မွေးမြူထုတ်လုပ်ကြပါသည်။ ထို့အပြင် နမ့်ဆန်မြို့နယ်၊ လီလုချောင်းအနီး၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငါး သားဖောက်စခန်း တည်ဆောက်ရန် လေ့လာဆောင်ရွက်လျက် ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီမှ နမ့်ဆန်နှင့် မန်တုံမြို့နယ်

များတွင် စံပြမွေးမြူရေးခြံ ၂ ခြံနှင့် နို့စားနွားမမွေးမြူရန် လုပ်ငန်း အတွက် တစ်မြို့နယ်လျှင် ကျပ် ၂၅ သန်းဖြင့် စုစုပေါင်းကျပ်သန်း ၅၀ ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အနေဖြင့် (တပ်မတော်အချိုချောက် စက်ရုံ) လက်ဖက်ခြောက်ထုတ်လုပ်လျက် ရှိပါသည်။ ပုဂ္ဂလိကပိုင် အချို၊ အခါးခြောက်စက်ရုံ ၆၅ ရုံရှိပြီး ရာသီချိန်တွင် ထုတ်လုပ်ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရွှေလီလျှပ်စစ်ဓာတ်အား လိုင်းမှလည်းကောင်း၊ တစ်ပိုင်တစ်နိုင် ရေအားထုတ်လုပ်သုံးစွဲရေးနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ် ဓာတ်အား ထုတ်ယူသုံးစွဲကြပါသည်။ နမ့်ဆန်မြို့နယ် တောင်ကျော်ကျေးရွာ၊ ပန်စေးမိန်း ကျေးရွာ၊ ကယားလမ်းကျေးရွာနှင့် မန်တုံမြို့နယ်တွင် လွယ်ကြူကျေးရွာ၊ တွန်စေးကျေးရွာ တို့တွင် တစ်ရွာလျှင် ကျပ်၄၄.၈၇၅ သန်း၊ စုစုပေါင်း ကျပ် ၂၂၄.၃၈ သန်းဖြင့် ရေအားလျှပ်စစ် ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လမ်းပန်းဆက်သွယ်မှု လျင်မြန် ချောမွေ့စေရေး အတွက် နမ့်ဆန် မြို့နယ် သီပေါ-ပန်လုံ-နမ့်ဆန်လမ်းလုပ်ငန်းတွင် ကျပ် ၄၄၁ သန်း၊ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ကျပ် ၁၂.၉၇၅ သန်း၊ ကျောက်မဲ-မိုင်းငေါ့- နမ့်ဆန်လမ်းနှင့် သီပေါ-ပန်လုံ-နမ့်ဆန်လမ်း အထူးပြင်ဆင်ထိန်းသိမ်း ခြင်း လုပ်ငန်းတွင် ကျပ် သန်း၂၁၀၊ မန်တုံမြို့နယ်တွင် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် နမ္မတူ-ဘော်တွင်း-မန်တုံလမ်းကျပ် ၇၂၄ သန်းဖြင့် အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျောင်းဆောင်သစ် ၂၀ ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၁၁.၆ သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လေ့ကျင့်ပညာ ဦးစီးဌာနမှ နမ့်ဆန်မြို့နယ်တွင် လူငယ်သင်တန်းကျောင်း တည်ဆောက်ခြင်းအတွက် ၃၁၅.၄၂ သန်း၊ လျှူဒါန်းထောက်ပံ့ခြင်း အနေဖြင့် နမ့်ဆန်မြို့နယ်တွင် ဂျပန်ဖောင်ဒေးရှင်းမှ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၇.၁၀ သန်း၊ မန်တုံမြို့နယ် တွင် အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်းစီမံကိန်းမှ ကျောင်းဆောင်သစ် ၃ ဆောင် အတွက် ကျပ် ၉၈.၀၁ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ။** နမ့်ဆန်မြို့နယ်တွင်ကွမ်ဟယ် ၁၆ ကုတင်ဆံ့ဆေးရုံအတွက် ကျပ်သန်း ၁၀၀၊ ဆေးပေးခန်း ၁ခန်း၊ ကျန်းမာရေးဌာန ၃ ခု၊ ကျန်းမာရေးဌာနခွဲ ၃ ခုအတွက်

ကျပ် ၆၂.၅ သန်း၊ နမ့်ဆန်မြို့နယ် ဆေးရုံမြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် ကျပ်သန်း ၈၀ ၊ မန်တုံမြို့နယ်တွင် ဆေးပေးခန်း ၁ ခန်း၊ ကျန်းမာရေးဌာနခွဲ ၁ ခုအတွက် ကျပ် ၁၇.၅ သန်းတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

**သောက်သုံးရေဖူလုံရေးဆောင်ရွက်မှု။** ဒေသတွင်းရှိ မြို့နယ် ၂ မြို့နယ်မှ ကျေးရွာများတွင် သောက်သုံးရေရရှိရေး လုပ်ငန်းပေါင်း ၄၄ ခုကို နယ်စပ်ရေးရာ ဝန်ကြီးဌာနရန်ပုံငွေ ကျပ် ၂၀၂.၅၀ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေ ကျပ် ၂၆၀ သန်းတို့ဖြင့် စိမ့်စမ်းရေသွယ်လုပ်ငန်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း နှင့် ဂါလံ ၅,၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** နမ့်ဆန်မြို့နယ်တွင် အော်တိုတယ်လီဖုန်း ၂၁၆ လုံး၊ စီဒီ အမ်အေ ၈၇၅ လုံး၊ သုံးစွဲလျက်ရှိပြီး မန်တုံမြို့နယ်တွင် IP Star ၄ လုံး၊ စီဒီအမ်အေ ၃၂၅ လုံး တပ်ဆင် သုံးစွဲလျက် ရှိပါသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု။** ကျေးလက်လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နမ့်ဆန်မြို့နယ်တွင် စာကြည့်တိုက် ၁၂၄ ခုဖွင့်လှစ်ခဲ့ပြီး၊ မန်တုံမြို့နယ် နှင့် နမ့်ဆန်မြို့နယ်တို့တွင် စာကြည့်တိုက် ၂ ခု အတွက် ကျပ် ၂.၀ သန်းဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဒေသခံတောင်သူများ ပိုမိုစိတ်ဝင်စားလာမှုကြောင့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မျိုးစမ်းသပ် စိုက်ကွက်များအဖြစ် လယ်စပါး ၁၄၅.၅၀ ဧက ကို စံပြစမ်းသပ်ကွက်များဖြင့် စိုက်ပျိုးပြသနိုင်ခဲ့ပါသည်။ လယ်ယာလုပ်ငန်း ချေးငွေအဖြစ် ပင်းတယမြို့နယ်တွင် ကျပ် ၁၆၀.၁ သန်း၊ ရွာငံမြို့နယ်တွင် ကျပ် ၂၄၂.၇ သန်း၊ စုစုပေါင်း ကျပ် ၄၀၂.၈ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ရွာငံမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြိုင် ကျေးရွာနှင့် မြို့ကြီးကျေးရွာတို့တွင် မွေးမြူရေးနှင့် ကုသရေးရှေ့တန်းစခန်းနှစ်ခုကို ကျပ် ၁၂

သန်း အကုန်အကျ ခံ၍ ဆောက်လုပ်နိုင်ခဲ့ပါသည်။ ပင်းတယမြို့နယ်၊ ကျောက်စု ကျေးရွာအုပ်စု၊ ကိုးလုံး ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ငါးမွေးမြူသူ ၁၂ ဦးနှင့် ငါးမွေးကန် ၁၀ ဧက ဖော်ထုတ် ဆောင်ရွက် နိုင်ခဲ့ပါသည်။ သဘာဝဘေးဒဏ်ခံနိုင်သည့် ငါးမျိုးများဖြစ်သော မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်းနှင့် တီလားဘီးယားငါးမျိုးတို့ကို သဘာဝအတိုင်း မွေးမြူ ထားရှိနိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပင်းတယမြို့နယ်တွင် လုပ်ငန်းအစုအဖွဲ့ ၇၄ ဖွဲ့နှင့် ရွာငံ မြို့နယ်တွင် ၁၁ ဖွဲ့ တို့အား ချေးငွေ ကျပ် ၁၀၅.၆ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ဒေသအလိုက် ထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ရေရှည်ထားရှိနိုင်ရန် သီးနှံ အခြောက်ခံ စက်ရုံ တည်ဆောက်နိုင်ရေး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** မဟာဓာတ်အားလိုင်းမှ ကျေးရွာမီးလင်းရေး ဆောင်ရွက် ရာတွင် မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စုရှိ ပွင့်လန်း၊ ဝါတရာ၊ ရှောက်ပင်ကျေးရွာများ မီးလင်းရေးအတွက် ဒေသခံပြည်သူလူထုနှင့် ဘီလီယမ်ဂိမ်း ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုကို ဒေသဦးစီးအဖွဲ့မှ လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက် ပေးခြင်း၊မိုင်းလီကျေးရွာအုပ်စု၊ပင်ပျော်ကျေးရွာအုပ်စု၊ တောင်ရှည်ကျေးရွာအုပ်စု စသည့် ၃ အုပ်စု တွင် မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး၊ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ရန် အတွက် လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်း၊ ရွှေပုထိုး(တောင်)ကျေးရွာအုပ်စု၊ ထိုးပုံကျေးရွာမီးလင်းရေးအတွက် ကောင်းသောအင်အားကြယ် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ပင်းတယမြို့နယ်၊ တောင်ပေါ်ကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး ရရှိရန် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းပြီးဖြစ်၍ ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းကာ ၄၀၀ ဗို့ဓာတ်အား ၁၂,၈၆၀ပေ တည်ဆောက်ခြင်းအတွက် ထပ်မံ လိုအပ်လျက်ရှိသော ငွေကျပ်သိန်း ၂၀၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ အစီအစဉ်ဖြင့် ထုတ်ချေးပေးခြင်း၊ ရွာငံမြို့နယ်တွင် လျှပ်စစ်ဓာတ်အားကို ယခင်က မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကင်းတားဆည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစက်ရုံမှ (၁၁ ကေဗွီ) ဓာတ်အားလိုင်း ၁၂.၅ မိုင် တည်ဆောက်၍ ဓာတ်အားရယူခဲ့ပြီး ယခုအချိန်တွင် ပင်းတယ-ရွာငံ ၃၃ ကေဗွီဓာတ်အားလိုင်း

၂၈.၁၁ မိုင်နှင့် ရှာင်မြို့တွင် ၃၃/၁၁ ကေဗွီ (3MVA) ဓာတ်အားခွဲရုံမှ ဓာတ်အားပေးနိုင်ခဲ့ပြီး မြို့တွင်း ၁၁/၄ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၄ လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံး၊ စုစုပေါင်း ၅ လုံးဖြင့် ဓာတ်အားဖြန့်ဖြူး ပေးလျက် ရှိပါသည်။ ရှာင်မြို့နယ်အနေဖြင့် ပင်းတယမှ ရှာင်သို့ ၃၃ ကေဗွီဓာတ်အားလိုင်းနှင့်(3MVA) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးဖြစ်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၂ ရွာတို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။**လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ပင်းတယ မြို့နယ်တွင် သဲကုန်း-ထယ်သွန်း မြေသားလမ်း ၃၅ မိုင်၊ မြေခြား-တာတိုင် ကျောက်ခင်းလမ်း ၂၀ မိုင်၊ ကုန်သာ-အိမ်ပု-ကျောက်ပုလင် ကတ္တရာလမ်း ၁၀ မိုင် တို့ကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁,၀၆၀ ၊ ရှာင်မြို့နယ်၊ ရှာင် - မြင်းကျဒိုး - ရေလှ - မင်းပလောင် မြေသားလမ်း ၁၅ မိုင်ကို ကျပ်သန်း ၉၀ ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေးကဏ္ဍ။** နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ပင်းတယမြို့နယ်တွင် မူလတန်းကျောင်း ၁၀ ကျောင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ် ၆၂ သန်း၊ ရှာင်မြို့နယ်တွင် မူလတန်းကျောင်း ၁၀ ကျောင်းအတွက် ခွင့်ပြုရန်ပုံငွေ ၆၂ သန်း၊ ပင်းတယမြို့နယ်၊ မိုင်းအင်ကျေးရွာတွင် အလယ်တန်းကျောင်း ၁ ကျောင်းအတွက် ခွင့်ပြုရန်ပုံငွေ ၆.၆ သန်း၊ ရှာင်မြို့နယ်၊ ယကြီးကျေးရွာတွင် အလယ်တန်းကျောင်း ၁ ကျောင်း ခွင့်ပြု ရန်ပုံငွေကျပ် ၆.၆ သန်း၊ ရှာင်မြို့နယ်၊ မြင်းကျဒိုးကျေးရွာတွင် အထက်တန်းကျောင်း ၁ ကျောင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၇ သန်း၊ ပညာရေးဝန်ထမ်း ၂ ခန်းတွဲအိမ်ရာ ၇ လုံး ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂၇.၅ သန်းတို့ဖြင့် ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ပင်းတယမြို့နယ်တွင် ကျောင်း ၁၀ ကျောင်းအတွက် ကျပ် ၂၉၆.၂ သန်း၊ ရှာင်မြို့နယ်တွင် ကျောင်း ၁၀ ကျောင်းအတွက် ကျပ် ၂၇၃.၆ သန်းအသီးသီး တိုးချဲ့ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ။** နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေ ကျပ် ၂၇၇ သန်း ဖြင့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ရေရရှိရေးလုပ်ငန်းအဖြစ် တွင်းတိမ် ၃ခု၊ လက်ယက် ရေတွင်း ၈ ခု၊ ရေကန် ၇ ခုနှင့် စိမ့်စမ်းရေသွယ် ၁၂ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ခရီးသွားကဏ္ဍ။** ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယ မြို့နယ်တွင် ရွှေဥမင်သဘာဝ လိုဏ်ဂူဘုရား တည်ရှိနေခြင်းကြောင့် ပြည်တွင်း ဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များသည် လာရောက်လည်ပတ် ကြခြင်းဖြင့် အလှူငွေနှင့် နိုင်ငံခြား သုံးငွေများ ရရှိနေပါသည်။ ရွှေဥမင် သဘာဝ လိုဏ်ဂူဘုရားတောင်တွင် ဘုရားဖူးဧည့်သည်များ အလွယ်တကူ ဆင်းတက်နိုင်ရန် အတွက် ယခင်တပ်ဆင်ထားသည့် ၉ ယောက်စီး ဓာတ်လှေကား အပြင် ၂၀၁၃ ခုနှစ် နှစ်စမှစ၍ ၂၄ ယောက်စီး အဆင့်မြင့် ဓာတ်လှေကား တစ်စင်းကို အလှူကောက်ခံရရှိသည့် ဘုရားဂေါပက ရန်ပုံငွေမှ ကျပ်သန်း ၆,၀၀၀ ကျော်ခန့် အကုန်အကျခံ၍ တည်ဆောက် လျက်ရှိပါသည်။ ပင်းတယမြို့တွင် ပုဂ္ဂလိကပိုင် ဟိုတယ် ၄ လုံးနှင့် မိုတယ်၊ အင်း ၄ လုံး တည်ရှိပြီးနိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ တည်းခိုနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

**သောက်သုံးရေဖူလုံရေးဆောင်ရွက်မှု။** နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရေသွယ်ယူခြင်းလုပ်ငန်း ၁၀ ခု (၂ လက်မ) PVC ပိုက်(၃) မိုင်၊ ရေတားတမံ ဆောက်လုပ်ခြင်း လုပ်ငန်းအပါအဝင် ပင်းတယမြို့နယ်တွင် နောင်ရဲ၊ မိုင်းအင်၊ ရှောက်ပင်၊ လေထိုးကုန်း၊ ကုန်းသာ (၃)မိုင်စီကို ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂.၅၀ သန်း၊ ရွာငံမြို့နယ် ယကြီး၊ နွားဘန်း ကြီး၊ အင်းကုန်း၊ လွစင်၊ ငါးဆူ (၃) မိုင်စီကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၂.၅၀ သန်းဖြင့် အသီးသီး ဆောင်ရွက်ခဲ့ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု။** အိမ်ထောင်စုအလိုက် သစ်ပင် စိုက်ပျိုးနိုင်မှု အနေဖြင့် ပင်းတယမြို့နယ်တွင် ကျေးရွာ ၉ ရွာ၊ အိမ်ထောင်စု ၃,၂၆၆ စုမှ ကျွန်း၊ ခါတော်မှီ၊ ယူကလစ်၊ ပင်စိမ်း၊ ရေသင်းဝင်၊ ထင်းရှူး စုစုပေါင်း ၉,၇၉၉ ပင် စိုက်ပျိုးခြင်း၊ ရွာငံမြို့နယ်တွင် ကျေးရွာ ၂၂ ရွာ၌ အိမ် ထောင်စု ၂၉,၄၉၀ မှ ယူကလစ် ၃၁.၃၂ ဧက၊ ကျေးရွာ ၈၃ ရွာ၌ အိမ်ထောင်စု ၁၉,၆၄၆ မှ ကျွန်း ၉၈.၂၃ ဧက တို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဒေသအတွင်း ရွာငံမြို့နယ်တွင် CDMA ဖုန်း ၁၂၈ လုံး သာ အသုံးပြုနိုင်သော်လည်း ယခုအခါ GSM တာဝါတိုင် တည်ဆောက်ပြီးဖြစ်သဖြင့် GSM ဖုန်းအလုံးရေ ၃,၃၈၇ လုံးအထိ အသုံးပြုလာနိုင်ပြီဖြစ်သည့်အပြင် အော်တိုတယ်လီဖုန်း ၂၂ လုံး အထိ တပ်ဆင် အသုံးပြုလာနိုင်ပြီ ဖြစ်ပါသည်။ ထို့အတူ ပင်းတယမြို့တွင်လည်း GSM တာဝါတိုင် တည်ဆောက်ပြီးဖြစ်သဖြင့် GSM ဖုန်းအလုံးရေ ၂,၉၃၃လုံး၊ CDMA ဖုန်း ၃၄၂ လုံး

အထိ အသုံးပြုလာ နိုင်သည့်အပြင် အော်တိုတယ်လီဖုန်း ၄၂၉ လုံးအထိ တပ်ဆင် အသုံးပြု လာနိုင်ပြီ ဖြစ်ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု။** ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်းတယမြို့နယ်အတွင်း မြို့ပေါ် ၁၂ ရပ်ကွက်နှင့် ကျေးရွာ ၁၃၀ ရွာ တို့တွင် စာကြည့်တိုက် ၁၄၂ တိုက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရွာငံမြို့နယ်အနေဖြင့် ကျေးလက်နေ ပြည်သူများ အသိပညာနှင့် ဗဟုသုတတိုးပွားရေးအတွက် ကျေးရွာတိုင်းတွင် စံ ၅ ရပ်နှင့် ကိုက်ညီသော ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် မိုးစပါး ၁၁၁,၄၆၂ ဧက၊ နွေစပါး ၃,၆၇၈ ဧက၊ အစေ့ထုတ်ပြောင်း ၂၄,၃၉၅ ဧက၊ မြေပဲ ၈,၃၉၅ ဧက၊ လက်ဖက် ၁၆,၉၅၂ ဧက နှင့်အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကြံသီးနှံများ ဖရဲ၊ သခွားမွေး၊ စတော်ဘယ်ရီ စသည့် ရာသီသီးနှံများနှင့် အဓိကနှစ်ရှည်သီးနှံဖြစ်သော စိန်တလုံးသရက်များ စိုက်ပျိုးထွက်ရှိပါသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ် ကျောက်တန်း ကျေးရွာအုပ်စုတွင် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်း၊ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ် ရန်ပုံငွေတို့ဖြင့် ဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနေဖြင့် အဓိကအားဖြင့် မိသားစု တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေးလုပ်ငန်းများ နို့စားနွား မွေးမြူရေး လုပ်ငန်းများ၊ ဆောင်ရွက်ကြပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းအနေဖြင့် ဥစား ကြက်နှင့် အသားစားကြက်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက် ရှိပါသည်။

**သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သတ္တု ထုတ်လုပ်ရေး ကုမ္ပဏီများမှ ခနောက်စိမ်း သတ္တုရိုင်း၊ သွပ်ရောရာသတ္တုရိုင်းနှင့် ကျောက်မီး သွေးများ၊ လမ်းခင်းကျောက်များ ထုတ်လုပ် နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပင်မဓာတ်အား လိုင်း နယ်နိမိတ်ဘောင်အတွင်းမှ ရရှိပြီး ဟိုပုံးမြို့နယ်၏ ၃၃/၁၁ ဓာတ်အားခွဲရုံနှင့်

ဆီဆိုင်မြို့နယ်၏ ၃၃/၁၁ ဓါတ်အားခွဲရုံ တည်ဆောက်မှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်၊ ပင်လောင်းမြို့နယ်အနေဖြင့် ပင်မဓာတ်အားလိုင်းနှင့် နီးသည့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ဆီဆိုင်မြို့နယ်၊ ကျေးရွာအုပ်စု ၃ ခုတွင် ကျေးလက်မီးလင်းရေးအတွက် ရေအားလျှပ်စစ် တည်ဆောက်ပေးခဲ့ပါသည်။

**ဆောက်လုပ်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မီးသတ်ဦးစီးဌာန၊ အိုးအိမ်ဦးစီးဌာနဝန်ထမ်းအိမ်ရာများ၊ ပညာရေးဝန်ကြီးဌာနကျောင်းများ၊ ပြည်နယ်ရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနရုံးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျောင်းများ၊ ကျန်းမာရေး ဆေးပေးခန်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ ဆောက်လုပ်နိုင်ခဲ့ပါသည်။ ဆီဆိုင်မြို့နယ်တွင်လည်း ပြည်ထောင်စုရန်ပုံငွေဖြင့် မီးသတ်ဦးစီး ဌာနရုံး၊ ပညာရေးဌာနကျောင်းများ၊ ကျန်းမာရေးဌာန ကျေးလက်ဆေးပေးခန်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များ၊ ပြည်နယ်ရန်ပုံငွေဖြင့် ပညာရေးဌာနကျောင်းများ၊ ကျန်းမာရေးဌာန ဆေးပေးခန်းများ၊ ကျောင်းပရိဘောဂများ ဖြည့်ဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပင်လောင်းမြို့နယ်တွင်လည်း ပြည်ထောင်စုရန်ပုံငွေဖြင့် ပညာရေးဌာနကျောင်းများ၊ ကျန်းမာရေးဌာန ဆေးပေးခန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံများ၊ ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်နိုင်ခဲ့ပါသည်။ ပြည်နယ်ရန်ပုံငွေဖြင့် ပညာရေးဌာန ကျောင်းများ၊ ကျန်းမာရေး ဆေးခန်းများ ဆောက်လုပ်နိုင်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေများဖြင့် ပြည်ထောင်စုလမ်းမကြီးများ၊ ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း အဆင့်မြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်နယ်ရန်ပုံငွေ၊ ပြည်သူ့လွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းအား အဆင့်မြှင့် ဆောင်ရွက်ပေးခဲ့သဖြင့် ဆီဆိုင်၊ ဟိုပုံး တောင်ကြီးခရီးစဉ်များ တိုးချဲ့ပြေးဆွဲလျက် ရှိပါသည်။ ကျေးလက်လမ်းတံတားများ ကောင်းမွန်လာသဖြင့် ကျေးလက်မြို့ပြ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာပါသည်။ ကျေးလက်ဒေသများအနေဖြင့် ဈေးနေ့များတွင် ဒေသထွက်ကုန်များအား ဈေးကွက်သို့ လွယ်ကူစွာဖြင့် အချိန်တိုကာလအတွင်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် အဝေးပြေးလမ်းမပေါ်တွင် ရှိသဖြင့် ဒေသထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ လွယ်ကူစွာ ပေးပို့နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးကဏ္ဍအနေဖြင့် လစဉ် တန်ဖိုးနည်း မိုဘိုင်းဖုန်းများ ဖြန့်ဝေပေးလျက်ရှိသဖြင့် ကျေးလက်ဒေသများတွင် ဆက်သွယ်ရေး ကောင်းမွန်လျက် ရှိပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ကုန်း တောင်တန်း ထူထပ်သည့် ဒေသဖြစ်သဖြင့် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် လိုအပ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍအနေဖြင့် စိုက်ပျိုးစရိတ် ချေးငွေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ထုတ်ချေးထားသည့် ချေးငွေများအားလည်းကောင်း၊ သမဝါယအသင်း အစီအစဉ်ဖြင့် ထုတ်ချေးထားသော ချေးငွေများကို ပြန်လည်ကောက်ခံလျက် ရှိပါသည်။

**ပညာရေးကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အထက်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၃၁ ကျောင်း၊ မူလတန်းကျောင်း ၆၃၅ ကျောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁ ကျောင်းဖြင့် ပညာသင်ကြားလျက် ရှိပါသည်။ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ အထက်တန်းကျောင်း နှင့် ဆီဆိုင်မြို့နယ် ထီတယမ်း မူလတန်းကျောင်းတို့အား ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းတို့မှ လှူဒါန်းဆောက်လုပ်ပေးခဲ့ ပါသည်။

**ကျန်းမာရေးကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြို့နယ်ဆေးရုံ ၃ ရုံ တိုက်နယ်ဆေးရုံ ၇ ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၉ ခု ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ၊ ပြည်သူ့လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ နှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် မြို့နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများ ပြုပြင်ခြင်း အသစ်

တည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်သူ့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအထောက်အကူပြုရန် ကျေးလက်အရန်သားဖွား ဆရာများအား သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

**ရေရရှိရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အစီအစဉ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေတို့ဖြင့် သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဟိုပုံး မြို့နယ်အနေဖြင့် ဂျပန်နိုင်ငံသံရုံး၏ကူညီထောက်ပံ့မှုဖြင့် လွယ်အွန့်ရေထွက်မှ ဟိုပုံးမြို့ မြို့ရေပေးရေး အတွက် စိမ့်စမ်းရေသွယ်လုပ်ငန်းဆောင်ရွက်လျက် ရှိပါသည်။

**ခရီးသွားကဏ္ဍ။** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ထမ့်စမ်း သဘာဝလှိုဏ်ဂူသည် ခရီးသွားများ စိတ်ဝင်စားရာ ဒေသတစ်ခုဖြစ်ပြီး ခရီးစဉ်များတွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်သဖြင့် နေ့စဉ်ခရီးသွားများ လာရောက်လျက် ရှိပါသည်။


**ကုန်သွယ်ရေးကဏ္ဍ။** စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲစဉ်းငုံ၊ အစေ့ထုတ်ပြောင်းများ ရောင်းဝယ်လျက် ရှိပါသည်။ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လောင်း မြို့နယ်တွင် ပင်လောင်းကုန်စည်ဒိုင် တည်ဆောက်ရေး လုပ်ငန်းအား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိရာ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး၏အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း** များ အရ ကျပ် **၃,၈၈၈,၉၈၁.၃** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၅.၆** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆-၂၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ၊ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၄,၄၇၃,၈၀၂.၂** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၁၅.၀** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၆.၃** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် မိုးစပါးအထွက် တင်းထောင်ပေါင်း ၁၀,၀၉၇ နှင့်နွေစပါးဧက ၄၇,၆၀၀ နှင့် အထွက်တင်း ထောင်ပေါင်း ၁၀,၄၉၃ ပိုမိုစိုက်ပျိုး ထွက်ရှိခဲ့ပါသည်။ အလားတူ မတ်ပဲစိုက်ဧက ၉,၅၇၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်း ထောင်ပေါင်း ၈၁၇ နှင့် ပဲတီစိမ်းဧက ၁၀,၄၄၉ အထွက်တင်းထောင်ပေါင်း ၄၀၄ ပိုမို စိုက်ပျိုးထွက်ရှိခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နွေစပါးရာသီတွင် သိပ္ပံနည်းကျ စိုက်ပျိုး နည်းစနစ် ၁၄ ချက် (GAP) ဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကျေးရွာအုပ်စု ၉၄၇ အုပ်စုတွင် တောင်သူ ၂၀,၈၂၅ ဦးဖြင့် ဧကပေါင်း ၅၀,၀၀၀ လျာထား ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အသား ထုတ်လုပ်မှု ပိဿာထောင်ပေါင်း ၁,၃၄၃ ပိဿာ၊ ကြက်ဥလုံးရေ ထောင်ပေါင်း ၁၁,၃၃၉၊ ဘဲဥ လုံးရေ ထောင်ပေါင်း ၁၈,၀၀၁ ပိုမိုထုတ်လုပ်ခဲ့ပါသည်။ ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် ပိဿာ

ထောင်ပေါင်း ၃၂,၆၈၇ ပိုမိုထုတ်လုပ် ခဲ့ပါသည်။ တိရိစ္ဆာန် ရောဂါများ ကုသပေးမှုတွင် ကျွဲနွား ၆၀,၄၄၈ ကောင်၊ ဝက် ၇၂,၀၃၉ ကောင်၊ ကြက်နှင့် အခြား ၈၇,၇၁၃ ကောင်တို့ကို ကုသပေး ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် သစ်တောကဏ္ဍတွင် ကျွန်း ၆၂ကုဗတန် နှင့် သစ်မာ ၁၅,၅၄၈ ကုဗတန် လျော့နည်းထုတ်လုပ်ခဲ့ပြီး ထင်း ၃၈,၄၇၇ ကုဗတန်၊ မီးသွေး ၈,၉၇၇ ကုဗတန်၊ သစ်ခေါက်ပိဿာ ၁၆၂,၁၆၀၊ ခနဲ-သက်ငယ် ပျစ် ထောင်ပေါင်း ၆,၉၄၅ ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ ။** ဒုတိယ (၆) လပတ်တွင် ရေနံစိမ်းထုတ်လုပ်မှုတွင် အမေရိကန် စည်ထောင်ပေါင်း ၄.၄၆၂၊ ဘူးသွင်းသဘာဝဓါတ်ငွေ့ ကုဗပေသန်း ၃၉ သန်း လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုတွင် ကုန်းတွင်း၌ ကုဗပေသန်း ၇၁၂ နှင့် ကမ်းလွန်၌ ကုဗပေသန်း ၁၆,၄၇၇ လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် သမဝါယမပိုင်အခန်းမှ သဲ ၁၀၅ ကျင်း ပိုမိုထုတ်လုပ်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းမှ အခြားကျောက် နှင့် တွင်းထွက်ပစ္စည်းများတန်ဖိုး ကျပ် ၅,၆၆၁.၄ သန်း ပိုမိုထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် ပုဂ္ဂလိကပိုင်အခန်း ဆန် ကြိတ်ခွဲမှုတွင် မက်ထရစ် တန် ၃၄၈,၉၅၇ ပိုမိုခဲ့သော်လည်း ဆီကြိတ်ခွဲမှုတွင် လျော့နည်းခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်း ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေး မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ပေါင်းဆန်စက် (၁၅) လုံး တည်ဆောက်လျက်ရှိပါသည်။ ပုဂ္ဂလိက ဆောက်လုပ်မှုအနေဖြင့် အထည်ချုပ် စက်ရုံသစ် ဒေါင်းလန်း အထည်ချုပ်စက်ရုံကို ကျပ် ၁,၈၇၂ သန်း ဖြင့် လုပ်ငန်း ၇၈ ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် လျှပ်စစ် ဓာတ်အား သုံးစွဲမှုသည် ကီလိုဝပ်နာရီထောင်ပေါင်း ၅၉၅,၂၉၈ ရှိခဲ့ပြီး ကီလိုဝပ် နာရီထောင်ပေါင်း ၄၇,၁၅၁ ပိုမိုထုတ်လုပ် သုံးစွဲခဲ့ပါသည်။ ဒုတိယ (၆) လပတ်ကာလတွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ အသုတ်-ပုသိမ် ၂၃၀ ကေဗွီ ဓါတ်အားလိုင်း ၄၀ မိုင်နှင့် ခွဲရုံများတွင် ၂၃၀ ကေဗွီဓါတ်အားခွဲရုံ အဆောက်အအုံ မှာ ၁၀၀

ရာခိုင်နှုန်းနှင့် ၂၃၀ ကေဗွီဓါတ်အားလိုင်း တာဝါတိုင်များ၏ ဖောင်ဒေးရှင်းများမှာ ၇၅ ရာခိုင်နှုန်း ပြီးစီး၍ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် မအူပင်ခရိုင် ဓနုဖြူဓါတ်အားခွဲရုံတွင် ၃၃/၁၁ ကေဗွီ၊ (၅) အမ်ဗွီအေဓါတ်အားခွဲရုံ အသစ် (၁) ရုံ တိုးချဲ့ဆောက်လုပ်ပြီး ဖြစ်ပါသည်။ မြောင်းမြခရိုင်၊ ဝါးခယ်မ ခွဲရုံတွင်လည်း ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ အဆောက်အအုံကို တည်ဆောက်ပြီး Control Room တွင် ပစ္စည်းများ တပ်ဆင်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီး ဖြစ်ပါသည်။

မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပုသိမ်မြို့နယ် ရပ်ကွက်များတွင် ကွန်ကရစ်တိုင်နှင့် မီးကြိုးခွေများ လဲလှယ်ခြင်းလုပ်ငန်းကို ကျပ် ၂၅၅.၉ သန်းဖြင့် ဆောင်ရွက် ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဆောက်လုပ်မှုကဏ္ဍတွင် တိုင်းဒေသကြီးမှ တာဝန်ယူ ဆောင်ရွက်ရသော လမ်း ၅၈ လမ်း၊ လမ်းအရှည် စုစုပေါင်း ၁,၀၃၂ မိုင် ၄ ဖာလုံ နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲမည့် လမ်း ၁၇ လမ်း၊ လမ်းအရှည် ၅၉၆ မိုင် ရှိပါသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် လမ်းများမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လမ်း ၇၀ ရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၇၅ လမ်း ရှိလာပါသည်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မှ လက်ရှိတာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းများမှာ ၇၂ လမ်းရှိပြီး B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်း ၃ လမ်း ဖြစ်ကာ စုစုပေါင်းမိုင်အရှည် ၁,၆၂၈ မိုင် ၄ ဖာလုံ ဖြစ်ပါသည်။

မအူပင်- ရေလဲကလေး- ရွှေတောင်မော်- ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်း (ကျပ် ၂,၂၉၆ သန်း)၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း (ကျပ် ၁,၀၉၅ သန်း)၊ လပွတ္တာ- အိမ်မဲ-မြောင်းမြ-ကျောင်းကုန်း-ကျုံပျော်လမ်း (ကျပ် ၁,၁၇၅ သန်း)၊ ကြိမ်ပင်ဆည်-စက္ကော့- ဓနုဖြူ-ဇလွန်လမ်း (ကျပ် ၆,၀၈၆ သန်း) နှင့် ဆောင်ရွက်လျက်ရှိပြီး တံတားများအနေဖြင့် ဟိုင်းကြီးကျွန်းတံတား (ကျပ်သန်း ၁,၂၀၀)၊ ဘိုကလေး မြစ်ကူးတံတား (ကျပ်သန်း ၁,၅၀၀)၊ ကျွဲခြံရေကျော်တံတား (ကျပ်သန်း ၆၅၀) တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်အခန်း၊ မြန်မာ့မီးရထား နှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းမှ ပို့ဆောင်ပေးမှု လျော့နည်း သော်လည်း ပုဂ္ဂလိကပိုင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းတို့သည် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်သဖြင့် ခရီးသွားလာမှု ပိုမိုတွင်ကျယ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** တိုင်းဒေသကြီးအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်လှည့်တယ်လီဖုန်း အိတ်ချိန်း ၅၂ ရုံး၊ အော်တိုတယ်လီဖုန်းအိတ်ချိန်း ၃၉ ရုံး၊ GSM/ WCDMA မိုဘိုင်းရေဒီယို စခန်းရုံး ၉၆၊ CDMA Mobile ရေဒီယိုစခန်း ၃၉ ရုံး၊ မိုက်ကရိုဝေ့ဖ် စခန်း ၃၈ ရုံး၊ ဖိုင်ဘာစခန်း ၁၅ ရုံး၊ ရေအောက်ကေဘယ်စခန်း ၃ ရုံး၊ MPT Satellite Terminal ၁၄၀ ခု၊ မြန်နှုန်းမြင့်အင်တာနက် (ADSL စနစ်) ဝန်ဆောင်မှုပေးနိုင်သည့် အိတ်ချိန်း ၈ ခု တို့ဖြင့် တယ်လီဖုန်းလုပ်ငန်းအား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် အော်တိုတယ်လီဖုန်း ၂၇၃ လုံး၊ CDMA 800 Mobile ၃၁,၈၀၀ လုံး၊ WCDMA Mobile ၁၂,၆၀၀ လုံး နှင့် GSM Mobile ၁၂၉,၁၆၉လုံး တို့ကို တိုးချဲ့တပ်ဆင်ပြီး ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ ဝင်ငွေများ ပိုမိုတိုးတက်ခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း၏ဝင်ငွေများ လျော့နည်း ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ် ချေးငွေ ပိုမိုထုတ်ချေးခဲ့ပါသည်။ သမဝါယမ ငွေစုငွေချေး အသင်းများမှ ချေးငွေပိုမို ထုတ်ချေးခဲ့သဖြင့် အတိုးရငွေ ပိုမိုတိုးတက်လာခဲ့ပါသည်။ ဒုတိယ (၆) လပတ်အထိ ဧရာဝတီတိုင်းအတွင်း ကမ္ဘောဇဘဏ် ၂၊ ဧရာဝတီဘဏ်၊ ပုဂ္ဂလိက အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်တို့ တိုးချဲ့ဖွင့်လှစ်နိုင်၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်း များ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ် နှင့် အာရှစိမ်းလန်း ဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ် တို့မှ ATM စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ကမ္ဘောဇဘဏ် ၁ ၌ အာမခံကုမ္ပဏီလုပ်ငန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

**ပညာရေး။** တိုင်းဒေသကြီး အတွင်းဆရာနှင့် ကျောင်းသားအချိုး အနေဖြင့် မူလတန်းဆင့် (၁း၃၀)၊ အလယ်တန်းဆင့် (၁း၄၀)၊ အထက်တန်းဆင့် (၁း၃၀) ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်းကျောင်းဆောင်သစ်များကို အထက်တန်းကျောင်း ၁၂ ကျောင်း၊ အထက်တန်း ကျောင်းခွဲ ၁၃ ကျောင်း၊ အလယ်တန်းကျောင်း ၉ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၁ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၉ ကျောင်း၊ မူလတန်းကျောင်း ၂၄၅ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၂၄၅

ကျောင်းနှင့် မူလတန်းခွဲ ၃ ကျောင်းတို့တွင် စုစုပေါင်း ကျောင်းဆောင်သစ် ၃၃၂ ဆောင် ထပ်မံတိုးချဲ့ ဆောက်လုပ်ခဲ့ပါသည်။

**ကျန်းမာရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဟသ်ာတမြို့နယ်တွင် ကြွက်ကျွန်း၊ မြန်အောင် မြို့နယ်တွင် အင်ပင်၊ မော်လမြိုင်ကျွန်းမြို့နယ်၌ လှိုင်းဘုန်း၊ ရေကြည်မြို့နယ်၌ ကမ်းနီ၊ ငပုတောမြို့နယ်၌ ကျောက်ကလပ် တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် အင်္ဂပူမြို့နယ်၌ ထန်းပင်ကုန်း၊ ပန်းတနော်မြို့နယ်၌ တောကျောင်း၊ အိမ်မဲမြို့နယ်၌ ကြို့ကုန်း ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

ယင်းကျေးလက်ကျန်းမာရေး ဌာနတစ်ခုစီတွင် ကျန်းမာရေးဌာနခွဲ ၄ ခုစီနှင့် စုစုပေါင်း ၁၂ ခုထပ်မံ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ရေကျော်၊ ဘုတ်ပင်ဆိပ်၊ ဂန်ချောင်း၊ ငါးပြေမ၊ ကုလားချောင်း၊ ကညင်ငူနှင့် မော်လမြိုင်ကျွန်းမြို့နယ်၌ ဝဲဒေါင့်၊ မအူပင်မြို့နယ်၌ စစ်ကုန်း၊ ကျုံတနော်၊ ဝက်ကျွန်း၊ ပလောင်ကြီး၊ ဆိပ်ကြီးစု၊ ပေါက်ကုန်း၊ ဘုရားသုံးဆူတို့၌ ကျေးလက် ကျန်းမာရေးဌာနခွဲများ ၁၄ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေး ဌာနခွဲ စုစုပေါင်း ၂၆ ခု တိုးချဲ့ဖွင့်လှစ်နိုင်မည် ဖြစ်ပါသည်။

**သောက်သုံးရေရရှိမှု။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်းမြို့နယ် ၂၅ မြို့နယ်၊ မြို့နယ်ခွဲ ၄ မြို့နယ်ရှိကျေးရွာ ၁၃၉ ရွာ၊ လူဦးရေ ၈၀,၆၉၈ တို့အတွက် တွင်းနက် ၁၅ တွင်း၊ တွင်းတိမ် ၈၀ တွင်း၊ လက်တူးတွင်း ၁ တွင်း၊ မြေသားမိုးရေလှောင်ကန် ၄၂ ကန်၊ စုစုပေါင်း လုပ်ငန်းဦးရေ ၁၃၈ ခုတို့ ဆောင်ရွက်ရန် ရည်မှန်းထားခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် တွင်း နက် ၈ တွင်း၊ တွင်းတိမ် ၁၅ တွင်း၊ မြေသားမိုးရေလှောင်ကန် ၅၇ ကန်၊ စုစုပေါင်း လုပ်ငန်းဦးရေ ၈၀ အတွက် ငွေကျပ် ၃,၆၈၃.၃၅ သိန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါသည်။

**ကျေးလက်မီးလင်းရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကန်ကြီးထောင့်၊ ပြင်စလူ၊ ပုသိမ်၊ ဇလွန်၊ မြန်အောင်၊ ဟသ်ာတ၊ ဒေးဒရဲ၊ လပွတ္တာ၊ ကျိုက်လတ်၊ ဖျာပုံ၊ ငွေဆောင် မြို့နယ်များ အတွင်းရှိ ကျေးရွာများအား ကျေးလက်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာပေါင်း ၁၁,၉၃၅ ရွာ ရှိသည့်အနက် မီးလင်းပြီး ရွာ ၆,၂၈၄ ရွာရှိပြီး၊ မီးလင်းရန်ကျန်ရှိသည့် ကျေးရွာမှာ ၅,၆၅၁ ရွာရှိပါသည်။ ဒုတိယ(၆)လပတ် အတွင်း နေရောင်ခြည်ဖြင့် ၆၇ ရွာနှင့် ဒီဇယ်ရေအားဖြင့် ၅၈ ရွာ မီးလင်းပြီး ဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်း။** တိုင်းဒေသကြီးအတွင်း အပန်းဖြေနေရာများ အပါအဝင် ကမ္ဘာလှည့် ခရီးသည်များ စိတ်ဝင်စားနိုင်သည့် နေရာများသို့ ဧည့်သည်များ ပိုမိုဝင်ရောက်စေရေး၊ သဘာဝ အခြေခံခရီးစဉ် ဒေသများတိုးပွားရေး၊ ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်များ၏ အဆင့်မီ ဟိုတယ် တည်းခိုရိပ်သာများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်း အခြေပြု ဒေသခံ များ၏ အဆင့်မီဟိုတယ် တည်းခိုရိပ်သာများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ကာ တိုင်းဒေသကြီး ဝင်ငွေ တိုးတက်စေရေး တို့ကို ဆောင်ရွက် လျက်ရှိပါသည်။

ပြည်ပဧည့်သည် ၃၈,၉၀၇ ဦး၊ ပြည်တွင်း ဧည့်သည် ၁၅၇,၃၂၇ ဦး တည်းခိုမှုရှိပါသည်။ ဒုတိယ(၆)လပတ်အတွင်း ခရီးသွား လုပ်ငန်းမှ ဝင်ငွေ ကျပ် ၁,၃၅၅.၈၉ သန်းနှင့် ဒေါ်လာ ၉၉၈,၅၆၁ ရရှိပါသည်။ ဒေသတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားလာမှု များတိုးတက်လာကြောင်း တွေ့ရှိရပါသည်။

**ငွားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ငွားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိက ပိုင်အခန်းသည် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့် အညီ ဝန်ဆောင်မှု လိုအပ်ချက်များအရ ပညာရေး ဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Toll Gate ပုဂ္ဂလိက လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ကုန်စည်ဒိုင်များ တိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုးထွက်ရှိ သော လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတ ရရှိစေရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များ မှန်ကန်စေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၉ မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်သော ဒေသထွက်ကုန်များ စုပေါင်းရောင်းချနိုင်သော ကုန်စည်ဒိုင်များကို ဖွင့်လှစ်ပြီးဖြစ်ပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ


၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီနယ်မြေ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း**များ အရ ကျပ် **၅၄၂,၆၅၄.၉** သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၇၆.၇** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**နေပြည်တော်ကောင်စီနယ်မြေ၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၂၉) အကောင်အထည်ဖော်နိုင်မှု**
**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၆-၃၀) တိုးတက်မှုနှုန်း**
**(ပုံမှန်ဈေးနှုန်း)**




၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၉၄,၀၂၅၀.၁** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၇၃.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၄၀.၉** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ဆောင်းသီးနှံများဖြစ်သော ကုလားပဲ၊ စွန်တာနီ၊ ပဲကြီး၊ ဆောင်းနှမ်း သီးနှံတို့တွင် ယခင်နှစ် အလားတူကာလထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ ချဉ်မျင်ရှည်ဝါ နှင့်ချက်ကြံရင့် စသည့်သီးနှံများ ယခင်နှစ်အလားတူကာလထက် ပိုမိုထွက်ရှိခဲ့ပါသည်။

**သားငါးကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေ၏ သားငါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အတွက် အလေးထားဆောင်ရွက်ခဲ့ရာ မွေးမြူရေးလုပ်ငန်းရှင်များ၏ အရင်းအနှီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ချေးငွေထုတ်ချေးပေးခြင်းနှင့် သမဝါယမ အသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် တိရစ္ဆာန် သေဆုံးမှု လျော့နည်းကျဆင်းလာရေးအတွက် တိရစ္ဆာန် ကာကွယ်ဆေးထိုးခြင်းနှင့် ကုသခြင်း လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယ (၆) လပတ်တွင် ငါးမွေးကန် ဧကပေါင်း ၂၉၆.၂၉၅ ဧကကို ဖော်ထုတ်ခဲ့ပါသည်။ မွေးမြူရေးလုပ်ငန်းရှင်များ၏ မွေးမြူရေး ဆိုင်ရာ အသိပညာများ တိုးတက်လာစေရေးအတွက် နေပြည်တော် ကောင်စီနယ်မြေတွင် မွေးမြူရေး ဆိုင်ရာ ပညာပေးဟောပြောပွဲများကို ဆောင်ရွက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် ကျွန်း ၂,၇၃၈ ကုဗတန်၊ သစ်မာ ၁၅,၂၆၂ ကုဗတန်၊ ကိုင်းဖျားကိုင်းနား ၁၀ ကုဗတန် လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်းမှ သစ်စက် ၅ စက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သကြားစက်ရုံ ၂ ရုံ ၊ ရေသန့်စက်ရုံတို့၏ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် နေပြည်တော်စည်ပင် သာယာရေး ကော်မတီမှ ဘိလပ်မြေစက်ရုံ၊ အုတ်စက်ရုံ ၂ ရုံ၊ မက်စ်မြန်မာကုမ္ပဏီ မှ ဘိလပ်မြေ စက်ရုံ၊ ယုဇနကုမ္ပဏီလီမိတက် မှ သကြားစက်ရုံ နှင့် အခြားစက်မှုလက်မှုလုပ်ငန်း များလည်း တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ မွန်းတည့်ခွင် -ကျည်တောင် -ခေါမ- သာယာဝှမ်း-ဝဲကြီး -ရေလွှဲဆည်၊ သစ်ဆိမ့်ပင် - နှမ်းတော - သကြားစက် - နေပြည်တော်ပတ်လမ်း ၊ ပျဉ်းမနား - တောင်ညို - ချောင်းနက် - တောင်တွင်းကြီး လမ်း၊ နေပြည်တော် - ကင်းသာ - ကိုးကွေ့ - ပင်လောင်းလမ်း ၊ ကမ်းပါးနီ - သဲဖြူလမ်း ၊ နေပြည်တော် - တောင်ညို- မြို့သစ်-ကံပြား - မကွေးလမ်း ၊ ကုန်ထုတ် ဆက်သွယ်ရေးလမ်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းများ ပြုပြင်ထိန်းသိမ်း ခြင်း ၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) ၊ မွေး/ဆေးတက္ကသိုလ် (ရေဆင်း) ၊ သစ်တောတက္ကသိုလ် (ရေဆင်း) ကျောင်းဆောင်များ တည်ဆောက်ပြုပြင်ခြင်း၊ အမှတ်(၁) တည်ဆောက်ရေး

(ရေအားလျှပ်စစ်) အထက်ပေါင်းလောင်းနှင့် နန်ချို ရေအား လျှပ်စစ်စီမံကိန်း တည်ဆောက်ခြင်း၊ ဝန်ကြီးဌာန အသီးသီးရှိ အဆောက်အဦး ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခြင်း၊ ဆည်မြောင်း ဦးစီးဌာနမှ ပေါင်းလောင်း ရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ် ရေလှောင် တမံစီမံကိန်း၊ မဒန်း ရေလှောင်တမံစီမံကိန်း၊ ဖောင်းလောင်းရေလှောင်တမံ စီမံကိန်း၊ နေပြည်တော် စိမ်းလန်းစိုပြေရေးအတွက် ရေကန်တိုးချဲ့တူးဖော်ခြင်း စီမံကိန်းများ၊ ငလိုက် တူးမြောင်း၊ ရေဆင်းတူးမြောင်းများ ကျောက်လိုင်နင်စီခြင်း၊ ဆင်သေ တူးမြောင်းများ ကျောက်စီခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ အထူးဖွံ့ဖြိုးရေး စီမံကိန်းမှ လမ်း၊ တံတားတည်ဆောက်မှုများ၊ အဆောက်အဦး တည်ဆောက်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓါတ်အား လိုင်း တည်ဆောက်မှုများ၊ မြေယာ ရှင်းလုပ်ငန်းများ၊ ဆက်သွယ်ရေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ခြင်း၊ ရေပေးဝေရေးနှင့် ရေရရှိရေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လျက် ရှိပါသည်။ ကိုယ်ထူကိုယ်ထ လမ်းတံတား တည်ဆောက်ခြင်း၊ သာသနိက အဆောက်အဦဆောက်လုပ်ခြင်း တို့ကိုတိုးချဲ့ လုပ်ဆောင်လျက် ရှိပါသည်။ အထူးဖွံ့ဖြိုးရေး စီမံကိန်းမှ တည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ် ၁၁၉,၇၆၄.၁၉၁ သန်းဖြင့် ဆောင်ရွက် ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် နေပြည်တော် အခြေပြု ယာဉ်လိုင်းအသင်း ၁၆ သင်း၊ အခြားဒေသအခြေစိုက် ယာဉ်လိုင်းအသင်း ၄၆ သင်း တိုင်းဒေသကြီး ၃၂ မြို့သို့ ကွန်ယက်သဖွယ် ပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ မော်တော်ယာဉ် ၆၉၆ စီး၊ မော်တော်ဆိုင်ကယ် ၈၉၆ စီး မှတ်ပုံတင် ထားရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ပုဂ္ဂလိကဘဏ် ၁၅ ခုဖြင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ကမ္ဘောဇရတနာ ဘဏ်ခွဲ ၁ ခု ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပုဂ္ဂလိကဘဏ် စုစုပေါင်း ၁၆ ခုဖြင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ကိုဆောင်ရွက် လျက်ရှိပါသည်။

**ကျေးလက်မီးလင်းရေး။** နိုင်ငံတော်အစီအစဉ်ဖြင့် ၁၈၂ ရွာ၊ ဒီဇယ်စက်ဖြင့် ၂၉၆ ရွာ၊ စပါးခွံသုံးစက်ဖြင့် ၈ ရွာ၊ ဆိုလာစနစ်ဖြင့် ၁ ရွာ၊ အသေးစားရေအားလျှပ်စစ် ၁၅ ရွာ၊ ဇီဝ လောင်စာဖြင့် ၁ ရွာ၊ စုစုပေါင်း ၅၀၃ ရွာ၊ စုစုပေါင်းကျေးရွာ ၆၃.၀ ရာခိုင်နှုန်း မီးလင်းအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း။** ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အထိ ဧေယျာသီရိမြို့နယ်တွင် ဟိုတယ် ၁လုံး၊ ပုဗ္ဗသီရိမြို့နယ်တွင် မိုတယ် ၁ လုံးနှင့် ဟိုတယ် ၄ လုံး၊ ဥတ္တရသီရိမြို့နယ်တွင် ဟိုတယ် ၉ လုံး၊ ဒက္ခိဏသီရိမြို့နယ်တွင် ဟိုတယ် ၃၂ လုံး၊ ဇမ္ဗူသီရိမြို့နယ်တွင် ဟိုတယ် ၁ လုံး၊ စုစုပေါင်း မိုတယ် ၁ လုံး၊ ဟိုတယ် ၄၈ လုံးနှင့် စည်ပင်တည်းခိုရိပ်သာ ၁ လုံး တို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နေပြည်တော်ကောင်စီနယ်မြေတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ မသန်စွမ်းအားကစားပြိုင်ပွဲများကျင်းပခဲ့ခြင်းနှင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရခြင်းတို့ကြောင့် ခရီးသည်အများအပြား ရောက်ရှိလာ၍ ဟိုတယ် နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ တိုးတက် ခဲ့ပါသည်။

## အခန်း(၇)

## ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်မှု

ပြည်ထောင်စုသမ္မတနိုင်ငံတော် အစိုးရသစ်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစ၍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးပေး ဆောင်ရွက်လျက်ရှိရာတွင် စတုတ္ထအဆင့်ပြုပြင် ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက ပြုပြင် ပြောင်းလဲရေးလုပ်ငန်းတွင် ပြည်သူတို့၏ဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံတော်ရှိ မြို့ပြကျေးလက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက် ရေးကိုဆောင်ရွက် ခြင်းဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းဖြင့် လည်းကောင်း ကြိုးပမ်း အကောင်အထည် ဖော်ကြပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိကပိုင် အခန်း ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေများ အရ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရေး အတွက် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာလုပ်ပိုင်ခွင့်များကို စီးပွားရေးနယ်ပယ် အသီးသီးတွင် လမ်းဖွင့်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ နှစ်ရပ်အား နောက်ဆုံး တစ်ခုတည်းပေါင်းစည်း နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိပါသဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းကောင်းများ ရရှိစေနိုင်မည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးရေးဆပ်ကော်မတီအနေဖြင့် အသင်းအဖွဲ့များနှင့် ကွင်းဆင်းထိတွေ့ခြင်း၊ အသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အသင်းချုပ်မှ ဖွဲ့စည်းထားသည့် နယ်ပယ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးရန် ရှိသည့်

လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ နယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ခ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးတွင် မြန်မာအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အထည်ချုပ်လုပ်ငန်းများအား လခစားစနစ်မှ ပြည်ပတိုက်ရိုက်တင်ပို့နိုင်သည့် စနစ်သို့ ကူးပြောင်းရေး၊ ပဲနှမ်းလုပ်ငန်းရှင်များ အသင်းဖွံ့ဖြိုးမှုရန်ပုံငွေ ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းရုံး၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရုံးခန်းမ၌ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်း ကုန်သည်များအသင်း၊ စက်မှုကုန်ထုတ်အသင်း၊ အထည်ချုပ်အသင်းများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဃ) ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းကုန်သည်စက်မှု အသင်းအစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများနှင့် စက်မှုဇုန်များ နှင့် ဆွေးနွေးခဲ့ပါသည်။

(င) ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးကထိန်တော်အသင်း၊ အစည်းအဝေးခန်းမ၌ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ကုန်သွယ်မှုကဏ္ဍ ဆပ်ကော်မတီနှင့် မန္တလေးတိုင်းကထိန်တော်အသင်း၊ ဆီကုန်သည်၊ ဆီလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ပါသည်။

(စ) ၂၀၁၃ ခုနှစ်၊ နိုင်ဝင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးခန်းမ၌ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပါသည်။

(ဆ) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မူဆယ်မြို့၊ မူဆယ် နမ့်ခမ်းနယ်စပ်ကုန်သည်ကြီးများအသင်း၊ အစည်းအဝေးခန်းမ၌ မူဆယ်-နမ့်ခမ်း နယ်စပ်

ကုန်သည်ကြီးများအသင်း၊ မူဆယ်ရှိ ကုန်စည်ဒိုင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပါသည်။

(ဇ) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းရုံး၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရုံးခန်းမ၌ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာအသင်း၊ မြန်မာနိုင်ငံ ကုန်သေတ္တာ မော်တော်ယာဉ်များအသင်း၊ မြန်မာနိုင်ငံအကောက်အခွန် လုပ်ငန်းများ ဝန်ဆောင်သူများအသင်းတို့နှင့် ဆွေးနွေးခဲ့ပါသည်။

(ဈ) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်မှုဆောင်များ၊ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများနှင့် ညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

(ည) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ နေပြည်တော်၌ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးငွေရေးကြေးရေး စီးပွားရေးပူးပေါင်း ညှိနှိုင်းရေးဆပ်ကော်မတီ၊ အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီ၊ အသေးစား အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ၊ မြန်မာနိုင်ငံဗဟိုဘဏ်တို့နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

(ဋ) ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ယဉ်ကျေးမှု ပြပွဲခန်းမ၌ စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင် များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ဆွေးနွေးမှုများ ပြုလုပ် ခဲ့ပါသည်။

(ဌ) ၂၀၁၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ သီတာအေး ဟိုတယ်၌ စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင် များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများတို့နှင့် ဆွေးနွေးပွဲများ ပြုလုပ် ခဲ့ပါသည်။

(ဍ) ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အစည်းအဝေးခန်းမ၌ စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ပါသည်။

(ဎ) ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် နေပြည်တော်၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဆပ်ကော်မတီဝင်များ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ဏ) ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မြို့တော်ခန်းမ၌ စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးခဲ့ပါသည်။

(တ) ၂၀၁၃ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့တော်ခန်းမ၌ စိုက်ပျိုးထုတ်လုပ်သူများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးခဲ့ပါသည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအစိုးရက နိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများနှင့်အတူ အထူးစီးပွားရေးဇုန် မဟာဗျူဟာကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်စည်းရုံးသွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ ပြည်ပ တင်ပို့မှုများအတွက် လုပ်အားခဈေးချိုစွာ ထုတ်လုပ်နိုင်သည့် အခြေခံနေရာကောင်းတစ်ခု၊ မဟာဗျူဟာကျသည့် နေရာအဖြစ် အလေးပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နိုင်ငံပိုင် စက်ရုံ အလုပ်ရုံ၊ စက်မှုနယ်မြေများနှင့် ပုဂ္ဂလိက စက်မှုဇုန်များလည်း အများအပြား ပေါ်ပေါက်လာပြီ ဖြစ်သည်။ ၁၉၉၅ ခုနှစ်ခန့်မှစ၍ စက်မှုဇုန်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ စက်မှုဇုန် ၁၉ ဇုန်ကို တည်ထောင်နိုင်ပြီး ပြည်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ပုဂ္ဂလိက လုပ်ငန်းများ အချင်းချင်း ပူးပေါင်း၍ လုပ်ငန်း တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူ စာချုပ်ပုံစံ အမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အရေးများ ရရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုကို ရည်သန်လျက် စက်မှုလုပ်ငန်းများ တရိုန်ထိုးတိုးတက်စေရန် ထပ်မံ၍ ပြည်တွင်းစက်မှုဇုန် ၇ ဇုန်ကို လည်းကောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန် နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စသည့် အထူးစီးပွားရေးဇုန် ၃ ဇုန်ကိုလည်းကောင်း

တည်ဆောက်၍ ယင်းဒေသများရှိ လူမှုစီးပွားရေး ဖွံ့ဖြိုးရေး မှသည် အာဆီယံနှင့် အရှေ့အာရှ ဒေသဆိုင်ရာ ပေါင်းစပ်ယှက်နွယ်ရေး ကွန်ယက်ကို အားဖြည့်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လုပ်ငန်းသဘာဝအရ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအား လက်ရှိတည်ဆဲ လုပ်ငန်းများ (Existing Projects) ၏ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၁၂၃ ခု ခွင့်ပြုခဲ့ပြီး ရင်းနှီးမှုပမာဏ အမေရိကန် ဒေါ်လာသန်းပေါင်း ၄,၁၀၇.၀၅၃ ထိ စီးဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု၌ ကျပ်သန်းပေါင်း ၁,၇၁၅,၇၅၂.၂၆ ရှိကြောင်း တွေ့ရှိ ရပါသည်။

နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအရ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခြေ အနေမှာရင်းနှီးမြှုပ်နှံမှု ကဏ္ဍအလိုက် ဖော်ပြအပ်ပါသည်–

ဇယား(၇-၁)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းများ၏
၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်မှု(ကဏ္ဍအလိုက်)

(လုပ်သားဦးရေ)

| စဉ် | ကဏ္ဍ | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | |
|---|---|---|---|---|---|
| | | FIL | MCIL | FIL | MCIL |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | စက်မှုကဏ္ဍ | ၅၉၅၂၇ | ၁၃၃၉၅ | ၇၃၀၀၁ | ၉၁၂၈ |
| ၂ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၇၀ | ၅၅ | ၂၆ | ၃၃၇ |
| ၃ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၄၅၀ | ၄၃၉ | ၁၁၉၃ | ၄၃၅၈ |
| ၄ | သတ္တုတွင်းကဏ္ဍ | ၄၀၀ | | ၇၅၇ | |
| ၅ | စိုက်ပျိုးရေးကဏ္ဍ | ၈၁၅ | | ၁၇၇၀ | |
| ၆ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂၀၆ | ၈၅၄ | ၁၅၆၀ | ၁၁၉၇ |
| ၇ | အိမ်ယာအဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှု လုပ်ငန်း | | ၂၀၂ | ၁၂၄၇ | ၂၀၇ |
| ၈ | သယ်ယူပို့ဆောင်ရေး လုပ်ငန်း | | ၁၇၉၁ | ၈၆၀၁ | ၃၆၇ |
| ၉ | စက်မှုဇုန် တည်ဆောက်မှု လုပ်ငန်း | | ၁၂၂ | | ၇၃ |
| ၁၀ | ဆောက်လုပ်ရေးလုပ်ငန်း | | ၃၄၈ | | ၁၉၂ |
| ၁၁ | အခြားဝန်ဆောင်မှုကဏ္ဍ | ၉၄၄ | ၃၃၂ | ၇၇၂ | ၁၂၃၇ |
| | **စုစုပေါင်း** | **၆၂၄၁၂** | **၁၇၆၉၈** | **၈၈၉၂၇** | **၁၆၉၀၄** |

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းနှင့် အလုပ်အကိုင် ဖန်တီးမှုကို တိုးတက်အောင် ဆောင်ရွက်သော်လည်း မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လုပ်ငန်းလုပ်ကိုင်ရန် အရင်းအနှီး အကန့်အသတ်ရှိခြင်း၊ ငွေကြေး အထောက်အပံ့မရရှိခြင်း၊ အတိုးနှုန်း သက်သာသည့် ချေးငွေအစီအစဉ် အားနည်းခြင်း၊ အရည်အချင်း ပြည့်မီသည့် လုပ်သားအင်အားအလုံအလောက် မရှိခြင်း၊ ခေတ်မီ နည်းပညာများ အသုံးမပြုနိုင်ခြင်း၊ ဈေးကွက် ထိုးဖောက်နိုင်စွမ်းမရှိခြင်း၊ နည်းပညာဈေးနှုန်းတို့ နှင့်ပတ်သက်၍ သတင်းအချက် အလက်များ လုံလောက်စွာ မရရှိခြင်း၊ အချိန်မီသိရှိအောင်ဆောင်ရွက်မှု အစီအစဉ်များနည်းခြင်း၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် သွင်းအားစုများ ရရှိရန်ခက်ခဲခြင်း၊ ထုတ်ကုန်ပစ္စည်း ဖြန့်ဖြူးရေးအပိုင်းတွင် ခက်ခဲမှုရှိခြင်း၊ ဈေးကွက်သတင်းအချက်အလက်နှင့်ဈေးကွက်ရရှိမှု အခက်အခဲရှိခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်ကြီးမြင့်ခြင်း၊ လမ်းပန်း ဆက်သွယ်မှု၊ လျှပ်စစ် ဓာတ်အား၊ ရေရရှိမှု စသည့် အခြေခံ

အဆောက်အဦ ပြည့်စုံမှုမရှိခြင်းစသည့် အချက်များမှာ မိမိတို့၏ ပုဂ္ဂလိက လုပ်ငန်းဖွံ့ဖြိုးရေးတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြစ်ပါသည်။

သို့ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအများတွင် ဆောင်ရွက်နေကြသည့် လုပ်ငန်းစဉ်များဖြစ်သည့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ တိုးတက်ရန်၊ သတင်းအချက်အလက်ရရှိမှုနှင့် ၄င်းကို အထောက်အကူ ပြုမည့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်၊ ငွေရေးကြေးရေးရရှိမှု အဆင်ပြေစေရန်၊ နည်းပညာနှင့် တီထွင်နိုင်မှုစွမ်းအား တိုးတက်စေရန်၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုချဉ်းကပ် နိုင်ရန်၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်စသည်တို့ကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အရင်းအနှီး ရရှိနိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ၏ တီထွင်နိုင်မှု စွမ်းရည်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်စေရန်တို့ကို အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငွေကြေး စီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်မှုရှိစေရန်နှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ငွေကြေးဆိုင်ရာ သိနားလည်မှု စွမ်းရည်မြှင့် အစီအစဉ်များ ပြုလုပ်ပေးရန် တို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်မှလည်း စားသုံးသူပြည်သူများ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအကြား လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ခွင့်အတွက် ယှဉ်ပြိုင်မှုဥပဒေများ (Competition Law) ကိုလည်း မူကြမ်းရေးဆွဲပြီး အတည်ပြု ပြဋ္ဌာန်းရန်ရှိပါသည်။ အခွန်စနစ် ခေတ်မီ တိုးတက်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ ပြင်ဆင်မှုများ ရှိသကဲ့သို့ ဖက်စက်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိပါသည်။

ဒေသဆိုင်ရာအဆင့်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း၏ ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား ချုပ်ဆိုသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသဆိုင်ရာ စာချုပ်များသည် ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်အလမ်းကောင်းများ ရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် နိုင်ငံအများမှ ပိုမိုပူးပေါင်းပါဝင်လာခြင်းသည် ပုဂ္ဂလိကကဏ္ဍအား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွန်ယက်တွင် ပါဝင်နိုင်သည့်အခွင့်အလမ်းအား ဖြစ်ပေါ်စေပါသည်။

ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်တွင် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ခြင်းသည် ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ နိုင်ငံခြားငွေပိုင်ဆိုင်မှု၊ ငွေကြေးရရှိနိုင်မှု၊ တီထွင်မှုဆိုင်ရာ

ကြိုးပမ်းမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများကို တိုးတက်စေပါသည်။ ၎င်းအပြင် ကုမ္ပဏီကြီးများ၊ နိုင်ငံစုံကော်ပိုရေးရှင်းများနှင့် စီးပွားရေးမိတ်ဖက် ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ရာ လူအဖွဲ့အစည်း ကောင်းမွန်တိုးတက်စေရန်အတွက် မိမိထုတ်ကုန်များကို ရွေးချယ် ထုတ်လုပ်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်မှုနှင့် စွမ်းအင်အသုံးပြုရာတွင် ချွေတာမှုဖြစ်စေသော (Environmental Friendly Technologies and Energy Saving Technologies)များ တီထွင်ခြင်း၊ အသုံးပြုခြင်း၊ မိမိတို့ရရှိသည့် အမြတ်ထဲမှ လူအဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်း၊ နိုင်ငံတော်သို့ အခွန်မှန်ကန်စွာ ပေးဆောင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အတွက် အလေးထား ဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ငန်းအတွက်၊ တိုင်းပြည် အတွက်၊ စားသုံးသူဖြစ်သော ပြည်သူအတွက် အလုပ်အကိုင်များ ဖန်တီးရေးစသည့် Win-Win-Win မဟာဗျူဟာဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင် ဖန်တီးပေးရန်လိုအပ်ကြောင်း သုံးသပ်တင်ပြ ရပါသည်။

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရန်များ**

စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ် ဆောင်ရွက်မှုများ တိုးတက်မှုရှိစေရန် အတွက်ဆောင်ရွက်ရာတွင် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးရန်၊ ပုဂ္ဂလိကကဏ္ဍများ အကြား ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန်၊ မူဝါဒပိုင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ ညှိနှိုင်းအကြံ ပေးခြင်းဆိုင်ရာ၊ အခက်အခဲများ ဖြေရှင်းခြင်းဆိုင်ရာကိစ္စများတွင် အစိုးရ၊ လုပ်ငန်းရှင်၊ စက်မှု အဖွဲ့အစည်းများ၊ သုတေသနပြုသူများ၊ ပညာရှင်များ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့သူတို့ အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ဆောင်မှု ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာ နည်းလမ်းများ ချမှတ်ခြင်းတို့ကို ဆက်လက် ကြိုးပမ်း ဖေါ်ဆောင်ရန် ဖြစ်ပါသည်။

ထို့အပြင် သတင်းအချက်အလက်ရရှိမှုနှင့် အထောက်အကူပြုမည့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်တည်ထောင်မှု၌ လိုအပ်သော သတင်း အချက် အလက်များအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်ဌာန တည်ထောင်ရန်၊ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် ဈေးကွက် ရရှိနိုင်မှု၊ ကုန်ကြမ်းရရှိနိုင်မည့် နည်းလမ်း၊ အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည် တို့ပါဝင်သော Portal တစ်ခုတည်ဆောက်ရန်နှင့် အစိုးရ နှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန် ဖြစ်ပါသည်။

နည်းပညာနှင့် တီထွင်နိုင်မှုစွမ်းအား တိုးတက်စေရန် ဆောင်ရွက်ရာတွင် ထုတ်ကုန်များသည် စံချိန်စံညွှန်းများနှင့် အရည်အသွေးသတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန်၊ ပြည်တွင်းပြည်ပ ဈေးကွက် ရှယ်ယာများရရှိရန်နှင့် စားသုံးသူများ၏ ယုံကြည်မှုရရှိစေရန်အတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထွက်ကုန် အရည်အသွေးဆိုင်ရာ စစ်ဆေးမှုပြုနိုင်သည့်ဌာန တည်ထောင်ရန်၊ အဆင့်မြင့် နည်းပညာများ အသုံးပြုနိုင်ရေးကြိုးပမ်းရန်၊ သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများ တိုးမြှင့်ရန်အတွက် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါ သည်။

နိုင်ငံတကာဈေးကွက်သို့ ချဉ်းကပ်နိုင်ရန်အတွက်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ နိုင်ငံတကာဈေးကွက် အခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အကြံဉာဏ်များ၊ နိုင်ငံတကာမှ ကျင့်သုံးနေသော အလေ့အကျင့်များ၊ FTA များရှိ ဦးစားပေး အကောက်အခွန်အစီအစဉ်အသီးသီးတွင် အသုံးပြုသည့် MFM Tariff Rate နှင့် Preferential Tariff Rate များ၊ ပင်ရင်းဒေသစည်းမျဉ်းများအပါအဝင် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများ၊ ဈေးကွက်တိုးချဲ့ရေးအတွက် ဆောင်ရွက် နေမှုများအား ပုဂ္ဂလိကကဏ္ဍမှ သိရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများ(clusters) များတည်ထောင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍများအကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ရန် ဖြစ်ပါသည်။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆောင်ရွက်ရာတွင် ပညာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ လုပ်ငန်းခွင်မဝင်မီနှင့် လုပ်ငန်းခွင်ဝင်နေစဉ်အတွင်း လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုနှင့် စွန့်ဦးတီထွင်မှု စွမ်းရည်မြှင့်တင်ခြင်း၊ စက်မှုလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းများ၊ အတတ် ပညာရှင်များအကြား လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်း စီးပွားရေးဆိုင်ရာ ကျင့်ထုံးများ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ရန်လိုအပ်သကဲ့သို့ စီးပွားရေး လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ် (Corporate Social Responsibility CSR) တို့အား ဆောင်ရွက်တတ်စေရန်လိုအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများ တင်ပြလာမှုအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေမှာ ဖြစ်ပါသည်-

### ဇယား(၇-၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

(ကျပ်သန်း)

| စဉ် | လုပ်ငန်းကဏ္ဍ | ၁၉၈၉- ၉၀ မှ ၂၀၁၃ -၂၀၁၄ (၃၀-၉-၂၀၁၃)ထိ | အစီရင်ခံသည့်ကာလ (၁-၁၀-၂၀၁၃ ) မှ (၃၁-၃-၂၀၁၄) ထိ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|---|
| (က) | ဆောက်လုပ်ရေး ကဏ္ဍာ | ၇၃၃၃၁၄.၀၀ | | ၁၉၈၂၄.၅၆ |
| (ခ) | လျှပ်စစ်ဓာတ်အား ကဏ္ဍာ | ၂၉၀၄၈၃.၇၆ | ၁၆၄၉၀၀.၀၀ | ၂၀၉၁၅၁.၂၆ |
| (ဂ) | စက်မှုကဏ္ဍာ | ၈၇၇၆၆၆.၄၄ | ၃၆၇၅၈၃.၁၃ | ၅၆၅၅၀၄.၃၇ |
| (ဃ) | အိမ်ယာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍာ | ၁၄၃၅၈၁.၉၆ | ၅၂၀၀.၀၀ | ၅၂၀၀.၀၀ |
| (င) | သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍာ | ၃၀၆၇၂၈.၄၆ | ၉၂၄၂၂.၇၂ | ၁၀၇၀၂၃.၇၂ |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍာ | ၂၂၀၂၄.၈၉ | ၅၄၅၀.၅၇ | ၅၈၇၂.၄၆ |
| (ဆ) | သတ္တုကဏ္ဍာ | ၁၃၀၀၇.၉၂ | | |
| (ဇ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍာ | ၃၇၆၃၉၈.၃၅ | ၂၆၉၆၂၁.၆၉ | ၄၇၀၄၅၀.၃၄ |
| (ဈ) | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍာ | ၃၀၀၇၁၂.၇၉ | | ၅၁၅၀၀.၀၀ |
| (ည) | လယ်ယာကဏ္ဍာ | ၅၄၇.၉၀ | | |
| (ဋ) | အခြားဝန်ဆောင်မှု ကဏ္ဍာ | ၄၇၃၀၇၉.၁၇ | ၄၇၆၅၁.၅၉ | ၂၈၁၂၂၅.၅၅ |
| | စုစုပေါင်း | ၃၅၃၇၅၄၅.၆၄ | ၉၅၂၈၂၉.၇၀ | ၁၇၁၅၇၅၂.၂၆ |

### နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့် ကုမ္ပဏီထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျော့မှုများ စနစ်တကျ ဆောင်ရွက်ပေးခဲ့နိုင်ခြင်းကြောင့် ကုမ္ပဏီထူထောင် ဆောင်ရွက်နိုင်မှု တိုးတက်လာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်

### ဇယား(၇-၃)နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

(ခုရေ)

| စဉ် | ကုမ္ပဏီအမျိုးအစား | ၁၉၈၈- ၈၉ မှ ၂၀၁၃ -၂၀၁၄ (၃၀ - ၉ -၂၀၁၃)ထိ | (၁-၁၀-၂၀၁၃ ) မှ (၃၁-၃-၂၀၁၄) ထိ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အရေအတွက် |
|---|---|---|---|---|
| (က) | ပုဂ္ဂလိကကုမ္ပဏီ | ၃၆၉၂၈ | ၂၈၉၁ | ၆၀၃၄ |
| (ခ) | အများနှင့်သက်ဆိုင်သော ကုမ္ပဏီ | ၁၄၂ | ၄၂ | ၇၁ |

**အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း**

ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အသင်းအဖွဲ့ပေါင်း ၈၅ ခုကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ အသင်းပေါင်း ၁၅ ခု ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အသင်းပေါင်း ၂၈ ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအလတ်စား လုပ်ငန်းများဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်း၊ အစုအဖွဲ့များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပြည်သူပိုင် ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် တိုးတက်မှု ရရှိသွားအောင် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်များဖြင့် တိုးတက်မှု ရရှိသွားအောင် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်းစီးပွားရေးဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်(Corporate Social Responsibility CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## အခန်း (၈)

## အထူးစီးပွားရေးဇုန်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

## (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆ ) လပတ် )

**မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပြဋ္ဌာန်းခြင်း**

မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၄ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ယခင် မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေ (နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၈/၂၀၁၁) နှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၁၇/၂၀၁၁) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်ပါသည်။

**မြန်မာအထူးစီးပွားရေးဇုန်နည်းဥပဒေရေးဆွဲခြင်း**

မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေကို ဂျပန်နိုင်ငံ Nippon Koei Consultant Co., Ltd. အကြံပေးပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

**မြန်မာအထူးစီးပွားရေးဇုန် ပြန်ကြားရေးအဖွဲ့ ဖွဲ့စည်းခြင်း**

မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့တွင်လိုအပ်သည့်သတင်း ထုတ်ပြန်မှု များ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄ ဖြင့် အဖွဲ့ဝင် (၇) ဦး ပါဝင်သော မြန်မာအထူး စီးပွားရေးဇုန် ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့၏ ၆/၂၀၁၃ ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကို(၃၀-၁၂-၂၀၁၃) ရက်နေ့တွင် လည်းကောင်း၊ ၁/၂၀၁၄ ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို (၁၃-၂-၂၀၁၄) ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။

**ထားဝယ်အထူးစီးပွားရေးဇုန်**

ထားဝယ်အထူးစီးပွားရေးဇုန်သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၌ တည်ရှိပြီး နယ်နိမိတ်ဧရိယာအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၃ဖြင့် ၁၉၅.၉၉၉၉၇၉၀ စတုရန်းကီလိုမီတာ (၄၈,၄၃၂.၄၅၁၂ ဧက) သို့ ပြင်ဆင် သတ်မှတ်ခဲ့ပါသည်။

ထားဝယ် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းမှုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကို ထိုင်းနိုင်ငံတွင် ၂၁-၁၁-၂၀၁၃ ရက်နေ့၌လည်းကောင်း၊ (၆) ကြိမ်မြောက် မြန်မာ-ထိုင်း လုပ်ငန်းအဖွဲ့ (Task Force) အစည်းအဝေးကို ရန်ကုန်မြို့၊ ပို့ဆောင်ရေးဝန်ကြီးဌာန၌ (၁၁-၁-၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ (၇) ကြိမ်မြောက် မြန်မာ-ထိုင်း Task Force ညှိနှိုင်းအစည်းအဝေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV-1) ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကို ၂၇-၃-၂၀၁၄ ရက်နေ့ နှင့် ၂၈-၃-၂၀၁၄ ရက်နေ့များတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ရုံးအမှတ်(၅)၊ နေပြည်တော်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

ထားဝယ် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV-1) ၏ ဒါရိုက်တာ အဖွဲ့ဝင်များအဖြစ် မြန်မာဘက်မှ (၃)ဦး၊ ထိုင်းနိုင်ငံဘက်မှ (၃) ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်း၍ ပထမအကြိမ် ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေး ကို ၂၁-၁၁-၂၀၁၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပခဲ့ပြီး ထိုအစည်းအဝေးတွင် သင်းဖွဲ့စည်းမျဉ်းArticles of Association ကို မြန်မာဘက်မှ FERD နှင့် ထိုင်းဘက်မှ NEDA တို့ လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံမှ စုစုပေါင်း မတည်ရင်းနှီးမြှုပ်နှံမှု တန်ဘိုး၏ (၂၅%)အတွက် အမေရိကန်ဒေါ်လာ (၅၀,၀၀၀) နှင့်ညီမျှသော ဘတ် (၁,၅၈၆,၂၂၅.၃၀)ကို (၂၉-၁၁-၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ ကျန်ငွေ(၇၅%) ဖြစ်သော ဘတ် (၄,၄၁၃,၉၇၄.၇၀)ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် ၃၁-၁၂-၂၀၁၃ ရက်နေ့တွင် လည်းကောင်း စုစုပေါင်း ဘတ် (၆,၀၀၀,၂၀၀) ကို ပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။ ထားဝယ် အထူး စီးပွားရေးဇုန် ဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက်၏ ရုံးခန်းကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ တစ်လလျှင် ထိုင်းဘတ် (၈၅,၀၀၀)ဖြင့် ငှားရမ်းပြီး ဖြစ်ပါသည်။

ထားဝယ် အထူးစီးပွားရေးဇုန်တွင် တည်ဆောက် အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံ၊ သံမဏိစက်ရုံ၊ Road Link to Thailand လမ်းဖောက်လုပ်မည့် မြေနေရာ၊ Oil and Gas (Refinery)၊ ဓါတ်မြေသြဇာစက်ရုံ၊ Green Area နှင့် ကျေးရွာများ ပြန်လည်နေရာ ချထားမည့် မြေနေရာများအတွက် ဥယျာဉ်ခြံ/ လယ်ပိုင်ရှင်များအား လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် ၃၁-၁၂-၂၀၁၃ ရက်နေ့အတွင်း လျော်ကြေးငွေ ကျပ် ၅၇,၉၄၂.၁ သန်း ပေးချေပြီး ဖြစ်ပါသည်။

ထားဝယ် အထူးစီးပွားရေးဇုန်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ် ၃၁-၃-၂၀၁၄ ရက်နေ့အတွင်း ITD ကုမ္ပဏီမှ ပထမ အကြိမ် ပြည်တွင်း နိုင်ငံသားလုပ်သား ကျား (၆၅၀) ဦး၊ မ (၁၅၁) ဦး စုစုပေါင်း (၈၀၁) ဦး အတွက် အလုပ်ရပ်စဲမှု နစ်နာကြေး ၁၉၆,၂၈၂,၉၉၀ ကျပ် နှင့် ဒုတိယအကြိမ် ပြည်တွင်း နိုင်ငံသား လုပ်သား ကျား (၆၆) ဦး၊ မ (၁၅) ဦး စုစုပေါင်း(၈၁) ဦး အတွက် အလုပ်ရပ်စဲမှု နစ်နာကြေး ၂၀,၄၉၅,၅၆၀ ကျပ် ထုတ်ပေးပြီး စုစုပေါင်း ပြည်တွင်းနိုင်ငံသားလုပ်သား ကျား (၇၁၆) ဦး၊ မ (၁၆၆) ဦး စုစုပေါင်း (၈၈၂) ဦး အတွက် အလုပ်ရပ်စဲမှုနစ်နာကြေး ကျပ် ၂၁၆,၇၇၈,၅၅၀ ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် ၂၁-၁၁-၂၀၁၃ရက်နေ့၌ ကျင်းပခဲ့သော မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းမှု ကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် Framework Agreement၊ Tripartite Memorandum နှင့် Agreement of Termination သဘောတူ စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့(ယာယီ)၏ တင်ပြချက်အရ ထားဝယ်အထူးစီးပွားရေးဇုန် တွင် ၃၁-၃-၂၀၁၄ ရက်နေ့အထိ ပြည်တွင်းနိုင်ငံသားလုပ်သား ကျား (၄၀၉) ဦး၊မ (၇၀) ဦး စုစုပေါင်း(၄၇၉) ဦးနှင့် နိုင်ငံခြားသား အလုပ်သမား ကျား (၃၁၈) ဦး၊ မ (၅၃) ဦး စုစုပေါင်း (၃၇၁) ဦး အလုပ်လုပ်ကိုင်လျက် ရှိပါသည်။

## သီလဝါအထူးစီးပွားရေးဇုန်

သီလဝါ အထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်း မြို့နယ်တို့အတွင်း တည်ရှိပြီး နယ်နိမိတ် ဧရိယာအားဖြင့် စတုရန်းကီလိုမီတာ ၂၃.၄၂၂၁၄၈၄၄၂ (၅,၇၈၇.၇၁၈ဧက) ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၆၅/၂၀၁၃ဖြင့် သတ်မှတ်ခဲ့ပါသည်။

စီးပွားရေးဇုန်၏ ပထမအဆင့် ၄၀၀ ဟက်တာခန့် လုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနား (Commencement Ceremony of Thilawa SEZ Development) ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပခဲ့ပြီး လုပ်ငန်းစတင်နေပြီ ဖြစ်ပါသည်။

အကောင်အထည်ဖော်ရေးအတွက် Japan's Thilawa SEZ Company Ltd. (JTSC) နှင့် Myanmar Thilawa SEZ Holdings Public Ltd. (MTSH) တို့သည် Joint Venture Agreement ကို ၂၉-၁၀-၂၀၁၃ ရက်နေ့တွင် တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ အိမ်ထောင်စု ၈၁ စုတို့၏ ဝင်ငွေထိခိုက်မှုအတွက် မူလဝင်ငွေ အခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (Income Restoration Programme) နှင့် မိသားစုများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ စီစဉ်ပေးနိုင်ရန် အိမ်ထောင်စုဝင်များ တက်ရောက်လိုသည့် သင်တန်းများကို ရင်းနှီး တည်ဆောက်သူမှ သင်တန်းစရိတ်ကိုကျခံ၍ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်စီစဉ် ဆောင်ရွက် လျက်ရှိပါသည်။ မြန်မာကုမ္ပဏီ Myanmar Thilawa SEZ Holdings Public Ltd. သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ဂျပန်ကုမ္ပဏီ Mitsubishi, Marubeni, Sumitomo (MMS) Thilawa Development Co., Ltd. တို့ အကျိုးတူပူးပေါင်း၍ သီလဝါအထူး စီးပွားရေးဇုန် တွင် "က" အဆင့်ဧရိယာနှင့် "က"အဆင့် စီမံကိန်းအား တိုးတက်အောင် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ရောင်းချခြင်း နှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန်အတွက် Myanmar Japan Thilawa Development Ltd. အား ဖက်စပ်ကုမ္ပဏီအဖြစ် ၉-၁-၂၀၁၄ ရက်နေ့တွင် ဖွဲ့စည်းမှတ်ပုံတင်ပြီး ဖြစ်ပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းကို ၂-၆-၂၀၁၃ ရက်နေ့တွင် သတင်းစာမှ တင်ဒါခေါ်ယူခဲ့ပြီး၊ ဂျပန်နိုင်ငံ မှ Penta Ocean ကုမ္ပဏီ နှင့် မြန်မာနိုင်ငံမှ Suntac ကုမ္ပဏီတို့ ပူးပေါင်းဖွဲ့စည်း ထားသည့် Penta-Suntac ကုမ္ပဏီတို့မှ ဆောင်ရွက်လျက်ရှိပါသည်။

သီလဝါ အထူးစီးပွားရေးဇုန် မြန်မာပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု၍ တည်ထောင်ထားသည့် အများပိုင်ကုမ္ပဏီဖြစ်သော Myanmar Thilawa SEZ Holding Public Ltd. က ပထမဦးဆုံးအနေဖြင့် စုစုပေါင်းရှယ်ယာ ၂.၁၄၅ သန်းကို ရှယ်ယာတစ်ခုလျှင် မြန်မာငွေ

ကျပ် ၁၀,၀၀၀/ (ကျပ်တစ်သောင်း တိတိ)ဖြင့် ၃-၃-၂၀၁၄ ရက်နေ့မှ စတင်၍ ရောင်းချလျက်ရှိရာ မြို့နယ်ပေါင်း ၄၈ ခုတွင် ဘဏ်ပေါင်း ၁၈၂ ခုမှ တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်**

ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များတွင်သုံးစွဲရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေတွင် ကျပ်သိန်း(၂၀၀) တင်ပြတောင်းခံထားသည့်အနက်မှ သာမန်အသုံးစရိတ် ခေါင်းစဉ်မှကျပ်သိန်း(၁၅၀)နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်မှ ကျပ်သိန်း(၅၀)၊ စုစုပေါင်း ကျပ်သိန်း(၂၀၀) ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် (၃၁-၁၂-၂၀၁၃) ရက်နေ့ အတွင်း ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်း အဖွဲ့၏ ၁၃-၁-၂၀၁၄ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန) ဒုတိယ ဥက္ကဋ္ဌ ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)၊ အတွင်းရေးမှူး (ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) တို့ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ Master Plan အတွက် ကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၃၀,၀၀၀ အား ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီ လီမိတက်နှင့် ကျောက်ဖြူခရိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက်သို့ ပြန်လည်ပေးချေနိုင်ရေး အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ် (၃၁-၃-၂၀၁၄) ရက်နေ့အတွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ယူပြီး ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးတည်ထောင်သူ(Developer)အား ရွေးချယ်ရာ တွင် International Tender Processအရ အကြံပေးဝန်ဆောင်မှုလုပ်ဆောင်မည့် ကုမ္ပဏီမှ တောင်းဆိုသော ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ (၂,၅၀၀,၀၀၀)နှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတရုံးမှ ၂၁-၂-၂၀၁၄ ရက်နေ့တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ထံသို့ ညှိနှိုင်း ဆောင်ရွက်သွားရန် လမ်းညွှန်ထားပြီး ဖြစ်ပါသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Developer အား တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BID EVALUATION

AND AWARDING COMMITTEE - BEAC) ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းဦးဆောင်သော ကော်မတီအဖွဲ့ဝင်များသည် ရန်ကုန်ဘူတာကြီး စခန်းသာရိပ်သာရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခွဲ၌ ၂၃-၂-၂၀၁၄ ရက်နေ့ ၌ လည်းကောင်း၊ BEAC ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ နေပြည်တော်ရှိ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၄-၂-၂၀၁၄ ရက်နေ့၌ လည်းကောင်း နောက်ဆုံး အဆင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။

BEAC ၏အတွင်းရေးမှူးမှ ဦးဆောင်၍ ၂၇-၁၂-၂၀၁၃ ရက်နေ့မှ ၂၉-၁၂-၂၀၁၃ရက်နေ့အထိ အဆိုပြုချက်များကို သုံးသပ်ကာ ဆန်ကာတင်အဖြစ်ရွေးချယ်ခဲ့သော အကြံပေး ကုမ္ပဏီ (၃) ခု ဖြစ်သော Roland Berger Co., KPMG Co.နှင့် CPG Co. တို့ အနက် ၃-၁-၂၀၁၄တွင် ညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်ပြီး စင်ကာပူအခြေစိုက် CPG (Creative Professional Group) အား ရွေးချယ်ခဲ့ပြီး၊ အကြံပေးကုမ္ပဏီ ရွေးချယ်ပြီးစီးမှုအား ၃-၃-၂၀၁၄ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် CPG အကြံပေး ကုမ္ပဏီ ဦးဆောင်သည့် ကုမ္ပဏီ (၅) ခုပေါင်းစုထားသော အကြံပေးအဖွဲ့တို့မှ GMPS Legal Team သည် ၂၈-၃-၂၀၁၄ရက်နေ့တွင် နေပြည်တော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမနှင့် GAMPS Market Study Team သည် ၂၉-၃-၂၀၁၄ ရက်နေ့တွင် ရန်ကုန်ဘူတာကြီး၊ စခန်းသာရိပ်သာတို့၌ ဆွေးနွေးပွဲ များကျင်းပခဲ့ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးတည်ဆောက်သူ(Developer) ရွေးချယ်ရာတွင် တင်ဒါအကဲဖြတ်ရေးနှင့် ရွေးချယ်စိစစ်ရေးကော်မတီ (BEAC) အား အကြံပေးဝန်ဆောင်မှုပြုမည့် စင်ကာပူနိုင်ငံအခြေစိုက် CPG အကြံပေးကုမ္ပဏီ ဦးဆောင်သည့် ကုမ္ပဏီ(၅)ခု ပေါင်းစုထားသော အကြံပေးအဖွဲ့နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီတို့အကြား အကြံပေးလုပ်ငန်း ခန့်အပ်ခြင်းဆိုင်ရာ သဘောတူစာချုပ် (Consultant Services Agreement) ကို ၂၀၁၄ ခုနှစ်၊ ဧပြီလပထမပတ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေး အတွက် လမ်းညွှန်မှုပြုနိုင်ပါရန် ဒုတိယဥက္ကဋ္ဌ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်း အဖွဲ့ထံသို့ တင်ပြထားပြီး ဖြစ်ပါသည်။

## အခန်း(၉)

## ပြည်ပ အကူအညီ အထောက်အပံ့ ရရှိမှု

**ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်**ကို ၂၀၁၃ခုနှစ် ဇန်နဝါရီလ (၁၉) ရက် နှင့် (၂၀) ရက်နေ့တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နေပြည်တော် သဘောတူညီချက်ကို ထုတ်ပြန် ကြေငြာနိုင်ခဲ့ပါသည်။ ဤသဘောတူညီချက်အရ ဖွံ့ဖြိုးမှု မိတ်ဖက်များဘက်မှ ကတိကဝတ်များ ရှိသကဲ့သို့ မိမိတို့ အကူအညီ လက်ခံရယူသည့် နိုင်ငံဘက်ကလည်း မောင်းနှင်သူ နေရာမှနေပြီး ပြည်သူတို့၏ လိုအပ်ချက်၊ ဦးစားပေး ကဏ္ဍများအပေါ် အခြေခံ ညှိနှိုင်း ရယူ ဆောင်ရွက် ခဲ့ပါသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင် နိုင်ငံများနှင့် လက်ရှိ ပူးပေါင်း ဆောင်ရွက်မှုများကို **ပိုမို ပေါင်းစည်း ညှိနှိုင်းမှုဖြင့် တိုးတက်မှု အရှိန်မြှင့်တင်ရေး** အတွက် **ဒုတိယအကြိမ် မြန်မာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်**ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၂၇)ရက်နှင့် (၂၈)ရက်နေ့တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်း အပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ အခြားသော ငွေကြေး ဇာစ်မြစ် အဖြစ် နိုင်ငံတကာ အကူအညီ အထောက်အပံ့၊ ချေးငွေ တို့ကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ဒုတိယ(၆)လပါတ် အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့ (Grant) စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၈.၁၇ သန်း ရရှိရေးအတွက် ဝန်ကြီးဌာန များမှ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ဒုတိယ (၆) လပတ်အတွင်း နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှုကို အောက်ပါအတိုင်း အမျိုးအစား (၃) မျိုး ခွဲ၍ တင်ပြပါသည်-

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု

( ခ ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု

( ဂ ) ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု

## (က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ဒုတိယ(၆)လပတ် အတွင်း လုပ်ငန်းစီမံချက် ၂၅ ခု အတွက် နိုင်ငံခြားအကူအညီ (Grant) အမေရိကန်ဒေါ်လာ ၂၂၈.၁၇ သန်း ရရှိမည် ဖြစ်ပါသည်။
- ပြန်ကြားရေး ဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့မှ လုပ်ငန်း စီမံချက်(၁)ခုစီအတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း(၁၆၄.၄၈)သန်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက်(၆)ခု အတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း (၅.၄၁)သန်း၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်း ဝန်ကြီး ဌာနမှ လုပ်ငန်းစီမံချက် (၃)ခု စီအတွက် အမေရိကန်ဒေါ်လာ (၅၈.၅၈)သန်း ရရှိရန် ဆောင်ရွက် နိုင်ခဲ့ပါသည်။
- ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား ၉ - ၁**

## ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ


## (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်)

| စဉ် | ဝန်ကြီးဌာန | စီမံချက် | ငွေပမာဏ (US$ သန်းပေါင်း) |
|---|---|---|---|
| ၁ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၀.၈၀ |
| ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁ | ၂.၂၆ |
| ၃ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ၁ | ၄.၂၈ |
| ၄ | ပို့ဆောင်ရေးဝန်ကြီးဌာန | ၁ | ၂.၂၇ |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီး ဌာန | ၆ | ၅.၄၁ |
| ၆ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၁ | ၀.၈၅ |
| ၇ | ပညာရေးဝန်ကြီးဌာန | ၁ | ၄.၅၉ |
| ၈ | ကျန်းမာရေးဝန်ကြီးဌာန | ၃ | ၄၃.၄၈ |
| ၉ | ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | ၃၉.၁၃ |
| ၁၀ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁ | ၇.၂၄ |
| ၁၁ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁ | ၃၉.၂၃ |
| ၁၂ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၃ | ၁၅.၁၀ |
| ၁၃ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၁ | ၁၀.၀၀ |
| ၁၄ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန | ၁ | ၁.၉၁ |
| ၁၅ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁ | ၅၀.၀၂ |
| ၁၆ | အခြား | ၁ | ၁.၆၀ |
| | **စုစုပေါင်း** | **၂၅** | **၂၂၈.၁၇** |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ပုံ ၉-၁
## ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ
## (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်)

(US$ သန်း)




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

### (ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု။

- အကူအညီရရှိမှု အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ ဒုတိယ (၆) လပါတ် အတွင်း နိုင်ငံအချင်းချင်းနှင့်အပြည်ပြည်ဆိုင်ရာ၊ အဖွဲ့အစည်းများမှ အကူအညီ အထောက် အပံ့များ (Grant) များ ပေးအပ်လျက်ရှိရာ အောက်ဖော်ပြပါ နိုင်ငံ အသီးသီးမှ အကူအညီ အထောက်အပံ့များ ရရှိရန် ဆောင်ရွက် နိုင်ခဲ့ပါ သည်။
- ဂျပန်နိုင်ငံအစိုးရမှ ဗဟိုဘဏ်လုပ်ငန်း ICT နည်းစနစ် ဖွံ့ဖြိုး တိုးတက်ရေး၊ ရန်ကုန် မြို့၊ အထွေထွေရောဂါကု ဆေးရုံများ ဆိုင်ရာ ဆေးပစ္စည်း ကိရိယာများ ပိုမိုကောင်းမွန် လာစေရေး၊ ကယားပြည်နယ်လွိုင်ကော်မြို့ဆေးရုံကြီးနှင့် လားရှိုးမြို့နယ်အထွေထွေ ရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ရေး၊ ရခိုင် ပြည်နယ်၊ လမ်းတံတား တည်ဆောက် ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပိုမို ကောင်းမွန် လာစေရေး၊ လယ်သမား များအတွက် အစားအစာလုံခြုံ စိတ်ချရေး ၊ ဗဟိုထိန်းချုပ်ရေးစနစ်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးစသည့် စက်ပစ္စည်းကိရိယာများ တတ်ဆင်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးပညာသင်ဆု၊ National Single Window and

Custom modernization and by Introducing Automated Cargo Clearance System၊ သဘာဝ ဘေး အန္တရာယ်ကြောင့် ပေါ်ပေါက်လာမည့် ရာသီဥတု အခြေအနေ စောင့်ကြည့်ရေးစနစ် ထူထောင်ရေး၊ MRTV အစီအစဉ်နှင့် အသံလွှင့် တည်းဖြတ်ခြင်းဆိုင်ရာ စက်ပစ္စည်းများ ပိုမိုကောင်းမွန် လာစေရေးနှင့် အဆင့်မြင့် အင်ဂျင်နီယာပညာရေး ကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရေး စီမံများကို အမေရိကန်ဒေါ်လာ (၁၉၉.၇၄) သန်းဖြင့် ဆောင်ရွက်ပါမည်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရမှ ယာဉ်နှင့် ရုံးသုံးပစ္စည်းများ အကူအညီပေးရေး လုပ်ငန်းကို အမေရိကန်ဒေါ်လာ(၁.၆) သန်းဖြင့် ဆောင်ရွက်ပါမည်။
- ကိုရီးယားနိုင်ငံအကူအညီဖြင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်ရေး၊ သစ်တောစီမံ အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံအလယ် ပိုင်း အပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်နိုင်ရေးကို အမေရိကန်ဒေါ်လာ (၄.၃) သန်းဖြင့် ဆောင်ရွက်ပါမည်။
- အီတလီနိုင်ငံမှ မြန်မာနိုင်ငံတွင် တာဝန်သိခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးအတွက်အပြုသဘောအားပေးတိုက်တွန်းမှု ဖြစ်စေရေးကို အမေရိကန်ဒေါ်လာ (၁.၉၁) သန်းဖြင့် ဆောင်ရွက်ပါမည်။
- နယူးဇီလန်နိုင်ငံမှ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု အကူအညီပေးရေးကို အမေရိကန်ဒေါ်လာ (၄.၂၅)သန်းဖြင့် ဆောင်ရွက်ပါမည်။
- ထိုင်းနိုင်ငံမှ ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတိုးတက်ရေးကို အမေရိကန်ဒေါ်လာ (၀.၀၆)သန်းဖြင့် ဆောင်ရွက်ပါမည်။
- အေဒီဘီမှ လျှပ်စစ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ရေးဆွဲရေးအတွက် အမေရိကန်ဒေါ်လာ (၀.၈၅)သန်းဖြင့် ဆောင်ရွက်ပါမည်။
- နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(၆)ဖွဲ့မှ မှ သဘာဝဘေးအန္တရာယ် မှ ထိခိုက်မှုလျော့ချရေးနှင့် ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေး/လူငယ်

များဖွံ့ဖြိုး တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှုလျှော့ချရေးနှင့် ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုး တိုးတက်ရေး၊တုံ့ပြန်ရေးလုပ်ငန်း၊ မြန်မာ့ဆင်သုတေသနလုပ်ငန်း၊ မြိုင်ဟေဝန်ဆင်စခန်းအား ပြုပြင်၍ ဆင်ထိန်းသိမ်းရေးစခန်း တည်ဆောက်ရေး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာထိန်းသိမ်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ပါသည်။

**ဇယား ၉-၂**

**နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက်**

**အကူအညီ အထောက်အပံ့ ရရှိမှု**


**(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်)**

| စဉ် | နိုင်ငံအချင်းချင်း/ အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$ သန်းပေါင်း) |
|---|---|---|---|
| ၁ | တရုတ်နိုင်ငံ | ၁ | ၁.၆၀ |
| ၂ | အီတလီနိုင်ငံ | ၁ | ၁.၉၁ |
| ၃ | ဂျပန်နိုင်ငံ | ၁၂ | ၁၉၉.၀၄ |
| ၄ | ကိုရီးယားနိုင်ငံ | ၂ | ၄.၃၀ |
| ၅ | နယူးဇီလန်နိုင်ငံ | ၁ | ၄.၂၅ |
| ၆ | ထိုင်းနိုင်ငံ | ၁ | ၀.၀၆ |
| | | **၁၈** | **၂၁၁.၁၆** |
| ၇ | အာရှဖွံ့ဖြိုးရေးဘဏ် | ၁ | ၀.၈၅ |
| | | **၁** | **၀.၈၅** |
| ၈ | နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ(INGOs) | ၆ | ၁၆.၁၆ |
| | | **၆** | **၁၆.၁၆** |
| | **စုစုပေါင်း** | **၂၅** | **၂၂၈.၁၇** |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ပုံ ၉-၂
## နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု
## (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်)

(US$ သန်း)




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန


### (ဂ) ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု။

- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အတွင်း ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှုမှာ ဆက်သွယ်ရေးကဏ္ဍတွင် ၂၂%၊ ဝန်ဆောင်မှု ကဏ္ဍတွင် ၁၈%၊ ပို့ဆောင်ရေးကဏ္ဍတွင် ၁၈%၊ လူမှုရေးကဏ္ဍတွင် ၃၅% (လူမှုရေး ၈%+ ကျန်းမာရေး ၁၉% + ပညာရေး ၇% + ဟိုတယ် ၁%)၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၃%၊ သစ်တောကဏ္ဍတွင် ၂%၊ မွေးရေကဏ္ဍတွင် ၂%၊ လျှပ်စစ်ကဏ္ဍတွင် ဝ% တို့ ဖြစ်ပါသည်။

## ပုံ ၉-၃

## ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု

## (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်)




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

၂၀၁၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စ၍ နိုင်ငံအချင်းချင်းအစီအစဉ် (Bilateral)အရ အကူအညီများ အထောက် အပံ့များ ပေးအပ်နေသည့် နိုင်ငံများမှာ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား၊ အိန္ဒိယ၊ ဗြိတိန်၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျ၊ ဂျာမဏီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ အီတလီ၊ အီးယူ နှင့် ကူဝိတ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (International Institutions) များမှာ World Bank, ADB, IFAD နှင့် WTO တို့နှင့် အလှူရှင် နိုင်ငံ များနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှာ UNDP, UNICEF, UNFPA, FAO, UNODC, WHO, UNEP, UNHCR, UNOCHA, UN-HABITAT တို့မှ မပြီးပြတ်သေးသော လုပ်ငန်းစီမံချက်များကို ဆက်လက် ဆောင်ရွက်လျှက်ရှိပါသည်။

ဂျပန်နိုင်ငံမှ လာမည့် ၅ နှစ် အတွင်း မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထပ်မံ ပေးအပ်မည် ဖြစ်ပါသည်။

အီးယူ မှ ၂၀၁၄-၂၀၂၀ နှစ်များ အတွင်း မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးနယ်ပယ် (၄)ခုတွင် တစ်နှစ်လျှင် ယူရို ၉၀ သန်းခန့် အကူအညီများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တစ်ဆင့် ပေးအပ်မည် ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ် မှ မြန်မာပြည်သူများအတွက် လာမည့် သုံးနှစ်တာ ကာလအတွင်း စွမ်းအင်၊ ကျန်းမာရေးနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန် ဒေါ်လာ သန်း ၂,၀၀၀ အကူအညီပေးအပ်မည် ဖြစ်ပါသည်။

ဂျာမဏီနိုင်ငံ (KfW)မှ အကူအညီပေးရေး ဆိုင်ရာ ငွေကြေး သဘောတူစာချုပ်အရ မြန်မာနိုင်ငံ ကျေးလက်လမ်းနှင့် ကျေးလက် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့် တင်ခြင်း လုပ်ငန်းကို ယူရို ၇.၀၀ သန်းဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် အတွက် မူဘောင် သဘောတူစာချုပ်ကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်တို့ ၁၄-၃-၂၀၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

အီတလီနိုင်ငံမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် ငွေကြေး အကူအညီ ပေးကာ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် Soft Loans များဖြင့် ကူညီမည် ဖြစ်သည်။

## အခန်း(၁၀)

## ပြည်ပစီးပွားရေး ဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ

**အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၉) ရက်နေ့တွင် ကျင်းပခဲ့သည့် (၂၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံထံမှ လွှဲပြောင်းရယူခဲ့ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ယူသည့် ကာလအတွင်း အာဆီယံ အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တာဝန်ရှိလာပါသည်။ သို့ဖြစ်၍ အာဆီယံ အဆင့်မြင့်စီးပွားရေး အရာရှိများ၏ (၁/၄၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်မှ ၁၄ ရက်နေ့အထိ နေပြည်တော်၊ မြို့ရှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံတွင် ဦးစားပေးဆောင်ရွက်မည့် နယ်ပယ် (၃) ရပ်ဖြစ်သည့် အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများ တိုးတက်ရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် Public- Private Partnership လုပ်ငန်းစဉ်အား တိုးမြှင့်ဆောင်ရွက်ခြင်း နှင့် Moving ASEAN and AEC beyond 2015 တို့ကို တင်ပြရာ အဖွဲ့ဝင်နိုင်ငံများမှ ထောက်ခံကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ်အတွင်း အဓိက အကောင်အထည်ဖော်မည့် Key Deliverables များကို အဖွဲ့ဝင်နိုင်ငံများမှ ညှိနှိုင်း သဘောတူကြပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် (၅) ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)ဆိုင်ရာ ကော်မတီများ အစည်းအဝေးကို နေပြည်တော်၊ မြို့ရှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပခဲ့ပြီး ၎င်းအစည်းအဝေးမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဖြစ်ပေါ်တိုးတက်မှုများနှင့် (၂၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များ အတည်ပြုခဲ့သည့် ဘန်ဒါဆရီဘီဂါဝန် ကြေညာစာတမ်းပါ အေအီးစီ ၂၀၁၅ အလွန် မျှော်မှန်းချက် လုပ်ငန်းအစီအစဉ်များဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို မှတ်တမ်းတင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ (၇၇) ကြိမ်မြောက် အာဆီယံ ဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ရန်ကုန်မြို့ ဆီဒိုနား ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် ဝန်ဆောင်မှုကဏ္ဍ/ ကဏ္ဍခွဲ များ နဝမအသုတ် ဖြေလျှော့ခြင်းကို ၂၀၁၄ ခုနှစ်အတွင်း အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံးမှ ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ မှ ၁၈ ရက်နေ့အထိ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၅) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုနားဟိုတယ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှ AEC Post 2015 ဖြစ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း မျှော်မှန်းချက်ဘောင် (၂၀၁၆-၂၀၂၅) ရေးဆွဲရေးအတွက် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။ ထို့အပြင် အေအီးစီ ၂၀၁၅ နှင့် စပ်လျဉ်း၍ အများပြည်သူ သိသင့်သည့် သတင်းအချက်အလက်များ ဖော်ပြသည့် သတင်းလွှာ (Key Messages) ကို ညှိနှိုင်းကြပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ (၂၀) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ၏သီးသန့်အစည်းအဝေးကို စင်္ကာပူနိုင်ငံတွင်ကျင်းပခဲ့ပါသည်။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှ ၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ရမည့် နယ်ပယ် (၃) ရပ်ကို အတည်ပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အေအီးစီဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများကို ပိုမိုတိုးမြှင့် ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပါသည်။

ပြင်ပစီးပွားရေး ဆက်ဆံမှုများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် အာဆီယံ-အမေရိကန် စီးပွားရေးဆက်ဆံမှုများအတွက် Country Coordinator အဖြစ် ဆောင်ရွက်လျက် ရှိပါသည်။ သို့ဖြစ်ရာ အာဆီယံနှင့် အမေရိကန် တို့ ၂၀၁၄ ခုနှစ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်ကို ကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ကို ညှိနှိုင်း ရေးဆွဲပြီး ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ်အရ ASEAN-US Business Summit ကို ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ လက်ခံ ကျင်းပရန် ရှိပါမည်။ ထို့အပြင် ကုန်သွယ်ရေးနှင့်

ရင်နှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တို့ကို ညှိနှိုင်းဆောင်ရွက်သွားရန် ရှိပါသည်။

အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ (၁၁) ကြိမ်မြောက် ပူးတွဲကော်မတီ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ၂၀၁၄ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့မှ (၂၁) ရက်နေ့အထိ နေပြည်တော်၊ ရိုင်ရှယ်ကုမုဒြာ ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၏ ဝန်ဆောင်မှုအခန်းနှင့် ရင်းနှီးမြှုပ်နှံမှုအခန်း ညှိနှိုင်းမှုများ အပြီးသတ်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါ သည်။ ထို့အပြင် အာဆီယံ-ဂျပန် စီးပွားရေး ပေါင်းစည်းမှု ဦးစားပေး ကဏ္ဍတစ်ခုဖြစ်သည့် New Industries နှင့် ပတ်သက်၍ 1st ASEAN-Japan Public-Private Dialogue ကို ၂၀၁၄ ခုနှစ်အတွင်း ကျင်းပသွားရန် ရှိပါသည်။

အာဆီယံ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် စပ်လျဉ်း၍ အာဆီယံ-အိန္ဒိယ ဝန်ဆောင်မှုသဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များအား အပြီးသတ် ညှိနှိုင်းနိုင်ခဲ့ပြီး ၎င်းတို့ကို ၂၀၁၄ ခုနှစ်အတွင်း လက်မှတ်ရေးထိုးရန် ရှိပါသည်။

၁၀။ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် စပ်လျဉ်း၍ ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးလျက် ရှိပါသည်။ အဆိုပါ ဆွေးနွေးမှုများကို ၂၀၁၄ ခုနှစ်အတွင်း ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေး ဝန်ကြီးများ အစည်းအဝေးသို့ တင်ပြကြမည် ဖြစ်ပါသည်။

အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် စပ်လျဉ်း၍ ကုန်စည်များ ပိုမိုလွတ်လပ်စွာ ကုန်သွယ်နိုင်ရေးအတွက် ညှိနှိုင်း ဆွေးနွေးလျက် ရှိပါသည်။ ASEAN-Korea Business Council နှင့် ASEAN-Korea Industrial Technology Cooperation Network Centre ထူထောင်ရန် ညှိနှိုင်း ဆွေးနွေးလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ASEAN-Korea Commemorative Summit အား ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပရန် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေးနှင့် စပ်လျဉ်း၍ ကုန်စည်ကုန်သွယ်မှု ပိုမို လွယ်ကူချောမွေ့စေရေးအတွက် လုပ်ထုံးလုပ်နည်းများကို

ပြင်ဆင်သည့် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးသဘောင်အား ပြင်ဆင်သည့် ပထမ အခြေပြစာချုပ်ကို အပြီးသတ် ညှိနှိုင်းနိုင်ခဲ့ပါသည်။ ၎င်းအခြေပြစာချုပ်ကို ၂၀၁၄ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ Scoping paper on the negotiations of AHKFTA နှင့် TOR for the AHKFTA TNC ကို ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ရန်ရှိသည့် ASEAN-Russia Work Plan ကို ကြီးကြပ်မည့် ကော်မတီထူထောင်ရန်ကိစ္စကို အာဆီယံ-ရုရှား နှစ်ဦးနှစ်ဖက် ညှိနှိုင်း ဆွေးနွေးလျက် ရှိပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် စပ်လျဉ်း၍ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဇန်ဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်လည်းကောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အထိ တရုတ်နိုင်ငံ၊ နန်နင်းမြို့တွင်လည်းကောင်း ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် proposed tariff modality ကို ညှိနှိုင်း ဆွေးနွေးလျက်ရှိပါသည်။ ၎င်းကို ၂၀၁၄ ခုနှစ်၊ မေလအတွင်း အပြီးသတ် ညှိနှိုင်း ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ ၂၀၁၅) ဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာပေးရေးဆိုင်ရာ အောက်ပါ အလုပ်ရုံဆွေးနွေးပွဲများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို ကျင်းပပြီး ပြည်ပသို့ တက်ရောက်စေခဲ့ ပါသည်-

(က) အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှုဒေသ ညှိနှိုင်းမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်၏ ဥရောပလေ့လာရေးခရီးစဉ်အရ ဆွစ်ဇာလန်နိုင်ငံနှင့် ဘယ်လ်ဂျီယံ နိုင်ငံတို့သို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၇ ရက်နေ့အထိ သွားရောက်မည့် ခရီးစဉ်သို့ မြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး တက်ရောက်ခဲ့ပါသည်။

(ခ) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)မှ စတုတ္ထအကြိမ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို Strengthening Public-Private Partnership for Regional Connectivity ခေါင်းစဉ်ဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့၌ နေပြည်တော်၊ သင်္ဂဟဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဂ) ၂၀၁၄ ခုနှစ်အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နယူးဇီလန်နိုင်ငံအကူအညီဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၉ ရက် နေ့ထိ နေပြည်တော်၌ အင်္ဂလိပ်စာ သင်တန်း ဖွင့်လှစ်ခဲ့ပါသည်။

(ဃ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ERIA နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ်အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ဆီဒိုနားဟိုတယ်၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(င) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၂၇ ရက်နေ့မှ ဧပြီလ ၁၁ ရက်နေ့အထိ အာဆီယံ စီးပွားရေးပညာရပ်ကျွမ်းကျင်မှု လက်မှတ်ရသင်တန်း (Certificate for ASEAN Economic Studies - CAES) ဒုတိယအသုတ် သင်တန်းတွင် ဝန်ဆောင်မှုကုန်သွယ်ရေး၊ ကုန်စည်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များ မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာနသို့ သွားရောက် သင်ကြား ပို့ချခဲ့ပါသည်။

(စ) ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆဲမြို့၌ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံ-ဥရောပသမဂ္ဂ ပေါင်းစပ်ဆက်သွယ်ရေး မူဝါဒ

ရေးရာဆိုင်ရာ လေ့လာမှု ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့်စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၁)ဦး တက်ရောက်ခဲ့ပါသည်။

(ဆ) ဂျပန်နိုင်ငံ၊ အူရာစာမြို့၌ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ၂၇ ရက်နေ့တွင် ကျင်းပမည့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် အထူးဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး တက်ရောက်ခဲ့ပါသည်။

(ဇ) ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အာဆီယံစီးပွားရေးပညာရပ် ကျွမ်းကျင်မှု လက်မှတ်ရသင်တန်း (Certificate for ASEAN Economic Studies – CAES) အပတ်စဉ် (၅) သင်တန်းသားများ ရန်ကုန်မှ နေပြည်တော်သို့ လေ့လာရေး လာရောက်မည့်ကိစ္စအား စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။

(ဈ) ၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အာရှဖောင်ဒေးရှင်းမှ အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုဆိုင်ရာသင်တန်းကို နေပြည်တော် ရွှေ့င်ရယ် ကုမုဒြာ ဟိုတယ်၌ ကျင်းပခဲ့ပါသည်။

**မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဂျီအမ်အက်စ်)**

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၌ ကျင်းပ ပြုလုပ်မည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ မဟာဗျူဟာ ၂၀၂၀အား နှစ်လယ် ခြုံငုံသုံးသပ်ချက်နှင့် အာရှဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့၏ နှစ်ရှည် မဟာဗျူဟာ မျှော်မှန်းချက် အစည်းအဝေးသို့ မြန်မာ နိုင်ငံမှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပါရန် အာရှ ဖွံ့ဖြိုးရေးဘဏ်မှ ဖိတ်ကြားလာပါသဖြင့် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိ (၂) ဦး တက်ရောက်ခဲ့ကြပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၈-၂၀၁၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှု အတွေ့အကြုံများနှင့် ၂၀၁၄-၂၀၂၀ခုနှစ် အတွက်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျန်ရှိသော (၇) နှစ်တာ ကာလအတွင်း အဓိကကိစ္စရပ်များနှင့် ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်မှ (၁၅) ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ဂျီအမ်အက်စ် ဒေသတွင်းစင်္ကြံများ၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု ဒုတိယအကြိမ် လုပ်ငန်း အဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဂျီအမ်အက်စ် ဒေသတွင်းစင်္ကြံ

များ၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အဖွဲ့ဝင် များပါဝင်တက်ရောက်ပါရန် အာရှဖွံ့ဖြိုးရေး ဘဏ်မှ ဖိတ်ကြားလာပါသဖြင့် အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိ (၃)ဦး တို့တက်ရောက်ခဲ့ကြပြီး မြို့ပြမဟာဗျူဟာနှင့် ဖွံ့ဖြိုးမှုစီမံကိန်းကို ဂျီအမ်အက်စ်နိုင်ငံများအကြား မျှဝေရန်နှင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုအတွက် သက်ဆိုင်ရာ မဟာဗျူဟာများနှင့် Terms of Reference (ToR) ကိုဆွေးနွေးခဲ့ကြပါ သည်။

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျင်းမြို့တွင် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (ဂျီအမ်အက်စ်) (၁၉) ကြိမ်မြောက် ဝန်ကြီးများ အစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာ ချက်စာတမ်း (မူကြမ်း) ကိုစစ်ဆေးစိစစ်လျှင်း၍ (၂၀-၁၁-၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော စီးပွားရေးရာကော်မတီ၏ (၂၀/၂၀၁၃) နှင့် (၂၈-၁၁-၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေး အမှတ်စဉ် (၃၂/ ၂၀၁၃) သို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့ပါသည်။

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယင်ကျင်းမြို့တွင် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (ဂျီအမ်အက်စ်) (၁၉) ကြိမ်မြောက် ဝန်ကြီးများအစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ဂျီအမ်အက်စ်ဝန်ကြီး) ဦးဆောင်၍ နိုင်ငံ ညှိနှိုင်းရေးမှူး အပါအဝင် မြန်မာကိုယ်စားလှယ် စုစုပေါင်း (၆)ဦး ပါဝင်တက်ရောက်ပေးပါရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဖိတ်ကြားလာပါသဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက် မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်၍ ကိုယ်စားလှယ် (၅)ဦး ၊စုစုပေါင်း (၆)ဦး တက်ရောက် ခဲ့ကြပြီး အစည်းအဝေးတွင် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင်တွင် ပါဝင်သော စီမံကိန်းများ ပြန်လည် သုံးသပ်၍ အတည်ပြုခြင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ချန်ပါဆက်ပြည်နယ်၊ ပါ့ဆဲမြို့တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့မှ (၁၀)ရက်နေ့ထိ ကျင်းပပြုလုပ်မည့် မဲခေါင်သိပ္ပံ ကောင်စီအစည်းအဝေး ၂/၂၀၁၃ သို့ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်း များ မော်ကွန်းတိုက်ဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာအောင်မျိုး တက်ရောက်ခဲ့ပြီး

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် ပြုလုပ်ခဲ့သော မဲခေါင်သိပ္ပံ ဦးဆောင်ကော်မတီ အစည်းအဝေး၏ အစည်းအဝေးဆွေးနွေးချက်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မဲခေါင်သိပ္ပံကောင်စီ အစည်းအဝေးတွင် အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်မှ ကြီးမှူး၍ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့မှ (၁၂)ရက်နေ့ထိ ကျင်းပပြုလုပ်မည့် ဖွံ့ဖြိုးဆဲ အာရှ - ပစိဖိတ် နိုင်ငံများအတွင်း စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာ ဖိုရမ်သို့ မြန်မာနိုင်ငံမှ ပါဝင် တက်ရောက်ပေးပါရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဖိတ်ကြားလာပါသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်(၂)ဦး တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်စေရေးနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်စေရေး စသည့်တို့ကို အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

မဲခေါင်သိပ္ပံသို့ မြန်မာနိုင်ငံမှ နှစ်စဉ်ကြေးထည့်ဝင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုပေးနိုင်ပါရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရန် လမ်းညွှန်မှုပြုခဲ့သဖြင့် ဆက်လက် တင်ပြဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး မှ သဘောတူခွင့်ပြုခဲ့ပါသဖြင့် အဆိုပါနှစ်စဉ်ကြေး ထည့်ဝင်ရေးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။

အီတလီနိုင်ငံ၊ ရောမမြို့တွင် ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်နေ့၌ ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့၏ အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဒုတိယ ဝန်ကြီးအဆင့် ကိုယ်စားလှယ်တစ်ဦး ပါဝင်တက်ရောက်ပေးပါရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့မှ ဖိတ်ကြားလာပါသဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် မဲခေါင်ဒေသတွင်းနိုင်ငံများ၌ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာကိုယ်စားလှယ် ဒုတိယဝန်ကြီးသည် အခြား မဲခေါင် ကိုယ်စားလှယ်များနှင့်အတူ Challenges towards Formulation of ASEAN Connectivity in 2015 ခေါင်းစဉ်ဖြင့် (၅)မိနစ်စာ မိန့်ခွန်း ပြောကြားခဲ့ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ကျွမ်းကျင်မှု အကူအညီဖြင့် ဆောင်ရွက်သည့် ဒုတိယအကြိမ် နိုင်ငံဆိုင်ရာ အကဲဖြတ် ဆန်းစစ်လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲ ကို ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အမရာ ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံဆိုင်ရာ အကဲဖြတ် ဆန်းစစ်လေ့လာမှု

အပြီးသတ်ညှိနှိုင်း ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများနှင့် အရာထမ်းစုစုပေါင်း (၆၀) ဦးခန့်တက်ရောက်ခဲ့ကြပါပြီး အဆိုပါ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်များမှ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေ၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ Fiscal Management ဆိုင်ရာလေ့လာ တွေ့ရှိချက် ဖော်ထုတ်မှုများ၊ နည်းဗျူဟာကျကျ အရင်းအမြစ်ခွဲဝေလျာထားချက်များ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု နည်းဗျူဟာများ၊ လုပ်သား အင်အားဆိုင်ရာ လူသားဖွံ့ဖြိုးမှု၊ အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှု၊ ငွေရေးကြေးရေးလေ့လာမှု၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး အခွင့်အလမ်းများစသည့် အချက်များကို ဆွေးနွေးခဲ့ကြပြီး အခက်အခဲများကိုသိရှိနိုင်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာရေး အတွက် ဆင်းရဲနွမ်းပါးမှုလျော့ချရေး မဟာဗျူဟာများကို သိရှိနားလည်နိုင်မည် ဖြစ်ပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတနိုင်ငံတော်အစိုးရသည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရည်ရွယ်၍ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့် ထုတ်ချေးပေးခဲ့ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်စေရန်အတွက် စက်မှုကဏ္ဍမှာ အဓိက မောင်းနှင်အားဖြစ်သကဲ့သို့ စက်မှုကဏ္ဍကြီးတွင် ပါဝင်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက် ခဲ့ပါသည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် ပညာရေးနှင့် ကျန်းမာရေး အဆင့် အတန်း မြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် လျှပ်စစ်မီးတိုးတက်ရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေဖူလုံရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေး၊ ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ကဏ္ဍအလိုက် သိသာစွာ တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်မှ ဦးစားပေးကဏ္ဍ များအဖြစ် သတ်မှတ် အကောင်အထည်ဖော်လျက် ရှိပါသည်။

နိုင်ငံတော်သည် လူမှုစီးပွားရေးမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် လျက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးမှုကို ရှုဒေါင့်ပေါင်းစုံ (Multi-Dimentional Aspect) နှင့် ရှုမြင်ပြီး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အထိ ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့မှသာ လူထု၊ လူတန်းစားများအကြား ဆင်းရဲ၊ ချမ်းသာကွာဟမှု နည်းပါးပြီး လူတိုင်း ဖွံ့ဖြိုးမှု၏ အသီးအပွင့် ခံစားနိုင်မှသာ နိုင်ငံတစ်ခုအတွက်

အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှု (Quality Development of a Nation ) ကို ဖြစ်ပေါ်စေရန် ရည်မှန်း ဆောင်ရွက်လျက် ရှိ ပါသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် အချိုးကျမျှတစေရန် ကဏ္ဍတာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသတာဝန်ခံ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။